www.burmeseclassic.com

ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

## အဖြိုးမဲ့တဲ့မိုးစက်ရာသီ



အချစ်

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | – ပထမအကြိမ်၊ ၂၀၁၆၊ မတ်လ။ |
| ထုတ်ဝေသူ | – ဦးအေးလွင် (၀၀၄၀၅) ရွှေပဒေသာစာပေတိုက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | – ဦးအေးလွင် (၀၀၂၄၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် ၃၃၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချေး | – ၁၆၀၀ ကျပ် |
| အုပ်ရေ | – ၅၀၀ အုပ် |

၈၉၅ • ၈၃

မိုးစက်ပွင့်

(၁) အငြိုးမဲ့တဲ့ မိုးစက်ရာသီ/ မိုးစက်ပွင့် – ရန်ကုန်၊ ရွှေပဒေသာစာပေ ၊ ၂၀၁၆ ။

၂၈၈ – စာ ၊ ၁၂ • ၃ × ၁၈ စင်တီ။

(၁) အငြိုးမဲ့တဲ့ မိုးစက်ရာသီ


# မိုးစက်ပွင့်

# အငြိုးမဲ့တဲ့ မိုးစက်ရာသီ

www.burmeseclassic.com

www.burmeseclassic.com

## “ဘဝတစ်ဆစ်ချိုး”

မေမေ
စည်းဝိုင်းထဲက တိုက်ကြက်ဖတစ်ကောင်ဟာ
ဒဏ်ရာတွေနဲ့ ဖြစ်နေသည့်တိုင်
ဖေ့သားကြီးရေဆိုတဲ့အသံနဲ့ ရေတစ်မှုတ်တော့
သူ့အတွက်
အားပေးဖော်ရှိခဲ့ပါသေးတယ်။
သမီးဘဝရဲ့ လေ့ကားထစ်တွေမှာတော့ ..
လက်ခုပ်သံတွေ ငြိမ်ချက်သားကောင်းလို့
လက်ရန်းအယောင်းအခွေးတောင် မရှိခဲ့ဘူး မေမေ။
ဝါသနာကို
ကာရံနဲ့ တလွှင့်လွှင့်ထူနိုင်ဖို့
ကြိုးတန်းလို့ မှန်းလျှောက်ခဲ့တာ
လှေကားတစ်ထစ်တော့ နင်းခွင့်ရခဲ့ပါပြီ။
မိုးမစဲလို့ လမ်းချော်
နွေစော်သမျှ အရည်ပျော်လာတဲ့ဘဝထဲမှာ
အလင်းမဆမ်းတဲ့ည
ခင်းလမ်းမမြင်ရတဲ့ဘဝကနေ
အခု
ဖယောင်းတိုင်တစ်တိုတော့
ဆုပ်ကိုင်နိုင်ခဲ့ပါပြီ မေမေ။

www.burmeseclassic.com

www.burmeseclassic.com

မေမေ ...

ဘဝဆိုတဲ့ ထိုပြေးလမ်းထဲမှာ ...

မေမေရှိစဉ်အခါကတော့ သမီးလျှောက်ခဲ့တာ ရွှေရောင်လင်းတဲ့ ပန်းခင်းလေးထဲမှာပေါ့။ လောကကြီးကို ငြီးငွေ့လို့ မေမေ အပြီးမေ့သွားတဲ့အချိန်ကစပြီး သမီးလျှောက်ခဲ့ရတာ ဆူးခင်းလမ်းထက် ကြမ်းပါတယ် မေမေရယ်။ ကံဇာတ်ဆရာ ကြိုးဆွဲသမျှ ကကြိုးစုံအောင် သမီးကခဲ့ရပါတယ်။

မေမေဖြစ်စေချင်တဲ့ ဆရာဝန်မကြီး မဖြစ်သလို အင်ဂျင်နီယာမလည်း သမီး ဖြစ်မလာခဲ့ပါဘူး မေမေ။ ကံကြမ္မာရဲ့ထုထောင်းရိုက်ခတ်မှုတွေကြားမှာ ဘဝက ခါးသထက်ခါးလာခဲ့လို့ ဒဏ်ရာတွေအသားသိပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အံကြိတ်ခံခဲ့ရတာ နှစ်ပေါင်းများစွာပါ။

သမီးကျောင်းသူဘဝတုန်းက ပန်းချီဆွဲတာဝါသနာပါလို့ မေမေကိုယ်တိုင် ရောင်စုံခဲတံတွေ ဝယ်ပေးခဲ့တာကို သမီး မှတ်မိပါသေးတယ်။ သမီးဆွဲတဲ့အရုပ်ကလေးတွေကိုကြည့်ပြီး ပြုံးခဲ့တဲ့ မေမေ့ရဲ့ ပီတိအပြုံးတွေက သမီးရဲ့အားအင်တွေ ဖြစ်ခဲ့ဖူးပါတယ် မေမေ။

“သမီးဆွဲတဲ့ပုံလေးတွေက လက်ရာမြောက်လိုက်တာ။ ငုပ်မိ သဲတိုင် တက်နိုင်ဖျားရောက်တဲ့။ လုပ်မယ်ဆိုရင်လည်း ဖြစ်ဖြစ်မြောက်မြောက်နဲ့ ထွန်းပေါက်အောင် ကြိုးစားပေါ့။ မေမေတို့က သမီးကို ပညာအမွေပဲ ပေးနိုင်မှာ။ ပစ္စည်းဥစ္စာဆိုတာ သင်္ခါရပဲ။ မတည်မြဲဘူး သမီးရဲ့။ သမီး ပညာတတ်ဖြစ်ဖို့အတွက် မေမေတို့ ထမင်းကို ဆားနဲ့ပဲ နယ်စားရ နယ်စားရပါ သမီးရယ်”

လို့ ပြောခဲ့တဲ့ မေမေ့စကားသံနဲ့ မေမေ့ရဲ့ကြည်လင်တဲ့ အပြုံးတွေကို သမီး အမြဲအမှတ်ရနေပါတယ် မေမေ။ မေ့ဖျောက်ပစ်လို့ မရခဲ့ပါဘူး။

မေမေ့ဆန္ဒတွေကို သမီး ဘဝတစ်ခုမှ ဖြည့်ဆည်းမပေးနိုင်ခဲ့တဲ့ သမီးကို ခွင့်လွှတ်ပေးပါ။ ကံကြမ္မာဆိုတာ အရံအကာတွေလို မျက်ဝါးထင်ထင် မြင်တွေ့ရတာမှ မဟုတ်တဲ့လေ။ ဘယ်သူ့ကို အပြစ်တင်ရမှန်းမသိတဲ့ ထိုပြေးလမ်းကြမ်းကြမ်းထဲမှာ ဘဝရဲ့အချိုးအကွေ့တွေက စောင်းမဲ့နှုန်းနဲ့ မျက်စိမှိတ်အံကြိတ်ပြီး လဲကျလိုက် ပြန်ထလိုက်နဲ့





ဝမ်းစာအတွက် ရုန်းကန်ခဲ့ရတာ ခက်ခဲကြမ်းတမ်းလိုက်ပါဘိသနဲ့။

ဘဝမလှသမျှ ကိုယ့်ဘဝကိုယ် နာကြည်းမိတယ်။ ရင်ဖွင့်စရာ တိုင်ပင်စရာလည်း တိုင်ပင်ဖော် တိုင်ပင်ဖက်ဆိုတာ မရှိခဲ့ဘူးလေ။ စိတ်တွေ ရှုပ်ထွေးသမျှ ထွက်ပေါက်ဟာ စာပေပဲပေါ့။

အားရင်အားသလို စာဖတ်တယ်။

နောက်တော့ စာတွေဖတ်ရင်း ကိုယ်တိုင်ရေးချင်တဲ့ပိုးက ဘယ်ကနေ ဘယ်လို ဝင်လာမှန်းမသိလို့ ဝါသနာအရ ဟိုစစ ဒီစစ ရေးတော့ ပတ်ဝန်းကျင်က မေးငေါ့လာကြတယ်။

“ကဗျာရူး စာရူး” တဲ့။

ပြောကြပါစေဆိုပြီး မခံချင်စိတ်တွေက ဝါသနာကို ပိုတွန်းအားပေးခဲ့သမျှ ခံစားမှုအပိုင်းအစတွေက ကိုယ့်အတွက် လှေကားထစ်တွေ ဖြစ်လာခဲ့ပါတော့တယ်။

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတွေကို ရိုသေလေးစား ကိုးကွယ်ဆည်းကပ်ခြင်းရဲ့အကျိုးကျေးဇူးတွေကြောင့် ထင်ပါရဲ့။ ကံကောင်းထောက်မစွာနဲ့ သမီး ကလောင်ကိုင်ခွင့်ရပြီ မေမေ။

ပထမဆုံးစာမူခရတဲ့နေ့ကဆိုရင် သမီး မျက်ရည်ကျခဲ့ရပါတယ်။ သမီးရဲ့လုပ်အားခရတဲ့ငွေလေးကို မေမေ့ဆီမှာ အပ်နှံပြီး ကန်တော့ချင်လိုက်တာ မေမေရယ်။ မေမေသာရှိရင် ဘယ်လောက် ဝမ်းသာနေရှာမလဲလို့ တွေးပြီး ရင်ထဲမှာ နင့်နေအောင် ခံစားခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



မေမေဖြစ်စေချင်တာတွေ ဖြစ်မလာခဲ့ပေမယ့် ဖြစ်လာတဲ့ဘဝလေးကိုပဲ ကျေနပ်ဝမ်းသာပေးပါ မေမေရယ်။

မေမေ ကောင်းရာသုဂတိလားပါစေ။

**မေမေ့ကိုချစ်တဲ့**
**သမီး**



## အခန်း (၁)

♪ နှင်း ××× ငွေရောင်ဖြူလွှတူစွ သဏ္ဌာန်ပေ။ ငွေရည်ပုလဲနှတို့ စုကာဖျန်းလို့ လန်းဆန်းစိုပြေ ××× နှင်းတွေဝေကျ ဆောင်းဟေမာန်ကပြောင်း ××× နှောင်းမြူနှင်းတော့လေ ××× ဟောင်းရွက်ကြွေမြေမှာခ ကြွေကာကျတဲ့ အခါသမယမှာပဲလေ ××× ဩော် ××× နွေဦးရောက်ပြီး နှင်းလည်း ပျောက်ပြီလေ ♪

ရေဒီယိုမှထွက်ပေါ်လာသော သီချင်းသံကြောင့် မိုးစက်ရေးလက်စ စာကြောင်းကိုပင် မမြင်နိုင်တော့လောက်အောင် အာရုံကသီချင်းသံမှာနစ်သွားတော့၏။ ဘောလ်ပင်ကိုလွှတ်ချပြီး စာအုပ်ကို ပိတ်လိုက်မိတဲ့နောက်မှာ မျက်ဝန်းတွေက ရီဝေဝေဆွေးမြေ့ခြင်းရိပ်တို့ စိုးမိုးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူများတွေက မေးကြသည်လေ။ ရေဒီယိုဖွင့်ပြီး စာရေးတော့ ရေးလို့ရော ရရဲ့လားတဲ့။ ရေဒီယိုက လာတဲ့အသံက စာရေးခြင်းမှာ အနှောင့်အယှက်မဖြစ်ဘူးလားလို့ မေးခဲ့ကြတာတွေ။

"မဖြစ်ပါဘူး။ အာရုံတစ်မျိုးစီပါ"

လို့ဖြေခဲ့တဲ့ မိုးစက်အဖြေကလည်း သူ့ခံယူချက်နှင့်သူ မှန်နေသည်။ ရေဒီယိုဖွင့်ရင်း စာရေးရတာက ဗီလင်တစ်မျိုးပါ။ အလုပ်နှစ်ခုကို တစ်ပြိုင်တည်းလုပ်တာ မဟုတ်ပါဘူး။ ရေဒီယိုဖွင့်ထားပြီး စာရေးတော့ စာထဲမှာ ဇာတ်လမ်းထဲမှာ အာရုံစူးစိုက်နေတော့ ရေဒီယိုဖွင့်ထားပေမယ့် ဘာမှမကြားရသလို နားထဲကို ဘာတစ်လုံးမှ မဝင်ပေ။

အဲဒီလိုအခါတွေရှိခဲ့သလိုပဲ တစ်ခါတလေမှာ ရေဒီယိုမှ သီချင်း၊ ဗဟုသုတရဖွယ်ရာ သုတရသတို့က ကိုယ့်နားထဲမှာစွဲပြီး ကိုယ့်ဇာတ်လမ်းနှင့် တိုက်ဆိုင်သည့်နေရာမျိုးတွေမှာ ရေဒီယိုမှတစ်ဆင့် ကိုယ့်ရင်ထဲကို စီးဆင်းလာတဲ့ သုတရသတွေကို ရေနွေးရေငွေ့လေးတွေလို နှလုံးသားမှာ လက်ခံစုဝေးထားပြီး –

အနုပညာဆိုတဲ့ မိုးစက်မိုးပေါက်ကလေးတွေကို စာအုပ်ထဲမှာ ရှာသွန်းပေးခြင်းနဲ့ ပရိသတ်များ၏ရင်ထဲကို ပန်းတွေပွင့်ပြီး စမ်းရေလိုစီးဆင်းဝင်ရောက်စေခဲ့တာပါ။

အခု ...

"နှင်းပျောက်တဲ့နွေ" ဆိုတဲ့ သီချင်းသံလေးက မိုးစက်ရဲ့





နှလုံးသားကို ဆွဲကိုင်လှုပ်ယမ်း၍ အငိုစနေသည့်နှယ်။ အတိတ်ကို အတိတ်မှာပဲ ချန်ထားခဲ့သင့်တယ်လို့ ဆိုကြပေမယ့် မိုးစက်ကတော့ ချန်မထားခဲ့နိုင်လောက်အောင် ဒီသီချင်းနဲ့ပတ်သက်ပြီး ရင်ထဲမှာ တစ်သက်လုံးလွမ်းတသသနဲ့ ဦးထိပ်ပန်ဆင်နေရမည့် ခံစားချက်မျိုးတွေရှိသည်။

ညအိပ်ရာဝင်တိုင်း နှင်းတွေဝေလို့ နွေဦးကိုရောက်တိုင်း နောင်တနှင့်ဒွန်တွဲလာသည့် ခံစားမှုတွေက ဘယ်သောအခါမှ ပြောင်းလဲ ဟောင်းနွမ်းပြီး မေ့ပစ်လို့ရမှာမဟုတ်ပေ။

♪ ချစ်တဲ့သူ့နှင်းရေ xxx ရင်တွင်းမှာလေ စွဲရည်နှောင်ဖွဲ့ပါလို့ မျှော်လေတဲ့ လွမ်းဆွဲ့ကိုစေ xxx ကြည်ဖြူမှုတာ ခြေသော် ကြည်ဖြူရမှ နှင်းကာမပေါ်လာတော့ပေ xxx

ဟင် xxx တကယ်တမ်းစစ်တော့ xxx အိပ်မက်လေလား ဆောင်းနှင်းလေလား xxx စိတ်မှာတွေပြား မခွဲခြားနိုင်ခဲ့ ကြင်ဖော်မယ် ကင်းတယ်လေ xxx နှင်း နှင်းပျောက်တဲ့နွေဦးရောက်ပြီလေ ♪

သီချင်းနှင့်အဆိုတော်၏အသံကပဲ အတွဲညီစွာ အတင်အချ အလှည့်အပြောင်း၊ အဆွဲအငင်တွေက လူတစ်ယောက်၏ရင်ထဲကို ထိုးဖောက်ပြီး စိုးမိုးခြယ်လှယ်နိုင်တာလား။ ကိုယ့်ခံစားမှုကပဲ အဆပြင်း အရှိန်မြင့်လို့ မျက်ရည်ကို လက်ကုပ်ခေါ်လာသလား။ ရင်ထဲမှာ နင့်သီးခြင်းများနှင့် နာခေါင်းထဲမှာ မွှန်စပ်စပ်ကြီးဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မျက်ရည်စက်တွေက ပါးပြင်ပေါ်သို့ စီးကျလာ၏။ မျက်ရည်ဆိုတာ နှင်းပွင့်ကလေးတွေမှ မဟုတ်ဘဲလေ။ ရင်ထဲမှာ ဘယ်လိုလုပ်ပြီး အေးချမ်းနိုင်ပါ့မလဲ။ သီချင်းထဲက နှင်းပျောက်တဲ့ နွေလိုပဲပေါ့။

♫ နှင်းမှုံရည် ပုလဲငွေဥသဏ္ဌာန်တွေ ××× မေ့ရင်ထဲ စွဲလမ်းမျှော်မှန်း ရမ်းရော်နေဆဲမှာပဲ ရာသီချိန်နှောင်း ပြောင်းခဲ့ပေါ့လေ ××× လေရူးဆော်ကာ နှောက်ချေတော့ ပျောက်လေပေါ့ နှင်းရေ×××

နှင်းရေ ××× ကြည်ကြည်ဖြူဖြူပါလေ ××× ငွေနှင်းမှုံတွေ ခင်း ဒီနှင်းနဲ့ပဲလေ ××× ပျော်ပွဲဆင်လို့လေ ××× ဘယ်ဝယ် ဘယ်လမ်းကို ဖြင့် မြန်းသလေ အလွမ်းမပြေ ××× တမ်းတမျှော်ရင်း ××× နှင်း နှင်း ပျောက်တဲ့နွေ ♫

သီချင်းသံရဲ့အဆုံး တီးလုံးလေးကြားမှာ ကိုယ့်ရှိုက်သံသဲ့သဲ့က အထီးကျန်ခြောက်သွေ့မှုများနှင့်။

ကြော် မေမေရယ်။ မေမေက သမီးတို့ဘဝကို အေးချမ်းမှုတွေ ပေးခဲ့တဲ့ နှင်းမှုံနှင်းစက်ကလေးပါ။ မေမေဆိုတဲ့ နှင်းမှုံလေး ပျောက်ကွယ်သွားတဲ့အချိန်ကစပြီး သမီးတို့ညီအစ်မတွေ ဖိနပ်မပါ၊ ဦးထုပ်မရှိနဲ့ နွေနေခင်းကို ဖြတ်သန်းခဲ့ရတာ ဒုက္ခဆင်းရဲတွေနဲ့ ခက်ခဲကြမ်းတမ်းလှပါတယ် မေမေရယ်။

ညီမလေးဆိုတဲ့ သံယောဇဉ်ကြိုးလေးတစ်ချောင်းသာ





ရစ်ပတ်နှောင်မထားခဲ့ရင် ဒီနေ့ မိုးစက်ရေ ဆိုတဲ့နာမည်လေး ရှင်သန်လာခဲ့မှာ မဟုတ်ပါဘူး မေမေ။ သမီးနဲ့အတူ ညီမလေးကို ဆိုးတူကောင်းဖက် ဒိုးတူဘောင်ဖက်၊ ဘဝဆိုတဲ့ သမုဒ္ဒရာကြီးကို ဖြတ်ကူးဖို့ အင်အားတစ်ခု မွေးထုတ်ထားပေးခဲ့တဲ့ မေမေ့ကို ထပ်ဆင့်လို့ ကျေးဇူးတင်ရင်း ရှိခိုးဦးခိုက်လျက်ပါ မေမေရယ်။

"မမ"

"—"

"မမ"

"အင် ဟင်"

"ဒေါက်"

အနီးကပ်ခေါ်လိုက်သံကြောင့် ကိုယ်က ဆတ်ခနဲတုန်သွားပြီး လက်အရှုတ်မှာ လက်နှင့်တိုက်မိပြီး ဘော့လ်ပင်လေးက စားပွဲပေါ်က နေ လိမ့်သွားပြီး အောက်သို့ပြုတ်ကျသွား၏။

ဒါကို ကျောက်စက်ရေက ကောက်ယူကာ စားပွဲပေါ်သို့ ပြန်တင်လိုက်ပြီး –

"မမ ငိုနေတာလား"

ခေါင်းအညိတ်မှာ မျက်ရည်က ပေါက်ခနဲ စားပွဲပေါ်သို့ ကျသွားသည်။ မေးစရာဖြစ်အောင် မျက်ရည်များ ရှားပါးခြင်းနှင့် မငိုတတ်ခဲ့သူဟာ မိုးစက်ရေဆိုတဲ့ မိန်းကလေးပါပဲ။ အခု ငိုနေခဲ့ဘာသည်၊



www.burmeseclassic.com

www.burmeseclassic.com



မေမေနဲ့ပတ်သက်လို့ မေမေ့အတွက်မို့ပါ။ ကျန်တဲ့အကြောင်းနဲ့ ပတ်သက်လို့ကတော့ သူမမှာ မျက်ရည်မရှိသည့်အလားနှယ်။

ကျောက်စက်ကတော့ –

အသည်းနုသူပီပီ ထစ်ခနဲဆို မျက်ရည်ကကျပြီ။ ခုလည်း . . . မိုးစက်ငိုတာကိုမြင်ပြီး ကျောက်စက်လည်း မျက်ရည်တွေကျပြီပေါ့။

"ကျောက်စက်လည်း မေမေ့ကို သတိရလိုက်တာ မမရယ်။ စောစောက နှင်းပျောက်တဲ့နွေဆိုတဲ့ သီချင်းက မေမေ ကျောက်စက်တို့ကို ဆိုပြီး ချော့သိပ်နေကျသီချင်းလေ"

"ကဲပါ . . . ညဉ့်နက်နေပြီ။ နင် မအိပ်သေးဘူးလား"

"သီချင်းသံကြောင့် ထလာခဲ့တာ။ ဒီသီချင်းသံကိုကြားရင် အိပ်ပျော်နေတောင် နိုးသွားတတ်တာလေ"

"ငါလည်း ဒီလိုပါပဲ။ အခုချိန်မှာ မေမေသာရှိနေရင်လို့ တွေးမိပေမယ့် ပြန်ခေါ်လို့မှ မရဘဲ"

"မမ"

"ဟင်"

"မမနဲ့ကျောက်စက်တို့အကြောင်းကို ဝတ္ထုရေးပါလားဟင်"

မိုးစက် လွန့်ခနဲပြုံးလိုက်ပြီး –

"နင်က ပရိသတ်စိတ်ဝင်စားမယ်ထင်လို့လား"





"မျက်ရည်မနိုင်ရင် လက်ကိုင်ပဝါယူခဲ့ဆိုတာမျိုးလေ"

"တို့အကြောင်းက အတ္ထုပ္ပတ္တိအဖြစ်နဲ့ပဲ စိတ်ဝင်စားဖို့ကောင်းတာပါ။ အချစ်ဝတ္ထုအဖြစ်နဲ့ စိတ်ဝင်စားဖို့မှ မကောင်းတာ"

"မမ အဲဒီလိုတော့ မပြောနဲ့လေ။ ဘဝတွေ ဘယ်လိုပဲကြမ်းကြမ်း မမ မကောင်းခဲ့တဲ့အချစ်အကြောင်း ထည့်ရေးလို့ရတာပဲဥစ္စာ။ ဘဝကြမ်းနဲ့ ပတ်သက်မှုရှိတဲ့အချစ်အကြောင်း ပေါင်းစပ်လိုက်ရင် ဇာတ်လမ်းတစ်ပုဒ် ဖြစ်လာနိုင်တာပဲ"

"တော်ပါ"

မိုးစက် ဘောလ်ပင်ကို ပြန်ပြီးကောက်ကိုင်လိုက်၏။ ကိုယ့်အလုပ်ကိုယ်လုပ်တာပဲ ကောင်းပါတယ်။ အချစ်ဝတ္ထုတွေရေးနေပေမယ့် ကိုယ်တိုင်ကတော့ အချစ်နဲ့ဝေးဝေးပဲနေချင်သည်လေ။ ချစ်ခဲ့ဖူးတဲ့အကြောင်းတွေကိုလည်း ပြန်ပြီး သတိမရချင်တော့။

"မမ"

သူမ မထူးမိ။

"မမ"

ထပ်ခေါ်တော့မှ –

"ငါ စာရေးတော့မယ်"

စာရေးတော့မယ်ဆိုတာနှင့် ကျောက်စက်ပါးစပ်ပိတ်သွားခဲ့၏။ ဒါဆို . . . သူ့ အနှောင့်အယှက်မပေးရဲတော့ဘူးလေ။ ထောင်မသွား



www.burmeseclassic.com

www.burmeseclassic.com



သေးတာက ပြောစရာရှိတာတွေ မပြောရလို့ စိတ်တွေ တစ်ဆို့ဆို့ ဖြစ်သွားလို့ပဲပေါ့။

"သွားလေ"

"ရေဒီယိုပိတ်ပေးခဲ့ရမလားလို့"

"ပိတ်ခဲ့"

"မမ"

"ပြော"

"စောစောအိပ်နော်"

မိုးစက် ခေါင်းညိတ်လိုက်တော့မှ ကျောက်စက်ထွက်သွားလေသည်။ ပြေးကြည့်မှ ဒီညီအစ်မနှစ်ယောက်ပဲရှိတာဆိုတော့ မိုးစက်ကို ကျောက်စက်စိုးရိမ်ရှာမည်ပေါ့။ ပြီးတော့ မိုးစက်က ကျန်းမာရေးချို့တဲ့သူလေ။

ဩော် ... လိုတာမရ၊ ရတာမလို ဆိုသလို ဟိုတုန်းကတော့ ကြမ်းတမ်းခက်ခဲမှုတွေကြားမှာ ခေါင်းကိုက်လို့တောင် မအိပ်ရဲတဲ့ အဖြစ်။

ခုကျတော့ စိုးရိမ်မယ့်သူတွေ၊ ဂရုစိုက်မယ့်သူတွေနှင့်။



## အခန်း (၂)

"ဘာလိုလို့နဲ့ သီတင်းတောင်ကျွတ်တော့မယ်"

"သီတင်းကျွတ်တော့ ဘာဖြစ်လဲ"

"ယောက်ျားယူရင် ကောင်းမလားလို့"

"ယူလေ၊ ငါ တာဝန်ပေါ့သွားတာပေါ့"

တကယ်မဟုတ်ဘဲ စတာမှန်းသိလို့ မိုးစက်ပြောလိုက်တာဖြစ်၏။ ကျောက်စက်က ရယ်နေပေမယ့် မိုးစက်က မရယ်။ စတာပဲဖြစ်ဖြစ်၊ အတည်ပဲဖြစ်ဖြစ် သူများတွေလို မိုးစက်က ဘယ်တော့မှ အသံထွက်မရယ်တတ်ခဲ့တာ ဟိုတုန်းက။

အခုကျတော့ ကိုယ့်အသိုင်းအဝိုင်းကြားမှာ မရယ်ဖြစ်ခဲ့ရင်တောင် အခြားလူ့ပတ်ဝန်းကျင်မှာတော့ ရယ်တတ်အောင် မနေနိုင်ကြိုး



www.burmeseclassic.com

www.burmeseclassic.com



စားခဲ့ရသည်။ မိုးစက်ရေဆိုတဲ့ မိန်းမတစ်ယောက်ဘဝမှာ မရယ်တတ်၊ မပြုံးတတ်ခဲ့တာ ကိစ္စမရှိပေမယ့် အခု သူမက ပရိသတ်ချစ်တဲ့ မိုးစက်ရေဖြစ်နေပြီဆိုတော့ ကိုယ့်ရင်ထဲက ခံစားချက်နဲ့ နာကြည်းမှုတွေက သူတို့ (ပရိသတ်) နဲ့မှ မဆိုင်ပဲလေ။

ကိုယ့်ကိုယ်ကိုယ် အခုထိ တခရေဆရာမလို့ မသတ်မှတ်သေးဘဲ ကိုယ့်စိတ်ကူးနဲ့ ကိုယ့်ခံစားမှုတွေကို မျှဝေပေးနိုင်သူလို့ပဲ သတ်မှတ်ထားပေမယ့် ပရိသတ်ရဲ့ လေးစားချစ်ခင်မှုကိုတော့ မိုးစက် ပြန်ပြီး အလေးထား လေးစားရမည်လေ။

"မမ"

"ဟင်"

"ဒီညီအစ်မနှစ်ယောက်ပဲရှိတာ မမက ကျောက်စက်အတွက် မမ တာဝန်တစ်ခု ပိုတယ်လို့ ထင်နေတာလားဟင်"

"နင် ငါ့အရိပ်အောက်မှာ ခိုနားနေသရွေ့ သူများနဲ့တန်းတူ မဝတ်ရမှာ၊ မစားရမှာ၊ ဘယ်အရပ်သွားရင် ဘယ်ဇိနပ်နဲ့မှတော်မှာ၊ ဘယ်ခရီးကို ဘယ်ထီးနဲ့၊ ဘယ်လမ်းကို ဘယ်ပန်းပန်မှ တင့်တယ်မယ်ဆိုတာကအစ အားလုံး စိုးရိမ်ပူပန်နေရတာ။ ရင်ထဲက စီးဆင်းလာတဲ့ မေတ္တာတရားက တွန်းအားပေးလို့ ထမ်းဆောင်နေရတဲ့ တာဝန်တွေပဲ မဟုတ်ဘူးလား"

"မမပြောတော့လည်း ဟုတ်နေတာပဲနော်"





"နင်က ဘာကိုမဟုတ်ဘူး ထင်လို့လဲ"

"တာဝန်ဆိုတာကြီးကို မကြိုက် ဖြစ်သွားတာပါ"

"ငါသိပါတယ်။ တာဝန်ဆိုတာ မေတ္တာတရားမပါဘူးလို့ နင်ထင်လိုက်တာ မဟုတ်လား"

ကျောက်စက် တကယ်ပဲ မပြောသလို ထင်လိုက်တာမို့ အပြုံးတို့ စွက်ဖက်ခြင်းနှင့် ခေါင်းညိတ်လိုက်သည်တွင် –

"ဘယ်တာဝန်ပဲဖြစ်ဖြစ်၊ တာဝန်တိုင်းရဲ့အရင်းအမြစ်က မေတ္တာစေတနာပဲ ကျောက်စက်။ တစ်ယောက်ယောက်က အမိန့်ပေးလို့ ကြောက်ပြီး လက်ခံထမ်းဆောင်ရတဲ့ တာဝန်မှာ ဘယ်လောက်ပဲ ထမ်းဆောင်ပါစေ မေတ္တာစေတနာမပါတဲ့အတွက် တစ်ဖက်မှာ အပြည့်အဝ အကျိုးရှိလာမှာ မဟုတ်ဘူး။ ဒါကြောင့် မေတ္တာ စေတနာက ဦးဆောင်မှသာ တာဝန်ဆိုတာ ကျေတယ် ကျောက်စက်။ အခု ငါ နင့်အပေါ်မှာ ဘယ်တာဝန်တွေ ပျက်ကွက်ခဲ့လဲ"

"ကျောက်စက် သဘောပေါက်ပါပြီ မမ"

"နင်လည်း ငါ့အပေါ် တာဝန်ကျေခဲ့တာပဲလေ"

"ကျောက်စက်က မမကို ချစ်တာကိုး"

သဘောထားသေးသိမ်သူသာဆိုရင် ကိုယ်ကမချစ်လို့လားဟု ပြန်မေးစရာရှိပေမယ့် မိုးစက်က မပြေရှင်းပေ။ အချစ်အမုန်းဆိုတာတွေက ပါးစပ်က ထုတ်နုတ်ပြောမှ ရည်မြောက်တာမှမဟုတ်တာ။

www.burmeseclassic.com



သူ ရှိသင့်တဲ့နေရာမှာ သူ့ဟာသာတည်ငြိမ်နေဖို့ပဲ လိုတာလေ။ အချစ်ကို ထုတ်ပြမှ ရုပ်လုံးကြွလာမှာမဟုတ်သလို အမုန်းကလည်း ဂုဏ်ဖိုးကြီးကြီး ဝန်ခံပြဖို့မှမလိုတာ။

မိုးစက်စိတ်က တစ်မျိုးပါပဲ။ ချစ်တာကိုသိသာအောင် ချစ်ရိုးမပြတတ်သလို မုန်းတာကိုလည်း မျိုသိပ်နိုင်စွမ်းအားကြီးသူ။

ဒါကြောင့် မေမေရှိစဉ်က ပြောခဲ့ဖူးသည်လေ။

"သမီးကြီးစိတ်က တစ်မျိုးပဲ။ မကြင်နာတတ်တာလား၊ နေစိမ့်နိုင်တာလားတော့ မပြောတတ်တော့ပါဘူး။ ဘယ်သူ့အပေါ်မှ လိုက်လိုက်လှဲလှဲ မဆက်ဆံတတ်ဘာ" တဲ့။

မေမေ ပြောစရာဖြစ်အောင် ဟိုတုန်းက မိုးစက် စကားနည်းခဲ့တာ အမှန်ပဲလေ။ မိဘတွေက သဘောမကျတာရှိလို့ ဆူပြီ ရိုက်ပြီဆိုလည်း ရှေ့တင် ဘယ်တော့မှမငို။ လူကွယ်မှ ကျိတ်ငိုတတ်တာ အကျင့်ပါနေတာလေ။ ဘာညာ ကွိကွိကွကွလည်း ဘယ်တော့မှ ပြန်မပြောခဲ့။

"ဒီနှစ် ဖေဖေ့ကို သွားကန်တော့ဦးမှာလား"

"မိဘပဲလေ၊ မိဘဆိုတာ၊ လက်ငင်းစားတဲ့ဘုရားပဲဟာ။ ကန်တော့ရမှာပေါ့။ အခု တို့ ဒီလိုဘဝမျိုးနဲ့ နေနိုင် စားနိုင်ရှိတာ မိဘကျေးဇူးကို သိတတ်တဲ့ အကျိုးကျေးဇူးကြောင့်လို့ ငါ ယုံကြည်တယ်"



"ဖေဖေ့ကို ကန်တော့ရင် ဟိုမိန်းမကြီးကိုပါ ချန်ထားလို့ မရဘူး မမရဲ့"

"ကိုယ့်အဖေနဲ့ပတ်သက်နေမှတော့ ကိုယ့်မိဘလို့ပဲ သတ်မှတ်လိုက်ပေါ့ ကျောက်စက်ရယ်"

"ဟင့်အင်း . . . ကျောက်စက် မသတ်မှတ်နိုင်ဘူး။ သူက ကျောက်စက်တို့အပေါ် ကောင်းခဲ့တာမှ မဟုတ်တာ"

"နှင် ငြိုညှိမ မဟုတ်ဘူးလား . . . ကျောက်စက်"

"ရှင်"

ကျောက်စက်က ပြူးပြူးပြဲပြဲပုံစံနှင့် လှည့်ကြည့်တော့ မိုးစက်က အပြင်ဘက်သို့ပဲ ငေးကြည့်နေသည်။ မိုးကုန်ကာနီးကာလမို့ ကောင်းကင်က ငှီချတဲ့ လက်ကျန်မျက်ရည်စက်တို့သည် သစ်ရွက်တွေအပေါ်မှာ ခိုကပ်တွယ်ငြိနေကြဆဲ။ နေရောင်လာတာနဲ့ သူတို့ဘဝလေးသည် သစ်ရွက်တွေပေါ်ကနေ ဖယ်ခွာခြောက်သွေ့သွားကြရတော့မည်လေ။

"လူတစ်ယောက်ရဲ့ဘဝက သစ်ပင်တစ်ပင်မဟုတ်ဘူး ကျောက်စက်။ သစ်ပင်မှာ မလိုတဲ့အကိုင်းကို ခုတ်ပစ်လို့ရပေမယ့် လူကိုတော့ ဖယ်ထုတ်ပစ်လို့မရဘူး။ မကောင်းတဲ့ငါးခါရှိခဲ့ရင် ကောင်းတဲ့တစ်ခါနဲ့ ချေဖျက်ပစ်လိုက်ပေါ့။ သူတို့အပေါ် ကောင်းခဲ့တဲ့အခါ ရှိခဲ့တာကို နင်မမေ့နဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းခဲ့တဲ့အခါ"

"ဟုတ်တယ်"

"ဘာများကောင်းခဲ့လို့လဲ"

မဲ့ခနဲဖြစ်သွားတဲ့မျက်နှာဟာ လိုလားခြင်းမည်ပါ့မလား။

"နင် နေမကောင်းလို့ ဆေးရုံတက်ရတုန်းက"

"အဲဒီမှုမကအောင် မမ ပြန့်ပြီးပေးဆပ်ခဲ့တာလေ"

"ဒီကိစ္စမျိုးက အလဲအလှယ်လုပ်လို့မရဘူး ကျောက်စက်။ နင့်ကို ကျေးဇူးကန်းတဲ့ မိန်းကလေးမျိုး မဖြစ်စေချင်လို့ ငါပြောနေတာ။ ငါလည်း တကယ်ဆို သူ့အပေါ် နာကြည်းခဲ့တာပဲ။ ဒါပေမဲ့ နင် ဆေးရုံပေါ်မှာ ချေးမှန်းမသိ သေးမှန်းမသိ ဖြစ်နေခဲ့တာ။ အဲဒီ အညစ်အကြေးတွေကို သန့်ရှင်းပေးခဲ့တဲ့ သူ့ရဲ့ ကရုဏာနဲ့ မေတ္တာတရားက တော်ရုံတန်ရုံမဟုတ်ဘူး ကျောက်စက်။ လူတိုင်း ရွံရှာနေလို့ နောက်ဆုတ်သွားတဲ့အချိန်မှာ သူက ရှေ့တိုးလာခဲ့တဲ့သူ။ အရေးကြီးရင် သွေးစည်းတယ်တဲ့၊ နင့်အသက်ကို သေမင်းနဲ့လုယူရတဲ့အချိန်မှာ တို့ကို ဥပေက္ခာပြုထားတဲ့သူတွေအားလုံး နင့်အနားမှာ မျက်ရည်ကျရင်ဘတ်ဖိနဲ့ နေကြတာ။ အားလုံး ကျေးဇူးတင်ထိုက်သူတွေပဲ။ အဲဒီအထဲမှာ သူ့ကို ချန်ထားခဲ့လို့ မရဘူး"

ကျောက်စက် တွေတွေကလေး ဖြစ်သွား၏။ မမပြောတာ မှန်ပေမယ့် နာကြည်းချက်တွေ များလွန်းတော့ ကျောက်စက်က





ဒီတစ်ချက်ကောင်းခဲ့တာလေးနဲ့ မချေဖျက်ချင်။ ကိုယ့်ဘဝအတွက် ရုန်းကန်ခဲ့ကြတုန်းက ဘယ်သူကများ ကျောက်စက်တို့ကို သနားခဲ့လို့လဲ။ ကိုယ့်အဖေကာစ ဆန်တစ်ဘူးလည်းမပေးခဲ့၊ ပိုက်ဆံတစ်ကျပ်လည်း မထောက်ပံ့။

ညီအစ်မနှစ်ယောက် စိတ်တူကိုယ်တူနဲ့ပဲ ကိုယ့်ဝမ်းစာအတွက် ကိုယ်ရှာခဲ့ကြရတာ။

"ကျောက်စက်"

"ရှင်"

"နင် နားလည်ထားဖို့က ရိုက်တဲ့ခေယ်ရျက်ကို မေ့နိုင်အောင် ကြိုးစားပြီး မုန့်တစ်ခါဝယ်ကျွေးတဲ့ကျေးဇူးကို မှတ်ထားနိုင်ရမယ်။ တို့မြန်မာတို့ရဲ့စကားပုံမှာ တစ်လုတ်စားဖူး သူ့ကျေးဇူးဆိုတာ ရှိတယ်လေ။ တစ်ခါပြုခဲ့တဲ့ကျေးဇူးကို ငါ့ညီမ မမေ့ပါနဲ့"

"ကျောက်စက် နားလည်ပါပြီ မမ"

နားလည်နိုင်အောင်လည်း အာခေါင်ခြောက်လုမတတ်ပြောပြခဲ့ရသည်ကို။ အစကတော့ မိုးစက်လည်း ကိုယ့်ဘဝ မလုံမခြုံတ ကဲ့ရဲ့ ရှုံ့ချခဲ့၊ မှိုချိုးမှျစ်ချိုး ပြောခဲ့သူတွေကို အလွန်နာကြည်းခဲ့ပါသည်။ အဲဒီ နာကြည်းမှု မခံချင်မှုတွေကြောင့်ပဲ ဖွံ့နပဲနဲ့ ကြိုးစားခဲ့တာ။

အခုကျတော့ အဲဒီလူတွေက ကိုယ့်ကိုမခံချင်စိတ်ဖြစ်ပြီး ကြိုးစားချင်စိတ်ရှိအောင် တွန်းအားပေးခဲ့တဲ့ကျေးဇူးရှင်တွေပဲပေါ့။

www.burmeseclassic.com



ဥပမာ–ခိုင်းနှိုင်းပြောရရင် ဟိုတုန်းက အသုံးမကျတဲ့ မိန်းမတစ်ယောက်အဖြစ် မိုးစက်ကို ကဲ့ရဲ့လိုသောအသွင်နဲ့ ထိုးခဲ့သော လက်ညှိုးပေါင်းများစွာသည် မိုးစက်ဒီလိုမရှိမရှား ဘဝမျိုးနဲ့ နေနိုင်စားနိုင်အောင် နင်းတက်ခဲ့ရတဲ့ လှေကားထစ်တွေပါပဲ။

"မနေ့က ဖေဖေ အိမ်ကို လာသွားသေးတယ်ဆို"

"ဟုတ်တယ်၊ မမကို မစောင့်နိုင်လို့ ပြန်သွားတာ"

"ဘာပြောသွားသေးလဲ"

"မမက ကျန်းမာရေးချူချာတော့ နေကောင်းရဲ့လားလို့ လာကြည့်တာတဲ့။ အိပ်ရေးတွေ သိပ်အပျက်မခံဖို့နဲ့ အစားပုံမှန်စားဖို့ မှာသွားတယ်။ ကျောက်စက်ကိုလည်း မမကို ဂရုစိုက်ဖို့ မှာသွားတာပေါ့"

"ဪ"

ဒါ မိဘရဲ့မေတ္တာတရားပါပဲ။ မလှသာတဲ့အကြောင်းတရားတွေကြောင့် ဥပေက္ခာပြုခဲ့တဲ့အချိန်တွေအတွက် မိုးစက် ဖေဖေ့အရှုံးအပြစ်လို့မမြင်ရက်ပေ။ မိဘဆိုတာ အစားထိုးလို့မရတဲ့အရာမို့ ဘာပဲဖြစ်ဖြစ် မိုးစက်တို့ဘဝမှာ ဖေဖေသည်သာကိုးကွယ်ရာ။

မေမေဆိုရင် လူ့လောကထဲမှာ မရှိတော့တာကြောင့် မိုးစက် လုပ်ကျွေးချင်တာတောင် လုပ်ကျွေးခွင့်မရ။ ပြုစုချင်လို့လည်း ပြုစုခွင့်မရတော့ဘူးလေ။





ဒါကြောင့် မရှိတဲ့လူကိုလည်း တမ်းတရင်း သက်ရှိထင်ရှားရှိနေတဲ့ ဖေဖေ့ကိုလည်း ဂရုစိုက်ပြုစုရမည်သာ။

"ဖေဖေ သနားပါတယ် မမရယ်"

"ဟင် ... ဘာဖြစ်လို့လဲ"

"အသက်က ကြီးလာပြီလေ။ ပြီးတော့ ပင်ပန်းလို့ထင်ပါရဲ့ အိုစာသွားလိုက်တာ"

"ဒါကတော့ အို၊ နာ၊ သေရေး ဒုက္ခဘေးဆိုတာ ရှောင်လွှဲလို့မှ မရဘဲ"

"အသက်ကြီးမှ အလုပ်ကလည်း ပင်ပန်းတာကိုး မမရဲ့"

"ဒါကတော့ ဖေဖေကိုယ်တိုင် ဖန်တီးတဲ့ ဒုက္ခပဲလေ ကျောက်စက်ရဲ့။ တို့ကလည်း ဖေဖေသက်သာအောင် ဖေဖေစိတ်ချမ်းသာအောင်ဆိုပြီး တတ်နိုင်သလောက် ကန်တော့နေတာပဲ။ ဒီထက်ပိုပြီး တို့ပိုင်ဆိုင်သမျှ ခွဲပေးရအောင် ဖေဖေ တစ်ယောက်တည်း စားမှာမှ မဟုတ်ဘဲ"

ဒီစကားကို ကျောက်စက် သဘောကျသွားသည်ထင်ပါ့။ ခေါင်းညိတ်၍ လှစ်ခနဲပြုံးသည်လေ။ အစကတည်းက သူမက ဖေဖေတို့ မိသားစုဆိုတာထဲမှာ ဖေဖေ့တစ်ယောက်ကိုပဲ စေတနာမေတ္တာတွေရှိတာကိုး။ အခြားသူတွေကို သူစိမ်းက သူစိမ်းလို့ပဲ သဘောမှတ်ထားလေတော့ –



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်ရင်တော့ ကျောက်စက်က ဖေဖေ့ကို အိမ်မှာ ခေါ်ထားပြီး ခြေဆုပ်လက်နယ်နဲ့ ပြုစုပေးချင်တာ"

"သူမှာ မိသားစုနဲ့လေ။ နင်ပြောသလို ဖြစ်မှမဖြစ်နိုင်တာ"

"အခုချိန်ထိ မေမေသာရှိနေသေးရင် သိပ်ကောင်းမှာပဲ။ ကျောက်စက်တို့မိသားစုတွေ စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင်နဲ့ နေကြရမှာ"

"မဖြစ်နိုင်တာကို တမ်းတမနေပါနဲ့တော့ ကျောက်စက်ရယ်။ အရာရာကို ကံကြမ္မာက သတ်မှတ်ပေးပြီးသားပါ"

မိုးစက်အသံက တိုးဖျော့ဖျော့ရယ်ပါ။ ဘယ်သူမဆို လှပတဲ့ ဘဝကို ပိုင်ဆိုင်လိုကြပေမယ့် ကံကြမ္မာ သတ်မှတ်ပေးတဲ့ လမ်းပေါ်မှာ မလျှောက်ချင်ဘူးဆိုပြီး ထိုင်ငိုနေလို့မှ မရတာ။



## အခန်း (၃)
## သုညရဲ့ဒဿန

အချို့တွေက

သုညနဲ့စလို့ ယုံရပါ့မလား။

အချို့တွေက

သုညကိုခွဲကြည့်ရင် ဘာတွေရှိမလဲ။

အချို့တွေက

သုညနဲ့ပေါင်းရင် သူတောင်းစားဖြစ်မှာ။

အချို့တွေက

သုညကို အရေခွံဆုတ်ရင် ဘာရုပ်ပေါက်မလဲ။

အချို့တွေက

သုညနဲ့တွဲရင် မွဲဖြစ်မှာ။



www.burmeseclassic.com

www.burmeseclassic.com



အချို့တွေက

သုညနဲ့နေရင် သေခန်းဖြတ်မှာ။

အချို့တွေက

သုညကို ထမ်းထားရင် ပင်ပန်းမှာပေါ့။

ဩော် . . .

သုညနောက်မှာ နေရာပျောက်သူတွေ၊

သုညတွေကြားမှာ ဗျာများကြပုံများ။

ရှေ့က သုညမကြိုက်ရင် နေရာပြောင်းလိုက်ပေါ့၊

(သုညကိုတော့ မမေ့နဲ့)

သုညပျောက်လို့ ရှာမတွေ့ရင်

ဘယ်အရာမှ မပြည့်စုံနိုင်ဘူး . . . တဲ့။

ကဗျာလေးကို ဖတ်ပြီး မိုးစက် လွှန့်ခနဲပြုံးလိုက်သည်။ တော်လိုက်တဲ့သူငယ်ချင်းလို့ ကဗျာစပ်တဲ့ သူငယ်ချင်းကို ချီးကျူးလိုက်မိ၏။

"ငါက ကဗျာစပ်ပြီး နင့်လိုစာရေးဆရာမ မဟုတ်တော့ ဘယ်နေရာမှ အသုံးမဝင်ဘဲ ပိုးဟပ်ကိုက်တာပဲခံရမှာ။ နင်လိုတဲ့နေရာမှာ သုံးပေးပါဟာ့"

ဆိုပြီး ပေးလိုက်တဲ့ ကဗျာစာရွက်ကလေး။ သူရေးတာမှန်တာပေါ့။ လူတစ်ယောက်ရဲ့ဘဝမှာ ဘာမှမရှိလို့ သုညလို့ အသတ်မှတ်





ခံလိုက်ရပြီဆိုရင် လူတွေက အသုံးမဝင်ဘူးလို့ထင်ပြီး အသုံးမချချင်ကြတော့ဘူးလေ။

အရင်တုန်းက –

မိုးစက်တို့ဘဝသည်လည်း သုည။ သုညက ပါးစပ်ဟာပြီး တစ်,ဖြစ်လာခဲ့တာ ဘာကြာသေးလို့လဲ။

"အန်တီလေး"

"___"

"အန်တီလေး"

"ဟင်"

သူမဆီသို့ ကမန်းကတန်းပုံစံနှင့် ရောက်လာသူက တူဝမ်းကွဲလေး တေဇမောင်ပါ။ မျက်နှာက ပြုံးလို့ပါပဲ။ မေ့နေလိုက်တာ။ ဒီနေ့ သူရောက်လာမယ်လို့ ကြိုပြီး ဖုန်းဆက်ထားတာကို။

"အန်တီလေး မေ့နေလိုက်တာ ဆောရီးပဲ သား"

"ထင်သားပဲ"

"ဘယ်လိုလဲ အခြေအနေ"

"မှန်းထားတဲ့အတိုင်းပဲပေါ့ အန်တီလေးရ"

အကျီကော်လံကို ဆွဲထောင်ဟန်ပြုပြီး ခပ်ကြွားကြွားပုံစံနှင့် တေဇကပြောပြီး ခပ်မိန့်မိန့်ပုံစံ လုပ်ပြလေတော့ –

"ယောက်ျားဆိုတာ အဲဒီလိုပြောရင် ပြောတဲ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် လုပ်ရတယ်"

"အန်တီလေးကရော"

"ဟင် . . . ဘာလဲ"

"အန်တီလေး သားကို ဘာကတိပေးထားလဲ"

မေ့ပုံမလား။ ဆယ်တန်းကို ဂုဏ်ထူးနဲ့အောင်ရင် မွေးနေ့ရောက်တာနဲ့ တေဇမှုဆာတာ လိုချင်တာကို ဝယ်ပေးပြီး အပိုဆုပါပေးမယ်လို့ ကတိပေးထားခဲ့တာ။ လိုချင်တာဝယ်ပေးမှယ့် နှုန်းက ဂုဏ်ထူးတစ်ဘာသာကို တစ်သိန်းနှုန်းနဲ့ အပိုဆု ဝယ်ပေးမယ်ဆိုတာက –

ဒီကောင် ဟန်းဖုန်းလိုချင်လို့ ပူဆာနေတာကြာပြီ။ နယ်ကနေ မိုးစက်တို့ဆီရောက်လာပြီဆိုတော့ ကိုယ်ကလည်း တာဝန်ကျေရမှာပေါ့။ အခု ကလေးရောက်လာတဲ့အချိန်က သီတင်းတောင်ကျွတ်တော့မည်။ အောင်စာရင်းထွက်ခဲ့တာတောင် ကြာပြီပဲ။

"ငါ့ကတိကို ငါမမေ့ပါဘူး"

"ဒါဆို သားကို ဘယ်တော့ဖုန်းဝယ်ပေးမှာလဲ"

"ငါ အဝတ်သွားလဲလိုက်ဦးမယ်"

"ချက်ချင်းကြီးပါလား"

"အင်း"

"တကယ်"





"ကတိပေးထားပြီးသားပဲဟာ၊ မြန်မြန်ဝယ်ပေးတော့ မြန်မြန်တာဝန်ပေါ့သွားတာပေါ့"

"အဲဒါကြောင့် အန်တီလေးကိုချစ်တာ"

"လိုချင်တာဝယ်မပေးရင် မချစ်ဘူးပေါ့ ဟုတ်လား"

"အဲဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ အန်တီလေးရဲ့။ လိုချင်တာကို ဝယ်ပေးတော့ ရှိရင်းစွဲအချစ်ထက် နည်းနည်းပိုသွားတာပေါ့"

"အဲဒီအပြောတွေကြောင့် ငါ့တင်ပါး ရှုတ်တက်တော့မယ်"

တူဖြစ်သူကို မျက်စောင်းထိုးပြီး မိုးစက်အဝတ်လဲဖို့ ထွက်လာခဲ့တော့၏။ တေဇက မိုးစက်တို့ရဲ့တူဝမ်းကွဲလေးလေ။ မိုးစက်အဝတ်လဲပြီး ပြန်ထွက်လာတော့ –

"ဟာ . . . အပျိုကြီးတော့ ရှိုင်းလှချေလား"

"ရှိုင်းရမှာပေါ့။ ငါက အပျိုကြီးပေမယ့် အဘွားကြီးမှ မဟုတ်တာ"

"ဟုတ်ပါပြီ . . . ဟုတ်ပါပြီ အခု သားနဲ့အတူသွားမှာတောင် မသိတဲ့လူတွေက တူဝရီးလို့ထင်ကြမှာ မဟုတ်ဘူး။ မောင်နှမလို့ ထင်ကြမှာ"

"ဒါပေါ့။ ငါ့မမက အရပ်ပုတော့ အရွယ်တင်နေတာပဲဥစ္စာ။ မသိရင် အသက်သုံးဆယ်ကျော်ပါလို့ ဘယ်သူမှထင်မှာမဟုတ်ဘူးသိလား"



www.burmeseclassic.com

www.burmeseclassic.com



ဈေးဝယ်ကနေပြန်လာသော ကျောက်စက်က သူတို့ပြောနေကြတာတွေကြားပြီး လှမ်းပြောလိုက်တာဖြစ်၏။ တေဇကလည်း မခံချင်အောင်ပြန်စချင်တာနှင့် –

"မလှတာကတော့ မလှတာပါပဲ"

"အံမယ် ... လှလှဖို့ထက် စိတ်ထားလှဖို့ပဲ လိုတာပါနော်"

"သူ့အစ်မကို အထိမခံပါလား။ မမကျောက်စက်က လိမ်မာပဲသိလား"

"ဘာဖြစ်လဲ၊ နင်သာ လိုချင်တာရှိရင် ကပ်ချွဲပြီး မမကို အကောင်းမပြောတာ"

တေဇက မိုးစက်ကိုသာ အန်တီလေးဟုခေါ်ပြီး ကျောက်စက်နှင့်ကျတော့ အသက်မကွာတာမို့ မမကျောက်စက်လို့ပဲ ခေါ်တာဖြစ်သည်။

"အခုလည်းကြည့် ... ခရီးရောက်မဆိုက်ကြီး"

"ခရီးရောက်မဆိုက်တဲ့ အမောက ပြေသွားပြီ၊ ကဲ ... အန်တီလေး၊ သွားမယ်"

"မင်းကရော အဝတ်မလဲဘူးလား"

"ဒီရုပ်က ဘယ်လိုပဲနေနေ ချောပြီးသား ... ဟဲ ဟဲ"

သူမျက်နှာသူ လက်ညှိုးပြန်ထိုးပြီးပြောလေတော့ ကျောက်စက်က မဲ့သည်။





"မမကို ချွဲဖို့ စကားလုံးတွေ ဘယ်နှဂိုဒေါင်လောက် သိုလှောင်လာခဲ့လဲ"

"မများပါဘူး၊ ငါးဂိုဒေါင်လောက်"

"ရုပ်ကြည့်ရုံနဲ့ သိပါတယ်"

"မမ ကျောက်စက်က မနာလိုဘူးလား"

"ကဲ ... တော်ကြပါတော့၊ သွားမယ် ... သွားမယ်"

"အန်တီလေးညီမ မနာလိုဖြစ်နေတဲ့ရုပ်ကြီးကို ကြည့်ပါဦး"

"တေဇ"

"အူတို စိတ်ပုပ် စာခြောက်ရုပ် ဝါး"

"ကဲ"

မျက်လုံးပြူး ပါးစပ်ကိုဖြဲပြပြီး ခြောက်ဟန်လုပ်ပြလေတော့ ကျောက်စက်ဈေးခြင်းထဲက ခရမ်းသီးလုံးကိုယူပြီး တေဇကို ပစ်ပေါက်လေသဖြင့် တေဇ ရှောင်တိမ်း၍ ပြေးလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဒါလား"

"အင်း . . . လိုချင်တာတော့အမှန်ပဲ"

"လိုချင်တာယူလေ"

"အန်တီလေး အဲဒီလောက်အထိ စေတနာရှိပါ့မလားလို့"

"အပိုတွေမပြောနဲ့ လိုချင်တာကိုယူ"

"Ok"

လိုချင်တာကို ယူခိုင်းတော့ တေဇမျက်နှာက ဝင်းပထိန်လင်းနေလို့ပါပဲ။ လူတွေကို ဘယ်သူ့မှမယုံဘူး။ ချစ်စရာမရှိရင် ကိုယ့်ဒူးကိုယ်ဖက်ချစ်မယ်ဆိုပေမယ့် တကယ်တမ်းကျတော့ မနေနိုင်။ မခေါ်ချင်လို့သာရမယ် မတော်ချင်လို့မှ မရပဲလေ။





ပြီးတော့ ဒီကလေးက ပညာရေးမှာတော်ပြီး မိဘတွေကမချမ်းသာတော့ ဒီလိုပဲ ဝိုင်းဝန်းပံ့ပိုးကြမှ ဖြစ်မှာ။ ပန်းစိုက်သူတို့ရဲ့နှလုံးသားက စိုက်ပြီဆိုတာနဲ့ ဘာမျှော်လင့်ချက်မှမရှိ။ ပန်းကလေးလန်းဆန်းနေပြီဆိုရင်ပဲ ကျေနပ်ပီတိ ဖြစ်ရတာလေ။ အခု မိုးစက်လည်း တေဇကို ပြုစုပျိုးထောင်ပေးဖို့ စိတ်ကူးများနှင့်။

"မရဘူး . . . မရဘူး၊ သား ဒါပဲလိုချင်တယ်"

"ဖေကြီးလည်း သားလိုချင်တာကို ဝယ်ပေးချင်တာပေါ့သားရယ်။ ဒါပေမဲ့ ဖေကြီးမှာ ပိုက်ဆံက အဲဒီလောက်မှ မပါတာကွ"

"အဟင့်"

လိုချင်တာမရလို့ ရှိုက်သံပေးလိုက်သော ကလေးဆီသို့ မိုးစက် အကြည့်ကရောက်သွားသည်။ လက်ထဲမှာကိုင်ထားသောနာရီကို စိုက်ကြည့်ပြီး မျက်နှာလေးရှုံ့မဲ့မဲ့နှင့် မျက်ရည်ဝဲနေရှာသော ဆယ်နှစ်ဝန်းကျင်အရွယ် ကလေးငယ်။ ကလေးဆိုတာ လိုချင်တာရရင် ပျော်မယ်၊ မရရင်ငိုမယ်။ ဒါ သဘာဝပဲလေ၊ မိဘမှာ ဝယ်ပေးနိုင်တာ မပေးနိုင်တာတွေ သူတို့ ရှည်ရှည်ဝေးဝေးတွေးနေမှာမှ မဟုတ်တာ။

"အဲဒီလောက် အဖိုးများတာကို မယူပါနဲ့ သားရယ်နော်၊ ဒီမှာ ဒီဘက်ကဟာလေးကို ယူပါလား"

"မယူချင်ဘူး။ သား ဒါပဲ လိုချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သား"

"သားကို ဒါပဲဝယ်ပေးပါ ဖေကြီးရယ်နော်"

"ဖေကြီးမှာ အဲဒါဝယ်ဖို့ ပိုက်ဆံမလုံလောက်ဘူး သားရဲ့"

"ပိုက်ဆံမရှိဘူး ဟုတ်လား"

"ဟုတ်တယ် သားရဲ့၊ ဒါလေးပဲ ယူလိုက်ပါကွာ။ သားက လိမ္မာပါတယ်"

ကလေးကိုသာ စိုက်ကြည့်နေရာမှ ဖအေလုပ်သူထံသို့ မိုးစက် ကြည့်လိုက်မိလေလျှင် –

"ဟင်"

မိုးစက် ပါးစပ်ကလေး ပွင့်ဟသွားလေ၏။ သံသရာက ချား ရဟတ်လို တစ်ပတ်လည်လာတာလား။

"အန်တီလေး"

"ဟင်"

"ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ပါဘူး"

ဘာမှမဖြစ်ဘူးဆိုပြီး အန်တီလေးအကြည့် မခွာနိုင်သေးသည့် လူဆီသို့ တဖေါ် လိုက်ကြည့်လိုက်မိသည်။ အသားဖြူဖြူနဲ့ လူရည်သန့် တစ်ဦးပေမယ့် ပုံစံက ခပ်နွမ်းနွမ်းရယ်ပါ။

"ဒါပဲ ယူလိုက်ပါသားရယ် နော်"



"ကလေးလိုချင်တာကိုပဲ ယူပါစေ။ လိုတဲ့ပိုက်ဆံကို ကျွန်မ စိုက်ရှင်းပေးပါ့မယ်"

"ဟင်"

လိုချင်တာကို မရနိုင်ခြင်းသည်လည်း ဆင်းရဲဒုက္ခတစ်မျိုးပါ ပဲ။ ကိုယ့်တဝန်နဲ့ယှဉ်ကြည့်ပြီး မိုးစက်ကလေးကို လက်ထဲကပစ္စည်းလို ချင်လျက်နဲ့ ပြန်ထားလိုက်ရတာမျိုး မဖြစ်စေချင်။ ဒီအဖြစ်မျိုးတွေနဲ့ မိုးစက် ကိုယ်တိုင်ကြုံခဲ့ရတဲ့အခါပေါင်းတွေက နည်းမှမနည်းခဲ့တာလေ။

ကိုယ်ကိုယ်တိုင် လိုချင်လျက်နဲ့ မရနိုင်ခဲ့တာတွေရှိသလို ကျောက်စက်လိုချင်လို့ ပူဆာတာကိုလည်း ဝယ်မပေးနိုင်ခဲ့တဲ့ဘဝက ပြန်တွေးမိတိုင်း မနေ့တစ်နေ့ကလိုပါပဲ။ ကလေးအဖေက သူမကိုကြည့် ပြီး အံ့သြသွားဟန်ရှိကာ –

"မိုး . . . မိုးလားဟင်"

"ဟုတ်ပါတယ် ကိုရဲရင့်။ ကျွန်မက ရှင်သိတဲ့ မိုးစက်ရေ အစစ်ပါပဲ"

"ဩော်"

"ဒါ . . . ရှင့်သားလား"

"ဟုတ်တယ်၊ ဒါ ကျွန်တော့်သားပါ"

"အမျိုးသမီးရော မပါဘူးလား"

ရဲရင့်မျက်နှာညှိုးသွားပြီး –

www.burmeseclassic.com



"သူ သားလေးသုံးနှစ်သားအရွယ်မှာပဲ ဆုံးသွားပါတယ်"

"ဪ . . . ကြားရတာ စိတ်မကောင်းလိုက်တာရှင်၊ ကျွန်မ မသိလို့မေးလိုက်မိတာအတွက် တောင်းပန်ပါတယ်၊ ဟိုလေ ကိုရဲရင့် စိတ်ထိခိုက်သွားအောင် အစဖော်ပေးမိတဲ့အတွက်"

"ရပါတယ် မိုးရယ်၊ ဒါက အမှန်တရားပဲလေ"

မိုးစက် ကလေးကိုငုံကြည့်လိုက်တော့ သူမကို ပြန်မော့ကြည့်နေသဖြင့် ပခုံးလေးကိုကိုင်ကာ –

"သား"

"ဗျာ"

"သားက ဒီနာရီကိုပဲ လိုချင်တာလား"

"ဟုတ်ကဲ့"

"ယူလေ၊ အန်တီဝယ်ပေးမယ်နော်"

"ဟာ . . . မလုပ်ပါနဲ့၊ မဟုတ်တာ မိုးရယ်၊ ဝယ်မပေးပါနဲ့"

"မတားပါနဲ့ ကိုရဲရင့်၊ ကျွန်မ ကလေးရဲ့ဆန္ဒကို ဖြည့်ဆည်းပေးချင်လို့ပါ၊ ခုလို ဖြည့်ဆည်းပေးချင်တယ်ဆိုတာလည်း ကျွန်မတစ နဲ့ယှဉ်ပြီး ကိုယ်ချင်းစာမိလို့ပါ"

"ဟုတ်ပါတယ် ဦးရယ်၊ အန်တီလေး စေတနာကို လက်ခံလိုက်ပါ၊ ဒီနေ့ အန်တီလေးက ကျွန်တော့်ဆန္ဒကို ဖြည့်ဆည်းပေးသလို ဒီက ညီလေးရဲ့ဆန္ဒကိုလည်း ဖြည့်ဆည်းပေးချင်တယ် ထင်ပါတယ်။





ကျွန်တော်က လိုချင်တဲ့ဖုန်းရပြီ၊ ဒီက ညီလေးလည်း သူလိုချင်တဲ့ နာရီလေး ယူပါစေဗျာ"

တေဇက ဆရာကြီးလုပ်ပြီး ဝင်ပြောလေလျှင် –

"သားက"

"ကျွန်မတူလေးပါ၊ နာမည်က တေဇမောင်တဲ့"

"မိုးက မိုးတူနဲ့ကိုယ် . . . အဲ ကျွန်တော့်ကို မိတ်ဆက်ပေးတော့ ကျွန်တော်ကလည်း ကျွန်တော့်သားနဲ့ မိုးကို မိတ်ဆက်ပေးရဦးမယ်"

ဟိုတုန်းက သူရယ်ကိုယ်ရယ်ကြားမှာ ကျွန်တော့်လို မသုံးခဲ့မှတော့ မနည်းသတိထားပြီးပြောလိုက်ရ၏။ ကိုယ့်ကို စိတ်နာပြီး မုန်းနေလိမ့်မယ်လို့ ထင်ထားခဲ့သမျှ ခုတော့ ဒီလိုမဟုတ်ပါလား။ တကယ်ပဲ သဘောထားပြည့်ဝစွာနဲ့ ခွင့်လွှတ်နိုင်ခဲ့တာလား မိုးရယ်။ အပြစ်ရှိသူက ကိုယ်မို့ ကိုယ့်လိပ်ပြာကိုယ်မလုံဖြစ်ခြင်းမှာ မိုးကတော့ ထာတိတည်ငြိမ်ရင့်ကျက်နေတဲ့ပုံစံနဲ့ပါလား။

"သူက ကျွန်တော့်သားပါ၊ နာမည်က ရဲဘုန်းလွှတဲ့"

မိုးစက် ခေါင်းညိတ်လိုက်ပြီး –

"သားက ချစ်စရာလေးပဲ"

"အန်တီကလည်း ချစ်စရာကောင်းပါတယ်"

"ဟောတော့ . . . လူတတ်ကလေးပါလား၊ ဘာလဲ အန်တီက



www.burmeseclassic.com

www.burmeseclassic.com



သားလိုချင်တဲ့နာရီကို ဝယ်ပေးမယ်ဆိုလို့ မြှောက်တာလား''

''မဟုတ်ပါဘူး အန်တီရဲ့၊ သားက သားချစ်လို့ ပြောပြတာ ပါ''

''ဟာ . . . ဒီကောင်ကြီး သားနေရာကို လုတော့မယ်ထင် တယ် အန်တီလေးရေ''

တေဇက ရဲဘုန်းလူ၏ခေါင်းကို ပွတ်ပြီး ရယ်စရာပြောလေ တော့ အားလုံးရယ်မိကြလေသည်။ ပြီးခဲ့တာတွေကို မေ့ထားကြကြေး ဆိုရုံင် စိတ်လွတ်ကိုယ်လွတ်ရယ်နိုင်မှာပေမယ့် ရဲရင့် လိပ်ပြာမလုံစွာ ရယ်ရတာပင် အောင့်သက်သက်။

''ကဲ ညီမလေး . . . ဒီနာရီဗိုးကို အစ်မတို့စာရင်းထဲမှာပဲ ထည့်တွက်လိုက်နော်''

''ဟုတ်ကဲ့''

ရဲရင့်သူမှာပါတဲ့ ပိုက်ဆံလေးကိုထုတ်ပြီး —

''မိုး''

''ရှင်''

''ကျွန်တော့်မှာပါတာ ဒါ အကုန်ပါပဲ''

''နေပါစေ ကိုရဲရင့်၊ နာရီဖိုးအတွက် ကျွန်မ အကုန်ရှင်း ပေးပါ့မယ်။ ကလေးကို တွေ့တုန်းကြုံတုန်း လက်ဆောင်ပေးတယ်လို့ ပဲ သဘောထားလိုက်ပါ။ နောက်တွေ့ချင်မှ တွေ့ကြတော့မှာလေ''





''မဟုတ်တာဗျာ . . . ယူပါ။ ကျွန်တော် သူများပေးတာကို ဒီလိုတော့ အချောင်မယူပါရစေနဲ့''

''ကျွန်မက စေတနာနဲ့ပေးတာပါ''

''ကျွန်တော်ပေးတဲ့ပိုက်ဆံကို မယူဘူးဆိုရင် ကျွန်တော်က လည်း သားလက်ထဲက နာရီကို ပြန်ယူထားခဲ့ရုံပါပဲ''

''ဟင်''

ပြောပြောဆိုဆို ရဲရင့်က ကလေးလက်ထဲမှာကိုင်ထားသော နာရီကို ဆတ်ခနဲ ဆွဲယူလိုက်လေလျှင် မိုးစက်အကြည့်က ကလေး မျက်နှာလေးဆီသို့ ရောက်သွား၏။

ကြည့်စမ်းပါဦး။

ကလေးက မျက်လုံးလေးကလယ်ကလယ်နှင့် သူ့ကိုကြည့် လိုက် မိုးစက်ကိုကြည့်လိုက်။ မိုးစက် ဒီကလေးပုံစံလေးနှင့်တူသော အဖြစ်အပျက်နှင့် မျက်နှာလေးတစ်ခုကို မြင်ယောင်မိသွားသည်။

''ဒီထဘီက ဈေးကြီးတယ် ညီမလေးရဲ့၊ မယူပါနဲ့နော်။ မမှာ ပိုက်ဆံက သိပ်ရှိတာမဟုတ်ဘူး။ တော်ရုံတန်ရုံလေးပဲ ဝယ်ဝတ် ပါ ညီမလေးရယ်''

''မမှာ ပိုက်ဆံမရှိဘူး''

''ဟုတ်တယ်''

''ဒါဆို ကျောက်စက်ကို ဘာမှ ဝယ်မပေးပါနဲ့တော့ မရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျောက်စက်ရှိတာလေးနဲ့ပဲ လှအောင်ဝတ်ပါ့မယ်''

ဩော် . . . ပိုက်ဆံမရှိလို့ လိုချင်လျက် ပြန်ထားခဲ့ရတဲ့အဖြစ်တွေ။

''ကိုရဲရင့်''

နာရီကိုပြန်ထားခဲ့တော့မယ့် ရဲရင့်က လှည့်ကြည့်လေလျှင်–

''ပြန်တော့မထားခဲ့ပါနဲ့ရှင်၊ ရှင်ပေးတဲ့ပိုက်ဆံကို ကျွန်မ ယူပါ့မယ်''

''ဦး ကျွန်တော့်ကိုပေး''

တေဇကလည်း ကလေးကို နာရီမရလိုက်မှာစိုး၍ ရဲရင့်လက်ထဲကပိုက်ဆံနှင့် နာရီကိုပါ လျင်မြန်စွာယူလိုက်သည်။ ပြီးတော့ နာရီကို ကလေးလက်မှာ သူကိုယ်တိုင်ပတ်ပေးလေ၏။

''ကဲ . . . ကိုရဲရင့်''

''ဗျာ''

''ကျွန်မတို့ကို သွားခွင့်ပြုပါဦး''

ရဲရင့် ခေါင်းညိတ်မိသလား၊ ခေါင်းခါမိသလား မသိတော့။ ကိုယ့်သားလေးရဲ့ဆန္ဒကို ကိုယ်က ဖြည့်ဆည်းမပေးနိုင်တဲ့အချိန်မှာ ဝင်ရောက်ဖြေရှင်းပြီး ဖြည့်ဆည်းပေးသွားသူက –

''ဖေကြီး''

''ဟင် . . . ဘာလဲသား''





''သားတို့ပြန်ကြမယ်လေ''

''ဩော် . . . အေး သွားမယ်လေ၊ လာ''

သား လက်ကိုဆွဲပြီး ရဲရင့်ဆိုင်ထဲမှ ထွက်လာခဲ့တော့၏။ သိချင်တာရလို့ ပြုံးချိုဝင်းပနေတဲ့ သားလေးမျက်နှာကို တစ်ချက်ငုံ့ကြည့်ပြီး –

ဩော် . . . မိုးရယ်။ ကိုယ့်ကို အမုန်းကွန်ချာနဲ့အုပ်ပြီး အငြိုးအတေးမထားခဲ့တဲ့ မင်းကို ကိုယ် ကျေးဇူးတင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

မိုးမလင်းခင်ကတည်းက ချက်စရာရှိတာ ချက်ပြုတ်ပြီး မိုးလင်းတာနှင့် ကိုယ့်အတွက်ရော သားအတွက်ပါ ထမင်းချိုင့်ထည့်ပြီး သားဖြစ်နေသည်မှာ နေ့စဉ် သားအိပ်ရာကနိုးတာနှင့် ပြင်ဆင်စရာ ရှိတာတွေ ပြင်ဆင်ပေးခဲ့ပြီး မှာစရာရှိတာမှာကာ သူက အလုပ်သွားရ သည်လေ။

သူက ဝပ်ရှော့တစ်ခုမှာ အလုပ်လုပ်တာပါ။

ဪ ... ဆန်းကြယ်လှတဲ့ဘဝရယ်။ နိမ့်ချည်တစ်ခါ သာချည်တစ်လှည့်ဆိုတဲ့ စကားက သိပ်မှန်တာပဲပေါ့။ တံခါးတာနိမ့်ကျ လာပြီဆိုရင် ရေသောက်ရင်တောင် လည်ချောင်းနင်တယ်ဆိုတာ သူ့ဘဝမျိုးပါပဲ။ ဟိုတုန်းကတော့ အချမ်းသာကြီးမဟုတ်သည့်တိုင်





ခုလောက်အထိ မဆင်းရဲခဲ့ပေ။

ကိုယ်ပိုင်အိမ်နှင့် ကားလေးတစ်စီးနှင့်။ ရွှေတွဲလွဲ ငွေတွဲလွဲ နေခဲ့ရသည့်ဘဝကို ဒီတစ်သက် သုံးမကုန်ဖြုန်းမကုန်ဘူးလို့ ထင်ပြီး ဓာန်မာနတွေ တက်ခဲ့ကြတာက ကိုယ့်မိဘတွေ။

ဪ ...

ဘဝဆိုတာ ဒီရေလှိုင်းလို နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့် နဲ့ပါလား။

"မေကြီး"

"ဟော ... သားနိုးလာပြီ"

"ဟုတ်"

"ကဲ လာ တစ်ခါတည်း တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ရ မယ်"

"မေကြီး"

"ဗျား"

"သားကို ဘယ်လောက်ချစ်"

"သားရယ် ... သားက မေကြီးရဲ့ဘဝ၊ မေကြီးရဲ့ကမ္ဘာလေ ကွာ။ မေမေ့မှာ ချစ်စရာဆိုလို့ ဒီသားလေးတစ်ယောက်ပဲ ရှိတာ"

"ဘကယ်နော်"

"အကယ်တစ်ရာဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ပြုံးရွှင်ဝင်းပသွားတဲ့ သားရဲ့မျက်နှာလေးက သူ့အတွက် လမင်းလေးပါပဲ။ အကွပ်မရှိတဲ့ ကြမ်းပရမ်းပတာတဲ့။ မိခင်မဲ့သွားတဲ့ သားသမီးတွေအချို့ဟာ ဖအေလုပ်သူက ဂရုမစိုက်ဘဲထားလို့ ဘဝ မလှကြတာ အများကြီးတွေ့ဖူးခဲ့သည်။ မိုးတို့ ညီအစ်မဆိုရင် ပိုဆိုးတာ ပေါ့။ ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်ရင် ဘဝပျက်သွားနိုင်ဖွယ်ရာရှိပေမယ့် မိုးတို့ကတော့ အဲဒီလိုမဟုတ်ခဲ့ပေ။

မိန်းကလေးတန်မဲ့ ကိုယ့်ဘဝကိုယ် ထိန်းသိမ်းတည့်မတ်ကြ ရင်း လောကခံကို ရင်ဆိုင်တိုက်ခိုက်ခဲ့ကြတာ။ သူ သားလေးရဲ့ဘဝကို အဲဒီလိုအဖြစ်မခံနိုင်။ ဒါကြောင့် ဖခင်ကောင်းပီသစွာနဲ့ သားအပေါ်မှာ သူ တာဝန်ကျေချင်သည်။

"သားရေ"

"ဗျာ"

"ဒီမှာ သားအတွက် ဖေကြီး ထမင်းချိုင့်ပြင်ထားပြီးပြီ"

"ဖေကြီးအလုပ်နောက်ကျနေမယ်၊ သွားတော့လေ"

"အေး အေး ... ဒါဆို ဖေကြီးသွားတော့မယ်နော်"

သူ လွယ်အိတ်ကိုလွယ်ပြီး ထွက်လာခဲ့စဉ် –

"ဖေကြီးရေ ... တာ့တာ"

"တာ့တာ"

သားက လက်ပြလေသဖြင့် သူ သားကို လက်ပြန်ပြပြီး





ထွက်လာခဲ့တော့သည်။ ဟိုတုန်းက ကိုယ်ပိုင်ကားမောင်းခဲ့ရသော ရဲရင့်က အခုချိန်မှာ လိုင်းကားတိုးစီးနေရသည်လေ။ မိုးကတော့ အရင် အခြေအနေမျိုး မဟုတ်တော့ဘူး ထင်ပါရဲ့။

အင်း ... မိုးနဲ့ပြန်တွေ့ပြီးကတည်းက သူ ဘာကြောင့်များ မိုးအကြောင်းတွေကိုပဲ တွေးနေမိပါလိမ့်။ မပြတ်ခဲ့သော သံယောဇဉ်က အခုထိတွယ်ငြိနေဆဲဆိုတာ ကိုယ်မှတစ်ပါး အခြားဘယ်သူသိနိုင်ပါ့ မလဲ။

ဩော် ... မိုးရယ်။

ဟိုတုန်းကလို မဟုတ်တော့တဲ့ အခြေအနေမှာ ထပ်တွေ့ကြ ဖို့မမျှော်လင့်တော့ပါဘူးကွာ။ မိုးလည်း အိမ်ထောင်ကျနေရောပေါ့။ ကိုယ့်ဘဝနဲ့ကိုယ် ကိုယ်စီပျော်နိုင်ဖို့ ကြိုးစားနေတဲ့အချိန်မှာ ပြီးခဲ့တာ တွေကို မေ့ထားလိုက်ကြတာအကောင်းဆုံးပါပဲ။

"ဟော ... ကိုရဲရင့်လာပြီ"

"အေး ... လာပြီပေါ့ကွာ"

"ကဲ .... ဆရာရေ ... ဒေါ်မိုးမခနွယ်ကတော့ သူ့ကားကို ကိုရဲရင့် ကိုင်ပါတဲ့"

"အဲဒီအမျိုးသမီး ကိုရဲရင့်ကို သဘောကျနေသလား မသိ ဘူးနော်။ ဟုတ်ရင်တော့ စိတ်ကူးမလွဲနဲ့ ကိုရဲရင့်ရေ။ အဲဒီအသွားကြီး တလည်း ကလေးနှစ်ယောက်အမေ မုဆိုးမပေမယ့် ထောသယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကလည်း ပေါက်တီးပေါက်ရှာကွာ"

ရဲရင့် ထမင်းချိုင့်ကို စားပွဲပေါ်သို့ သွားတင်လိုက်ရာတွင် သူလိုပဲ တင်ထားသောထမင်းချိုင့်တွေအနားမှာ ဝတ္ထုစာအုပ်တစ်အုပ် ချထားတာကို တွေ့လိုက်ရသဖြင့် ဘာရယ်မဟုတ် အကြည့်ရောက် သွားစဉ် –

"ဟင်"

မိုးစက်ရေဆိုတဲ့နာမည်ကြောင့် စာအုပ်ကို ဝါသနာပါလို့ မဟုတ်ဘဲ ကောက်ကိုင်လိုက်ရာ –

"ကိုရဲရင့်"

သူ့ ထူးသစ်ကို ပြန်ငဲ့ကြည့်လိုက်၏။

"စိတ်ဝင်စားလို့လား"

"ဆိုပါတော့"

"ကျွန်တော် ငှားလာတဲ့စာအုပ်တော့ တစ်ဆင့်မငှားနဲ့နော်။ ဒီမှာ ညနေဆိုမရမှာစိုးလို့ ဒီမနက်ကတည်းက ဝင်ငှားလာရတာ။ နေ့ဘက်အလုပ်လုပ်နေရလို့ ပင်ပန်းသမျှ ညဘက်ကျမှ စာဖတ်ပြီး အပန်းဖြေရတာဗျ"

"နာမည်က မိုးစက်ရေနော်"

"ဟုတ်တယ်လေ၊ အဲဒီ ဆရာမစာအုပ်တွေက အရမ်းဖတ်လို့ကောင်းတာဗျ။ ကျွန်တော်ဆို သူ့စာအုပ်ထွက်တာနဲ့ နောက်ကျမှာ





မိုးပြီး ဆိုင်မှာ မေးရတာအမောပဲ"

"ဪ"

"ကိုရဲရင့် ငှားပြီး ဖတ်ကြည့်ပါလား"

"ငါက စာဖတ်ရင် အိပ်ချင်တယ်ကွ"

"ဖတ်ကြည့်လေ၊ နောက်တော့ စွဲသွားလိမ့်မယ်"

"အေးပါ ... အေးပါ၊ မင်း အညွှန်းကောင်းလို့ တစ်နေ့လောက်တော့ ငှားပြီး ဖတ်ကြည့်ပါဦးမယ်"

"ဖတ်ကြည့်ရင် မဖတ်မိတဲ့ ကာလအတွက် ကိုရဲရင့် နောင်တရ သွားလိမ့်မယ်"

ရဲရင့် ပြုံးလိုက်မိ၏။ တော်တော်လေထွားတဲ့ကောင်ဆိုတဲ့ အတွေးနဲ့လေ၊ ဒါပေမဲ့ မိုးစက်ရေဆိုတဲ့နာမည်ကို စိတ်ဝင်စားတာက တော့ အမှန်ပါပဲ။ တစ်ချိန်တုန်းက မိုးလည်း စာရေးဆရာရှူး ရှူးခဲ့တာ။ မိုးများ ဖြစ်နေမလားလို့ တွေးဖြစ်တော့ မဖြစ်စေချင်သလိုလို ဖြစ်စေချင် သလို။

ဖြစ်ရင်တော့ ကောင်းပါတယ်လေ။

သူဖြစ်ချင်တာတွေ ဖြစ်ခွင့်ရပြီဆိုရင် ကိုယ်က ဝမ်းသာပေး ရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"သာဓုကွယ် ... သာဓု သာဓု။ ခုလို မိဘကိုကန်တော့ရတဲ့ အကျိုးကြောင့် သမီးတို့ စိတ်သွားလို့ကိုယ်ပါ လိုရာရနိုင်သူတွေ ဖြစ်ကြပါစေကွယ်။ သွားလေရာ လာလေရာမှာ လာမယ့်ဘေးဝေးပါစေ ထိမယ့်ခလုတ် ဆုတ်ပါစေ။ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနဲ့လည်း ပြည့်စုံပြီး ဒီထက်မက အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာမ ဖြစ်ပါစေ။ ပရိသတ်ရဲ့ အားပေးချစ်ခင်မှုနဲ့ သာယာသောလမ်းကို လျှောက်လှမ်းနိုင်ပါစေကွယ်"

"ပေးတဲ့ဆုနဲ့ပြည့်ပါစေ"

"ဟဲ့ အစန်း ... ကလေးတွေကို ဆုပေးလိုက်ဦးလေ"

ဦးအေးဝင်းပြောတော့ ဒေါ်စန်းယဉ် ရှက်ကိုးရှက်ကန်းပုံစံနှင့်





"ကျွန်မမှ ဆုမပေးတတ်တာ အစ်ကိုအေးရဲ့။ ရှင်ပေးသလိုပဲပေါ့"

"ဟာ ... ကလေးတွေက ခဏခဏလာကန်တော့နေတာ။ မင်း အဲဒီလိုတော့လုပ်လို့ မရဘူးလေကွာ။ နည်းနည်းပါးပါး ဆုပေးဖို့ ကျင့်ထားဦးမှပေါ့ကွ"

"ဟုတ်ကဲ့ ... နောက်ကို ကျွန်မ ကျင့်ထားပါ့မယ်ရှင်"

ခုတော့လည်း လေသံချိုအီ ပျော့ပျောင်းလို့ရယ်ပါ။ လွန်ခဲ့ပြီးသောကာလများစွာတုန်းကတော့ ဒီလို ဘယ်ဟုတ်ပါ့မလဲ။ ဘဝရဲ့ အချိုးအဆစ် အကွေ့အကောက်တွေ ပြောင်းလဲနေတာနဲ့အမျှ သူမတို့အပေါ် ဆက်ဆံကြတဲ့ လူအများရဲ့ဆက်ဆံရေးကလည်း ပြောင်းလဲခြင်း အမျိုးမျိုးနှင့်။

"ရပါတယ် ဖေဖေ။ ဆုဆိုတာ ပါးစပ်က ပေးတိုင်း ပြည့်တာမှ မဟုတ်တာ။ မိဘအပေါ် သိတတ်နားလည်တဲ့အကျိုးကျေးဇူးက သမီးတို့အပေါ် ပြန်ပြီး အကျိုးပြုမယ်လို့ သမီးက ယုံကြည်ပြီးသားပါ"

"ဟုတ်တော့ ဟုတ်တာပေါ့ သမီးကြီးရယ်။ ဒါပေမဲ့ မိဘဖြစ်လာပြီဆိုတာနဲ့ သားသမီးအပေါ်ထားတဲ့ မေတ္တာတရားနဲ့မြို့ရင်လုံခြုံတာမှန်သော်လည်း ခုလို ကန်တော့တဲ့အခါ ဆုလေးတော့ ပေးတတ်ရမှာပေါ့"

ကုလားထိုင်ပေါ်မှာထိုင်နေတဲ့ ဖေဖေ့မျက်နှာနဲ့ မေနိုတီစန်း



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကိုမော့ကြည့်ပြီး မိုးစက်ရင်ထဲမှာ နင့်သွားသည်။ ဒီအချိန်မှာ ဖေဖေ့ဘေးမှာထိုင်နေသူက မေမေဖြစ်ရင် ဘယ်လောက်ကောင်းလိုက်မလဲလို့ တွေးမိသွားတာပါ။ မဖြစ်နိုင်မှန်းသိပေမယ့် စိတ်ဆိုတာ အစိုးမရဘူးလေ။

နတ်ကနားမွဲတွေမှာ နတ်ဆက်သလို တောင်းတာမပေးနိုင်လို့ ရှိတာလေးနဲ့ ပျော်ပါဆိုတာမျိုးပေါ့။ မေမေမရှိပေမယ့် ဖေဖေရှိနေပါသေးတယ်ဆိုပြီး စိတ်ကိုဖြေသိမ့်ထားခဲ့ရတာ။

ဩော် ... မေမေရယ်။

"သမီးငယ်"

ဒေါ်စန်းယဉ်ခေါ်လိုက်တာမို့ ကျောက်စက် နှုတ်ခမ်းလေး မသိမသာ မဲ့သွား၏။ ပြီးမှ မော့ကြည့်လေလျှင် –

"သမီးကြီးက ကျန်းမာရေးချူချာတော့ ဂရုစိုက်နော်"

"ဟုတ်ကဲ့"

"သမီးကြီး"

"ရှင်"

"အိပ်ရေးတွေ သိပ်အပျက်မခံနဲ့နော်။ အစားကိုလည်း အချိန်မှန်စား အိပ်တာလည်းအချိန်မှန်အိပ်။ ကြာကြာဝါးမယ့်သွားက အစိုးကြည့်ရှောင်ရတယ်တဲ့"

"ဟုတ်ကဲ့"





"မမနော် လူကြီးတွေရှေ့မှာတော့ ဟုတ်ကဲ့ ဟုတ်ကဲ့နဲ့။ ပြီးရင် ပြောလို့မရအောင် ညဘက် နှစ်နာရီအထိ စာရေးပြီးတော့"

"ဟုတ်လား သမီးကြီး"

ဖေဖေ မေးတာမို့ မိုးစက် ကျောက်စက်ကို ချွန်ရမလားလို့ မျက်စောင်းထိုးလိုက်သည်။ သူတို့က မိုးစက်ကို စိုးရိမ်လို့ စာရေးတဲ့နေရာမှာ စိတ်ကို အရမ်းနှစ်မြှုပ်မထားစေချင်ပေမယ့် မိုးစက်က ကိုယ့်အလုပ်ကိုယ့်ဝါသနာကို တန်ဖိုးထားသူ။ အိပ်ရာထဲကို ဘုန်းဘုန်းသား မလဲသရွေ့။ မိုးစက်ကစာရေးနေရမှ ကျေနပ်သူလေ။

ပရိသတ်အားပေးနေသရွေ့ မိုးစက် အသက်မသေသေးသရွေ့ စာတွေ ရေးနေဦးမှာပါ။ စာမရေးရရင် မနေနိုင်တဲ့ မိုးစက်ဘဝမှာ မိဘပြီးရင် စာပေသည်သာ ကိုးကွယ်ရာ။ ပရိသတ်က ကိုယ့်ကို အားပေးနေတဲ့အချိန်မှာ ပေါ့ပျက်ပျက်နဲ့ ဇာတ်လမ်းတွေကို ဖြစ်သလို မဖန်တီးချင်။ သူတို့က ကိုယ့်ကို အားပေးသလို ကိုယ်ကလည်း စေတနာပါပါနဲ့ ကြိုးစားရမည်သာ။

"အဲဒီလောက်အထိ အိပ်ရေးပျက်ခံရင် သမီးကြီးအတွက် ကျန်းမာရေးက အလားအလာမကောင်းဘူးနော် သမီးကြီး"

"သမီးက ကျင့်သားရနေပါပြီ ဖေဖေရဲ့။ ညဘက် နှစ်နာရီမှ အိပ်ပေမယ့် မနက်ကျ ရှစ်နာရီ ကိုးနာရီမှ အိပ်ရာကနိုးတာပဲဥစ္စာ။ အိပ်ရေးပျက်တယ်ရယ်လို့ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဦးအေးဝင်း ခေါင်းမာတဲ့ သမီးကြီးကြောင့် သက်ပြင်းချလိုက်ပြီး . . .

"ဖေဖေကတော့ သဘောမကျဘူး သမီးကြီးရယ်။ ကလောင်ခွဲနဲ့ ထပ်ရေးတာကိုက သမီးကြီး မှားတာ။ တစ်လတစ်အုပ်ပဲ ရေးရင်တော်ရောပေါ့"

မိုးစက် လွှန့်ခနဲ ပြုံးလိုက်မိသည်။ ကိုယ့်ရင်ထဲက ခံယူချက်ကို ကိုယ်ပဲသိသည်လေ။ အခြားသူက ဘယ်နားလည်ပေးနိုင်ပါ့မလဲ။

"အဲဒါလည်း ပရိသတ်အပေါ်ထားတဲ့ သမီးရဲ့စေတနာပါ ဖေဖေ။ အချို့ပရိသတ်တွေက တစ်လတစ်အုပ် ဖတ်ရတာကို အားမရဘူးတဲ့။ နှစ်အုပ်လောက်ဖတ်ရရင် သိပ်ကောင်းမှာပဲဆိုပြီး တောင်းဆိုလာကြတော့ သမီး သူတို့ဆန္ဒကို ဖြည့်ဆည်းပေးချင်လို့ပါ"

"အန်တီတို့က သမီးကြီး ပင်ပန်းမှာစိုးလို့ ပြောတာပါကွယ်"

"လူဆိုတာ ကွေးသောလက်ကိုမဆန့်မီ ဆန့်သောလက်ကို မကွေးမီ အချိန်မရွေး သေသွားနိုင်ကြတာပဲလေ။ သမီးမသေခင်အထိတော့ ပရိသတ်ရဲ့မေတ္တာငွေ့ကို ရှူရှိုက်ရင်း ပရိသတ်အတွက် တတ်နိုင်သလောက် ကြိုးစားထားခဲ့ချင်တယ်"

ဒါ မှန်ကန်သောသစ္စာစကားပါ။ ကိုယ့်ဆီရောက်လာတဲ့ မိတ်ဆက်စာတွေကိုဖတ်ပြီး ပရိသတ်ရဲ့မေတ္တာတရားကို ပိုပြီးနားလည်စွာ ပိုပြီး ကြိုးစားချင်သည်။ အချို့ကတော့ ပြောပါတယ်၊ အလွမ်းဓာတ်





လမ်းတွေ သိပ်မရေးနဲ့ ကျန်းမာရေးထိခိုက်မယ်တဲ့။ အဲဒီလို သတိဆိုပြီး မေတ္တာထားလေလေ မိုးစက်က အလွမ်းဓာတ်လမ်းတွေ ရေးမိလေလေပါပဲ။ ပရိသတ် ၇၀ ရာခိုင်နှုန်းက အလွမ်းဓာတ်လမ်းတွေ ကြိုက်ကြတာမို့ ဒီလိုပဲ တုံ့ပြန်မိတာပါ။

"ပရိသတ်ကို စေတနာထားတာလည်းထားပေါ့ သမီးကြီးရယ်။ ဒါပေမဲ့ သမီးကြီးက ကျန်းမာရေးကောင်းတာမှ မဟုတ်တာ။ ကိုယ့်အသက်ကိုလည်း ကြိဖန်ပြီးမွေးမြူဦးမှပေါ့"

"ဟုတ်ကဲ့ပါ ဖေဖေ"

"တေဇ"

"ဗျာ . . . ဘာဘာ"

"မင်းရောက်လာပြီဆိုတော့ မင်းမှာလည်း တာဝန်ရှိတယ်နော်။ မင်းအန်တီလေးကို မင်းပဲ ကြပ်နိုင်မှာ"

"ဘာဘာကလည်း"

"ကဲ . . . ဖေဖေ"

"ဟော"

"သမီးတို့ကို ပြန်ခွင့်ပြုပါဦးနော်"

"အေး အေး . . . ကောင်းပါပြီကွယ်"

"ဖြော် . . . သမီးကြီး"

ထရပ်ပြီးမှ အန်တီစန်းခေါ်သံကြောင့် ခြေလှမ်းတွေ မရွေ့



www.burmeseclassic.com

www.burmeseclassic.com



လျှားဖြစ်ကြသေးပေ။

"ခြံထဲက ငှက်ပျောပင်မှာ ငှက်ပျောခိုင်ခုတ်ပြီး အန်တီစန်း အုပ်ထားတယ်။ အဲဒါ သမီးတို့စားဖို့ ယူသွားဦးလေ"

"သမီးတို့စားဖို့ဆိုတာ သားမပါဘူးလား အမေစန်း"

တေဇက ကောက်ကာငင်ကာ ထမေးလေတော့ –

"အဲဒီသဘောနဲ့ အမေစန်းပြောတာ မဟုတ်ပါဘူး လူလေး ရယ်။ သမီးတို့ဆိုတော့ သားရော အားလုံးပါတာပေါ့"

"ဟီဟိ"

ကျောက်စက်က ရယ်လေတော့ တေဇ ပေစောင်းစောင်း ပြန်ငဲ့ကြည့်ကာ –

"ဘာရယ်တာလဲ"

"သမီးတို့ဆိုတော့ နင်ပါ မိန်းမဖြစ်သွားတာလေ။ မာမီတေဇ ပေါ့။ ဘုန်းကညာတစ်ပါး"

"မမကျောက်စက်နော် ဒီပုံလားမာမီရှစ်။ သားက ဗလ ငါးတန်နဲ့ပြည့်စုံတဲ့ ယောကျ်ားစစ်စစ်ဗျ"

"ဒီပုံလား ဗလငါးတန်နဲ့ပြည့်စုံတာ။ လေကြမ်းကြမ်းတိုက်ရင် လွင့်ပါမယ့်လူ့ကများ"

"မမကျောက်စက်"

"ကဲ ... တော်ကြပါတော့။ ကျောက်စက်နဲ့တေဇ၊ လာ





ပါနဲ့မီးဖိုခန်းထဲမှာ ငှက်ပျောဖီးတွေ လိုက်ယူ"

နှစ်ယောက်သား ပခုံးချင်းတိုက်ပြီးမှ အန်တီစန်းနောက်သို့ လိုက်သွားကြလေသဖြင့် မိုးစက် ပြုံးလိုက်မိသည်။ ခြောက်သွေ့နေရ ယယ့်သူ့ဘဝထဲမှာ ကျောက်စက်နဲ့တေဇ အေးချမ်းမှုတွေ ပေးစွမ်းနိုင် သော နှင်းစက်ကလေးတွေဆိုရင် မမှားပါဘူး။

"သမီးကြီး"

"ရှင် ဖေဖေ"

"အစန်းနဲ့သမီးတို့ ခုလိုပြေပြေလည်လည် ဆက်ဆံကြတာ တွေမြင်ရတော့ ဖေဖေ ဝမ်းသာတယ် သမီးကြီးရယ်"

"စိတ်ချပါ ဖေဖေ။ ပြီးခဲ့တဲ့အချိန်ကာလတွေအတွက် သမီး ရင်ထဲမှာ ဘာအငြိုးအာဃာတမှ မရှိပါဘူး။ သူ့ဘက်က ကောင်းနေပြီ ဆိုရင် ဆိုးခဲ့တာတွေကို သမီးဘက်က ပြည့်ဖုံးကာချနိုင်ပါတယ်"

ဦးအေးဝင်း ခေါင်းတဆတ်ဆတ်ညိတ်မိတော့၏။ သမီးတွေ ဧ အစကတည်းက လိမ္မာခဲ့ပြီး မိုက်ခဲ့တာက ကိုယ်ပဲလေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

တေဇက မိုးစက်ကားမောင်းနေတာကိုပဲ တကြည့်ကြည့်။ သူက နယ်မှာနေတာဆိုတော့ ကားမမောင်းတတ်တာ မဆန်းပေ။ ပြီးတော့ ကားဆိုတာ သူတို့နယ်မှာ အဝေးပြေးကားတွေသာရှိပြီး ဒီလိုကိုယ်ပိုင်ကားတွေက ရှားရှားပါးပါးပဲဥစ္စာ။ ရှိရင်လည်း ကားပေါ်က လူကို အထင်တကြီးနဲ့ လိုက်ငေးရတာအမောပါပဲ။

"ဟဲ့ . . . ဘယ်လိုဖြစ်နေတာလဲ"

"အန်တီလေး ကားမောင်းတာကို ကြည့်နေတာလေ။ အားကျလို့"

"အားကျရင် မင်းစာကြိုးစားပေါ့။ မင်းဘွဲ့ရ ပညာတတ်ကြီးဖြစ်လာရင် ကိုယ့်လုပ်ရည်ကိုင်ရည်နဲ့ အတွေးအခေါ်ပေါ်မှာမူတည်ပြီး





ဆင်းရဲခြင်း၊ ချမ်းသာခြင်းတွေ ဖြစ်လာတာပဲဥစ္စာ"

"သားကြိုးစားမှာပါ အန်တီလေးရဲ့"

"ကြိုးစားရင်း ဘိုးဘွားရိပ်သာလည်း ရောက်နေဦးမယ်။ ပညာရှာလွန်းလို့ ကြင်ယာမရ ဂေါ်မစွံဖြစ်ရင်လေ"

"ဖြစ်စရာလား။ ပညာရှာရင်း ကြင်ယာကိုလည်း မျက်လုံးထောင့်ကပ် ရှာရမှာပေါ့။ အဲဒါမှ ပညာလည်းစုံ ကြင်ယာလည်းစုံ"

"ကြည့်စမ်း ဇာတိက ပြလာပြီ"

"သားက အန်တီလေးအပျိုကြီးလုပ်သလိုမှ လူပျိုကြီး မလုပ်နိုင်တာ။ အရွယ်ရောက်လို့ ယူချိန်တန်ရင်တော့ ယူရဦးမှာပဲ။ အဲဒါမှ ကိုယ်ရှာဖွေစုဆောင်းထားသမျှ ဥစ္စာစီးပွားကို အမွေဆက်ခံမယ့်မျိုးဆက်ဆိုတာ ရှိလာမှာပေါ့"

"ဩော် . . . ရည်ရွယ်ချက်တွေက တယ်လည်း ကြီးမားတာကိုး"

"ဟဲ ဟဲ"

တေဇ ပန်းတွန့်၍ ရယ်လေတော့ မိုးစက်က မျက်စောင်းထိုးလေသည်။ တူဝရီးဆိုပေမယ့် မောင်နှမတွေလိုမို့သာ မခံချင်အောင်ပြောတာ၊ မျက်စောင်းထိုးတာသာရှိတာ။ တကယ်တမ်းမှာ အချစ်နဲ့ ကင်းရှင်းတဲ့သူဆိုတာ အရှားသားပဲလေ။ ကိုယ်လည်း ကင်းခဲ့သာမှ မဟုတ်ဘဲ။



www.burmeseclassic.com

www.burmeseclassic.com



အခုကျတော့ စာရေးဆရာဆိုတာ မီးဖိုချောင်ဝင်ပြီး ချက်ပြုတ်နေတဲ့ စားဖိုမှူးလိုပါပဲ။ ကိုယ်ချက်တဲ့ဟင်းကို မြည်းကြည့်ရင်းနဲ့ ဗိုက်ပြည့်သွားတတ်တာမျိုးလေ။ မိုးစက်လည်း ဇာတ်လမ်းတွေထဲမှာ ကိုယ့်စိတ်ကိုနှစ်ပြီး ချစ်ကြည့်ရင်း အချစ်ကို မစားသုံးချင်တော့တာလား မသိ။

ဒေါသချာတာကတော့ ခဲမှန်ဖူးတဲ့စာသူငယ်လို ချစ်ဖူးလို့ ကွဲခဲ့ဖူးတဲ့အသည်း နောက်တစ်ခါ ထပ်ကွဲရမှာ ကြောက်နေတာဖြစ်၏။ စာရေးဆရာဆိုတာ စာရေးတဲ့အခါမှာ အသည်းကွဲဖူးမှ အရေးအသား ပြောင်မြောက်ပြီး ရသပိုမြောက်တယ်တဲ့။

"အန်တီလေး"

"ဟင်"

"အန်တီလေးက တကယ်ပဲ အပျိုကြီးလုပ်တော့မှာလား"

"ဒါပေါ့"

"ဟာ . . . ပျင်းစရာကြီး"

"ဘာ"

"အမေ့"

အမေ့လို့အသံထွက်သွားတာ 'ဘာ' ဆိုတဲ့အသံကြောင့် မဟုတ်ပေ။ ကားက တုံ့ခနဲရပ်သွားတာကြောင့် လူက ယိုင်ပြီး ရှေ့သို့ စိုက်သွားခြင်းကြောင့်ဖြစ်၏။ ကားရပ်တာနှင့် တစ်ဆက်တည်း မိုးစက်





ကားတံခါးကို တွန်းဖွင့်ပြီး ကမန်းကတန်း ဆင်းလေလျှင် –

"မမ ဘာဖြစ်လို့လဲ"

ကျောက်စက်မေးတာကို ပြန်မဖြေနိုင်ဘဲ မိုးစက် မပြေးရုံ ...ယ် လှမ်းသွားတဲ့ခြေလှမ်းတွေရဲ့ ဦးတည်ရာသည် –

"အား ကျွတ် ကျွတ်"

"ကလေး . . . ဘာဖြစ်သွားသေးလဲ"

မိုးစက်မေးတာကို ပြန်မဖြေနိုင်သေးဘဲ ကလေးက ခြေချင်း...တ်ကို လက်နှင့်ဖိဆုပ်ပြီး မျက်နှာလေးရှုံ့မဲ့နေသည်။

"ကားသမားကလည်း တာဝန်မဲ့လိုက်တာ။ နည်းနည်းလေးမှ ...ကြည့်ကြည့်ဖော်မရဘူး။ ကားကိုရှောင်ရင်း ခြေခေါက်လဲတာ ထင်...ယ် ဟုတ်လား"

"ဟုတ်ကဲ့"

"ထနိုင်ရဲ့လား။ အန်တီ ဘာကူညီရမလဲဟင်"

"ရပါတယ်"

"သားကရော ဘယ်မကြည့် ညာမကြည့်နဲ့ ဘာလို့ ပြေးနေရ...လဲ။ ကားတွေက အရမ်းရှုပ်တာ၊ အန္တရာယ်များလိုက်တာကွယ်။ ...တ်သေးတာပေါ့ တိုက်မသွားလို့"

"အန်တီ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မိုးစက် သူမမျက်နှာကို မော့ကြည့်ပြီး ပြုံးလိုက်တဲ့ ကလေးရဲ့ မျက်နှာလေးကို မြင်ဖူးသလိုပါပဲ။ ဘယ်မှာမြင်ဖူးပါလိမ့်။ မျက်မှောင်ကြုတ်၍ စဉ်းစားကြည့်လိုက်စဉ် –

"အန်တီ သားကိုမှတ်မိလား"

"ဟင် ... သားက အန်တီ့ကို သိနေတာလား"

"သိတာပေါ့ အန်တီရဲ့"

"သိတယ်၊ ပြောပါဦး ဘယ်မှာသိတာလဲ။ ဟို အန်တီက သားကို မမှတ်မိတာ စိတ်မရှိနဲ့နော်"

"အန်တီ သားကို နာရီဝယ်ပေးဖူးတယ်လေ"

"ဟုတ်လား"

"ဟုတ်ကဲ့"

"ဒါ ဒါဆို ... သားက ကိုရဲရင့်ရဲ့သားပေါ့"

"ဟုတ်ပါတယ် အန်တီ။ သားက သားလိုချင်တဲ့နာရီလေး ရလိုက်တဲ့အတွက် အန်တီ့ကို ဘယ်တော့မှ မမေ့ပါဘူး"

"သြော်"

ကိုယ်စိုက်ပေးလိုက်တဲ့ ငွေကြေးပမာဏက ဘာမှမဟုတ်ပေမယ့် ဒီကလေးအတွက်က အထင်ကရဖြစ်သွားသလား။ ဒါပေါ့လေ ကိုယ်တောင် ကိုယ့်ဘဝ နိမ့်ကျခဲ့တုန်းက ကူညီဖူးတဲ့သူတွေကို မမေ့နိုင်ဘဲ ကျေးဇူးတွေတင်နေရတာ။ ဒီကလေးရဲ့စိတ်ဓာတ်က သူမလိုပ





...ကြီးဖန်ပြီး ကျေးဇူးတင်တတ်တာပေ။

"ဒါဆို အန်တီနဲ့သားက ဘယ်လိုခေါ်ရမလဲ။ အသိမိတ်ဆွေတွေပေါ့နော်။ အခုသားက ခြေထောက်နာနေတာဆိုတော့ အန်တီ လိုက်ပို့ပေးမယ်လေ"

"နေပါစေ အန်တီ၊ လိုက်မပို့ပါနဲ့"

"မဟုတ်တာ၊ သားက ခြေထောက်နာနေတာကို"

"သား ပြန်နိုင်မှာပါ"

"နေပါဦး ... သားက အန်တီ့ကို အားနာလို့လား"

ကလေးက ခေါင်းမညိတ်ခေါင်းမခါနှင့် သူမကိုပဲ ငေးငေးကြည့်ကာ –

"သားတို့အိမ်က"

စကားက ရှေ့ဆက်ထွက်မလာဘဲ ခေါင်းကိုသာ ငုံ့သွားတဲ့ မျက်နှာလေးကို မိုးစက် လိုက်ငုံ့ကြည့်ရင်း –

"သားတို့အိမ်က ဘာဖြစ်လဲ သား"

"စုတ် ... စုတ်နေလို့ အန်တီရဲ့"

"ဟင်"

အိမ်စုတ်မှာနေရတဲ့အဆင့်ထိ ဖြစ်သွားသလား။ စိတ် မကောင်းတော့ ဖြစ်သွားမိသည်။ ဟိုတုန်းက ရဲရင့်ဆိုတာ အချမ်းသာကြီးမဟုတ်ပေမယ့် ကိုယ်ပိုင်အိမ်နဲ့ ခြံနဲ့ ကားနဲ့။ မိုးစက်နဲ့ ပေါင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



ကွာခြားလို့လည်း ဝေးခဲ့ကြတာမဟုတ်လား။

"အခု သားက ဘယ်ပြန်လာတာလဲ"

"သား ဖေဖေ့အတွက် ဆေးသွားဝယ်တာပါ"

"သားဖေဖေက ဘာဖြစ်လို့လဲဟင်"

"ဖျားနေလို့ အန်တီရဲ့"

စိုးရိမ်စိတ်က ထိတ်ခနဲဖြစ်သွား၏။ ရင်ထဲမှာ သံယောဇဉ် လက်ကျန်တွေက ရှိနေသေးသည်လေ။ လုံးဝဖြတ်လို့မရခဲ့သော သံယောဇဉ် လက်ကျန်လေးကို ရဲရင့်အောင်သီချင်းလို ထိုင်ငေးနေ မလား။ သူနဲ့ကိုယ် ပတ်သက်စရာအကြောင်းမရှိတော့ပေမယ့် –

မိတ်ဆွေကောင်းတစ်ယောက်အနေနဲ့တော့ သူ ဒုက္ခရော နေတဲ့အချိန်မှာ ကူညီသင့်ပါတယ်လေ။ နာကြည်းစရာတွေကို မြှုပ် ပျက်လွယ်အောင် သဲသောင်ပြင်မှာရေးပြီး ကျေးဇူးတရားကို ထ သက်မမေ့နိုင်အောင် ကျောက်သားမှာ ထွင်းထုရေးတဲ့ လူလိုမျိုး သူကိုသာ မိုးစက်မနာကြည်းခဲ့ရင် ဒီဘဝကို ရောက်ချင်မှ ရောက်လာ မှာမဟုတ်လား။

နာကြည်းချက်တွေ၊

ခံစားချက်တွေ၊

အမုန်းတွေ၊

ဒါတွေကပဲ မိုးစက်ဘဝကို ကျားကန်ပြီး မြှင့်တင်ပေးခဲ့တာ





ဆိုတော့ –

"သား"

"ဗျာ"

"လာ ထ ... သားတို့အိမ်ကို အန်တီလိုက်ခဲ့မယ်"

"ဗျာ"

အံ့ဩဟန်ရှိနေတဲ့ကလေးကို လက်ကလေးဆုပ်ကိုင်ပြီး ထခိုင်းလိုက်တော့မှ လက်ထဲမှာ သောက်ဆေးလုံးလေးတွေ။

"သားဖေဖေ တော်တော်နေမကောင်းတာလား"

"အလုပ်မဆင်းနိုင်တာ သုံးရက်ရှိပါပြီ"

"ကဲ ... ဒါဆို အချိန်ဆွဲမနေနဲ့ မြန်မြန်လာ"

မိုးစက် ကလေးကို လက်ဆွဲခေါ်လာခဲ့တော့၏။ ကားဆီကို ရောက်တော့ ကျောက်စက်က –

"မမ ဒီကလေးက"

"မေးမနေနဲ့ သူ့အိမ်ရောက်ရင် သိလိမ့်မယ်"

မိုးစက် ဘာပဲလုပ်လုပ် ဘာပဲပြောပြော ကျောက်စက်က ပြန်ပြောရဲသူမှ မဟုတ်တာ။ ငယ်ငယ်တုန်းကတည်းက ပြန်ပြောရင် မိုးစက် ခွင့်မလွှတ်။ တွေ့ရာနဲ့ကောက်ပစ် ကြုံရာနဲ့ဆွဲရိုက်တတ်တာ လေ။ ကြီးသူကို ငယ်သူက ချစ်ကြောက်ရိုသေရှိနေရမယ်တဲ့။

ကားကို ဘယ်မောင်းနေတာလဲ သိချင်ပေမယ့် မမေးရဲပေ။



www.burmeseclassic.com

www.burmeseclassic.com



လမ်းဆုံးရင်တော့ သိရမှာပေါ့။

"သား"

"ဗျာ"

"သားပြောတဲ့ ရှေ့က လမ်းနော်"

"ဟုတ်ကဲ့"

ကားက လမ်းချိုးလေးတစ်ခုကို ချိုးဝင်သွားပြီးနောက် အိမ်လေးတစ်အိမ်ရှေ့မှာ ရပ်လိုက်လေလျှင် ဘာမှန်းမသိ ညာမှန်းမသိ အားလုံး ကားပေါ်မှ ဆင်းလိုက်ကြ၏။ အိမ်လေးက ပျဉ်ထောင်အိမ်လေးဖြစ်ပြီး သွပ်တွေက မည်းညစ်နေပြီ။

"ဖေဖေ ... ဖေဖေ"

"ဟာ ... လူလူ မင်း ဘယ်တွေလျှောက်သွားနေတာလဲကွ။ ဒီမှာ မင်းအဖေ အဖျားကြီးပြီး သတိလစ်နေပြီ"

"ဟင်"

"သား ဖေဖေ့အတွက် ဆေးသွားဝယ်နေတာပါ"

ရဲရင့်မျက်နှာကိုမြင်လိုက်ရတဲ့ကျောက်စက်၊ ပါးစပ်ကလေး ပွင့်ဟသွားခြင်းနှင့်အတူ မမမျက်နှာကိုကြည့်မိသွား၏။ မိုးစက်က ကျောက်စက်ကို ပြန်ကြည့်မနေ။

"ဖေဖေ ... ဖေဖေ"

ရဲရင့်တို့နဲ့ အိမ်နီးချင်းဖြစ်သော ဦးအုံ့က မိုးစက်ကို အားကိုး





တကြီး ပုံစံနှင့်ကြည့်ကာ –

"တူမကြီးက မောင်ရဲရင့်ရဲ့အသိလား"

"ဟုတ်ပါတယ်"

"ဒါဆို ကူညီပါဦး တူမကြီးရယ်၊ မောင်ရဲရင့်သာ တစ်ခုခုဖြစ်ရင် ကလေးက ဒုက္ခရောက်မှာ"

"ဖေဖေ ... ဖေဖေ ... ခေါ်လို့လည်း မရဘူး။ အန်တီ ဖေဖေ့ကို ကြည့်ပါဦး။ ဖေဖေ့ကို ခေါ်ပေးပါဦးဗျာ"

"ဦးလေ"

"ဗော"

"သူ့ကို ဆေးရုံတင်မှဖြစ်မယ်။ ဒီအတိုင်းဆို ဒုက္ခရောက်မှာ စိုးရတယ်"

"အေး ... ကောင်းတာပေါ့ တူမကြီးရယ်"

အသက်တစ်ချောင်းကို ကယ်ကောင်းပါတယ်လေ။ မိုးစက် သူ့ကို ဆေးရုံတင်ပေးမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နှင့် –

"သား တေဇ"

"ဗျာ အန်တီလေး"

"သူ့ကို ကူတွဲလိုက်ပါဦး"

"ဟုတ်ကဲ့"

တေဇနဲ့ဦးအုံ့က ရဲရင့်ကိုယ်ကြီးကို မွေ့ထူလိုက်ကြစဉ် –



www.burmeseclassic.com

www.burmeseclassic.com



"မမ"

အနားကိုရောက်လာသူက ကျောက်စက်။ မျက်ဝန်းရဲ့ အဓိပ္ပာယ်က မိုးစက်ကို အမှတ်မရှိဘူးလားလို့ မေးနေသလိုပါပဲ။

"နင် ငါ့ကို နားလည်ပေးပါ"

"မမ သူ့ကို ကယ်မလို့လား"

"ဟုတ်တယ်"

"မမ"

"သူက ငါ့ရဲ့ရန်သူ မဟုတ်ဘူး ကျောက်စက်။ လူ့အသက် တစ်ချောင်းကိုကယ်တာ သိန်းရာနဲ့ချီပြီးလှူတာထက် မြတ်ပါတယ်"

"အန်တီလေး လာလေ"

တေဇက လှမ်းခေါ်တာကြောင့် မိုးစက် စကားစကိုဖြတ်ပြီး ထွက်လာခဲ့တော့သည်။ သူ ဘာမှမဖြစ်ပါစေနဲ့။ သူတစ်ခုခုဖြစ်ရင် ဒုက္ခရောက်မှာ ကလေးပဲမို့ ဘဝချင်းယှဉ်ပြီး ကိုယ်ချင်းစာသောအားဖြင့် မိုးစက် သူ့အသက်ကို ကယ်တင်ခွင့်ရပါစေ။

ရှင်သေလို့ မဖြစ်သေးဘူး ကိုရဲရင့်။ ရှင့်သားလေးအတွက် ရှင် ရှိနေမှဖြစ်မှာ။

"မမ"

"---"

"ကားကို မြန်းမြန်းမောင်းပါ မမရဲ့"





"ဟဲ့ ... လူနာ ဒီလောက်အရေးကြီးနေတာ မြန်းမြန်း မောင်းလို့ရမလား"

"အရေးကြီးတာတော့ ကြီးတာပေါ့ တော်ကြာ"

"တော်တော့ ကျောက်စက်။ နင့်ပါးစပ်ကိုပိတ်ထား"

"ဟုတ်သားပဲဗျာ၊ မမကျောက်စက် တော်တော် စကားများ တာပဲ"

ကျောက်စက် ပါးစပ်ပိတ်သွားလေတော့၏။ စိတ်ထဲက တေဇနှပ်ချင်ပေမယ့် ကိုယ်က အငယ်ဆိုတော့ ဘာများပြောပိုင်ခွင့် ရှိတို့လဲ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ခုလို ကျွန်တော့်အသက်ကို ကယ်လိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ် မိုးရယ်။ တကယ်ပါ၊ ကျွန်တော် မိုးရဲ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး"

"ရှင် မှားနေပြီ ကိုရဲရင့်"

"ဗျာ"

ရဲရင့် နားမလည်နိုင်ဖြစ်သွား၏။ ကိုယ် ဘာမှားမှားလို့လဲ ရယ်ပေါ့။

"ကျွန်တော်ပြောတာ ဘာမှားမှားလို့လဲ မိုးရယ်"

"မှားတာပေါ့"

"ဒါဆို ဘာမှားတာလဲ ပြောပါဦး"





"ရှင့်အသက်ကို ကျွန်မကယ်ခဲ့တာမဟုတ်ဘူးလေ။ တကယ်တမ်း ရှင့်အသက်ကိုကယ်ခဲ့တာ ဆရာဝန်တွေပဲဥစ္စာ"

ရဲရင့် တွေခနဲဖြစ်သွားပြီးမှ –

"ဆရာဝန်တွေ ကယ်တာ ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ မိုးသာ ကျွန်တော့်ကို ဆေးရုံခေါ်မလာရင် သူတို့ ကျွန်တော့်အသက်ကို ကယ်လို့မရဘူးလေ။ အဲဒါကြောင့် ကျွန်တော့်အသက်ကို အချိန်မီ ဆရာဝန်တွေ လက်ထဲ လာအပ်ပေးတဲ့ မိုးကလည်း ကျွန်တော့်ရဲ့ အသက်သခင် ကျေးဇူးရှင်ပဲပေါ့"

မိုးစက် ရယ်လိုက်တော့ ရဲရင့် ငေးခနဲဖြစ်သွားသည်။ သူ ဒီလို ဖြစ်သင့်ပါရဲ့လား။

"ရှင်က စာဖတ်ရမှာပျင်းတော့ ခက်သားပဲ၊ မဟုတ်ရင် စာရေးဆရာလုပ်ဖို့ကောင်းတာ"

စာရေးဆရာဆိုတဲ့စကားကြောင့် မေးချင်သည့်မေးခွန်းက ဘွားခနဲပေါ်လာသည်။ သူ တွေ့ခဲ့ဖူးတဲ့ စာရေးဆရာမတစ်ယောက်ရဲ့ စာအုပ်ပေါ်က မိုးစက်ရေးဆိုတဲ့ ကလောင်နာမည်လေးက မိုးလား ဆိုတာ သူသိချင်နေသည်လေ။

ဟုတ်ခဲ့ရင် သူ အရမ်းဝမ်းသာမိမှာအမှန်။ တစ်ချိန်တုန်းက လူတကာရဲ့ လက်ညှိုးပေါင်းများစွာထဲမှာ အကျဉ်းသားတစ်ယောက်လို အနေအထားကျခဲ့ရတဲ့ မိုးရဲ့ဘဝတွေး ထိုလက်ညှိုးတွေကြားက



www.burmeseclassic.com

www.burmeseclassic.com



ရှန်းထွက်နိုင်ခဲ့ပြီဆိုရင် ကိုယ်က ကျေနပ်ဝမ်းသာပေးမယ့်သူပါ။

"မိုး"

"ရှင်"

"မိုးကို ကျွန်တော် မေးစရာရှိတယ် ... မေးလို့ရမလား"

"အင်း ... မေးလေ"

"စာရေးဆရာမ မိုးစက်ရေဆိုတာ မိုးလားဆိုတာ သိချင်လို့ပါ"

သူ့ကိုကြည့်လာတဲ့ မျက်ဝန်းတွေက အရောင်ပြောင်းသွားသည်။ မတည်မငြိမ်နှင့် အေးစက်စက်လိုပါပဲ။ ဒါပေါ့လေ၊ သူစိမ်းတွေပဲကို။ ကိုယ့်ကြောင့် သူ့ရင်ထဲမှာ ဘာတွေခံစားခဲ့ရသလဲ၊ ကိုယ်မသိနိုင်ပေမယ့် အကောင်းပကတိတော့ ကျန်ခဲ့မှာမဟုတ်ပေ။

တကယ်တော့ ကိုယ်ကပဲ နှင့်နေအောင်ချစ်ခဲ့သူဖြစ်ပြီး ကိုယ်ကပဲ စွန့်ခွာထားရစ်ခဲ့သူ။ သူ့ဝါသနာနဲ့ကိုယ်က ဆန့်ကျင်ဘက်လားရာဆီမှာ ရပ်တည်ခဲ့ပြီး သူက ဝါသနာကို ကိုယ့်ထက်ပိုချစ်ခဲ့သူ။ ဒါကြောင့် ဝေးခဲ့ကြတာဆိုရင် မှားမှမမှားတာ။

အခု ...

ထားရစ်ခဲ့သူကို စိတ်မနာဘဲ သဘောထားပြည့်ဝ စိတ်ထားမြင့်မြတ်ခြင်းနဲ့ ကူညီနေတာလည်း သူပါပဲ။

"မိုး"





"ဟင်"

"ကိုယ်မေးတာကို ဖြေဦးလေ"

"ကိုရဲရင့်က ဘယ်လိုထင်လို့လဲ"

ကျွန်တော်ကနေ စိတ်လွတ်ကိုယ်လွတ် ကိုယ်လို့ပြောလိုက်မိတာကို မိုးက သတိထားမိဟန်မတူ။ ရဲရင့်ကတော့ပြောပြီးမှ သတိထားမိသွားပြီး ကိုယ်နဲ့တန်ရဲ့လားလို့ မလုံမလဲ မျက်နှာလွှဲလိုက်ရသည့်အဖြစ်။

"မိုး ဟုတ်တယ်ဆိုရင် ကျွန်တော် အရမ်းဝမ်းသာမိမှာပါ"

"ဟုတ်ပါတယ်"

"ဗျာ"

"အဲဒီကလောင်နာမည်ကို ကျွန်မ ဘယ်လိုအခက်အခဲအတားအဆီးတွေကို ရင်ဆိုင်ဖြတ်ကျော်ပြီး အရယူခဲ့ရသလဲဆိုတာ ကိုရဲရင့် သိသင့်သလောက်တော့ သိမှာပါ"

"မိုး ကျွန်တော့်ကို စိတ်နာနေလား"

"မေတ္တာတရားဆိုတာ အစွမ်းထက်တဲ့လက်နက်ပါ ကိုရဲရင့်"

"ဒါဆို မိုးက ခွင့်လွှတ်ခြင်းနဲ့ အနိုင်ယူတာပေါ့"

"အတိတ်က မကောင်းခဲ့တာတွေ ဒုက္ခတွေကို ကျွန်မပြန်ပြီး အစမဖော်ချင်တာ။ ဒုက္ခဆင်းရဲတွေကို တွေးပြီး အာဃာတထားနေရင် ကျွန်မပဲ လောင်မြိုက်ခံနေရမှာပေါ့။ ကျွန်မမှာ အနိုင်ယူချင်လိုစိတ်



www.burmeseclassic.com

www.burmeseclassic.com



မရှိပါဘူး ကိုရဲရင့်"

"ဪ"

ရဲရင့် ဘာဆက်ပြောရတော့မလဲ။ အနိုင်အရှုံးတွေ ပြောနေရအောင် သူနဲ့ကိုယ့်ကြားမှာ ဘာပြိုင်ပွဲမှမရှိခဲ့တဲလေ။ ကိုယ် ကျောနိုင်ခဲ့တာကို သူက ပြုံးပြုံးလေးနှင့် သူ့ဝါသနာကို ခင်တွယ်ရင်း ကျန်ရစ်ခဲ့သူ။

"ကိုရဲရင့် အခု ဘာလုပ်နေလဲ"

"ဆေးရုံမှာဆိုတော့ ထိုင်ရင်ထိုင် မထိုင်ရင် အိပ်နေရတာပဲလေ"

"ကျွန်မမေးတာ အဲဒါမဟုတ်ဘူးလေ"

"ဒါဆို ဘာလဲ"

"ကိုရဲရင့် ဘာအလုပ်လုပ်သလဲမေးတာပါ"

"ကျွန်တော် ဝပ်ရှော့တစ်ခုမှာ လုပ်ပါတယ်"

"အဆင်ပြေရဲ့လား"

"ပြေပါတယ်"

"ကလေးရဲ့ရှေ့ရေးကိုစဉ်းစားပြီး ကျွန်မ ကိုရဲရင့်ကို ပြောစရာတော့ရှိတယ်။ ဒါပေမဲ့ ပြောသင့်မပြောသင့်ကို စဉ်းစားနေတာ"

"သားရဲ့ရှေ့ရေးနဲ့ ပတ်သက်ပြီး ပြောချင်တာဆိုတော့ ပြောပါ မိုး။ မိုးက ကျွန်တော့်အသက်ကိုတောင် ကယ်ခဲ့သေးတာ။ သားနဲ့ပတ်သက်ပြီးပြောမှာလည်း စေတနာစကားပဲ ဖြစ်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်"





"ကိုရဲရင့် ကျွန်မကို တစ်မျိုးတော့ မထင်စေချင်ဘူး"

"မထင်ပါဘူး မိုးရယ်"

မိုးစက် ဘာစကားတစ်ခွန်းမျှ ဝင်မပြောဘဲ ဖအေကိုကြည့်လိုက်၊ သူမကိုကြည့်လိုက် ဖြစ်နေသော ရဲဘုန်းလူလေးကို ဆံနွယ်လေးတွေ နဖူးပေါ်ကျနေတာ သပ်တင်ပေးလိုက်ရင်း –

"ကိုရဲရင့် အခုလုပ်နေတဲ့အလုပ်က ကလေးကိုထားခဲ့ရတာလေ။ ကိုရဲရင့်ကလည်း ကိုရဲရင့်အလုပ်နဲ့ ကိုရဲရင့်ဆိုတော့ ကလေးကို သိပ်ဂရုမစိုက်နိုင်ဘူးပေါ့။ တကယ်ဆိုရင် ဒီကလေးအရွယ်က ယုယမှု ဂရုစိုက်မှုတွေကြားမှာ ပျော်မွေ့ချင်ရှာမှာပေါ့ ကိုရဲရင့်ရယ်"

"မိုးက ဘယ်လိုဖြစ်စေချင်လို့လဲ"

"ကျွန်မဆန္ဒကို ပြောမယ်နော်"

"ပြောပါ"

"ကလေးနဲ့ ရင်အုပ်မကွာနေရမယ့်အလုပ်တစ်ခုကို ကိုရဲရင့် ပြောင်းလုပ်ပါလားဟင်"

ကိုယ်နဲ့အဆင်ပြေနေတဲ့ အလုပ်တစ်ခုကနေ နောက်အလုပ်တစ်ခု ပြောင်းဖို့ဆိုတာ လွယ်သလား။ ပတ်ဝန်းကျင်အသစ်မှာ လူသစ်တွေနဲ့ထပ်ပေါင်းရမှာက ပိုဆိုးတာပေါ့။ ပြီးတော့ သားနဲ့ရင်အုပ်မကွာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေရမယ့်အလုပ်ဆိုတော့ ဘယ်အလုပ်ပဲဖြစ်ဖြစ် အလုပ်ကို သွားတာနဲ့ သားနဲ့က အတူနေချင်လို့ မရဘူးလေ။ ဒါကြောင့် –

"အလုပ်တစ်ခုကနေ တစ်ခုကို ပြောင်းဖို့ဆိုတာ လွယ်မှ မလွယ်ဘဲ မိုးရယ်။ ပြီးတော့ သားနဲ့အတူနေရမယ့်အလုပ်ဆိုလို့ ဘာများရှိမှာလဲ"

"ကျွန်မက ရှိလို့ပြောတာပါ"

"ဗျာ"

"ကျွန်မ ရှင်းရှင်းပဲပြောမယ် ကိုရဲရင့်။ မိခင်မရှိတဲ့သူချင်း ကျွန်မ ရဲဘုန်းလူလေးကို ကိုယ်ချင်းစာတယ်။ မိန်းမနဲ့ယောကျ်ား ကလေးကိုယုယတတ်ကြတာချင်း မတူဘူးလေ။ ကျွန်မတို့အိမ်မှာက ကျွန်မ ဂရုစိုက်မပေးနိုင်ပေမယ့် ကျောက်စက်က ကလေးချစ်တတ်တယ်။ ဒါကြောင့် ရှင့်ကို ကျွန်မတို့အိမ်မှာ အလုပ်ပေးမယ် ရှင် လုပ်မလား"

"ဘာအလုပ်လဲ"

"ကျွန်မတူလေးကို ရှင် ကားမောင်းသင်ပေးလေ။ ပြီးရင် အိမ်မှာပိုင်းကူပေါ့။ ကျွန်မ ဘာအလုပ်သမားရယ်လို့ ရှင့်ကို ကင်ပွန်း မတပ်ချင်ဘူး။ အလုပ်ကတော့ ရှင် မနေစိမ့်လို့လုပ်မယ်ဆိုရင် လုပ်စရာတွေက အများကြီးပါ။ လုပ်စရာမရှိတဲ့ အချိန်တော့လည်း နေပေါ့"

ပြောသာပြောရတယ်၊ သူ့ကိုနှိမ်တာလား ချီးတာလားလို့





ထင်မှာလည်း စိုးရသေးရဲ့။ လူစိတ်ဆိုတာ ပြောလို့မရဘူးလေ။ ကိုယ်က စိတ်ရင်းခံနဲ့ ပြောတာကို ဘယ်လိုတွေးမယ်ဆိုတာ ကိုယ်မှ မသိနိုင်တာ။ ပြောတာမတတ်ရင်လည်း ခဲတာနဲ့တူတယ်တဲ့။ ကိုယ်က တတ်နိုင်သလောက်တော့ ပြောသင့် မပြောသင့် စကားလုံးတွေ ရွေးချယ်ပြီးမှ ပြောတာတော့ ပြောတာပေါ့။

"ကိုရဲရင့်"

"ဟင်"

"ကျွန်မ ရှင့် ဝပ်ရှော့မှာလုပ်လို့ရတဲ့အတိုင်းပဲ လစာပေးမှာပါ"

ရဲရင့် သားမျက်နှာကိုကြည့်လိုက်တော့ ပြုံးနေသည်။ ကိုယ့်အသက်ကိုကယ်ခဲ့တဲ့ ကျေးဇူးတရားနဲ့ သားအတွက် ထောက်ချင့်ပြီး သူ မာနထားနေဖို့ မလိုတော့ဘူးလေ။ မိုးက သားဘဝရေးရေးကိုတွေးသလို ကိုယ်ကလည်း မိုးကို တစ်ထောင့်တစ်နေရာကနေ ပြန်ပြီး စောင့်ရှောက်ပေးချင်သည်မို့ –

"သား"

"ဗျာ"

"သားရဲ့အန်တီပြောနေတဲ့စကားတွေကို သားနားလည်ရဲ့လား"

"အန်တီပြောတာ ဖေဖေ့ကိုအလုပ်ပေးပြီး အန်တီတို့အိမ်မှာ သားတို့ကို လိုက်နေခိုင်းတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ သားရဲ့၊ သား အန်တီတို့နဲ့အတူမနေချင်ဘူးလား"

"နေချင်တာပေါ့ အန်တီရဲ့။ အန်တီ့ကို သားက ချစ်တာပဲဥစ္စာ"

"ဟာ . . . သား အန်တီ့ကို ချစ်တယ်ဆိုပြီး ဖေဖေ့အပေါ် အချစ်လျော့မသွားနဲ့နော်"

"မလျော့ပါဘူး ဖေဖေရ။ သားက ဖေဖေ့ကိုလည်း ချစ်တယ်။ အန်တီ့ကိုလည်း ချစ်တယ်"

"လူလည်လေး"

ရဲရင့် လက်သီးနှင့်ရွယ်လိုက်တော့ လူလူလေးက ဖက်စလေးပုံ၍ ရယ်လေသည်။ ပြီး မိုးစက်ဘက်သို့ ရွှေ့ထိုင်ရင်း မိုးစက် လက်မောင်းကို ဖက်ထားလေ၏။

"ကဲ . . . ကိုရဲရင့်"

မိုးစက်ခေါ်လိုက်တော့ ရဲရင့် အရယ်မပျက်သေးသော မျက်နှာနှင့် ပြန်ကြည့်လေလျှင် –

"ကျွန်မပြောတာကို လက်ခံမှာလား"

"သားက မိုးစကားကို လက်ခံတယ်လေ။ ကျွန်တော်က သားရဲ့ ဆန္ဒအတိုင်းပါပဲ"



# အခန်း (၉)

"ဟော့ကောင်"

နောက်ကနေ ပခုံးကို ခပ်ဆတ်ဆတ်ပုတ်၍ ခေါ်လိုက်တာကြောင့် ဆန်းသစ် လှည့်ကြည့်လိုက်သည်။ စာအုပ်က ကောင်းခန်းရောက်နေကာမှ ခေါ်လိုက်တာမို့ လှည့်ကြည့်လိုက်တဲ့ မျက်ဝန်းက မကျေနပ်သော အရိုးအငွေ့တို့နှင့်။

"မင်းကတော့ ရောဂါကျွမ်းနေပြီ"

"ဟင် . . . ဒီကောင်က ဘာရောဂါ ဖြစ်နေတာလဲ။ ကင်ဆာလား။ ဖိုးရောဂါလား"

မင်းထွေးကို ဇော်ဦးက မေးလိုက်တာ ဖြစ်၏။ ဇော်ဦးမေးတာကို မင်းထွေးက နားမလည်သလိုနှင့် –



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ဖိုးရောဂါဆိုတာ"

"အေအိုင်ဒီအက်စ်ဆိုတဲ့ လေးလုံးရောဂါလေ"

"ဟော့ကောင်"

မတည့်တာအပြောခံရမှ ဆန်းသစ်စာအုပ်ကို ပိတ်ပြစ်၏။ သူက ဝတ္ထုဖတ်ရတာဝါသနာပါပြီး မိုးစက်ရေရဲ့ အမာခံပရိသတ်တစ်ဦး ပါ။

"မင်းပြောတဲ့ ကင်ဆာတွေ၊ ဖိုးရောဂါတွေထက် ဒီကောင် ဆန်းသစ်ရောဂါက ပိုဆိုးတယ် ဖော်ဦးရ"

"ဒါဆို ဘာရောဂါလဲ"

"ဒီကောင် ဝတ္ထုတွေ ဖတ်နေတာ မင်းမမြင်ဘူးလား"

"မြင်တယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ စာရေးဆရာမ မိုးစက်ရေဆီကို ဒီကောင် မိတ်ဆက်စာရေးတာ ခဏခဏပဲလေ"

"အေးလေ . . . အဲဒါ ငါသိသားပဲဥစ္စာ"

"အခု ဟိုက ပြန်စာရေးလာတော့ ဒီကောင့်ရောဂါ ပိုဆိုးလာ ပြီပေါ့"

"ပြန်စာရေးတယ်"

"ဟုတ်တယ်လေ"

ဟုတ်တယ်လေဆိုတဲ့အသံက တက်ကြွနေ၏။ ဆရာမဆီက





ပြန်စာကို အကျီအိတ်ထဲထည့်ပြီး ရင်းနှီးတဲ့လူတွေ တွေ့တိုင်း ကြွားရ တာ အမောပါပဲ။

"ဒါဆို အဲဒီစာ ငါ့ကိုပြစမ်းပါဦး ဆန်းသစ်ရ"

"ပြချင်တာ၊ ညတုန်းက အိပ်လို့တောင်မပျော်ဘူး။ ကဲ . . . ရော့ ရော့"

ဖော်ဦးက စာခေါက်ကလေးကို လှမ်းယူပြီး ဖြန့်ဖတ်လေ သည်။ ဆန်းသစ်မျက်နှာက မှိုရတာထက်ပိုသော အပြုံးမျိုးနှင့်။ မှိုရ တာကမှ ချက်စားပြီးရင် ကုန်သွားမှာမို့ အပြုံးက တာရှည်မှာမဟုတ်။

သို့ . . .

မောင်လေးဆန်းသစ်

*မောင်လေးဆီကို မမိုး စာပြန်လိုက်ပြီနော်။ ရင်းရင်းနှီးနှီး ရှိလို့ ခေါ်ခွင့်ပြုပါဆိုလို့ မမိုး ခွင့်ပြုပါတယ်။ မမိုးက မာနမကြီးတတ် ပါဘူး။ မမိုးဆီက ပြန်စာရလို့ ဆန်းသစ် ကျေနပ်မယ်လို့ထင်ပါတယ်။ မောင်လေးမေးတာတွေကိုလည်း မမိုး ဖြေလိုက်ပါပြီ။*

*မမိုးအသက်က ၃၂-နှစ်ပါ။ အိမ်ထောင်မရှိ အပျိုပါပဲ။ မမိုးတို့က ညီအစ်မနှစ်ယောက်ပဲ မွေးချင်းရှိပါတယ်။ မေမေကတော့ ဆုံးသွားတာကြာပါပြီ။ ဖေဖေက နောက်အိမ်ထောင်နဲ့လေ။ ဒါကြောင့် မမိုးတို့က ညီအစ်မနှစ်ယောက်တည်းပဲ နေတာပါ။*

*မမိုးရဲ့စာအုပ်တွေကို အမြဲအားပေးနေတဲ့အတွက် ကျေးဇူး*



www.burmeseclassic.com

www.burmeseclassic.com



*တင်ပါတယ် ဆန်းသစ်။ နောက်လည်း အားပေးပါဦးနော်။ ဆန်းသစ် တောင်းတဲ့စာအုပ်ကိုလည်း လက်ဆောင်ထည့်ပေးလိုက်ပါတယ်။*

*ပရိသတ်အတွက် ...*

*မမိုး ပိုပြီးကောင်းအောင် ကောင်းအောင် ကြိုးစားနေလျက်ပါ။*

***ခင်မင်စွာဖြင့်***

***မမိုး***

စာရုံးသွားတာနှင့် ဖော်ဦးက ဆန်းသစ်မျက်နှာကို ပြုံးစိစိနှင့် စိုက်ကြည့်လေသည်။ ပြီးမှ –

"မင်း စိတ်ကူးတွေယဉ်လို့ကောင်းနေမှာပေါ့"

"အင်း ... စိတ်ကူးယဉ်မိတာတော့ အမှန်ပဲ။ ငါ မမိုးကို အရမ်းတွေ့ချင်တာပဲကွာ"

"မင်း မြင်ဖူးလို့လား"

"ဟာ ... မမြင်ဖူးလို့ တွေ့ချင်တာပေါ့ကွ။ ငါ သူ့ကို အရမ်း လေးစားတယ်။ တို့တွေဆို ဘယ်လောက်ပဲ ဝတ္ထုဖတ်ရတာ ဝါသနာပါပါ စာတစ်အုပ်မပြောနဲ့ တစ်ခန်းတောင်မရေးတတ်ဘူး။ အဲဒါကြောင့် စာရေးဆရာဆို အားလုံးကို လေးစားပြီးသားပဲ"

"ဆန်းသစ်"

မင်းထွေးက ဆန်းသစ်ပခုံးကို ဖက်လိုက်ရင်း ဘေးမှ ဝင်ထိုင်





လေသည်။ သူတို့သုံးယောက်က ဘဝသမားတွေဖြစ်ပြီး သုံးယောက်လုံး taxi မောင်းနေကြရသူတွေပါ။ အားတဲ့အချိန်လေးမှာ စာဖတ်ကြသူချင်းအတူ မင်းထွေးက ဘော်လုံးဂျာနယ်တွေသာ ဖတ်တတ်သူ။

ဆန်းသစ်ကတော့ အချစ်ဝတ္ထုတွေဖတ်ပြီး ဖော်ဦးကတော့ ဖုန်းနှင့် ဂိမ်းကစားနေတတ်သည်လေ။ တစ်ယောက်ကို ဝါသနာတစ်မျိုးမို့ သူ့ကို အရူးလို့ပြောလို့ ဖြစ်မလား။ တစ်ယောက်တစ်မျိုး ရှိနေကြတာပဲဥစ္စာ။

"မင်း ဆရာမကို အဲဒီလောက်တွေ့ချင်နေရင် ဒီလိုလုပ်ပါလား"

"ဘယ်လိုလဲ"

"ခုတစ်ခါ မင်းစာရေးရင် ဆရာမရဲ့အိမ်လိပ်စာကို တောင်းလိုက်လေကွာ။ သူက ပြန်ရေးပေးရင် မင်းကံကောင်းလာပြီလို့ မှတ်ပေါ့"

"မင်းပေးတဲ့အကြံ မဆိုးဘူးကွ"

"ဆန်းသစ်"

"ပြော"

ဖော်ဦးက ခေါ်ပြန်သဖြင့် ဖော်ဦးဘက်သို့ လှည့်လိုက်လေသည် –

"မင်းက အဲဒီဆရာမကို ဘာလို့တွေ့ချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆန်းသစ် တွေခနဲ ဖြစ်သွားလေ၏။ တွေ့ချင်ရတဲ့အကြောင်း ပြချက် သူ မပေးနိုင်။ ဘာမျှော်လင့်ချက် ဘာရည်ရွယ်ချက်နဲ့မှ မဟုတ်ဘဲ စိတ်ကကို တွေ့ချင် မြင်ချင်စိတ်တွေ ပြင်းပြနေတာ။ ဘာကြောင့်လဲ။ ကိုယ်ကိုယ်တိုင်လည်း မသိ။

"အဲဒီကိစ္စနဲ့ပတ်သက်ပြီး ငါ အကြောင်းပြချက်မပေးတတ်ဘူး ဖော်ဦး။ ငါ သူ့ကို မြင်ဖူး တွေ့ဖူးချင်တာပဲ သိတယ်"

"ဟိုက မျက်လုံးပြူးပြူးသွားခေါ်ခေါ်နဲ့ ဝက်ခြံပေါက်ပြီး ရုပ်ဆိုးနေရင် ဘယ်လိုလုပ်မလဲ"

"ဟကောင်"

ဒီလိုပြောတော့ ဆန်းသစ်မခံနိုင်။ ဘယ်သူပဲဖြစ်ဖြစ် ကိုယ်လေးစားချစ်ခင်ရတဲ့သူကို ရစရာမရှိအောင်ပြောလို့ ဘယ်သူက ခံနိုင်မှာလဲ။ ရိုသေလေးစားခြင်း၊ ခင်မင်ရင်းနှီးခြင်းတွေမှာ ရုပ်ချောခြင်း မချောခြင်းတွေက အဓိကကျလို့လား။ ကိုယ်လေးစားခဲ့တာက သူ့ရဲ့ အရေးအသားနဲ့ သူ့ရဲ့ တတ်သိနားလည်မှုတွေပဲလေ"

ရုပ်မချောတော့ရော ဘာဖြစ်လဲ။

ဖော်ဦးပြောသလို တကယ် မမိုးက အရုပ်ဆိုးနေရင်လည်း ဆန်းသစ် စိတ်ပျက်သွားမှာမဟုတ်ပေ။

"မင်း စဉ်းစားကြည့်လေ၊ ၃၂-နှစ်ကို အပျိုကြီးဆိုတော့ တွေးစရာဖြစ်မနေဘူးလား"





"သူလည်း သူ့အကြောင်းနဲ့သူ ရှိနေမှာပေါ့"

"ဘယ်လိုပြောပြော စိတ်မပျက်ပါလား"

"ပျက်စရာလား။ ရုပ်ချောလို့ခင်တဲ့ ခင်မင်မှုမျိုးက ရုပ်ဆိုးသွားရင် အဲဒီရုပ်နဲ့အတူ ပျက်ပြယ်သွားမှာလေ။ ငါက ဆရာမ ရုပ်ချောမှ အားပေးနေမှာမှ မဟုတ်တာ"

"ကဲ ဖော်ဦး ... မင်း အရှုံးပေးလိုက်ပါတော့ကွာ။ အဲဒါကြောင့် ငါပြောတာပေါ့။ ဒီကောင့်ရောဂါ ကျွမ်းနေပြီလို့"

"နားငြီးတယ်ကွာ။ မင်းတို့ပဲ ငါ့ကိုလာပြီး အနှောင့်အယှက်ပေးတာနော်၊ သွားကြ"

မင်းထွေးနဲ့ ဖော်ဦးကို နှင်ပြီးမှ သူပဲ ကားစက်ဖုံးပေါ်မှာ ထိုင်နေရာမှ ဆင်းလိုက်ကာ -

"ကြာတယ် ... ငါပဲ သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

သို့ . . .

မမိုး

ကျွန်တော် ရှိသေလေးစားစွာနဲ့ မမိုးဆီကို စာရေးလိုက်ပြန်ပါပြီ။ မမိုးဆီကို ကျွန်တော် စာရေးတာ တော်တော်များနေပြီနော်။ မမိုး စိတ်မရှည်များဖြစ်နေမလား။ စိတ်ရှည်ပေးပါ မမိုးရယ်။ ကျွန်တော်က မမိုးကို အရမ်းလေးစားပြီး ခင်မင်မိလို့ မကြာခဏ စာရေးနေတာပါ။

မမိုးနဲ့ အပြင်မှာ ခင်မင်ခွင့်မရပေမယ့် စာရေးပြီး ခင်မင်ခွင့်ရတာကိုပဲ ကျွန်တော်က ကျေနပ်နေသူပါ မမိုးရယ်။ မမိုးကို ကျွန်တော် အရမ်းမြင်ဖူးချင်တာပဲ။

သူငယ်ချင်းတွေက ကျွန်တော့်ကို အရူးလို့ ပြောကြတယ် မမိုး။





ကျွန်တော် မရူးပါဘူးနော်။ စာဖတ်ရတာ ဝါသနာပါပြီး ဝတ္ထုကိုချစ်လို့ ဇာတ်လမ်းဖန်တီးသူကို မမြင်ဖူးဘဲ ခင်မင်မိတာ ကျွန်တော် ရူးတာလား။

မမိုးရဲ့ ပြန်စာလေးရတော့ ကျွန်တော် သူငယ်ချင်းတွေကို ထုတ်ကြွားတယ် သိလား။ မမိုးကို ကျွန်တော် အရမ်းမြင်ဖူးချင်တာပဲဗျာ။ မမိုးမာနမကြီးတတ်ဘူးဆိုရင် မမိုးရဲ့လိပ်စာ ကျွန်တော့်ကိုပေးပါလား။ ကျွန်တော့် မမိုးအိမ်ကို လာခဲ့မယ်လေ။ ဒီလို တောင်းဆိုလို့ ကျွန်တော့်ကို စိတ်မဆိုးပါနဲ့ မမိုးရယ်။

ကျွန်တော် မမိုးဆီက ဘာလို့ ဓာတ်ပုံမတောင်းသလဲဆိုရင် ကျွန်တော် ကျွန်တော် သက်မဲ့အရုပ်ကိုကြည့်ပြီး ပီတိဖြစ်ရမှာ အားမရှိလို့ပါ။ ကျွန်တော်က သက်ရှိမမိုးကိုပဲ မြင်ချင်တာဗျ။ မမိုး ကျွန်တော့်တောင်းဆိုမှုကို လိုက်လျောပေးပါဗျာ နော်။

စာရှည်သွားတဲ့အတွက် မမိုးကို ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်။ ဒီလထွက်တဲ့စာအုပ်ကိုလည်း ကျွန်တော် ဖတ်ပြီးပါပြီ။ အရမ်းကြိုက်တယ်ဗျာ။ မမိုး ဒီထက်မက အောင်မြင်ပါစေလို့ ဆုတောင်းရင်း။

မမိုးရဲ့ပရိသတ်

ဆယ်သစ်

မိုးစက် စာရွက်ကလေးကို ခေါက်ပြီး စာအိတ်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထည့်လိုက်သည်။ ပြီးမှ နောက်ထပ် မိတ်ဆက်စာတစ်စောင်ကို ထပ်ဖတ်ဖို့ စာအိတ်တစ်အိတ်ကို ဆွဲယူလိုက်စဉ် –

"မမ"

"ဟင်"

"သူ့ကို စာပြန်ဦးမှာလား"

"သူက ငါ့ရဲ့အမာခံပရိသတ်လေ။ ခုတောင်းဆိုတာကို မလိုက်လျောဘူးဆိုရင် သူ့ကို စော်ကားသလို ဖြစ်နေမှာစိုးတယ်"

"သူက ဘယ်အရွယ်လည်း မသိဘူးနော်"

မိုးစက် မျက်မှောင်ကြုတ်၍ ကျောက်စက်ကိုကြည့်လိုက်၏။ ကျောက်စက် ဘာလို့ ဒီလိုမေးရတာလဲ။ မိုးစက်ကတော့ တစ်ဖက်လူ ဘယ်အရွယ်ပဲရှိရှိ သူတို့ မေတ္တာကို ကိုယ်က စေတနာနဲ့ တုံ့ပြန်ရမယ်ဆိုတာပဲသိသည်။

"ဟို ကျောက်စက် ဘာသဘောနဲ့မှ မေးတာမဟုတ်ဘူးနော် မမ။ ကျောက်စက်တို့ဘဝက အထီးကျန်ဆန်တယ်လေ၊ အဲဒါကြောင့် ခင်မင်ရင်းနှီးချင်သူဆိုရင် အားလုံးကို စိတ်ဝင်စားတာပါ"

အသာလေးခေါင်းညိတ်မိပြီး မိုးစက် သက်ပြင်းချလိုက်သည်ကို ကျောက်စက်က ငေးနေ၏။ ကျောက်စက်ပြောတာ ဟုတ်နေတာပါပဲ။ သူမတို့မှာ ဒီညီအစ်မနှစ်ယောက်ပဲ ကျောချင်းနိုင်းပြီး ဘဝအတွက် တိုက်ပွဲဝင်ခဲ့ကြတာ ကျရာကယ်ရာမဲ့ပါပဲ၊ စိတ်ကူမရှိသလို အားပေးမယ့်





သူလည်း ရှားခဲ့သည်လေ။

အခု လူတန်းစေ့နေနိုင်ပေမယ့် ဘဝက ခြောက်သွေ့နေဆဲပါ ပဲ။ ဘာ့ကြောင့်လဲဆို အခု ကိုယ်ပေးနိုင်ကမ်းနိုင်မှ အနားရောက်လာပြီး ကူညီဂရုစိုက်တဲ့သူတွေက မိတ်ဆွေစစ်တွေမှ မဟုတ်ဘဲ။ သူမတို့ လိုချင်တာက မိတ်ဆွေစစ် မိတ်ဆွေမှန်လေ။ မိတ်ဆွေစစ် မိတ်ဆွေ မှန်ဆိုတာ ကိုယ် ဒုက္ခရောက်နေတဲ့အချိန်မှာမှ တကယ် ရှိ မရှိဆိုတာ သိရတာမဟုတ်လား။

"မမ"

"ဘာပြောမလို့လဲ"

"မမ တကယ်ပဲ အိမ်ထောင်မပြုတော့ဘူးလားဟင်"

"ကျောက်စက်"

"ရှင်"

"နင် အိမ်ထောင်ပြုချင်ရင် ပြုလို့ရတယ်နော်။ ငါ ခွင့်ပြုပါ တယ်။ ငါ့ကိုငဲ့မနေနဲ့"

"မဟုတ်ပါဘူး မမရဲ့"

"ဘာမဟုတ်တာလဲ"

"ကျောက်စက်က ကျောက်စက် အိမ်ထောင်ပြုချင်လို့ ပြော နေတာမဟုတ်ပါဘူး မမရယ်။ ဒဏ်ရာရခဲ့ဖူးတဲ့ မမနှလုံးသားကို သေ ဆုံးခံမယ့်အစား အသစ်တစ်ဖန် ပြန်လှည့်မွေးဖွားပြီး ရှင်သန်စေချင်



www.burmeseclassic.com

www.burmeseclassic.com



လို့ပါ"

"အော် . . . နင်က ငါ့နှလုံးသား သေရေးရှင်ရေးကိစ္စအတွက် ပြောနေတာကိုး"

မိုးစက် နောက်ထပ်စာတစ်စောင်ကို ဖောက်မဖတ်ဖြစ်သေးဘဲ ထရပ်ပြီး ပြတင်းပေါက်မှာ သွားရပ်လိုက်သည်။ ကျောက်စက်က မိုးစက်ကို အချစ်နဲ့ပတ်သက်ပြီး မချိမဆန့် ခံစားခဲ့ရတယ်လို့ ထင်နေပုံရသည်။ လုံးဝ မခံစားခဲ့ရတာမဟုတ်ပေမယ့် ထိုခံစားမှုတွေကို မိုးစက် ဝါသနာနဲ့ အစားထိုးပြီး ဖြေသိမ့်နိုင်ခဲ့တာပဲ ဥစ္စာ။

မိုးစက်ဘဝမှာ စာရေးနေရရင် အရာအားလုံး ကျေနပ်ဖွယ်ရာ စိတ်ချမ်းသာမှုအတိနှင့်။ မူလတန်းကတည်းက အချစ်စာမေးပွဲကြီး ကျရှုံးခဲ့တာ။ နှလုံးသားကို နောက်တစ်ခါ အနာတရမဖြစ်စေချင်တော့ပါဘူး။

"ငါ့အရွယ်က ချစ်တမ်းမုန်းတမ်း ကစားနေရမယ့်အရွယ် မဟုတ်တော့ဘူး ကျောက်စက်။ စာအုပ်ထဲမှာပဲ ချစ်၊ စာအုပ်ထဲမှာပဲ မုန်းနေရတာနဲ့ အချစ်ဝမ်းစာရော အမုန်းဝမ်းစာရော ငါ့မှာ ပြည့်နေပါပြီ"

"လူတိုင်း ကိုယ့်အသက်ကိုယ် မျှော်ထားနိုင်တာမဟုတ်တော့ ဆေးပေးမီးယူဆိုတာ ရှိသင့်တယ်"

"နင်ရှိနေသားပဲ"





"ကျောက်စက်က မသေခင်ဆေးစားထားတာမှ မဟုတ်တာပဲ မမရဲ့"

"ငါ အရင်သေသွားမှာကို ငါက စိုးရိမ်နေတာ။ နင်လည်း အိမ်ထောင်ပြုသင့်နေပြီ ကျောက်စက်"

"မမ"

"ငါ အတွက်မကြီးပါဘူး။ နင့်ကို မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်း ရှိစေချင်တယ်။ အဲဒါမှ ငါ သေသွားရင်တောင် နင့်အတွက် စိတ်ချလို့ရမှာ"

"ကျောက်စက်ကလည်း မမအပေါ်မှာ ဒီအတိုင်းပဲပေါ့"

"နှစ်ယောက်စလုံး ပူမနေနဲ့၊ သား ရှိတယ်"

"ဟင်"

အခန်းထဲကို ဝင်လာသူက တေဇပေါ့။ မိုးစက် ပြုံးပြလိုက်မိ၏။ သူမ ဘယ်လောက်ပဲ စိတ်ညစ်စရာရှိနေပါစေ ဒီကလေးမျက်နှာကို မြင်လိုက်တာနဲ့ ရင်ထဲမှာ အေးချမ်းသွားသလိုပါပဲ။ တူဆိုပေမယ့် သူမ တေဇအပေါ်မှာ သားလေးလို မောင်လေးလို ချစ်ခဲ့ပါသည်။ ငယ်ငယ်ကဆိုရင် ဒီကလေးကို မိုးစက်တို့ပဲ ပိုင်းထိန်းခဲ့ရတာ မဟုတ်လား။

"ဘာတွေ တွေးပူနေကြတာလဲ။ အန်တီလေးနဲ့ မမ ကျောက်စက် အသက်ကြီးလာရင် သား ပြုစုပေးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ မောင်မင်းကြီးသားရယ်။ ယောက်ျားတွေအများ စုက မိန်းမစကား နားထောင်တတ်ကြလွန်းလို့ ကျုပ်တို့ညီအစ်မ ကျိန်စာ ဆဲစာ မစားပါရစေနဲ့"

"မမကျောက်စက်ကလည်း မဦးမချွတ်နဲ့။ ကျွန်တော့်ရုပ်ကို သေသေချာချာကြည့်ထား။ မယားကြောက်မယ့်ရုပ်လားလို့"

ကျောက်စက်က မဲ့ရွဲ့ပြုပြီး –

"အဲဒီလိုအပြောကြီးတဲ့သူတွေပဲ မိန်းမရှိရိုး သွားမကျိုး ဖြစ် နေတာ"

"သား တေဇ"

"ဗျာ"

"ဘယ်လိုလဲ၊ ကားမောင်းတော်တော်ဖြစ်သွားပြီလား"

"ဟုတ်ကဲ့၊ အန်တီလေးသွားချင်တဲ့နေရာတွေကို သားကိုယ် တိုင် ကားမောင်းပြီး လိုက်ပို့လို့ရနေပြီ ... အန်တီလေးရ"

"တယ်ဟုတ်ပါလား"

"သင်ပေးတဲ့နေရာမှာ ဦးရဲက အရမ်းစိတ်ရှည်တာပဲ။ ဆုံးမ စကားတွေ ပြောလိုက်တာလည်း စုံနေတာပါပဲဗျာ"

"ဘာလဲ သူလို မယားကြောက်မကြောက်တော့ မသိဘူး။ မအေကြောက်ဖို့ နှမကြောက်ဖို့တွေလား"

"ကျောက်စက်"





ပြောပြီးမှ မမရွှေမှာစိုးတာနှင့် ကျောက်စက် ခေါင်းငုံ့လိုက်မိ တော့သည်။ ကျောက်စက်က မှန်တာတွေပြောတာလေ၊ မမ ပြည့်ပြည့် စုံစုံဘဝတုန်းကတော့ သူ့အမေ သူ့အစ်မတွေက သဘောတူလိုက်ကြ တာ ဖူးဖူးမှုတ်ထားမတတ်ပါပဲ။ မေမေကဆုံးပြီး ဖေဖေက နောက် အိမ်ထောင်ပြုလိုက်တော့ –

ဖေဖေတို့လင်မယား အတွဲညီညီ လောင်းကစားတွေလုပ်လို့ ချွတ်ခြုံပြာကျ ဆင်းရဲတဲ့ဘဝလည်းရောက်ရော မမနဲ့ သူတို့သား ဖေတူမတန်ဘူးဆိုပြီး မမကို ပြောလိုက်ဆိုလိုက်ကြတာ ရစရာမရှိ။

အပင်ကြီး အသီးတွေဝေနေတုန်းကတော့ ချူချင်သူတွေ ဝိုင်းဝိုင်းလည်နေပြီး အသီးတွေကြွေလို့ အပင်ခြောက်တော့မှ တုတ် တစ်ချောင်းတောင် ကျားကန်ထောက်ပေးဖော်မရတဲ့ လူတွေကို ကျောက်စက်ကတော့ ဘယ်တော့မှမကျေ။

မဆိုင်တဲ့ ရဲဘုန်းလူလေးကိုတော့ ကိုယ်တွေဘဝနှင့် ကိုယ် ချင်းစာပြီး ကရုဏာထားချစ်မိပေမယ့် ကိုရဲရင့်ကိုတော့ ကျောက်စက် စေတနာ မေတ္တာတွေ သိပ်မထားနိုင်။ အခု ရေလိုက်သင့် ငါးလိုက်သင့် ဆက်ဆံနေတာလည်း မမကို မလွန်ဆန်နိုင်တာရယ်၊ လူလူလေးနဲ့ ပတ်သက်ပြီး အကိုင်းကို ခင်တွယ်လို့ အမြစ်ကို မလှဲချင်တာလည်း ဖြစ်၏။

"စကားကို ဆင်ဆင်ခြင်ခြင်ပြောစမ်း ကျောက်စက်။ ပြီးခဲ့တဲ့



www.burmeseclassic.com

အတိတ်က မကောင်းခဲ့တဲ့အကြောင်းတွေကို ရတနာမြှုပ်ထားသလို ပြန်တူးယူလို့ ကောင်းတဲ့အရာ မဟုတ်ဘူး"

"တေဇ သိထားသင့်တယ်လို့ထင်လို့ ကျောက်စက်က ပြောပြတာပါ"

"နှင်မှတ်ထား ကျောက်စက်၊ အချစ်ကိုသာ မှုဝေလက်ဆင့်ကမ်းပေးသင့်တာ။ အာဃာတဆိုတဲ့ မီးကိုတော့ ဘယ်တော့မှ ကူးစက်ပြီး မလောင်စေနဲ့"

မိုးစက် ရပ်နေရာကနေ ပြန်လျှောက်လာ၏။ စာရေးစားပွဲမှာ ပြန်ဝင်ထိုင်လိုက်ပြီးနောက် –

"ကဲ . . . နှင်တို့ လုပ်စရာရှိတာ သွားလုပ်တော့"

မျက်နှာမကောင်းတော့တဲ့ မမကိုကြည့်ပြီး ကျောက်စက်နောင်တရမိသွား၏။ မပြောဘဲ မျိုသိပ်ထားလိုက်ရ အကောင်းသား။ ခုတော့ မမစိတ်မကောင်းဖြစ်သွားသည်ထင်ပါရဲ့။



## အခန်း (၁၁)

"ဟာ . . . ဒီတစ်ခါ လိပ်စာပါထည့်ပေးတယ်ကွ"

စာရွက်ကလေး မြှောက်ကာမြှောက်ကာနှင့် ဆန်းသစ်ဆန်းသာအားရ ပြောလေတော့ မင်းထွေးက ဂျာနယ်ဖတ်နေရာမှ လှည့်ကြည့်ကာ –

"ဘာလဲ ကန့်စွန်းရွက်နဲ့ ပေါက်ပေါက်ပွင့်လား"

"မင်းကြီးတော်ကြီး၊ အဲဒါတွေကို ငါက ဘာလုပ်ရမှာလဲ"

"မသိဘူးလေ၊ မင်းပဲ လိပ်စာထည့်ပေးတယ်ဆို"

"မမက သူ့အိမ်လိပ်စာ ထည့်ပေးတာကိုပြောတာကွ"

"အံမယ်"

မင်းထွေးနဲ့ဇော်ဦး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး

www.burmeseclassic.com



ပြုံးစိစိ ဖြစ်သွားကြ၏။ ပထမတော့ ဆရာမတဲ့။ နောက်တော့ မမိုး။ အခု မမဖြစ်သွားပြန်ပြီ။ ဒီကောင် ဘာတွေများ စိတ်ကူးယဉ်ပြီး အရူးထနေတာလဲ။

"ဆန်းသစ်"

"ဘာလဲကွ"

"မင်း စောစောက ဘယ်လိုခေါ်လိုက်တယ်"

ဆန်းသစ် ပြန်စဉ်းစားသလိုလုပ်ပြီးမှ –

"မမလို့ခေါ်တာလေ၊ ဘာဖြစ်လို့လဲ"

"ဟိုက မ,မမတော့မသိဘူး၊ မင်း မြောက်ကြွ မြောက်ကြွ ဖြစ်နေတာကိုတော့ အမြင်ကတ်လာပြီ"

"မနာလိုမရှိနဲ့ ကိုယ့်ကုသိုလ်နဲ့ကိုယ်ပဲ"

ဖော်ဦးက မဲ့ခနဲဖြစ်ပြီး အင်္ကျီအိတ်ထဲက ဘောလ်ပင်ကိုထုတ်၍ ဆန်းသစ်လက်ထဲက စာရွက်ကို လှမ်းဆွဲယူလိုက်လေလျှင် –

"ဘာလုပ်မလို့လဲ"

"မင်း ဘာနဲ့တူနေသလဲဆိုတာ ငါပုံဆွဲပြမယ်"

"ဟာ .. ဟောကောင်၊ အဲဒီစာရွက်နဲ့ မလုပ်နဲ့"

"ဘာဖြစ်လဲ၊ ငါက စာတွေကို ဖျက်ပစ်မှာမှ မဟုတ်တာ"

"ပေးစမ်းပါကွာ၊ ငါ အသစ်ပေးမယ်"

ပြောရင်း ဆန်းသစ် ဖော်ဦးလက်ထဲကစာရွက်ကို ပြန်ဆွဲ





ယူလိုက်၏။ ပြီးမှ သူ့လွယ်အိတ်ထဲသို့ လက်နှိုက်ကာ စာအုပ်တစ်အုပ်ကို ထုတ်ယူ၍ ဖော်ဦးဆီသို့ ကမ်းပေးလိုက်သည်။ ဒီစာအုပ်က သူကြိုက်တဲ့ ကဗျာလေးတွေမှတ်သားလောက်စရာ စကားလုံးလေးတွေကို ကူးရေးထားတဲ့ စာအုပ်ကလေးပါ။

အမေတစ်ခု သားတစ်ခုဘဝမှာ သူ့ဘဝက ဘာမှမသေချာခဲ့ရာခဲ့။ သူ့ကို အလင်းရောင်ပေးခဲ့တာက ဒီလိုစာအုပ်တွေထဲကပဲလေ။ အစကတော့ အချစ်ဝတ္ထုကို အပျင်းပြေအဖြစ် သတ်မှတ်ပြီး ဖတ်ခဲ့တာ။ နောက်တော့ သုတရသအားလုံး ဖတ်ဖြစ်လာသည်။ စာပေရဲ့အနှစ်သာရကို စာဖတ်နာမှသိလာတာလေ။ စာဖတ်ခြင်းအားဖြင့် အတွေးအခေါ်တွေက စဉ်းစားခြင်း၊ ချင့်ချိန်ခြင်း၊ မြော်မြင်ခြင်း၊ ကျော်မြင်ခြင်းတွေ ရှိလာတာပါပဲ။

"ရော့"

ဖော်ဦးကမ်းပေးတဲ့စာအုပ်ကို ဆန်းသစ် လှမ်းယူပြီး ကြည့်လိုက်တော့ လှပုံစံကာတွန်းရုပ်ကလေးက အပင်ပေါ်က ပန်းပွင့်ကို မမီမကမ်းနှင့် လှမ်းခူးချင်နေသည့်ပုံ။ လက်ကမ်းနေပေမယ့် မမီတဲ့ အပြင် တုံးပေါ်မှာ ခြေတစ်ချောင်းရှိနေပြီး ကျန်တစ်ဖက်က ကိုးရိုးကားရားနှင့် ချော်ကျမည့်ဟန်လေး။

● ပြီးတော့ –

ကာတွန်းရုပ်ကလေးမှာ မောပန်းလို့ လျှာတစ်လစ်ပြနေပြီး



www.burmeseclassic.com

www.burmeseclassic.com



ချွေးတွေထွက်နေသည်ဆိုတော့ –

“မင်းက ငါ့ကို မဖိတ်ပဲပန်း တုံးခုလှမ်းတယ်လို့ ပြောချင်တာကိုး”

“မဟုတ်လို့လား”

“ငါက တုံးခုပြီး လှမ်းချင်တာမဟုတ်ဘူးကွ။ လေစုန်မှာ သွားရပ်ပြီး လေအသင့်မှာ မွှေးလာမယ့်ရနံ့ကို ရှူရှိုက်ရရင် ကျေနပ်နေမယ့်ကောင်မျိုး”

“အချူး”

“လူတိုင်း တစ်ယောက်တစ်မျိုးတော့ ရူးနေကြတာပါပဲ”

မင်းထွေးက ဘာတစ်ခွန်းမှ ဝင်မပြောဘဲနေရာမှ –

“အဲဒါတော့ ဟုတ်တယ်၊ ငါဆိုလည်း ဘောလုံးရူး ရူးနေတာလေ။ ငါကိုယ်တိုင်ပဲ ဘောသမားကောင်းဖြစ်ချင်သလိုလို ဘာလိုလို”

ဖော်ဦး ပန်းတွန့်ပြလိုက်၏။ ဒါဆို ကိုယ်လည်း တစ်ခုခုတော့ ရူးနေမယ်ထင်ပါရဲ့။ ဘာရူးလဲ၊ ဂိမ်းရူးလား။

“ဆန်းသစ်”

“ပြော”

“အခု မင်း ကန်စွန်းရွက်နဲ့ ပေါက်ပေါက်ပွင့်ရပြီဆိုတော့ ဘာဆက်လုပ်မလဲ”

“ဆန်းသစ်မကုန်ရင် မင်း ကူစားပေးလိုက်ပါလား”





“မစားဘူး . . . ဟော့ သွားမှာ”

ပြန်ဖြေလိုက်သူက မင်းထွေးမဟုတ်ဘဲ ဆန်းသစ်ဖြစ်၏။ ဘယ်သူတွေ ဘာပဲပြောပြော ကိုယ့်ဆန္ဒ ပြင်းပြမှုက မိုးကို မြင်ဖူးချင်တာ။ မြင်ဖူးပြီးရင် ဘာတွေ ဆက်ဖြစ်နိုင်မလဲဆိုတာတော့ ကံကြမ္မာကို ကြိုမြင်နိုင်တဲ့သူ မရှိဘူးလေ။

“မင်း တကယ်သွားမှာလား”

“အကြောကြီးတယ်ထင်ပြီး ဒေါ်ဒီးမနေနဲ့။ အဟုတ်တကယ် အမှန်သွားမှာ”

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

သားကို အိပ်ရာကနှိုးပြီး ကျောင်းသွားဖို့ ပြင်ဆင်ပေးရသည်။ ကျောက်စက်က သူလုပ်ပေးပါ့မယ်လို့ တာဝန်ယူထားပေမယ့် အားနာစရာကြီးလေ။ ကိုယ့်မှာလည်း ဖင်မထိုင်ရအောင် အလုပ်လုပ်နေရတာမဟုတ်တာ။ အခွင့်အရေးဆိုတာ လင်းမြွေရတဲ့ချိုကို အခါခါ တည်ထမ်းဝင်လို့မှ မကောင်းတာလေ။

အခု –

သူ့ကို လစာပေးထားပေမယ့် ဘာအလုပ်သမားလို့ ကင်းချမတာပ်။ လိုအပ်တဲ့နေရာတွေမှာ ကိုယ်က သိတတ်လို့ လျှောက်လုပ်နေရတာပဲရှိတာ မဟုတ်လား။

"မေကြီး"



"ဘာလဲသား"

"မေကြီးကို သားပြောစရာရှိတယ်"

"ပြောလေ ဘာလဲ"

သားကို လိမ်းပေးဖို့အတွက် သနပ်ခါးသွေးနေခြင်းအလုပ်ကို ခေတ္တရပ်ထားလိုက်၏။

"သားသူငယ်ချင်းတွေက သားကိုမေးကြတယ် မေမေ"

"ဟင် . . . ဘာမေးလဲ"

"အန်တီမိုးကို သားရဲ့မေမေလားတဲ့"

"ဟာ"

လာတာနဲ့တိုးပြီး ကြားသွားလေမလားလို့ ရဲရင့် စိတ်မလုံစွာ တိုကြည့် ဒီကြည့်နှင့်။ တစ်ခါတလေ ရဲရင့် မအားတဲ့အခါ မိုးက သားကို ကျောင်းလိုက်ပို့ခဲ့သည်ကိုးလေ။ ကျောင်းကလည်း မိုးတို့လမ်းနှင့် နီးတဲ့ကျောင်းကို ပြောင်းလာရတာမို့ သားရဲ့သူငယ်ချင်းတွေကလည်း သူတို့သားအဖအကြောင်းကိုမသိတဲ့ လူသစ်တွေပဲပေါ့။

"သားက ဘာပြောလိုက်လဲ။ မေမေမဟုတ်ဘူး ငါ့ရဲ့အန်တီလို့ သားက မဖြေလိုက်ဘူးလား"

"ဟင့်အင်း"

ဟင့်အင်းဆိုတဲ့ သားရဲ့အဖြေကို နားမလည်သလိုကြည့်လိုက်တော့ သားကလည်း သူ့ကိုပြန်ကြည့်နေတာ မျက်ဝန်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာအဓိပ္ပာယ်တွေလဲမသိ။

"သူတို့မေးတာကို သားဟုတ်တယ်လို့ပဲ ဖြေခဲ့တယ် ဖေဖေ"

"ဘယ်လို"

"ဖေဖေ သားကို စိတ်ဆိုးသွားလား"

"သား"

"ဗျာ"

"သား ဘာလို့ အဲဒီလို ဖြေခဲ့တာလဲ။ မိုးက သားရဲ့မေမေ မဟုတ်ဘူးလေ"

"မဟုတ်မှန်းတော့ သား သိပါတယ်"

"အဲဒါဆို ဘာလို့ မင်းညာခဲ့တာလဲ။ မိုးသာ သိသွားရင် မင်းကိုရော ငါ့ကိုရော စိတ်ဆိုးမှာကွ သိလား"

လူလူ မျက်နှာငယ်လေးနှင့် ခေါင်းငုံ့သွားလေ၏။ ကလေးကလည်း ကလေးအတွေးနဲ့ ရင်ထဲမှာ ဘာတွေရှိနေသလဲ။ သားကို အပြစ်မတင်ချင်ပေမယ့် မဟုတ်ကို အဟုတ်လို့မှတ်ပြီး တစ်နေ့ သား စိတ်ကို ဒဏ်ရာမရစေချင်။

"သား အမှန်ကိုပြောရရင်"

"ဘာဖြစ်လဲ ဆက်ပြော"

"အန်တီမိုးက သားမေမေဖြစ်ရင် သိပ်ကောင်းမှာပဲလို့ တွေးမိတယ်"





"ဘာကွ"

"ဖေဖေ"

"————"

"သား သူများတွေလို ဖေဖေနဲ့မေမေနဲ့ နေချင်တယ်။ အန်တီမိုးကို သား မေမေခေါ်ချင်တယ် ဖေဖေ"

"ရဲဘုန်းလူ"

ရဲရင့် ကလေးက ကလေးစကားမပြောသောသားကို ဒေါသဖြစ်သွားမိ၏။ ဒါကြောင့် ပခုံးကို ခပ်ကြမ်းကြမ်းဆွဲလှုပ်မိသည်။ မိုးကို မေမေ ခေါ်ချင်တယ်တဲ့လား။ ဟိုတုန်းကတော့ ကျောခိုင်းထားရစ်ခဲ့ပြီး ခုကျမှ ကိုယ့်ဘက်က သံယောဇဉ်မပြတ်တာတွေ မေ့လို့မရခဲ့တာတွေ ပြောနေရအောင် တန်ရဲ့လား။

ကိုယ့်ဘဝ မြင့်မားနေချိန်ကတော့ နိမ့်ကျနေတဲ့သူ့ဘဝကို ချာလိုခင်းပြီး နင်းတက်ခဲ့တာ။ အခု သူ့ဘဝက ပင်မြင့်စံပန်းတစ်ပွင့်ဖြစ်ပြီး ကိုယ့်ဘဝက တုံးခုလို့လည်း မလှမ်းနိုင်တဲ့ အခြေအနေ။ ဒါကို ဖွတ်တိုးရင် ကိုယ့်လောက် တစ်ကိုယ်ကောင်းဆန်တဲ့သူ ရှိပါဦးမလား။

"မင်း နောက်ထပ် အဲဒီလိုစကားမျိုး ဘယ်တော့မှ မပြောနဲ့ ကြားလား"နော်

"ဖေဖေ"

www.burmeseclassic.com



"ပြောရဲပြောကြည့် မင်းကို ငါရိုက်မယ်"

"သား"

"မင်းပါးစပ်ကို ပိတ်တော့။ ထပ်ပြောရင် ငါရိုက်မှာနော်"

"ဦးရဲ့ သားအဖတွေ ဘာဖြစ်နေကြတာလဲ"

သူတို့နေတဲ့ အိမ်လေးပေါ်သို့ တက်လာသူက တေဇပါ။ သူတို့သားအဖက အိမ်ကြီးရဲ့ခြေရင်းဘက်က အိမ်လေးမှာနေတာ ဆိုတော့ အကြောင်းမရှိဘဲနှင့် အိမ်ကြီးပေါ်သို့ မသွားကြပေ။ လူလူ ကတော့ အားတာနှင့် အိမ်ကြီးဆီမှာပါပဲ။ ကလေးမရှိတော့ သားကိုပဲ ဝိုင်းချစ်နေကြတာလေ။

"တေဇ"

"ကလေးကို ဆူနေတာလား"

"မဟုတ်ပါဘူး။ ဆိုးမစကားပြောနေတာပါ"

"ညီလေး"

"ဗျာ"

"မမကျောက်စက်က ခင်ဗျားလေးကို breakfast တော့ ကျွေးခဲ့ပါတဲ့။ ပြီးရင် ကိုကြီး ကျောင်းလိုက်ပို့မယ် ဟုတ်ပြီလား"

"ဟင် ... သားကို ကိုကြီး ကျောင်းလိုက်ပို့မှာလား"

"ဒါပေါ့။ မလိုက်ဘူးလား"

"လိုက်မယ်"





လူလူက ချက်ချင်းထလိုက်သွားလေတော့ လိမ်းပေးဖို့ သွေးထားတဲ့ သနပ်ခါးလေးက ဒီအတိုင်းကျန်ခဲ့၏။ ဒါ ဥပမာပါပဲ။ သားလေးအရွယ်ရောက်လို့ အတောင်စုံရင် သူလည်း ဒီသနပ်ခါးတွေလို ခြောက်သွေ့ပြီး ကျန်ခဲ့ရမှာလား။

ရဲရင့်။

ပန်းပင်တွေဘက်သို့ လျှောက်လာခဲ့သည်။ ဒီပန်းတွေကို မျိုးတဲ့ ဥယျာဉ်မှူးက ဘယ်သူလဲ။ နှင်းဆီအနီ အဝါ စသည်တို့ကို ကြည့်ပြီး သူ့လက်ဖဝါးကို ဖြန့်ကြည့်မိလိုက်၏။ သူလည်း သားဘဝလေး လှပစွာပွင့်လန်းလာနိုင်ဖို့အတွက် ရေလောင်းပေါင်းသင် လုပ်ပေးနေတာပဲလေ။ အချိန်တန်ရင် ဥယျာဉ်မှူးဆိုတာ ပန်းမခူးရမှန်းတော့ သိသားပဲ။

သားနဲ့ပတ်သက်ပြီး သူ ဘာမျှော်လင့်ချက်တွေထားနေရဦးမှာလဲလေ။ မိဘဆိုတာ စုန်ရေပဲရှိတာ မဟုတ်လား။

"ဟင်"

ခြံတံခါးဆီသို့ အကြည့်ရောက်သွားခိုက် ခြံထဲသို့ ချောင်းကြည့်နေသောလူငယ်တစ်ယောက်ကို မြင်လိုက်ရသဖြင့် ရဲရင့် ခပ်သွက်သွက် လျှောက်သွားလိုက်သည်။ မိုးအသိဆိုရင် ခေါင်းလောင်းနှိပ် ခေါ်ရမှာကို ဘာလို့ ချောင်းကြည့်နေရတာလဲ။

လူဆိုးပဲဖြစ်ဖြစ် လူကောင်းပဲဖြစ်ဖြစ် ဒီအိမ်နဲ့ပတ်သက်လာရင်

www.burmeseclassic.com

www.burmeseclassic.com



သူမှာတာဝန်ရှိသည်ဆိုတော့ –

"ဘယ်သူနဲ့တွေ့ချင်လို့လဲ"

"ဗျာ"

"ဘယ်သူနဲ့တွေ့ချင်လို့လဲလို့ မေးနေတာလေ မကြားဘူးလား"

"ကြား ... ကြားပါတယ် ခင်ဗျာ"

"ကဲ ... ဒါဆိုပြော"

"ဟို ... ကျွန်တော်"

ဆန်းသစ် သူ့ကိုမေးတဲ့သူကို မရဲတရဲကြည့်လိုက်မိ၏။ အသက်က သုံးဆယ်ကျော်လောက်ရှိမည်ထင်ရ၏။ ဒါ ခန့်မှန်းကြည့်တာပါ။ ဒီအရွယ် ဒီပုံစံနဲ့ မမိုးရဲ့ယောကျ်ားများ ဖြစ်နေမလား။ ဟာ မဖြစ်နိုင်ပါဘူး။ မမိုးက အပျိုလို့ စာထဲမှာ ဝန်ခံထားတာပဲဥစ္စာ။ ဘာပဲဖြစ်ဖြစ် ဒီနေရာအထိရောက်လာပြီးမှတော့ –

"ဟေ့ကောင်"

"ဗျာ"

"မင်း ဘယ်သူလဲ၊ ဘယ်ကလဲ"

"ကျွန်တော် ကျွန်တော်က ဆရာမ မိုးစက်ရေရဲ့ အမာခံပရိသတ်ပါ ခင်ဗျာ။ ဆရာမပေးတဲ့လိပ်စာအတိုင်း ကျွန်တော် ဒီကို ရောက်လာတာပါ"





"ဩော်"

"ဟို ဆရာမ ရှိလားမသိဘူး ခင်ဗျာ။ ကျွန်တော်က ဆရာမနဲ့ တွေ့ချင်လို့ လာ ... လာခဲ့တာပါ"

"ရှိပါတယ်၊ ဘယ်သူလို့ ပြောပေးရမလဲ"

"ဆန်း ... ဆန်းသစ်လို့ ပြောပေးပါ အစ်ကို"

"ဒါဆို ခဏစောင့်နော်၊ သွားပြောပေးမယ်"

"ဟုတ်"

ခေါင်းညိတ်ပြီး ဟုတ်လိုက်တော့ ရဲရင့်က တံခါးကို ကျောခိုင်းပြီး အိမ်ကြီးဆီသို့ လျှောက်လာခဲ့သည်။ မိုးရဲ့ပရိသတ်တဲ့။ မိုး တွေ့ချင်မတွေ့ချင်တော့ သွားမေးရဦးမှာပေါ့။

ဆန်းသစ်မှာလည်း ...

လာခဲ့တုန်းကတော့ တွေ့ချင်မြင်ချင်စောနှင့် ဘာမှမတွေးခဲ့။ အခုကျတော့ ရင်တွေခုန်ပြီး ဒူးယဲတုန်ချင်သလိုလို၊ လက်ဖျား ခြေဖျားတွေပဲ အေးလာချင်သလိုလို။ ရောက်လာပြီးမှတော့ ဘာလို့လှည့်ပြန်မှာလဲ၊ ဖော်ဦးပြောသလို အရုပ်ဆိုးသည်ပဲဖြစ်စေ မဆိုးသည်ပဲဖြစ်စေ ကိုယ်လေးစားခင်မင်ရတဲ့ ဆရာမကို မြင်ဖူးအောင်ကို ကြည့်သွားမှ ဖြစ်မှာ။

ခြံတံခါးကို ကျောနှင့်ကပ်ပြီး စိတ်ကိုတင်းထားရင်း နေသော ခြံထဲကို ပြန်ချောင်းကြည့်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော . . . ဟိုလူပြန်ထွက်လာပြီ"

ရဲရင့်ပြန်ထွက်တာလာကိုမြင်ပြီး ဆန်းသစ်လက်အုပ်ချီပြီး ဆုတောင်းနေမိတာ မမိုးကိုတွေ့ရဖို့။ ရဲရင့်က တံခါးဖွင့်ပေးလေလျှင်–

"မမိုးက ဘာပြောလဲအစ်ကို၊ ကျွန်တော့်ကို ဝင်ခွင့်ပေးလား။ ကျွန်တော် ဝင်လို့ရမလား အစ်ကို၊ ပြောပါဦးဗျာ"

"ဝင်ခဲ့ပါတဲ့"

"ဟား . . . ဝမ်းသာလိုက်တာဗျာ"

ဆန်းသစ် ထခုန်ချင်စိတ် ပေါက်သွားချေ၏။

"ဒါနဲ့အစ်ကိုက"

"ဘာသိချင်လို့လဲ"

"မမိုးနဲ့ ဘာတော်လဲလို့ပါ"

စောစောကတော့ ဆရာမခေါ်ပြီး ခုတော့ မမိုးတဲ့။ ရဲရင့် စိတ်ထဲမှာ သဘောမကျသလိုပါပဲ။

"အစ်ကိုက မမိုးရဲ့အစ်ကိုလား"

"အလုပ်သမားပါ"

"ဪ"

"မင်း တော်တော်စပ်စုတဲ့ကောင်ပဲ။ ကဲ . . . မိုး စောင့်နေတယ် သွားတော့"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့၊ အစ်ကို့ကို ကျေးဇူးတင်ပါတယ်"





"မလိုပါဘူး။ ငါက ငါ့တာဝန် ငါ ထမ်းဆောင်တာ။"

ရဲရင့် ရှေ့က ထွက်သွားတော့မှ ဆန်းသစ်လည်း နောက်မှ လိုက်လာဖြစ်သည်။ အိမ်အနားကိုရောက်တော့မှ ရဲရင့်က သူနေတဲ့ အိမ်လေးဘက်ကို ခွဲထွက်သွားပြီး –

ဆန်းသစ်ကတော့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ထိုင်"

ထိုင်ဆိုပေမယ့် ဆန်းသစ် မထိုင်ဖြစ်သေးပေ။ နောက်တွဲ ဆံထုံးလေးနှင့် ယဉ်စစရှိနေသော မိုးစက်ရေကို ငေးနေမိ၏။ ဒါ ဆန်းသစ်လေးစားခင်မင်ခဲ့မိသော စာရေးဆရာမ မိုးစက်ရေပဲပေါ့။ ဖော်ဦးပြောသလို သွားခေါခေါနဲ့ ဝက်ခြံပေါက်ပြီး မျက်လုံးပြူးပြူး ရုပ်ဆိုးဆိုးမဟုတ်ပေမယ့် –

မချောမလှတာကလည်း အမှန်။

အသားညိုညို၊ အရပ်ပုပုနှင့် မိုးစက်ရေဆိုတာ ဝိန်ဝိန်သေး သေးလေးပါပဲ။ အစကတည်းက ဆန်းသစ်သည် ချောတာလှတာတွေ ကို မက်ပြီး လေးစားနှစ်သက်ခဲ့တာမဟုတ်လေတော့ မိုးအပေါ်ထားခဲ့





ခဲ့တဲ့စိတ်က လုံးဝပြောင်းလဲသွားခြင်းမရှိ။

"ထိုင်လေ ဆန်းသစ်"

"ဟုတ် ... ဟုတ်ကဲ့"

နောက်ထပ် ထိုင်ခိုင်းတော့မှ ဆန်းသစ် ထိုင်ဖြစ်တော့သည်။

"ကဲ ပြောပါဦး ... မမိုးနဲ့ ဘာများတွေ့ချင်စရာရှိလို့လဲ"

"ဟို ကျွန်တော် ဆရာမကို မြင်ဖူးချင်လို့ပါ"

"ဆရာမကို မြင်ဖူးချင်လို့ ဟုတ်လား"

"ဟုတ်ကဲ့"

မိုးစက် ပြုံးလိုက်မိ၏။ မြင်ဖူးချင်လို့လာခဲ့တာတဲ့လား။

"အခု မြင်လိုက်ရပြီဆိုတော့ စိတ်ပျက်မသွားဘူးလား"

"မပျက်ပါဘူး။ ကျွန်တော် ဆရာမကို လေးစားခင်မင်ခဲ့တာ ရုပ်ရည်ရူပကာနဲ့မှ မဆိုင်တာ"

"မင်းက အပြောကောင်းသားပဲ"

"ကျွန်တော်က တကယ်ပြောတာပါ ဆရာမရဲ့"

"မင်း ငါ့ကို မမိုးလို့ ရင်းရင်းနှီးနှီးခေါ်ပါရစေလို့ ခွင့်တောင်း သားတယ်နော်"

"ဟုတ်ပါတယ်"

"မမိုးကလည်း ခွင့်ပြုထားတာပဲဥစ္စာ"

"ခုမှ လူချင်းတွေ့ဖူးတာဆိုတော့ မမိုး မကြိုက်မှာစိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်ပါတယ် . . . ရင်းရင်းနှီးနှီးပေါ့။ အဲဒီဆရာမဆိုတဲ့ အသုံးအနှုန်းက စည်းတစ်ခုလို့ပဲ မမိုးက ထင်တယ်"

ရုပ်မချောပေမယ့် မမိုးမျက်နှာနဲ့ စကားပြောတဲ့လေသံက အေးချမ်းသည်လို့ ဆန်းသစ်ထင်၏။ လာသာလာခဲ့ရတယ် အဆင်မှ ပြေပါ့မလားလို့ မ,တင်လာခဲ့ရတဲ့အလုံးကြီးက ခုတော့ ပြုတ်ကျသွားပါပြီ။

အချို့ဆိုရင် . . . သူ့ဘဝအကျိုးပေးအပေါ်မှာတည်ပြီး သူ့မာန နဲ့သူ နေတတ်ကြတာပဲလေ။ မမိုးကတော့ ဒီလိုမဟုတ်ပါလား။

ကျောက်စက်က ကော်ဖီလာချပေးလေတော့ –

"ကော်ဖီသောက်ပါဦး"

"မသောက်တော့ပါဘူး"

"သောက်ပါ ဆန်းသစ်ရဲ့။ တော်ကြာ ကိုယ့်အိမ်ကိုရောက်လာတဲ့ ဧည့်သည်အပေါ် မမိုးတို့တာဝန်မကျေသလို ဖြစ်နေပါ့မယ် သောက်ပါ"

သူမကိုယ်တိုင် ကော်ဖီပန်းကန်ကို ဆန်းသစ်မျက်နှာရှေ့အထိ ရွှေ့ပေးလေတော့ ဆန်းသစ် မငြင်းတော့ပေ။ ခုလို မမိုးနဲ့ တွေ့ခွင့် ရတာကို ဆန်းသစ် ကိုယ့်ကိုယ်ကိုယ် ကုသိုလ်ထူးသူလို့ သတ်မှတ်ပြီး ပီတိဖြစ်နေရ၏။

"မမိုး"





"ဟင်"

"စောစောက ကော်ဖီလာပို့တာ မမိုးညီမဆိုတာလား"

"ဟုတ်တယ်လေ၊ သူ့နာမည်က ကျောက်စက်ရေတဲ့"

"ဒါဆို မမိုးနာမည်အရင်းက ကလောင်နာမည် မိုးစက်ရေ ပဲလား"

"အင်း . . . ဟုတ်တယ် ဆန်းသစ်၊ မေမေက မိုးစက်ရေနဲ့ ကျောက်စက်ရေဆိုပြီး မမိုးတို့ညီအစ်မကို ဒီနာမည်တွေပေးခဲ့တာ။ အေးချမ်းခြင်းကို နိမိတ်ဆောင်တာလေ။ ဒါပေမဲ့ မမိုးတို့ဘဝက မအေး ချမ်းခဲ့ပါဘူး။ ခုလို စာရေးဆရာမဖြစ်လာဖို့အတွက်လည်း မမိုးတို့ ရင်ဆိုင်ကျော်ဖြတ်ခဲ့ရတာတွေက အရမ်းခက်ခဲကြမ်းတမ်းလှပါတယ်။ ဒါကြောင့် မမိုး စာရေးရတဲ့အလုပ်ကို အရမ်းတန်ဖိုးထားတာပေါ့"

"ဪ"

"ဆန်းသစ်ကရော"

"ဗျာ"

"အခု ဘာအလုပ်လုပ်လဲ"

ဆန်းသစ် မမိုးရှေ့မှာ ကိုယ့်ဘဝအကြောင်းပြောရမှာ သိမ် ငယ်သလိုပါပဲ။ ဒါပေမဲ့ ရိုးရိုးသားသား ရှာဖွေစားသောက်တာမို့ မရှက် ပေ။

"ကျွန်တော် taxi မောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေပါရဲ့လား"

"ဟုတ်ကဲ့ ... ပြေပါတယ်"

"မင်းက မဂ္ဂဇင်းတွေကို တော်တော်များများ ဖတ်ဖူးတယ် ထင်တယ်"

"ပထမဆုံးကနေ ငါးအုပ်လောက်အထိတော့ ကျွန်တော် မဖတ်ရဘူး မမိုး။ မဖတ်ရဘူးဆိုတာ ဆိုင်မှာမေးလို့မရလို့ပါ"

ငါးအုပ်လောက် မဖတ်ရဘူးဆိုတော့ ငါးဆယ့်ငါးအုပ်က ဖတ်ဖူးတယ်ပေါ့။ မိုးစက်ဆီကို မိတ်ဆက်စာရေးတာကတော့ ရှစ်စောင်ရှိပြီဖြစ်တဲ့ ကောင်လေးပါ။ ဒီလို ပရိသတ်မျိုးကို မိုးစက် အသိအမှတ်ပြု ခင်မင်ရမည်သာပေါ့။

"ဒါဆို မင်းဖတ်ဖူးတဲ့စာအုပ်တွေထဲမှာ ဘယ်စာအုပ်ကို အကြိုက်ဆုံးလဲ"

"အားလုံးကကောင်းနေတော့ ဘယ်စာအုပ်ကို အကြိုက်ဆုံး ဆိုတာ ပြောမပြတတ်ဘူး မမိုးရဲ့။ ဟို အမှန်ပြောရင်တော့ အကွဲ ဇာတ်လမ်းဆို ကျွန်တော် သိပ်မကြိုက်ဘူး"

မိုးစက် ပြုံးလိုက်မိသည်။ လူဆိုတာ တစ်ယောက်နဲ့တစ်ယောက် စိတ်ဓာတ်ချင်း အကြိုက်ချင်းမှမတူကြတာပဲလေ။ ရောက်လာတဲ့ မိတ်ဆက်စာတွေထဲမှာပဲ ကြည့်လေ။ အချို့က အကွဲဇာတ်လမ်း မရေးပါနဲ့။ မင်းသားနဲ့မင်းသမီး ပေါင်းမှ ကြိုက်တယ်။ အချို့ကျတော့





အကွဲဇာတ်လမ်း ကြိုက်လို့ အကွဲဇာတ်လမ်းလေးတွေ များများရေးပေးပါတဲ့။ အချို့ကျတော့ မိန်းကလေးတစ်ဖက်သတ်ကြိုက်တာ မရေးပါနဲ့။ ကောင်လေးက စိတ်ဓာတ်ကြမ်းနေသလားလို့ ဆိုတာတွေ။

ဒီတော့ ... ရေးတဲ့သူက လူအများကြိုက်အောင် သူ့အကြိုက် သူ့အကြိုက်ဆိုပြီး မျှရေးရတာ သူတို့မှမသိဘဲလေ။ ဒါကို နားလည်ပေးနိုင်ခြင်းနှင့်။

"လောကကြီးမှာ လူတိုင်းက ချစ်တိုင်းမညား။ ညားတိုင်းမှ ချစ်ကြတဲ့ ဆန်းသစ်ရဲ့။ လူတွေရဲ့စိတ်ကလည်း အကြိုက်ချင်းမတူကြဘူးလေ။ မမိုးတို့ကလည်း ဇာတ်လမ်းမထပ်အောင် ကြိုးစားရေးနေတာပါပဲ။ အဲဒီတော့ မင်းသားနဲ့မင်းသမီး မပေါင်းတာရော ပေါင်းတာရော ရေးဖြစ်သွားတာပေါ့။ မမိုးညီမကဆို မမိုး အလွမ်းဇာတ်လမ်းတွေရေးရင် မရေးစေချင်ဘူးတဲ့"

"ဘာဖြစ်လို့လဲဟင်"

"ရေးတဲ့သူက ဘယ်ဇာတ်ကောင်တိုင်းရဲ့နေရာကို ကိုယ်ကိုယ်တိုင် ဝင်ပြီး ခံစားရတာလေ။ အလွမ်းဇာတ်လမ်းရေးပြီးရင် မမိုး အားခန်းပြေးရတာများလို့ပေါ့"

"ဗျာ"

ဆန်းသစ် မမိုးပြောတာတွေ ဟုတ်ပါလားလို့တွေးပြီး ခေါင်းကို သနားသွားမိတယ်။ ကိုယ်က ကိုယ့်ဆန္ဒကိုဖွင့်ပြပြီး သူ့ဘက်ကမှ တွေး

www.burmeseclassic.com



မကြည့်မိဘဲလေ။

"ဒါဆို ကျွန်တော် မှားသွားပြီ။ မမိုးကို တောင်းပန်ပါတယ်နော်"

"မင်းက ဘာကိုတောင်းပန်တာလဲ"

"ကျွန်တော် မမိုးဘက်က တွေးမကြည့်ဘဲ ကျွန်တော့်ဆန္ဒကိုပဲ ပြောမိလို့ပါ။ အဲဒီအတွက် မမိုးကို စော်ကားသလို ဖြစ်သွားတာလေ။ စာရေးဆရာတွေ ပရိသတ်အပေါ်ထားတဲ့ စေတနာကို ကျွန်တော် နားလည်ပါပြီ"

"နားလည်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ကျွန်တော်က ကျေးဇူးတင်ရမှာပါ မမိုးရဲ့။ ကျွန်တော့်ကို ခုလို လက်ခံစကားပြောပေးတဲ့အတွက် မမိုးကို တကယ် ကျေးဇူးတင်ပါတယ်"

ပရိသတ်အပေါ်ထားတဲ့ ကိုယ့်စေတနာကို တစ်ဦးတစ်ယောက်က နားလည်သွားပြီဆိုရင် သူကနေတစ်ဆင့် လေးငါးယောက်ထက်မနည်း နားလည်ကြဦးမှာ အမှန်ပဲလေ။

"မမိုး"

"ဟင်"

"ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦးနော်"

"မြန်လှချေလား"





"ဟို မိုးကိုတွေ့ချင်လွန်းလို့သာ လာခဲ့ရတာ၊ ကျွန်တော် ကားကို ခြံပြင်မှာ ထားခဲ့တာ မမိုးရဲ့"

"ဟင် ... အဲဒါ ခြံထဲကို မောင်းလာခဲ့ရောပေါ့"

"မမိုး မကြိုက်မှာစိုးလို့ပါ"

မိုးစက် ဆန်းသစ်ကို ခပ်တွေတွေလေး ငေးကြည့်မိသွား၏။ သူမရှေ့မှာ စာသင်ခန်းထဲက ကလေးငယ်လေးလို ခေါင်းလေးငုံ့ကာ သူမကို ရဲရဲမကြည့်ရဲရှာ။

"မကြိုက်စရာမရှိပါဘူး ဆန်းသစ်ရယ်။ မင်းရဲ့ကား ဝင်လာလို့ မမိုးတို့ခြံထဲက မြေကြီးတွေက ပွန်းပဲ့ပြီးပျက်သွားမှာမှ မဟုတ်တာ"

"ဒါဆို နောက်တစ်ခါလာရင် ကားမောင်းဝင်ခဲ့မယ်လေ"

"နောက်တစ်ခါ လာဦးမှာလား"

"မမိုးခွင့်ပြုမယ်ဆိုရင် ခဏခဏ လာချင်တာ"

"ကိုယ့်ကို ခင်လို့မင်လို့ လာတဲ့ဧည့်သည်ကို မမိုးက နှင်မထုတ်ပါဘူး"

"ဒါဆို ကျိန်းသေသွားပြီ"

"ဟင် ... ဘာလဲ"

"ခဏ ခဏ လာဖြစ်ဖို့လေ။ အဆင်မသင့်ရင် ကားကိုထားပြီး လှေ့နဲ့လာဖြစ်ချင်တောင် လာဖြစ်ဦးမယ်"

နှစ်ယောက်သား ရယ်လိုက်မိကြ၏။ ခင်မင်မှု အဆင့်



www.burmeseclassic.com

www.burmeseclassic.com



အတန်းတွေ၊ ဆင်းရဲတာတွေ ချမ်းသာတာတွေမရှိ၊ မိုးစက်က သူဘဝ ထက်နိမ့်ကျတဲ့ဘဝကနေ တက်လာတဲ့သူမို့ ကိုယ်ချင်းစာတရားတို့နှင့် အတူ စိတ်ဓာတ်မကျအောင်လည်း အားပေးချင်ပါသည်လေ။

လူ့ဘဝဆိုတာ ဘယ်နှစ်ခါပဲ လဲကျကျ ပြန်ထနိုင်အောင် ကြိုးစားနိုင်မှ လှတပတ ရှိလာမှာမဟုတ်လား။

"မင်း ခဏ ခဏလာမယ်ဆိုတော့ မမိုးကလည်း ခဏ ခဏ ဆုံးမစကားတွေ ဆိုရတော့မှာပေါ့"

"မမိုးက ကျွန်တော့်ကို"

"အင်း … ဟုတ်တယ်"

"ကျွန်တော်က လိမ္မာတာကို"

"လိမ္မာတယ်ဆိုရင်လည်း မင်းရှေ့မှာ ပန်းတိုင်ဆိုတာကို စိုက်ထူပေးချင်တယ်။ ပြီးတော့ ဘယ်လိုဘဝမျိုးကိုပဲဖြစ်ဖြစ် ရင်ဆိုင်နိုင်ဖို့ မင်းမှာ အားမာန်တွေရှိသင့်တယ် ဆန်းသစ်"

"ဟုတ်ကဲ့ … ကျွန်တော် မမိုးရဲ့အဆိုအမိန့်တွေကို နာခံပါ့မယ်"

ပြောပြီး ဆန်းသစ် နှုတ်ဆက်ကာ ထွက်လာခဲ့တော့သည်။ ဘာပဲဖြစ်ဖြစ် မမိုးနဲ့ ခင်ခွင့်ရတဲ့အတွက် သူ့ရင်ထဲမှာ ဖြစ်တည်လာတာသည် ပီတိကမ္ဘာ။



## အခန်း (၁၄)

ခုတစ်လော ဆန်းသစ်ဆိုတဲ့ကောင်လေး အိမ်ကို အဝင်အထွက်များနေသည်။ မိုးနဲ့ ဆက်ဆံပုံက တရင်းတနှီး ရှိလွန်းလှ၏။ ဒါကို ရဲရင့်မကြိုက်ပေ။ မကြိုက်ပေမယ့် ကိုယ့်မှာ ဘာများပြောပိုင်ခွင့် ရှိသလဲ။ မိုးက အလုပ်ရှင်၊ ကိုယ်က အလုပ်သမားလေ။

ဒါပေမဲ့ သတိတော့ပေးထားဦးမှပါ။ ကောင်လေးက ငယ်ယဉ်ချောချောလေ။ ကောင်လေးလာပြီဆိုရင် မိုးက ရယ်လို့မောလို့ ဒါ့အပြင် တစ်ခါတလေ အိမ်ကကားကို ယူမသွားဘဲ ကောင်လေးနဲ့ အပြင်လိုက်သွားတတ်တာတွေလည်း ရှိသည်ဆိုတော့။ သူတို့ချင်း ချစ်သွားကြရင် ကိုယ် ဘာလုပ်ရမလဲ။ လူကြမ်းကြီးဝင်လုပ်ရမှာလား။

ဇာကယ်လို့ ထင်သလို ဟုတ်လျှော့ခဲ့ရင် –

www.burmeseclassic.com



ကောင်လေးက ငယ်ငယ်ချောချောလေးဆိုတော့ မိုးကို အတည်ကြီးပြုံမလား။ ဟန်ဆောင်ပြီးချူစားနေရင် ဒုက္ခ။ အတွေးတွေနှင့် ရဲရင့် ရင်တွေပင် ပူလာသည်။

"ဖေကြီး"

"___"

"ဖေကြီး"

"ဟင် . . . ဩော် သား"

"ဖေကြီးကို အန်တီမိုးက ခေါ်လာခဲ့ပါဦးတဲ့"

"ဟုတ်လား"

"ဟုတ်တယ်၊ လာ . . . သွားရအောင် ဖေကြီး"

သားက လက်ကို ဆွဲခေါ်လေသဖြင့် ရဲရင့်က လိုက်လာခဲ့တော့သည်။ မိုးဆီကိုရောက်တော့ မိုးက ဘုရားပန်းလဲနေရင်းမှ–

"ကိုရဲရင့် ခဏထိုင်ဦးနော်။ ကျွန်မ ဘုရားပန်းအိုးလေး သွားပို့လိုက်ဦးမယ်"

"ရပါတယ်"

"ကျောက်စက်လာပြီ မမ"

ကျောက်စက်က ခပ်သုတ်သုတ်လျှောက်လာပြီး မိုးစက် လက်ထဲက ပန်းအိုးကိုယူ၍ –

"ကျောက်စက်ပဲ ပန်းသွားကပ်လိုက်ပါ့မယ်။ မမကို အသေ





တက်လိုက် အောက်ဆင်းလိုက်နဲ့ ပင်ပန်းမှာစိုးလို့ပါ"

ကျောက်စက် အလိုက်သိတတ်တာ ခုမှမဟုတ်။ ဟိုတုန်းတတည်းက၊ သူက မိုးစက်အပေါ် ငဲ့ညှာခဲ့သူ။ ကျောက်စက်ထွက်သွားတော့မှ –

"မိုး ကျွန်တော့်ကို ခေါ်ခိုင်းတယ် ဆိုလို့ပါ"

"ဟုတ်တယ် ကိုရဲရင့်"

"ဘာများခိုင်းစရာရှိလို့လဲ မသိဘူး"

"ခိုင်းစရာမရှိပါဘူး။ ပြောစရာရှိလို့"

"ပြောလေ"

မိုးစက်အကြည့်က လူလူ့ဆီသို့ ရောက်သွားပြီး –

"ဒီနေ့ လူလူ့မွေးနေ့ဆို"

"ဗျာ"

"အဲဒါ ကျွန်မ လူလူ့ကို ရွှေတိဂုံဘုရားဖူးရင်း ဟဲပီးဝေါ့ကို လိုက်ပို့မယ်လို့ ပြောထားတာ ကိုရဲရင့်ပါ လိုက်ခဲ့လေ"

"မိုးက သားမွေးနေ့ကို ဘယ်လိုသိတာလဲ"

"လူလူပြောပြတာလေ။ ဒီအရွယ်က တစ်ခါပြောထားရင် မှတ်မိတဲ့အရွယ်ပဲဥစ္စာ ကိုရဲရင့်ရဲ့"

မှန်တာပေါ့။ သူ့ သားကို ငါးနှစ်သားကတည်းက မွေးတဲ့ ရက်၊ လနဲ့ ခုတွေကို တတွတ်တွတ် ပြောပြပြီး မှတ်ခိုင်းထားတာပါ။



www.burmeseclassic.com

www.burmeseclassic.com



လူဆိုတာ အသက်သွေးခဲ အမြဲမရှိတဲ့။ ငယ်တယ်၊ ကြီးတယ် အသက်ခွဲခြားမနေဘဲ သေမင်းက အချိန်မရွေးရောက်လာပြီး ခေါ်နိုင်တာမို့။

သူသာ မတော်တဆသေရင်လို့တွေးပြီး သားကိုပြောပြထားခဲ့တာပါ။

"သားကို မိုးကိုယ်တိုင် လိုက်ပို့မယ်ဆိုတော့ အားနာလိုက်တာ"

"သူစိမ်းတွေမှမဟုတ်ဘဲ ကိုရဲရင့်ရယ်။ ကိုရဲရင့်နဲ့ကျွန်မက မိတ်ဆွေတွေပဲဓလ"

ဪ . . . သဘောထားပြည့်ဝလိုက်တဲ့ မိုးရယ်။ တကယ်ဆိုရင် မင်း ကိုယ့်ကို နာကြည်းမုန်းတီးနေသင့်တာပါ။

"ကဲ . . . ကိုရဲရင့်"

"ဗျာ"

"ရှင် အဝတ်အစားသွားလဲလေ။ ပြီးရင် သွားကြရအောင်"

"မိုး"

"ရှင်"

"မိုး သားကို အဲဒီလောက်အထိ အလိုမလိုက်ပါနဲ့"

"ဘာဖြစ်လို့လဲ"

"မိုးကို သားကြောင့် စိတ် ကသိကအောက်မဖြစ်စေချင်လို့ပါ"





"ကလေးကို ကလေးလို့ပဲမြင်ပြီး ကိုယ်က လူကြီးပီပီ နားလည်ခွင့်လွှတ်ပေးတတ်ရင် ဖြစ်စရာအကြောင်းမရှိပါဘူး။ ကဲပါ . . . ရှင် အဝတ်သွားလဲလိုက်၊ ကျွန်မတို့ ကားပေါ်က စောင့်နေမယ်"

ပြောပြီး မိုးက လူလူလက်ကို ဆွဲ၍ ထွက်သွားလေသည်။ ရဲရင့်နောင် တဲတွေးတစ်တွေးတစ်မနှင့် ပြန်ကောက်ယူလို့လည်းမရ၊ နောက်ကြောင်းပြန်ရစ်လို့လည်းမရ။

ဪ . . . မိုးရယ်။

ရှက်တတ်ရင် ကိုယ်က လဲသေဖို့ကောင်းတဲ့ကောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

သားနဲ့အတူတူ ကစားနည်းတွေ တစ်မျိုးပြီးတစ်မျိုး လျှောက်ကစားနေတဲ့ မိုးက ဒီနေ့တော့ လူငယ်တစ်ယောက်လို ပေါ့ပါးသွက်လက်နေသည်။ ခါတိုင်း ဆံထုံးပုံပုံလေးထုံးထားပေမယ့် ဒီနေ့တော့ ဆံပင်တွေကို ဒီအတိုင်းပဲ ဖြန့်ချထားတော့ လူငယ်ဆန်သွားတာပေါ့။ လူက အရပ်ပုပြီးညှက်လို့ ပိုနုနေတာ ထင်ပါရဲ့။

တိုက်ကားမောင်းနေတာ ပြီးသွားတော့ –

"ကိုရဲရင့်"

"ဗျာ"

"သားနဲ့ ကိုရဲရင့် တစ်လှည့်ကစားလိုက်ဦးလေ"

"မကစားပါဘူး မိုးရယ်"





"ဘာဖြစ်လို့လဲ"

"မကြီးမငယ်ကြီးနဲ့"

"ဩော် ... ဒါဆို ကျွန်မ ကစားတာမသင့်တော်ဘူးပေါ့လေ။ ဟုတ်လား"

"ဟာ ... အဲဒီသဘောပြောတာ မဟုတ်ပါဘူး"

"ဒီမှာ ကိုရဲရင့်"

"ဗျာ"

စာရေးဆရာမနဲ့ စကားပြောရတာ မလွယ်ပါလား။ ကိုယ့်စကားမဆုံးခင် သူက ကိုယ်ပြောမယ့်စကားကို ကြိုသိနေပြီ။

"စိတ်ပျိုတော့ ကိုယ်နုတဲ့ ကိုရဲရင့်ရဲ့။ လူ့ဘဝမှာ ထိန်းချုပ်မှုတွေများလွန်းရင် မွန်းကျပ်လာတတ်တယ်။ တစ်ခါတလေတော့ စိတ်လွတ် ကိုယ်လွတ် ဒီလိုကစားနည်းတွေနဲ့ ထွက်ပေါက်ရှာပြီး စိတ်တိုအေးကြောပစ်သင့်တယ်"

"ဟုတ်တယ်၊ အန်တီ ပြောတာမှန်တယ်"

"အံမယ် ... မင်းက ဘာနားလည်လို့လဲ"

"သားပြောမပြတတ်ပေမယ့် သိတော့သိတာပေါ့ ဖေကြီးရေ။ ဒဲ့ လာပါ၊ သားနဲ့ဖေကြီး အတူတူ ကစားရအောင်နော်"

"မင်းကလဲ"

"လာပါ ဖေကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"လိုက်သွားလိုက်ပါ ကိုရဲရင့်၊ လူလူလေးက ဖအေနဲ့လည်း အတူတူကစားပြီး ပျော်ချင်မှာပေါ့"

"လာပါ ဖေကြီးရာ။ အထာကိုင်မနေနဲ့ . . . လာ"

လူလူလေးဆွဲခေါ်လေသဖြင့် ရဲရင့်ပါသွားလေတော့သည်။ မိုးစက်ရင်ထဲမှာ လူလူလေးနှင့်ပတ်သက်ပြီး စိတ်မကောင်းခြင်း၊ ကိုယ်ချင်းစာမိခြင်းတွေ ဖြစ်တည်လျက် ခုလို ပျော်ရွှင်အောင်လုပ်ပေးတာပါ။ မိုးစက်တို့ဘဝမှာဆိုရင် –

မေမေဆုံးပြီးကတည်းက ပျော်ရွှင်မှုတွေ ဆိတ်သုဉ်းသွားခဲ့တာ ရက်နဲ့လည်းမဟုတ်၊ လနဲ့လည်းမဟုတ်။ နှစ်နဲ့ချီပြီး အပျော်တွေ လွင့်ပါးပျောက်ကွယ်ခဲ့တာ၊ ဘဝကလည်း ကြမ်းတမ်းလွန်းလို့ပါ။ ဒါပေမဲ့ ဖေဖေ့လို သားသမီးကို ဥပေက္ခာပြုမထားဘဲ ရင်အုပ်မကွာ ဖခင် ဝတ္တရားကျေခဲ့တဲ့ ကိုရဲရင့်စိတ်ဓာတ်ကိုတော့ မိုးစက် လေးစားမိတာအမှန်ပါပဲ။

ဪ . . . မေမေရယ်။

သားသမီးက မိဘကို လုပ်ကျွေးဖို့က် မိုးစက်တို့မှာ ပါမလာဘူး ထင်ပါရဲ့။ အခုချိန်မှာ မေမေသာ အသက်ရှင်လျက်ရှိနေသေးရင် ကိုယ့်လုပ်အားခလေးတွေ မေမေ့ကိုအပ်ပြီး မေမေစီမံခန့်ခွဲမှုအောက်မှာ ကလေးတစ်ယောက်လို ခေါင်းညိတ်နေချင်လိုက်တာ မေမေရယ်။

ခုတော့ –





မေမေ့ကိုယ်စားပါပေါင်းပြီး ဖေဖေ့အပေါ် သမီး တတ်နိုင်သလောက် ကျေးဇူးဆပ်နေပါတယ်မေမေ။ ဖေဖေ့အသက် ငွေ့ငွေ့လေးပဲ ကျန်နေပါစေ မိဘဆိုတာ သားသမီးအတွက် အကာအရံတစ်ခုလို့ သတ်မှတ်ခြင်းနဲ့ ဖေဖေ့ကို သမီး ပျော်အောင်ထားဖို့ ကြိုးစားခဲ့ပါတယ် မေမေ။

"မမိုး"

"____"

"မမိုး"

"ဟာင် ဟယ် ဆန်းသစ်ပါလား"

"တူပါတယ်လို့ ကြည့်နေတာ။ မမိုးအစစ်ပဲကိုး"

"ဆန်းသစ်က ကိုယ်တိုင်ကစားမလို့လား။ ဒါမှမဟုတ် ဘယ်သူလေးကို လိုက်ပို့တာလဲ"

"ကျွန်တော်က taxi မောင်းတဲ့သူလေ မမိုးရဲ့။ ခရီးသည် လိုက်ပို့ရင်း ရောက်လက်စနဲ့ စိတ်တွေလန်းသွားအောင် ကစားမလားလို့ ဝင်လာတာ။ ကျွန်တော်က အမေတစ်ခု သားတစ်ခုဆိုတော့ အထီးကျန်ဆန်တယ် မမိုးရဲ့"

"အထီးကျန်ဆန်တယ် ဟုတ်လား"

"ဟုတ်တယ်မမိုး။ ပြေးကြည့်မှ တစ်အိမ်လုံးမှာ သားအမိနှစ်ယောက်ပဲရှိတာလေ။ ပြီးတော့ စားရေး ဝတ်ရေးအတွက် ရုန်းကန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံရှာနေရတော့ သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ ပျော်ရွှင်ချိန် ပါးချိန်ဆိုတာလည်း ကျွန်တော့်မှာ မရှိဘူးလေ''

ဩော် ... ငှက်ကလေးတွေ တောင်ပံတစ်ဖက်ကျိုးရင် ပျံသန်းရ ခက်ခဲသလို လူတွေမှာလည်း မိဘနှစ်ပါးမရှိရင် ဘာမှမပြည့်စုံပါလား။ မိဘမဲ့တဲ့။ ခေါ်ရတာတောင် ကျက်သရေယုတ်တဲ့ ဒီနာမ်စားအောက်မှာ မိဘမဲ့ကလေးတွေ ဘယ်လောက်တောင်များနေသလဲ။

ကိုယ်တွေကမှ ဒီဘဝကို ရင်ဆိုင်နိုင်ခဲ့သေးတယ်။ အချို့ဆို ကိုယ်တွေထက် ဘဝဆိုးလို့ မိဘမဲ့ဂေဟာကို ရောက်ကုန်ကြတာလေ။ အင်း မိုးစက် မိဘမဲ့ဂေဟာတစ်ခုမှာ ခဏခဏ သွားလှူခဲ့တာ။ အခု မရောက်ဖြစ်တာကြာလို့ တစ်နေ့တော့ သွားဦးမှပါ။

''ဆန်းသစ်''

''ဗျာ''

''မင်း အားငယ်တတ်သလား''

''မငယ်တတ်ပါဘူး။ ကျွန်တော် ကျရာသရုပ်မှာ လုပ်စားနိုင်တဲ့ သတ္တိရှိပါတယ်။ အားငယ်စိတ်က အရှုံးကို လက်ညှိုးညွှန်ပြတာနဲ့ အတူတူပဲ။ ကျွန်တော် ဘယ်တော့မှ ဘဝကို အရှုံးမပေးဘူး။ မိုးပြောသလို ဘယ်နှစ်ခါပဲလဲကျကျ ပြန်ထနိုင်ရမယ်လို့ ခံယူထားတဲ့အတွက် ကျွန်တော် တစ်နေ့ ဖွဲ့ဆုရလာလိမ့်မယ်လို့ ယုံကြည်ထားတယ်''

''မင်းကို မမိုး သဘောကျသွားပြီ''





''ဗျာ''

''ဩော် ... ဟို မင်းရဲ့စိတ်ဓာတ်ကို ပြောတာပါ''

ဆန်းသစ် ဘာကိုသဘောကျပြီး ပြုံးလိုက်သည်မသိ။ မိုးစက် ကိုယ်စကားပြောလောသွားမိခြင်းအတွက် စိတ်မလုံဖြစ်ကာ ဟိုကြည့် ဒီကြည့် အကြည့်လွှဲလိုက်ခြင်းရဲ့ မှတ်တိုင်က ရဲရင့်တဲ့သားအဖဆီမှာ။

''မမိုး''

မထူးဘဲနဲ့ လှည့်လေလျှင် –

''ကျွန်တော် မမိုးဆီမှာ တစ်ခုတောင်းဆိုစရာရှိတယ်''

''ဟင် ... ဘာများလဲ''

ဆန်းသစ် မမိုးကို တစ်ကိုယ်လုံး ဝေ့ခနဲကြည့်ပြီး အကြည့်ပြန်လွှဲလိုက်၏။ ကြာကြာမကြည့်ရဲဘူးလေ။ ခါတိုင်းလို လူကြီးဆန်ဆန် ရင်စေ့၊ ရင်ဖုံးအင်္ကျီ ဝတ်ထားတာမဟုတ်ဘဲ မိတ်ကပ်ရောင် ကိုယ်ကျပ်ကလေးကိုဝတ်ထားပြီး အပေါ်က အပြာရင့်ရောင်ထပ်အင်္ကျီ အနှင့်ဆိုတော့ ခါတိုင်းထက် ပိုနုနေသည်လေ။ ခါတိုင်း ထုံးထားလို ဘယ်လောက်ရှည်မှန်းမသိတဲ့ ဆံပင်တွေက ခါးအထက်မှာ နွဲ့နေ၏။

''ကျွန်တော်ပြောရင် မမိုး စိတ်မဆိုးရဘူးနော်''

''မမိုးသိက္ခာကို စော်ကားတဲ့စကားကလွဲရင် ပြောလို့ရပါတယ်''

''အဟဲ''



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကုတ်ပြီး ဆန်းသစ် ရယ်လိုက်မိပြီးမှ –

"ဒီနေ့ ကျွန်တော့်မျက်စိထဲမှာ မမိုးလှနေလို့ပါ"

"ဩော် . . . မင်းပြောချင်တာ ဒီစကားလား"

"ကျန်သေးတယ် မမိုးရဲ့"

"ဒါဆို ဆက်ပြောလေ"

"ကျွန်တော် မမိုးကို ဓာတ်ပုံရိုက်ပြီး ဖုန်းထဲမှာ ထည့်ထားချင်လို့။ အဲဒါ မမိုးခွင့်ပြုပါနော်"

မိုးစက် တွေခနဲဖြစ်သွားသည်။ ဒီကောင်လေး ဘာသဘောနဲ့ ဒီလိုတောင်းဆိုတာလဲ။

"နော် မမိုး"

ကလေးက မုန့်ပူဆာနေတဲ့အတိုင်းပါလား။ ခွင့်မပြုချင်ပေမယ့် ကောင်လေး စိတ်ချမ်းသာပါစေလေ။ ကိုယ်က သူများကို စိတ်ကသိကအောက်ဖြစ်အောင် မလုပ်ချင်သူဆိုတော့ –

"ကောင်းပြီလေ . . . မင်းစိတ်ချမ်းသာအောင် မမိုးခွင့်ပြုလိုက်ပါမယ်"

"ဟာ . . . ဝမ်းသာလိုက်တာ မမိုးရယ်။ ဒါဆို ရိုက်မယ်နော်"

ဆန်းသစ် ဖုန်းလေးနှင့် မိုးစက်ကို ဓာတ်ပုံရိုက်ပေးပြီး စိတ်တိုင်းကျပုံကိုရွေးနေစဉ်။



## အခန်း (၁၆)

"ဟင်"

သားနှင့်အတူ တိုက်ကားမောင်းနေရင်းမှ မိုးကို လှည့်ကြည့်လိုက်တော့ စိတ်ထဲမှ ဒေါသဖြစ်ချင်သလိုလို။ ဖြစ်ကိုဖြစ်ချင်ပြီး ပေါက်ကွဲလိုက်ချင်ပေမယ့် ကိုယ့်မှာပေါက်ကွဲခွင့်မရှိ။ ကိုယ်နဲ့က ဘယ်လိုဆွေမျိုးစပ်ပြီး ဘယ်လိုမှ မပတ်သက်ဘူးလေ။

ကြည့်စမ်းပါဦး။

ကောင်လေးလက်ထဲကဖုန်းကို နှစ်ယောက်သား သဲကြီးမဲကြီး ငုံ့ကြည့်နေကြတာ နဖူးချင်းထိလုမတတ်။ ဒီလောက်ဖြစ်နေတာ ဖုန်းထဲက စိန်လုံးထွက်လာလို့လား မသိပါဘူး။

"ဒုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

မိုးတို့ကို ပြန်ငုံ့ကြည့်နေမိတဲ့ ခေါင်းက ကားချင်းတိုက်မှုပဲ ရှေ့ပြန်လှည့်ဖြစ်တော့ တီးလုံးသံကလည်း ရပ်သွားပြီ။

"ဟေး"

သားက လက်ခုပ်တီး၍ ရယ်နေ၏။

"သား ... ထ"

သူ တိုက်ကားပေါ်ကဆင်းပြီး သားကိုလည်း ဆွဲထစေ‌ေ တိုက်ကားမောင်းနေရာကနေ ထွက်လာခဲ့တာ ခပ်သွက်သွက်။

"ဒီပုံက ပိုလှတယ်"

"မမိုးကို လှတယ်ပြောတာ မင်းတစ်ယောက်ပဲ ရှိသေးတယ်"

"ဒါက ကျွန်တော့်ရဲ့စိတ်ခံစားမှုလေ"

"သူများတွေကြားရင် မင်းကို အရူးလို့ပြောလိမ့်မယ်"

"မမိုး ဘာလို့ ကိုယ့်ကိုယ်ကိုယ် အဲဒီလောက်နှိမ့်ချပြီး မြင်နေ ရတာလဲ"

"အမှန်တရားကို ပြောပြတာလေ"

"အဓိကက စိတ်လှဖို့ပဲဥစ္စာ။ ကျွန်တော့်မျက်လုံးထဲမှာတော့ မမိုးလှတယ်"

"ဘာဝယ်ကျွေးရမလဲ"

"ဒီက ဝေါ်ပြတ်နေတဲ့ကောင်မှ မဟုတ်တာ"





"ပြောတော့မယ်"

"မိုး"

"ဟင်"

အနားရောက်လာတဲ့ ရဲရင့်က မျက်နှာတည်ကြီးနှင့်။ စိတ်ရှိ တိုင်းသာဆို မိုးကို ဒီကောင်နဲ့ စကားပြောနေတာ မကြိုက်ဘူးဆိုပြီး ဆက်ဆွဲခေါ်သွားလိုက်ချင်တာ။ မဖြစ်နိုင်တော့တာက ကိုယ့်အပြစ်ပဲ လေ။

ပထမနေရာကိုရခဲ့ပါလျက်နဲ့ ကိုယ့်နှလုံးသားကို ကြက်ခြေ ခတ်ချပြီး နောက်ကြောင်းပြန် တန်းစီခဲ့တာက ကိုယ်။

"ပြန်ကြမယ်"

"နေဦးလေ ... လူရှူ ဘာကစားချင်သေးလဲ၊ ကစားပါ စေဦး"

"ဒီလောက် တစ်မျိုးပြီးတစ်မျိုး ကစားနေတာ တော်ရောပေါ့။ ပိုက်ဆံဆိုတာ သုံးတဲ့သူအတွက် လွယ်ပေမယ့် ရှာရတဲ့သူက ခက်ခဲ တယ် မိုး။ မိုး သားကို ဒီထက်ပိုပြီး အလိုလိုက်ရင် ဒီထက်ပိုက်ဆံ ပိုကုန်မှာပေါ့။ ကဲပါ ... ပြန်ကြရအောင်"

"ဒါဆိုလည်း သဘောပဲ"

ဆန်းသစ် ရဲရင့်ဆိုတဲ့လူကို မကျေမနပ်ဖြစ်သွားပေမယ့် ဒီလူ ထာမင်အချုပ်ထုပ်လုပ်တာ။ မျက်နှာကိုကြည့်ရုံနဲ့ မနာလိုဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



အသိသာကြီးပဲဥစ္စာ။

"ဆန်းသစ်"

"------"

"မမိုးတို့ သွားတော့မယ်နော်"

"မိုးကောင်းတုန်းရွာထားဦးမေ့"

"ဟင် ... ဆန်းသစ် ဘာပြောတာလဲ"

"ပြော် ... ဟို ဒီရာသီက မိုးရာသီဆိုတော့ အပြင်မှာ မိုးတွေ ရွာနေသလားလို့ ပြောတာပါ"

"မိုးရွာရုံတင်မကဘူး မိုးကြိုးပါ ပစ်ချင်ပစ်မှာ။ မင်းသွားတာ လာတာ သတိထား"

"ဘာဖြူ"

"သွားရင်းလာရင်း မင်းစက်ကွင်းမလွတ်ဖြစ်မှာစိုးလို့ စေတနာနဲ့ သတိပေးတာပါ"

"ပစ် ပစ်ဗျာ"

"လာ ... သွားမယ် မိုး"

နှစ်ယောက်ကြားမှာ မိုးစက် ဆန်းသစ်ကိုပဲ တောင်းပန်သလို ကြည့်ပြီး ထွက်လာခဲ့တော့၏။ ဒီနေရာမျိုးမှာ မိုးစက် ဘယ်သူ့ကို ဦးစားမပေးသလို ဘယ်သူ့ကိုမှလည်း အပြစ်မတင်ဘဲ ကိုယ်ရှောက်မယ့် လမ်းကို ကိုယ်ပဲရွေးချယ်လိုက်တာပါ။ ဘယ်သူပဲဖြစ်ဖြစ် အချိန်





တန်ရင် အိမ်ပြန်ရမှာပဲလေ။

"မိုး"

"ရှင်"

"မိုး အဲဒီကောင်လေးနဲ့ ဆက်ဆံတာ အရမ်းရင်းနှီးလွန်းနေပြီ ထင်တယ်"

ကားအနားကိုရောက်မှ ရဲရင့် ကားပေါ်ကိုမတက်သေးဘဲ ပြောတာဖြစ်၏။

"သူက မိုးရဲ့ပရိသတ်လေ ကိုရဲရင့်ရဲ့"

"မိုးရဲ့ပရိသတ်က သူတစ်ယောက်တည်းမှ မဟုတ်တာ။ သူကျမှ မိုး အဲဒီလောက်အထိ ပစားပေးစရာ လိုလို့လား"

"လိပ်စာမရမကတောင်းပြီး အိမ်တိုင်ရာရောက်အထိ ရောက်အောင်လာတာကတော့ သူတစ်ယောက်တည်းရှိသေးတာ အသေအချာပဲ"

"အဲဒီလို အိမ်အထိရောက်လာတာကိုက မရိုးသားတာ"

"ဘယ်လို"

"မိုး စဉ်းစားကြည့်လေ။ မိုး ဖန်တီးလိုက်တဲ့ဇာတ်လမ်းနဲ့ အရေးအသားကိုကြိုက်တယ်ဆိုရင် စာအုပ်ထဲမှာပဲ ကြိုက်ပေါ့"

"ကိုရဲရင့်"

"------"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မတို့သိက္ခာကို စော်ကားလိုက်တာလား"

"မိုး"

ကိုယ်က ဘယ်သူ့သိက္ခာကိုမှ စော်ကားလိုခြင်းနဲ့ပြောတာ မဟုတ်။ ဒါကို အထင်လွဲသွားပြီဆိုရင် မတတ်နိုင်ဘူးလေ။ ထုတ်ဖော် ဖြေရှင်းပြလို့မရတဲ့ အကြောင်းပြချက်တွေက ရင်ထဲမှာသာ။ ကိုယ်က မုဆိုးဖိုကလေးတစ်ယောက်အဖေလို့ သတိရမိတော့ –

ဆန္ဒကိုမျိုသိပ်ပြီး သက်ပြင်းကိုဖော့ချလိုက်မိသည်သာ။ သူမ ဘဝ ရေနစ်ခဲ့တုန်းကတော့ ကိုယ်က ဝါးကူထိုးခဲ့သူဖြစ်ပြီး အခု ကိုယ့်ဘဝ ရေနစ်နေချိန်မှာ မိုးကို နွယ်ကြိုးလို သဘောထားရာရောက် မယ့်အဖြစ်မို့ –

"ကိုယ့်စကားက အဲဒီသဘောမျိုး သက်ရောက်သွားရင် တောင်းပန်ပါတယ်"

"ဖေကြီး"

"ဟင်"

"ဖေကြီးနဲ့အန်တီမိုးက ရန်ဖြစ်တာလားဟင်"

"မဟုတ်ပါဘူး သားရယ်။ ဖေကြီးတို့ သွားရအောင်နော်"

ရဲရင့် ခေါင်းငိုက်စိုက်ချ၍ ကားပေါ်သို့တက်လိုက်သည်။ သားကတော့ ကားပေါ်ရောက်တာနှင့် မိုးရင်ခွင်ထဲမှာ။

"အန်တီမိုး"





"ဟင် ... ဘာလဲ သား"

"ဖေကြီးနဲ့ရန်ဖြစ်လည်း သားတို့ကို နှင်မထုတ်ပါနဲ့နော်။ သား အန်တီမိုးနဲ့ မခွဲနိုင်ဘူး"

"သားရယ်"

မိုးရင်ထဲမှာ ဘယ်လိုကြီးဖြစ်သွားမှန်းမသိ။ စာထဲမှာရေးရင်တော့ ရင်ထဲမှာ နင့်ခနဲဖြစ်သွားသည်လို့ ရေးခဲ့ပေမယ့် ကိုယ်တိုင်ခံစားရတော့ ပြောမပြတတ်အောင်ပါပဲ။

"မနှင်ပါဘူး သားရယ်။ အန်တီမိုးနဲ့သားဖေကြီးက ရန်ဖြစ်တာမှ မဟုတ်တာ။ တောင်တောင်အီအီတွေ လျှောက်တွေးမနေနဲ့နော်"

"ဟုတ်"

မိုး ရင်ခွင်က ကလေးအတွက် ဘယ်လောက်နွေးထွေးသည် မသိ။ ခေါင်းလေးက မိုးရင်ခွင်ထဲကို တိုးဝင်လာတော့ မိခင်မဲ့ချင်းဘဝ တူ မိုး ထွေးပွေ့ထားလိုက်မိသည်သာ။ ကိုယ်ဝတ်မှတ်ခဲ့တဲ့ မေတ္တာတရားကို လူလူလေးအတွက် တတ်နိုင်သလောက် ပေးစွမ်းချင်သော ဆန္ဒများနှင့်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"မမ"

"ဟင်"

"ဆေးသောက်ရအောင်"

ကျောက်စက်က ရေဖန်ခွက်ကလေးနှင့်ရောက်လာပြီး ဆေးတိုက်လေတော့ မိုးစက် ဆေးကိုယူပြီးသောက်လိုက်သည်။ သူမဘဝထဲမှာ ကျောက်စက်ရှိနေတာသည် ဆုကောင်းလာဘ်ကောင်းပါပဲ။ ကျောက်စက်သာမရှိရင် မိုးစက် ဒီအထိ အသက်ရှည်ရှည်နေရမှာမဟုတ်ပေ။

ကိုယ့်ကိုယ်ကိုယ်တောင် ဂရုမစိုက်နိုင်တဲ့အချိန်တွေမှာ ကျောက်စက်က သူမကိုဂရုစိုက်သည်။ သူသာ ဒုက္ခခံပြီး မိုးစက်အပေါ်





သည်းမခံခဲ့ရင် ဒီဘဝ ဒီအခြေအနေမျိုးလည်း ရောက်လာမှာမဟုတ်။

"မမကို ကျောက်စက် ပြောစရာရှိသေးတယ်"

"ပြောလေ"

ကျောက်စက်က ရေဖန်ခွက်ကိုပြန်ယူပြီး စားပွဲပေါ်သို့ တင်လိုက်ကာ –

"ဆန်းသစ်က ကျောက်စက်နဲ့မှ ရွယ်တူလောက်ပဲရှိမယ် ထင်တယ်"

"ကျောက်စက်ထက် ငယ်မှာပေါ့"

"ဟင် ... ဟုတ်လား"

"ငါ ခန့်မှန်းကြည့်သလောက်တော့ ဆန်းသစ်အသက်က နှစ်ဆယ်။ နှစ်ဆယ်ကျော်ကျော်လောက်ပဲရှိဦးမယ် ထင်တယ်။ နေပါဦး။ ညီမက ဘာဖြစ်လို့မေးတာလဲ။ ဇကန္တတော့ နင် ဆန်းသစ်ကို စိတ်ဝင်စားနေပြီထင်တယ်၊ ဟုတ်လား"

ကျောက်စက် ခေါင်းခါပြီးပြုံးလိုက်မိသည်။ သူမက ဘာလို့စိတ်ဝင်စားရမှာလဲ။ အသက် ၂၆–ဖြစ်နေတာတောင် မမထက် ပိုပြီး ဘယ်သူ့ကိုမှ ပိုမချစ်နိုင်လို့ အခုထိ ရည်းစားပင်မထားခဲ့။

"ကျောက်စက် စိတ်ဝင်စားတာကတစ်မျိုးပါ။ မမပြောသလို မဟုတ်ဘူး"

"ဒါဆို ဘယ်လိုစိတ်ဝင်စားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မမက အချစ်ဝတ္ထုတွေရေးနေတာဆိုတော့ ပိုသိမှာပေါ့။ အဲဒီကောင်လေး အိမ်ကို အဝင်အထွက်များနေတာ စဉ်းစားစရာပဲ"

"နင်က ဘယ်လိုထင်လို့လဲ ကျောက်စက်"

"သူ မမကို"

"မဖြစ်နိုင်ဘူး"

အဲဒီစကားကို မိုးစက် လက်မခံနိုင်ပေ။ ဒီကို ကောင်လေးက စိတ်ဝင်စားလောက်အောင်လည်း မိုးစက်က ချောတာ လှတာမှ မဟုတ်တာ။ ပြီးတော့ အသက်က အရမ်းကွာနေတဲ့ဥစ္စာ။ ကိုယ်သာ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျရင် ကိုယ့်သားဦးလောက်ပဲရှိတာ လေ။ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စမို့။

"ဝတ္ထုတွေဖတ်ပြီး စိတ်ကူးယဉ်မနေစမ်းပါနဲ့ ကျောက်စက် ရယ်။ ကောင်လေးက ငယ်ငယ်ချောချောလေးဥစ္စာ။ သူ့ဘေးနားမှာ သူနဲ့ရွယ်တူကောင်မလေးတွေ ဝိုင်းနေမှာပေါ့။ ပြီးတော့ သူ့လို ရိုးသား ပြီး ကြိုးစားတဲ့သူအတွက် ခေါင်းခေါက်ရွေးလို့တောင် ရချင်ရနေမှာ"

"အဲဒါက မမအတွေးလေ။ အချစ်နဲ့ပတ်သက်လာရင် လူ တွေက မိုက်ရူးရဲဆန်တတ်ကြတယ်လို့ မမပဲပြောတာ"

"ဟင် ... ငါ ဘယ်တုန်းက ပြောဖူးလို့လဲ"

"အမှန်း ... ဝတ္ထုတွေထဲမှာ ထည့်ရေးတာ"

"အဲဒါကတော့ဟယ် အပြင်မှာရှိတော့ရှိတာပေါ့။ ဒါပေမဲ့





အခု ငါနဲ့ ဆန်းသစ်ကို နင်ပြောချင်တဲ့ ပုံစံမျိုးတော့ ရှားပါတယ်"

"အဲဒီ ရှားတဲ့အထဲမှာ မမတို့ ပါနေရင်ရော"

"ပါစရာအကြောင်း မရှိပါဘူး။ ဒါမျိုးတွေက အပြစ်တော့ ဆောင်ပေးမယ့် လူတွေက အပြစ်လို့ မြင်နေတတ်ကြတာ။ အဲဒီအပြစ် ထဲမှာ ကိုယ်မပါချင်ရင် ရှောင်လွှဲလို့ရတာပဲ"

"ကျောက်စက်ကတော့ နားလည်ပေးနိုင်တယ်။ ချစ်ခြင်းမှာ သူတစ်ယောက်နဲ့တစ်ယောက် ဘယ်အရွယ်ပဲဖြစ်ဖြစ် ချစ်ခွင့်ရှိတာပဲ လေ။ အရွယ်ရောက်တဲ့သူချင်း လက်ထပ်ပေါင်းသင်းကြတာကို ပေါင်းသင်းရလို့ ဥပဒေပြဋ္ဌာန်းထားတာမှ မရှိတာ"

"နင်က အဲဒီလောက်ပဲသိတာကို ကျောက်စက်ရဲ့"

ဘယ်ဥပဒေကမှ ပြဋ္ဌာန်းမထားပေမယ့် လူအများစုက ကိုယ့် စိတ်ထဲတင် ပြဋ္ဌာန်းထားတဲ့ ဥပဒေကရှိသည်လေ။ ယောကျ်ားတွေ ကိုယ့်သမီးအရွယ်လောက်ကို လက်ထပ်ကြတာ ပြဿနာမရှိ။ မိန်းမ တွေ ကိုယ့်သားအရွယ်လောက်ကို လက်ထပ်ကြပြီဆိုရင် မဲ့ကာရွဲ့ကာ ကဲ့ရဲ့ချင်ကြတဲ့အရပ်ဥပဒေက ပိုပြီးကြောက်စရာကောင်းသည်။

"ပတ်ဝန်းကျင်ကို ဂရုမစိုက်တတ်ရင် ဟုတ်တာပေါ့။ တို့ မိန်းမတွေဘဝက ပတ်ဝန်းကျင်ရဲ့လက်ညှိုးဖျားမှာ ရပ်တည်နေရသလို ပဲ"

"နေရာတကာ ဂရုစိုက်နေဖို့တော့မလိုပါဘူး မမရယ်။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်က လူတွေဆိုတာလည်း သူတို့ကိုယ်တိုင် မှားတဲ့အခါလည်း မှားမှာပေါ့။ ချိုးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်ပဲဥစ္စာ”

“ကျောက်စက်”

“ရှင်”

“နင်က ငါ့ကို ဆန်းသစ်နဲ့ နီးစပ်စေချင်တာလား”

ကျောက်စက်က ချက်ချင်းမဖြေဘဲ ခေါင်းငုံ့သွားတာ ဘာသဘောလဲ။ ဟုတ်တယ်ဆိုရင် သဘောတူရတဲ့အကြောင်းပြချက်တစ်ခုတော့ ရှိရမှာပေါ့။ မိုးစက် ကျောက်စက်မျက်နှာကို စူးစိုက်ကြည့်နေစဉ်မှာပဲ –

“ဟုတ်တယ် မမ”

“ဘာ”

“ကျောက်စက် ပွင့်ပွင့်လင်းလင်းပြောရရင်”

စကားဖြတ်ထားမယ်ကြံတာကို ကြိုမြင်လေသဖြင့် –

“ဆက်ပြော”

“ကျောက်စက် မမကို ကိုရဲရင့်နဲ့ ပြန်ပြီးပြီမှာစိုးတယ်။ သူက ကလေးတစ်ယောက်အဖေ မုဆိုးဖိုဖြစ်နေပြီလေ”

“သူ လွှတ်လပ်သွားလို့ ငါက ပြန်စိတ်ပါသွားမယ်လို့ နင်က ထင်တာလား”

“မမနဲ့ မတန်တော့တာကို ပြောချင်တာ။ ပြီးတော့ သူ





သွားခဲ့လို့ မမက ကျန်ရစ်ခဲ့ရတာ”

“ဒါနဲ့ပဲ ဆန်းသစ်နဲ့ ငါ့ကို သဘောတူလိုက်တာကိုး။ အဲဒါလည်း ဖို့ပြီးမဖြစ်နိုင်တာ”

“မမ”

“ငါပြောတာကို သေသေချာချာ နားထောင် ကျောက်စက်”

သေသေချာချာ နားထောင်ဖို့အတွက် ကျောက်စက် မမမျက်နှာကို ကြည့်လိုက်၏။ တစ်ချက်အကြည့်လွှဲလိုက်တာနဲ့ ပြောမယ့်စကားတွေ မကြားလိုက်ရမှာ စိုးသည့်အလားနှယ်။

“မိန်းကလေးအသက်ငယ်ငယ်တွေက အသက်ကြီးကြီး ယောကျ်ားကို လက်ထပ်မိရင် များသောအားဖြင့် သစ္စာရှိရှိနဲ့ သေတပန်သက်တဆုံး ပေါင်းသင်းကြတယ်။ ယောကျ်ားငယ်ငယ်လေးတွေက မိန်းမအသက်ကြီးကြီးကိုယူပြီးရင်တော့ သစ္စာမရှိကြတာများတယ် ကျောက်စက်။ နွားအိုမြက်နုကြိုက်ဆိုတဲ့စကားက ယောကျ်ားတွေအတွက်မှ ပိုမှန်တာ။ သူတို့က သူတို့လက်ထပ်မယ့်ဇနီးကို နုမှ ငယ်မှ ကြိုက်ကြတာ ငါ့ညီမရဲ့”

“အားလုံးကိုတော့ ခြုံမပြောပါနဲ့ မမရယ်။ လူတိုင်းက တစ်စိတ်တည်း တစ်ဝမ်းတည်းမှ မဟုတ်ကြတာ”

“ငါတွေ့ဖူးတဲ့အများစုကတော့ ငါပြောတဲ့အတိုင်းပါပဲ”

မုန့်ဆီကြော် ဘယ်နေမှန်းမသိ နှုတ်ခမ်းနားနဲ့ တည့်ပါလား



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာမျိုးတော့ဖြစ်နေပြီ။ ဆန်းသစ်ကဖြင့် ဘာမှန်းမသိပဲနဲ့ ဒီမှာ ညီအစ်မချင်း ပြောနေကြတာတော့ အချေအတင်၊ မိုးစက်ပြောတာတွေ ဟုတ်သလို ကျောက်စက်ပြောတာတွေကလည်း မှန်တာပါပဲ။ ပတ်ဝန်းကျင်ကို ဂရုစိုက်ခြင်း မစိုက်ခြင်းကသာ ခွဲခြားမည်ဆိုလျှင်လည်း–

ကိုယ့်အမြင် ကိုယ့်အယူအဆနဲ့ ကိုယ်တော့ မှန်နေကြတာပဲလေ။ ဆန်းသစ်ရဲ့အကြည့်နဲ့ ဂရုစိုက်မှုတွေက သာမာန်ထက် ပိုနေသလားဆိုတာကို မိုးစက် ခုမှ စဉ်းစားကြည့်မိ၏။ ထိုစဉ် ဖုန်းသံ အသံမြည်လာသဖြင့် နံပါတ်ကိုတောင်မကြည့်ဖြစ်ဘဲ ကမန်းကတန်း ကိုင်လိုက်စဉ် –

"ဟယ်လို"

"မမိုး၊ ကျွန်တော်ပါ ဆန်းသစ်"

"ဆန်းသစ်"

"ဟုတ်ကဲ့"

"ဘာပြောစရာရှိလို့လဲ"

"ကျွန်တော် မမိုးတို့ခြံရှေ့ကို ရောက်နေတယ်။ မမိုးခဏလောက် ထွက်လာခဲ့ပါလား"

"ဟင် . . . ညဘက်ကြီး မင်း ဘာလာလုပ်တာလဲ"

"ကျွန်တော့်မှာ reason ရှိပါတယ်။ မမိုး ဆင်းလာခဲ့ရင် သိရမှာပေါ့"





"ဆန်းသစ် မင်း"

"မမိုး မလာမချင်း ကျွန်တော် စောင့်နေမှာနော်"

"ဟာ . . . အဲဒီလိုမလုပ်နဲ့လေ"

"ကျွန်တော် ဖုန်းချလိုက်တော့မယ်"

"ဆန်းသစ် . . . ဆန်းသစ်"

ဖုန်းချသွားပြီမှန်းသိပေမယ့် မိုးစက် ခေါ်နေမိ၏။ မဖြစ်နိုင်ခြင်းတွေကို တန်းစီပြီး နံပါတ်တပ်ရုံပဲ ရှိသေး၊ သူက ခြံရှေ့ကို ရောက်နေပြီတဲ့။ ဒါကြောင့်ပဲ မလုံမလဲဖြစ်ကာ သူ့ဖုန်းကို ပြန်ခေါ်မယ် လုပ်တော့ –

"မမ"

"ဟင်"

"မမ,မသွားမချင်း သူ စောင့်နေလိမ့်မယ်။ သွားလိုက်ပါနော်"

ပြောပြီး ကျောက်စက်က ထထွက်သွားလေတော့ တွေတွေကြီး ကျန်ခဲ့တာက မိုးစက်။ ကျောက်စက်က နားလည်ပေးတဲ့သဘော ဆောင်ပေမယ့် မိုးစက်ဘယ်လို လိပ်ပြာလုံပါ့မလဲ။ သွားတော့ သွားမှ ဖြစ်မှာမို့ ခြေလှမ်းတွေကို ရွှေ့လျားခဲ့စဉ် –

"မိုး"

"ဟင်"

ခေါ်သံနှင့်အတူ ဆုံလိုက်ရတာ ရဲရင့်။



www.burmeseclassic.com

www.burmeseclassic.com



"ခြံထဲဆင်းမလို့လား"

"ဟုတ်တယ် ကိုရဲရင့်"

"မှောင်နေကာမှ ဘာလုပ်ရအောင်လဲ"

"ခြံရှေ့မှာ ညည်းသည်ရောက်နေလို့ပါ"

"ဘယ်သူလဲ"

"ဆန်းသစ်"

"ဘာ"

ရဲရင့်မျက်နှာကိုမကြည့်ဘဲ ဖြေလိုက်သံက တိုးလျလျ။ ဘာဆိုတဲ့အသံနဲ့တူ ကွက်ခနဲ ပျက်သွားတဲ့မျက်နှာကို ဘာသဘောနဲ့ထဲဆိုတာ ဆန်းစစ်နေဖို့မလိုဘူးလေ။ လူတိုင်း ကိုယ့်အကြောင်းနဲ့ကိုယ်ရှိကြတာပဲဥစ္စာ။

"ဒီအချိန်ကျမှ အဲဒီကောင်က ဘာလာလုပ်တာလဲ"

"အဲဒါတော့ ကျွန်မ မသိဘူး ကိုရဲရင့်"

ကိုယ်နဲ့မဆိုင်ဘူးလို့ စိတ်ကို သံပတ်ပေးကြည့်ပေမယ့်မရ ထိုင်နေတော့ အကောင်းသား ထသွားမှကျိုးမှန်းသိ ဆိုသလို မျှော်ပျောက်ပျောက်နဲ့ မတွေ့ကြတုန်းကတော့ အကောင်းသားပေါ့။ အခုလာနေတိုင်း မြင်နေရသည့် ဒီမိန်းကလေးနှင့် ကိုယ့်နှလုံးသားသည် တစ်ချိန်က ငြိတွယ်ခဲ့ဖူးကြသည်ဆိုတော့။

"မိုး သူ့ကို သွားတွေ့စရာမလိုဘူး"





"ရှင်"

မိုးစက် ရဲရင့်ကို အံ့ဩသလို ခပ်ကြောင်ကြောင်ကြည့်လိုက်မိသည်။ မိုးစက်ပြောသမျှ ခေါင်းညိတ်နေတဲ့သူက အခု မိုးစက်ကို အမိန့်ပေးနေပါလား။

"ရှင် ကျွန်မကို အမိန့်ပေးနေတာလား"

"မိုး"

"ကျွန်မ ဘာပဲလုပ်လုပ် ရှင် တားပိုင်ခွင့်မရှိဘူး။ ကျွန်မ သွားမှဖြစ်မှာမို့လို့ သွားပါရစေ"

"ဒါဆို ကိုယ်ပါလိုက်ခဲ့မယ်"

"ကိုရဲရင့်"

အသံက မာဆတ်ဆတ်မို့ ရဲရင့် ဦးဆောင်သွားချင်သည့်ခြေလှမ်းတွေက မရှုပ်ရဲ။ အခုချိန်မှာ ကိုယ့်ဘဝက အညတြမို့။

"ရှင် နေခဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"မမိုး"

မိုးစက် ခြံတံခါးကိုဖွင့်လိုက်တာနှင့် ဆန်းသစ်ရဲ့ခေါ်သံက ဝမ်းသာအားရဟန်။

"မင်း ဘာလာလုပ်တာလဲ"

"ဘယ်လိုမေးလိုက်တာလဲ မမိုးရယ်။ မမိုးကို သတိရလို့ပေါ့"

"သတိရလို့"

"ဟုတ်ပါတယ်"

ခပ်ဟာဟာသာရှိနေတဲ့ တံခါးပေါက်ကနေ မိုးစက် ရှေ့မတိုး ဖြစ်။ သတိရရင် မနက်မှလာလည်းရသားပဲ။ သူ့အကြောင်းကို ပြော နေတုန်းမှာပဲ သူရောက်လာပြီး အခု ဒီစကားမျိုးပြောတယ်ဆိုတော့





ဒီကောင်လေး မိုးစက်အပေါ် မရိုးသားတော့ဘူးထင်ပါရဲ့။ ဟုတ်တယ်၊ ဆန်းသစ်ဘက်က ရိုးသားတယ်ဆိုရင် ဒီအချိန် ဒီကိုရောက်လာဖို့မှ လိုတာ။

စောစောကပဲ ကျောက်စက်ပြောသေးတယ်။ အချစ်နဲ့ ပတ်သက်ရင် လူတွေက မိုက်ရူးရဲဆန်တတ်ကြတယ်ဆိုတာလေ။ အခု ဆန်းသစ် ဒီကိုရောက်လာတာ မိုက်ရူးရဲဆန်ခြင်းတစ်မျိုးပါပဲ။ တစ်ယောက်တည်း ခုလို ဒီအချိန်မျိုးမှာလာတာ ဘယ်လောက် အန္တရာယ် များလိုက်ပါသလဲ။

"ဆန်းသစ်"

"ဗျာ"

"မင်း ခုလိုလာတာ ဘယ်လောက်အန္တရာယ်များလဲ၊ မင်း သိရဲ့လား"

"သိပါတယ်"

"သိရဲ့သားနဲ့ကွာ . . . ကျွတ်"

"မမိုး မလာစေချင် ကျွန်တော် နောက်မလာတော့ပါဘူး။ အခုက ရောက်လာပြီးပြီဆိုတော့"

"လာ အထဲဝင်"

ခုမှပဲ ဆန်းသစ်ဝင်သာအောင် တံခါးဖွင့်ပေးဖြစ်တော့၏။ နှင့် တွေ့တဲ့အတွက် ဆန်းသစ်ရင်ထဲမှာ ဘုရားပွဲလှည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပါ၊ ဆန်းသစ် မမိုးကိုသူ့တိရလွန်းလို့ မျက်နှာလေးမှ မမြင်လိုက်ရရင် ဒီည အိပ်ပျော်မှာမဟုတ်။ သင့်တော်ပါ့မလားလို့ တွေးပြီး နေ့တိုင်း လာလို့လည်းမဖြစ်။

ဒါကြောင့် –

စိတ်ကို ကိုယ့်ဘာသာ ဆောင်ခတ်ပြီး မလာဖြစ်တဲ့ရက်တွေမှာ ဖုန်းထဲက မမိုးပုံလေးကိုကြည့်ပြီး လွမ်းလိုက်တာ မပြောပါနဲ့တော့။

"ကဲ ပြော . . . မင်း ဘာကိစ္စနဲ့ ဒီအချိန်ကျမှလာရတာလဲ"

"မမိုးကို သတိရလို့ပါဆို"

"အဲဒါ မင်းရဲ့ reason လား"

"ပြောစရာလည်း ရှိတယ်"

"ဘာပြောမှာလဲ ပြော"

"ကျွန်တော်ပြောရင် မမိုး စိတ်ဆိုးမှာကြောက်လို့"

"မင်းစကားက ဘာစကားမို့လို့လဲ"

ဆန်းသစ်ရယ်ကာ ခေါင်းကိုလည်း ကုတ်လျက် –

"မပြောရဲပါဘူးဆို"

"ဒါဆို မပြောနဲ့တော့"

"အခု မပြောသေးတာနော်။ ပြောမှဖြစ်မယ့်စကားဆိုတော့ တစ်နေ့နေ့မှာတော့ ပြောမှကိုဖြစ်မှာ"

"ဆန်းသစ်"





"ဗျာ"

"မင်း မပြောလည်း ငါသိနေတယ် ဆန်းသစ်"

"ဗျာ"

"ပြောလိုက်မှ ရင်ထဲမှာ ပေါ့သွားမယ်ဆိုရင်တော့ ပြောပေါ့။ ဒါပေမဲ့ ငါ့ဆီက တုံ့ပြန်မှုကိုတော့ မင်း မျှော်လင့်လို့မရဘူး"

"မမိုး"

ဆန်းသစ် ပထမတော့ အံ့ဩပြီး နောက် မအံ့ဩတော့ပါဘူး။ မမိုးက အချစ်ဝတ္ထုတွေ ရေးနေတဲ့ စာရေးဆရာမပဲလေ။ အမွေးမြင် အပင်သိ ဖြစ်နေမှာပေါ့။ သူ့ရင်ထဲကို ဖောက်ထွင်းပြီး မြင်နေတယ် ဆိုရင် မြင်လက်စနဲ့ ဘာထူးတော့မှာလဲ။ ကိုယ့်ရင်ထဲက သိုလှောင်ထွေးတွေကို ဖွင့်ထုတ်လိုက်ရုံသာ။ မမိုးနဲ့ သူ့ရဲ့ခင်မင်မှု သက်တမ်းက လည်း ငါးလပင် ကျော်ခဲ့ပြီလေ။

ဒီတော့ –

ကိုယ်က ချမြင်ချစ် စာရင်းထဲမှာမှ မပါဘဲ၊ လူကိုမမြင်ဖူး မတွေ့ဖူးခင်ကတည်းက စိတ်က မသိမသာ သူ့စာသားတွေအပေါ်မှာ ချစ်ခင်တွယ်တာပြီးသားလေ။

"မမိုး ကျွန်တော့်ကို ဘာလို့ မျှော်လင့်ချက်မပေးနိုင်တာလဲ"

မဖြေဘဲနဲ့ လှည့်ထွက်သွားတော့ ဆန်းသစ် နောက်ကနေ ဆက်ကြပ်မကွာ လိုက်လာခဲ့၏။ မိုးစက်က အိမ်ထဲကို ပြန်ဝင်တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ ဒန်းလေးပေါ်မှာ သွားထိုင်လေတော့ ဆန်းသစ်လည်း အတူတူ။

“မိုး ကျွန်တော်မေးတာကို ဖြေဦးလေ”

“မင်းနဲ့ငါက ဘယ်လိုမှမဖြစ်နိုင်ဘူး ဆန်းသစ်”

“အဆင့်အတန်းချင်းမတူမှန်းကိုတော့ ကျွန်တော် သိပါတယ်။ ဒါပေမဲ့ မိုးကိုမီအောင် ကျွန်တော်ကြိုးစားမယ်။ အဲဒီလောက်တော့ ကျွန်တော့်ကို အခွင့်အရေးပေးပါ”

“ငါ မင်းကို အဆင့်အတန်းခွဲခြင်းနဲ့ သတ်မှတ်ချက်ပေးနေတာ မဟုတ်ဘူး။ အချစ်ဆိုတာ ပေးပြီး ပြန်တောင်းလို့ရတဲ့အရာ မဟုတ်ဘူးဆိုတာ မင်းသိပါတယ်”

“ကျွန်တော်ကတော့ မိုးကို ပေးမယ်။ ကျွန်တော် မိုးကို ချစ်တာ ဘာတပ်မက်မှုနဲ့မှ မဟုတ်ဘူးဆိုတာကိုတော့ မိုးသိထားပေးပါ”

“မရူးချင်စမ်းပါနဲ့ ဆန်းသစ်ရယ်။ မင်း မိုးထက်သာတဲ့ မိန်းကလေး ရွယ်တူတွေကို ရနိုင်ပါတယ်။ တို့လို အဘွားကြီးကို မင်း ခေါက်ထားလိုက်စမ်းပါ”

“ဟင်”

“ဖြစ်နိုင်ရင် မင်း မိုးကို မေ့လိုက်တာအကောင်းဆုံးပဲ”

“မမေ့နိုင်ဘူး မိုး”





“ဆန်းသစ်”

“မိုးကို မေ့ပစ်ဖို့ကလွဲရင် ကျွန်တော့်ဘဝမှာ အားလုံးဖြစ်နိုင်ရမယ်”

“မင်းနဲ့ငါက”

“ကျွန်တော် သိတယ်”

ဆန်းသစ် သိလိုက်ပြီလေ။ မင်းနဲ့ရွယ်တူမိန်းကလေးကို ရနိုင်ပါတယ် ဆိုကတည်းက မိုး ခွဲခြားလိုက်တာ အသက်အရွယ်ကြောင့်ပဲပေါ့။ အချစ်ကို ဒီလိုမျိုး ကန့်သတ်ခွဲခြားလို့ရသလား။ အချစ်နဲ့ စစ်မှာ မတရားတာ မရှိဘူးလို့ သတ်မှတ်ထားသလို မသင့်တော်စရာ မရှိဘူးလို့လည်း လက်ခံပေးနိုင်ရမှာပေါ့။ မီးလောင်တာကို ရေနဲ့ငြိမ်း သတ်လို့ရတယ်။ အချစ်မီးကို ဘယ်ရေနဲ့ ငြိမ်းသတ်မလဲ။

“မိုးရဲ့ အယူအဆတွေက မဟုတ်သေးပါဘူးဗျာ”

“ဘာ”

“ယောကျ်ားနဲ့မိန်းမ အရွယ်မတူရင် မချစ်ရ၊ လက်မထပ်ရလို့ ဘယ်ဥပဒေပုဒ်မ ဘယ်စည်းကမ်း ဘယ်ကျင့်ဝတ်တွေက တားမြစ်ထားလို့လဲ”

တားမြစ်ထားတာတွေ မရှိပေမယ့် မသင့်တော်တာကို ကိုယ့်ဘာသာ ဆင်ခြင်ရမှာ မဟုတ်ဘူးလား။

“အခု မင်းအသက် ဘယ်လောက်ရှိပြီလဲ”



www.burmeseclassic.com

www.burmeseclassic.com



"သုံးဆယ်"

"ဘာ"

ဆတ်ခနဲလှည့်ကြည့်လိုက်တော့ ဆန်းသစ်မျက်နှာက မရှိမချည်။

"မမိုး မင်းကို အကောင်းမေးနေတာနော် ဆန်းသစ်"

"ကိုယ့်မိဘကလွဲရင် အခြားသူတွေအတွက် ကိုယ့်အသက်ကို တိုးလို့ ဆုတ်လို့ရတယ်ဆိုတာ မမိုးသိအောင်ပြောပြတာ"

"အမှန်တရားကို မင်းလက်ခံစမ်းပါ"

"လက်မခံနိုင်တာက မမိုးကို ချစ်လို့လေ"

"ကျွတ်"

"အသက်အရမ်းကွာနေလို့ မမိုး ကျွန်တော့်အချစ်ကို လက်မခံနိုင်ဘူးဆိုရင် ကျွန်တော့်ဘက်က တိုး၊ မမိုးဘက်က ဆုတ် ပြောလို့ရတာယ်လေ"

"မင်း ကလေးအတွေးတွေ လျှောက်တွေးမနေနဲ့ ဆန်းသစ်၊ မင်းအသက်ကို မှန်မှန်ပြောစမ်း"

"မကျေနပ်ရင် လူကို သတ်သွား၊ အသက်ကိုတော့ တစ်မိနစ်ကလေးတောင် ၃၀ ကနေ လျှော့မပေးနိုင်ဘူး"

"ခက်ပါလား ဆန်းသစ်ရယ်"

မိုးစက် သူ့ရဲ့ခစ်မင်မှုဆိုတာတွေကို လက်ခံခဲ့တာ များပြီလား





အစကတော့ ကိုယ့်အိမ်ကို တစ်ခေါက်နှစ်ခေါက်လာရုံပဲ ပြီးသွားမယ် ထင်တာ။ နောက် ထင်သလိုမဟုတ်ဘဲ အဝင်အထွက်များလာတော့ လည်း မောင်လေးတစ်ယောက်လို ကိုယ့်သံယောဇဉ်က တုံ့ပြန်ခဲ့သည်။

အခု –

တစ်ဆင့်ခုန်တက်လာပြန်ပြီဆိုတော့ မိုးစက် ဘာလုပ်ရမလဲ။ တော်ပက်စက်စက်လည်း ပြောမထွက်ရက်။ သံယောဇဉ်ဆိုတဲ့ သံယောဇဉ်ရယ်၊ နွယ်တစ်ပင် မြက်တစ်ပင်လို လွယ်လွယ်နဲ့ဖြတ်လို့ရရင် အကောင်းသား။

နင် ဘာဖြစ်နေတာလဲ မိုးစက်။

နင် ဘာလို့ ဒီကောင်လေးအပေါ်မှာ မရက်စက်နိုင်တာလဲ။ ရက်စက်နိုင်ရမယ်။ နင် ရက်စက်နိုင်ရမယ်။ သူ့အချစ်တွေကို တုံ့ပြန်ဖို့ဆိုတာ ဖြစ်မှမဖြစ်နိုင်တာ။ ဒီကောင်လေးက ကိုယ့်ထက် အသက် အများကြီးငယ်တာကို ဘာလို့ စဉ်းစားပေးရမှာလဲ။

မိုးစက် ခေါင်းကို ဆတ်ခနဲပြန်မော့လိုက်၏။

"မမိုး"

ကိုယ် ဘာမှမပြောခင်ဘဲ သူက တစ်ခုခုပြောဖို့ ပါးစပ်ပြင် လိုက်တာကြောင့် မိုးစက်မပြောဖြစ်။

"အသက်အရွယ် ကွာခြားမှုတစ်ခုနဲ့တော့ ကျွန်တော့်အချစ် ကို ဥပေက္ခာမပြုလိုက်ပါနဲ့ဗျာ။ ဒီလိုအဖြစ်မျိုးတွေ နတ်သျှင်နောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဓာတုကလျာကစပြီး ရှိခဲ့တာ ဒုန့်ဒေးပါပဲ"

"အဲဒါမျှမကလို့ မင်းက ငါ့သားအရွယ်လောက်"

"မမိုး"

သူအော်လိုက်တာကြောင့် မိုးစက် အသံက တိခနဲပြတ်ကျသွားလေ၏။

"ဒီအကြောင်းပြချက်က မခိုင်လုံဘူး မမိုး။ ကျွန်တော်တတစ်ခုခုကို နှစ်သက်လာပြီဆိုရင် ဘယ်အရာနဲ့မှ အစားထိုးမရအောင်စွဲလန်းတတ်လွန်းလို့ ခုလို ရင်ဖွင့်ပြနေတာဗျ။ ကျွန်တော့်ကို မျှော်လင့်ခွင့်လေးတော့ပေးပါ။ ကျွန်တော် မမိုးကို မျှော်လင့်ပါရစေ"

"မမျှော်လင့်နဲ့။ မင်းပြန်တော့ ဆန်းသစ်။ နောက်ကိုလည်း မင်း ဘယ်တော့မှ ဒီအိမ်ကို မလာနဲ့တော့။ မင်းနဲ့ငါ ဘာမှ ပတ်သက်စရာအကြောင်း မရှိတော့ဘူး"

"မမိုး မဟုတ်သေးပါဘူးဗျာ။ ကျွန်တော် မကြမ်းချင်ဘူးနော် မမိုး"

"ငါ့ဘက်က ပြတ်ပြတ်သားသား ပြောတာကို မင်း လက်မခံဘူးဆိုရင် မင်းအကြောင်းနဲ့ မင်းပဲ"

"မမိုး"

မိုးစက် ထရပ်လိုက်တော့ ဆန်းသစ်ပါ ထရပ်ပြီး ပခုံးကို ဆုပ်ကိုင်လိုက်လေလျှင် –





"မင်း ဘာလုပ်တာလဲ ဖယ်စမ်း"

"မမိုး ကျွန်တော့်ကို အဲဒီလို မထားခဲ့နဲ့လေ"

"ဒါဆို ဘယ်လိုထားခဲ့ရမှာလဲ"

"မမိုး အချစ်ကို ကျွန်တော်ရမှဖြစ်မယ်"

"ကဲ"

လက်တစ်ဖက်က ရိုပ်ခနဲမြောက်တက်သွားပြီး –

"ဖြန်း"

မိုးစက် သူ့ပါးပြင်ကိုရိုက်ချပြီးတာနှင့် ပြေးထွက်လာခဲ့တော့သည်။ ဘယ်လိုမှ မဖြစ်နိုင်တဲ့အတွက် ခွင့်လွှတ်ပါ ဆန်းသစ်ရယ်။ မင်းအပေါ်မှာ ငါ သံယောဇဉ်ရှိပါတယ်။ ဒါပေမဲ့ ငါ့အနေနဲ့က ပတ်ဝန်းကျင်ကို ဂရုစိုက်ရမယ်။ ငါ မင်းကို ပြန်ချစ်လို့မဖြစ်ဘူး။ ကိုယ့်ထက် အရမ်းငယ်တဲ့ကောင်လေးကို လက်ခံရလောက်တဲ့အထိ ငါမမိုက်မဲပါရစေနဲ့။

ဟိုးလွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ချစ်ခဲ့ဖူးပါတယ်။ သူ ချန်ထားခဲ့လို့ ကျန်ရစ်ခဲ့ရသည့်တိုင် အခု ကိုယ်က ပါးရိုက်ပြီး ထားခဲ့ရတာလောက် မနာကျင်မခံစားရဘူး ထင်ပါ၏။ ပြီးခဲ့တဲ့အဖြစ်ကပဲ ကြာလို့အေးစက်ပြီး အခု အဖြစ်က ပူပူနွေးနွေးမို့ ခံစားမှုပိုသလားတော့မသိ။ ရင်ထဲမှာ ငိုချင်စိတ်ကို ထိန်းထားပေမယ့် မရ။

"မိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကိုယ့်ရှေ့မှာ ကားဆီး၍ ရပ်လာသူကို မော့ကြည့်လိုက်တော့ ရဲရင့်။

"ကိုရဲရင့်"

"ဘာဖြစ်လာတာလဲ"

"ဟင့်အင်း . . . ဘာမှမဖြစ်ပါဘူး"

"ကိုယ့်ကိုမညာပါနဲ့ မိုးရယ်၊ ကိုယ်သိပါတယ်"

"ကိုရဲရင့်က ဘာကိုသိတာလဲ"

"မင်းနဲ့ဆန်းသစ်အကြောင်းပေါ့"

မိုးစက် စိတ်မလုံစွာ မျက်လွှာချပစ်လိုက်၏။ သူ မိုးစက်ကို အမြဲတမ်း မျက်လုံးဒေါက်ထောက်ကြည့်နေတာလား။ ဆန်းသစ်နဲ့ကိစ္စ သူ သိနေတယ်ဆိုတော့ ဘာပြောဦးမှာလဲ။

"မိုး"

"ကျွန်မ သွားတော့မယ်"

"နေဦး"

"ဟင်"

ထွက်သွားတော့မယ်လုပ်တဲ့ မိုးလက်ကို ရဲရင့် ဖမ်းဆုပ်ထား လိုက်မိ၏။ မိုးက သူ့လက်ကို ခါချကာ–

"ရှင် ဘာလုပ်တာလဲ"





"မိုးကို ကိုယ်ပြောစရာရှိတယ်"

"ပြောစရာရှိရင် နောက်မှပြောပါ။ အခုတော့ ကျွန်မ သွား ပါရစေ"

"မိုး"

"———"

"မိုး"

မိုးစက်က သူ့ကို လုံးဝလှည့်မကြည့်တော့ဘဲ လှည့်ထွက် သွားလေတော့ ရဲရင့်သာ ကျန်ရစ်ခဲ့ရသူ။ ဟိုတုန်းက ကိုယ်က ချန်ရစ် ခဲ့သူဖြစ်ပြီး အခု ကျန်ရစ်ခဲ့သူဖြစ်တော့မှာလား။

မိုးရယ် . . .

ချန်ထားခဲ့ရတုန်းက အကြောင်းကြောင်းတွေနဲ့မို့ မင်းကို ကိုယ်မေ့လို့မရခဲ့ဘူးဆိုတာ ယုံပေးပါ။ ကိုယ် အခု မင်းကို ထပ်ပြီး ဆုံးရှုံးခံရမှာကြောက်နေမိတယ် မိုး။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၉)

မိုးစက် အိပ်ရာထဲမှာ လှဲနေသည့်တိုင် အိပ်လို့မပျော်။ ဆန်းသစ် အကြောင်းကိုတွေးလိုက် ရဲရင့်အကြောင်းကိုတွေးလိုက်နှင့် အာရုံထဲမှာ ရှုပ်ယှက်ခတ်နေ၏။

ကိုရဲရင့် . . . ။

သူ ဒီရက်ပိုင်းမှာ ဂနာမငြိမ်နဲ့ ဘာတွေဖြစ်နေတာလဲ။ သူ မိုးစက်ကိုကြည့်တဲ့ အကြည့်တွေက ဟိုးလွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က လို။ သည်းခံခဲ့ပေမယ့် ကိုယ့်အသည်းက မနာတတ်ခဲ့တာမှ မဟုတ်တာ။

သူ့အမေနဲ့ သူ့အစ်မကြောင့် သူနဲ့မိုးစက် ဝေးခဲ့ကြတာလေ။ သူကိုယ်တိုင်ကလည်း မလွန်ဆန်နိုင်အောင် ပျော့ညံ့ခဲ့လို့ပဲပေါ့။



"ဒီလို မိန်းမမျိုးကို မင်းယူပြီး ဘယ်နေရာမှာ အသုံးချမှာလဲ ရဲရင့်။ ရုပ်လည်း မရှိ၊ နှုတ်လည်း မရှိနဲ့။ ဒီကြားထဲ လက်ကြောက မတင်း ဘယ်နေရာမှ အသုံးမကျတဲ့ကောင်မကို မင်းယူလို့ကတော့ အပြတ်ပဲဟေ့၊ အပြတ်ပဲသိလား"

"ဟုတ်တယ် မောင်လေး။ အဲဒီကောင်မလေးက ကဗျာယောင်ယောင် စာယောင်ယောင်နဲ့ စာရူးပေရူး ရူးနေတာ။ သူ့ကိုယူလို့ကတော့ မင်း နွားလို ပန်းကျွတ်တက်အောင်ရုန်းပြီး ရှာကျွေးရမှာ နားလည်လား"

"မမကလည်းဗျာ . . . မိုးက မမတို့ပြောသလောက် မဟုတ်ပါဘူးဗျ။ သူ့နိုင်တဲ့ဝန်ကိုထမ်းပြီး ရိုးရိုးသားသား ရှာဖွေစားသောက်နေတာပဲဟာ"

"အဲဒါလည်း အငယ်မက ဦးဆောင်ပြီးလုပ်နေတာပါဟယ်။ သူကတော့ မဖြစ်နိုင်တာကို လှမ်းပြီး စိတ်ကူးနဲ့ ရူးနေတဲ့ကောင်မ"

ထိုသို့ပြောခဲ့သောစကားတွေကို မိုးစက် ဘယ်တော့မှမမေ့။ ခုတော့ သံသရာတစ်ပတ်လည်လာပြီထင်ပါရဲ့။ အဲဒီ အသုံးမကျတဲ့ မိန်းမက အခု ဘယ်ဘဝရောက်နေတယ်ဆိုတာ ပြောတဲ့သူတွေကို မြင်စေချင်လိုက်တာ။

အတိတ်ကအကြောင်းတွေကို သတိရလိုက်တာနှင့် အေးမှ မျက်နှာကို ဖျတ်ခနဲ ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဪ ... မေမေရယ်။

မိုးစက် စာကြည့်စားပွဲပေါ်က မေမေ့ဓာတ်ပုံလေးကိုယူပြီး ရင်ခွင်ထဲမှာ ပိုက်ထားကာ စိတ်က အတိတ်ဆီသို့ ဦးတည်လျက်။

✺



## အခန်း (၂၀)

♫ နှင်း xxx+ ငွေရောင်ဖြူလွှတူစွ သဏ္ဌာန်ပေ။ ငွေရည်မှုလဲ့နတို့ စုကာဖျန်းလို့ လန်းဆန်းစိုပြေ xxx နှင်းတွေဝေကျဆောင်းဟေမာန်ကပြောင်း xxx နှောင်းပြန်တော့လေ xxx ဟောင်းရွက်ကြွေမြေမှာခ ကြွေကာကျတဲ့ အခါသမယမှာပဲလေ xxx ဪ xxx နွေဦးရောက်ပြီ နှင်းလည်း ပျောက်ပြီလေ xxx

ချစ်တဲ့သူနှင်းရေ xxx ရင်တွင်းမှာလေ စွဲရည်နှောင်ဖွဲ့ပါလို့မျှော်လေတဲ့ လွမ်းဘွဲ့ကိုပေ xxx ကြည်ဖြူမျှတ ဪ ကြည်ဖြူရမှနှင်းကမပေါ်လာတော့ပေ xxx

ဟင် xxx တကယ်တမ်းစမ်းစစ်တော့ xxx အိမ်မက်ပေလားဆောင်းနှင်းလေလား xxx စိတ်မှာတွေပြား မခွဲခြားနိုင်ခဲ့ ကြင်ဖော်မယ်



www.burmeseclassic.com

www.burmeseclassic.com



ကင်းတယ်လေ ××× နှင်း နှင်းပျောက်တဲ့နွေဦးရောက်ပြီလေ ♬

မေမေက ညီမလေးကို ခေါင်းလေးပွတ်ရင်း သီချင်းဆိုသိပ်နေချိန်မှာ မိုးစက်ကလည်း မေမေ့နောက်ကျောကနေ မေမေ့ခါးကို ဖက်လို့ မေမေ့သီချင်းသံကို နားထောင်နေမိသည်။ မေမေက ဒီသီချင်းကို အဆွဲအငင် အတင်အချ ပိုင်ပိုင်နိုင်နိုင် ရသူမို့ နားထောင်၍ ကောင်းနေတာပါ။

အိပ်ရာထဲမှာ မေမေက ညီမလေးဘက်ကိုလှည့်အိပ်ပြီး ဆိုနေတာမို့ ဒီသီချင်းကို သဘောကျလို့ မိုးစက် ပြုံးနေတာကို မြင်မှာ မဟုတ်ပေ။

♬ နှင်းမှုံရည် ပုလဲငွေဥသဏ္ဌာန်တွေ ××× မေ့ရင်ထဲ စွဲလမ်းမျှော်မှန်း ရမ်းရော်နေဆဲမှာပဲ ရာသီချိန်နှောင်း ပြောင်းခဲ့ပေါ့လေ ××× လေရူးဆော်တာ နောက်ချေတော့ ပျောက်လေပေါ့ နှင်းရေ××း

နှင်းရေ ××× ကြည်ကြည်ဖြူဖြူပါလေ ××× ငွေနှင်းမှုံတွေ ခင်း ဒီနှင်းနဲ့ပဲလေ ××× ပျော်ပွဲဆင်လို့လေ ××× ဘယ်ဝယ် ဘယ်လမ်းကို ဖြင့် မြန်းသလေ အလွမ်းမပြေ ××× တမ်းတမျှော်ရင်း ××× နှင်း နှင်း ပျောက်တဲ့နွေ ♬

သီချင်းသံဆုံးပြီးနောက် မေမေက ညီမလေးကိုရော မိုးစက်ကိုရော အိပ်ပြီထင်၍ စောင်ခြုံပေးလေရာ –

"မေမေ"





"ဟင် . . . အိပ်ပြီးမှတ်လို့ မအိပ်သေးဘူးလား"

"မအိပ်သေးပါဘူး။ မေမေ သီချင်းဆိုတာ နားထောင်ကောင်းလို့ ငြိမ်ပြီးနားထောင်နေတာ။ အဲဒီသီချင်းကို သမီး အရမ်းကြိုက်တာပဲ။ နောက်တစ်ခါလောက် မေမေ ထပ်ဆိုပြပါလားဟင်"

"အခုမှဆိုပြီးလို့ နားထောင်ပြီးသားကိုကွယ်"

"သမီးကြိုက်လို့ပါ မေမေရဲ့"

"ဟုတ်တယ် . . . မီးငယ်လည်း ကြိုက်တယ် မေမေပြန်ဆိုပြ"

"ဟယ် . . . သမီးငယ်လည်း မအိပ်သေးဘူး ဟုတ်လား"

"မီးငယ်လည်း မလိုပေါ့။ မေမေသီချင်းဆိုတာ နားထောင်ကောင်းလို့ ငြိမ်ပြီးနားထောင်နေတာ မေမေရဲ့"

"ကြည့်စမ်း . . . ကြည့်စမ်း။ ညီအစ်မနှစ်ယောက် အတိုင်အဖောက်ညီနေတယ်ပေါ့လေ ဟုတ်လား"

"တကယ်ကြိုက်လို့ပါ မေမေရဲ့။ ပြန်ဆိုပြပါဆို"

"ကဲ . . . ဆိုပြမယ် နားထောင်နော်"

"ဟုတ်ကဲ့"

ညီအစ်မနှစ်ယောက် ပြိုင်တူပြောပြီးချိန်မှာပဲ မေမေက နှင်းပျောက်တဲ့နွေ သီချင်းလေးကို နောက်တစ်ခါထပ်ဆိုပြလေသည်။ အဲဒီအချိန်က မိုးစက်တို့ဘဝလေးက နွေးချမ်းခဲ့၏။ မချမ်းသာပေမယ့်



www.burmeseclassic.com

ပြည့်စုံတဲ့ဘဝမှာ သောကဆိုတာ လောက,က ဆေးခြယ်လိုက်တဲ့ ပန်းချီကားတစ်ချပ်လား။

ဒုက္ခဆိုတာလည်း သမုဒ္ဒရာလို ရှေးကြုတ်ထဲမှာထည့်ပြီး အာခံတွင်းထဲမှာ ငုံထားလို့ ရသလားလို့ မေးရလောက်အောင် လောက ရဲ့ အတိမ်အနက် အစောင်းတွေကို မိုးစက်တို့ တကယ်မသိခဲ့။ အမေ နဲ့ သမီးကြားမှာလည်း ပွင့်လင်းမှု၊ နားလည်မှုတွေနှင့်သာ။

“ဘယ်ကောင်လေးကပဲ ရည်းစားစာပေးပေး ရည်းစားစကား ပြောပြော မေမေ့ကို ပြန်ပြောပြနော် သမီး။ သမီးမျက်စိတစ်ခုတည်း ကြည့်ပြီး ခရီးသွားတာနဲ့ မိဘမျက်စိပါ ပေါင်းပြီး ခရီးသွားတော မတူဘူးပေါ့ကွယ်။ မိဘဆိုတာ သားသမီးကို ချောက်တွန်းရိုးထုံးစံ မရှိဘူးလေ။ ဆင်စီးပြီး မြင်းရံတာပဲ မြင်ချင်ကြတာသမီးရဲ့”

“ဟုတ်ကဲ့ . . . သမီး နားလည်ပါတယ် မေမေ”

မိုးစက်က မေမေမှာထားသလိုပဲ ကောင်လေးတွေ စာလိုက် ပေးရင် အဲဒီစာကို မေမေ့လက်ထဲသို့အပ်သည်။ ရည်းစားစကားပြော ရင်လည်း မေမေ့ကို ပြန်ပြောပြခဲ့၏။ ရဲရင့်အလှည့်မှာတော့ –

“ဟိုကောင်လေးအိမ်ကို အလင်အထွက်များနေတာ သမီးတို့ မိုးမှ ရိုးကြရဲ့လား။ မေမေ့ကို မှန်မှန်ပြောစမ်းသမီး။ သူနဲ့သမီးက ဘယ်လိုလဲ”

“ဟုတ်ပါတယ် မေမေ၊ ဟိုလေ သူက သမီးကို ရည်းစား





ပေးတယ်။ သမီးလည်း မေမေ့ကို ပေးမလို့ပါပဲ။ ပြီးတော့ သမီးရဲ့ ဓာတ်ပုံတစ်ပုံလောက်ပေးပါတဲ့။ အဲဒါ . . . သမီး ဘယ်လိုလုပ်ရမလဲ မေမေ”

မေမေ တွေခနဲဖြစ်သွားပြီး အတန်ကြာစဉ်းစားနေပြီးမှ –

“သမီးကရော”

“ဟင် . . . ဘာလဲ မေမေ”

“သူ့ကိုစိတ်ဝင်စားသလားလို့ မေးတာ”

“တစ်မျိုးတော့ တစ်မျိုးပဲ မေမေရဲ့”

“ဘယ်လိုတစ်မျိုးလဲ”

“သူက အရင်လူတွေနဲ့ မတူတာတော့ အမှန်ပဲ မေမေ။ ဖွဲ့ ကောင်းတယ်။ ပြီးတော့ သမီးစိတ်ထဲမှာ သူ့ကို ပက်ပက်စက်စက်ကြီး ပြောရက်သလိုပဲ”

မိုးစက်ကလည်း အဲဒီလိုပွင့်ပွင့်လင်းလင်း ဝန်ခံရဲသူ။ ဝန်ခံရဲ ဆို မေမေက နားလည်မှုရှိတဲ့အမေပဲလေ။ သူများတွေလို ဆူတာ ဟန့်တာတွေ မလုပ်တဲ့ လေသံအေးနှင့် အကျိုးသင့်အကြောင်းသင့် ပြောပြဆုံးမတတ်သူဆိုတော့ ရင်ဖွင့်ရဲတာပေါ့။

မိုးစက်စကားကြောင့် မေမေက သက်ပြင်းချလိုက်ပြီး–

“ကောင်လေးက မဆိုးတော့ မဆိုးပါဘူး။ ဒါပေမဲ့ သမီးက ဆယ်တန်းဖြေထားတုန်းပဲ ရှိသေးတာမို့လား။ သူ့ကိုပြောလိုက် သမီး



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းအောင်ပြီး တက္ကသိုလ်တွေ ဘာတွေရောက်မှ အဖြေပေးမယ်လို့။ သူ သမီးကိုတကယ်ချစ်ရင် စောင့်နိုင်ရမှာပေါ့။ ဒီကြားထဲ မစောင့်နိုင်လို့ အခြားမိန်းကလေးကို ကြိုက်သွားတော့လည်း သွားပေါ့"

"ဟုတ်ကဲ့ပါ မေမေ"

"သမီး"

"ရှင်"

"မေမေက သမီး ရှေ့ရေးအတွက် ပညာရေးကို ထိခိုက်မှာစိုးလို့ပြောနေတာနော်"

"သမီးနားလည်ပါတယ် မေမေ။ ဪ ဒါနဲ့ သမီးဆွဲထားတဲ့ ပုံလေးတွေ မေမေ့ကို ပြရဦးမယ်။ သမီးကဖြစ်နိုင်ရင် ပန်းချီသင်တန်းတောင် တက်ချင်တာ မေမေရဲ့"

ပြောရင်း မိုးစက် ပုံဆွဲထားတဲ့စာအုပ်ကလေးကို သွားယူပြီး မေမေ့ကိုပြလိုက်သည်။ မေမေက ပုံလေးတွေကိုကြည့်ပြီး အံ့ဩမျက်နှာနှင့် –

"သမီးဆွဲထားတဲ့ပုံလေးတွေက လက်ရာမြောက်လိုက်တာ၊ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်တဲ့။ လုပ်မယ်ဆိုရင်လည်း ဖြစ်ဖြစ်မြောက်မြောက်နဲ့ ထွန်းပေါက်အောင် ကြိုးစားပေါ့။ မေမေတို့က သမီးကို ပညာအမွေပဲ ပေးနိုင်မှာ။ ပစ္စည်းဥစ္စာဆိုတာ သခါရပဲ၊ မတည်မြဲဘူး သမီးရဲ့။ သမီး ပညာတတ်ဖြစ်ဖို့အတွက် မေမေတို့





ထမင်းကို ဆားနဲ့ပဲ နယ်စားရ နယ်စားရပါ သမီးရယ်"

"စိတ်ချပါ မေမေ သမီး မေမေ့စကားကို နားထောင်မှာပါ"

"အေး အေး ... မေမေ့သမီးက လိုချင်တာမဝယ်ရလို့ စိတ်ကောက်တာကလွဲရင် လိမ္မာပြီးသားပါ"

"မေမေကလဲ"

မိုးစက် ရှက်ပြုံးပြုံးလိုက်မိသည်။ ငယ်ငယ်က စကားနည်းပြီး ရယ်မပြုံးတတ်ခဲ့သော မိုးစက်သည် သူငယ်ချင်းတွေ တိုက်တွန်းမှုကြောင့် တစ်ကြောင်း၊ အချစ်က လူကို ဟာသလုပ်နေခြင်းကြောင့် တစ်ကြောင်း ရယ်တတ် ပြုံးတတ်ခဲ့ပါပြီ။

ဒီအရွယ်က သစ်ရွက်လှုပ်ရင်တောင် ရယ်ချင်တယ်တဲ့။ ပြီးတော့ သူငယ်ချင်းတွေက –

"သူများတွေ ရယ်နေတာ နင်က ဘာလို့မရယ်တာလဲ မိုးစက်ရဲ့၊ လူဆိုတာ အမြဲတမ်း ပြုံးနေမှ မျက်နှာလေးက ကျက်သရေရှိပြီး လူချစ်လူခင် ပေါများတာလေ။ အမြဲတမ်း တည်နေတဲ့ မျက်နှာကို အထာကြီးတယ်ဆိုပြီး ဘယ်သူက ခင်ချင်မှာလဲ" တဲ့၊ ဒါကြောင့်သာ ပြောင်းလဲပြုံးပြင်ပြီးသည့်နောက် လူချစ်လူခင်ပေါများတယ်ဆိုတာ သိကယ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"သုံးနှစ်တောင် ဟုတ်လား"

"အင်း . . . ဟုတ်တယ်လေ"

"သုံးနှစ်ဆိုတော့ မများလွန်းဘူးလား မိုးရယ်။ မိန်းကလေး တစ်ယောက်ဆီက အချစ်ကိုရဖို့ သုံးနှစ်သုံးမိုး စောင့်ရတဲ့ ခေတ်က ကုန်သွားပြီ မိုးရဲ့"

"မသိဘူး . . . ကိုရဲ စောင့်နိုင်ရင်စောင့်၊ မစောင့်နိုင်ရင်လည်း အခြားတစ်ယောက်ကို ပြောင်းကြိုက်ဖို့ပဲ စဉ်းစား"

"ကျွတ်"

ရှုံ့မဲ့မဲ့ဖြစ်သွားတဲ့ ရဲရင့်ကိုကြည့်ပြီး မိုးစက် ရယ်ချင်သွားသည်။ ကြည့်ပါဦး . . . ခေါင်းမှာ ခရေပန်းကုံးကို ခွေတင်ထားပြီး





လက်ထဲမှာ ရေဖလားကို ကိုင်ထားပုံက ရယ်ချင်စရာလေး။ သင်္ကြန်တွင်း မိတောက်ပန်း ခူးမလာဘဲ ခေါင်းပေါ်တင်ထားတာက ခရေပန်းဖြစ်နေ တော့ –

"ယောက်ျားကြီးတန်မဲ့ ပန်းပန်ထားတာ မရှက်ဘူးလား"

"အင်"

သူက သူ့ခေါင်းပေါ်က ပန်းကုံးကို လက်နှင့်ပြန်စမ်းကြည့်ပြီး မှ –

"အဲဒါ မိုးအတွက် ဝယ်လာတာလေ။ ဒီရောက်တော့ အဖြေ ရဖို့ သုံးနှစ်စောင့်ရမယ်ဆိုတာနဲ့ မေ့သွားတာ။ လာ ကိုယ်ပန်ပေးမယ်"

"ဟင့်အင်း"

"ပြောရင် ပြောစကားနားထောင်"

ပြောပြီး မိုးစက်ခေါင်းမှာ သူကိုယ်တိုင် ခရေကုံးလေးကို ပန်ပေးတော့ မိုးစက် ငြိမ်နေလိုက်ရသည်။ ခရေကုံးလေးပန်ပြီးမှ–

"သုံးနှစ်ကတော့ များလွန်းပါတယ် မိုးရယ်။ နည်းနည်းတော့ လျှော့ဦးကွာ။ လက်ထပ်ဖို့ သုံးနှစ်စောင့်ရမယ်ဆိုတာမှ ဖြေသာသေး တယ်။ အခုက အဖြေရဖို့ သုံးနှစ်စောင့်ရမယ်ဆိုတော့ လွန်လွန်းတာ ပေါ့။ ကိုယ့်ကို မသနားဘူးလား"

"မသနားပါဘူး"

"မိုး"



www.burmeseclassic.com

www.burmeseclassic.com



"လက်မပါနဲ့နော်"

"ဩော် ... လက်ပါမှအငြိုက်တဲ့လူ ဖြစ်မှာပေါ့။ ကဲ ... ပြော ကွာ"

"ဘာပြောရမှာလဲ"

"သုံးနှစ်ကြီးတော့ များပါတယ်ဆို"

မိုးစက် သူ့ကို ရဲရဲမကြည့်ရဲတော့သဖြင့် ခေါင်းငုံ့ချလိုက်၏။ မိုးစက်လည်း သူ့ကို သုံးနှစ်ကြီး ဘယ်စောင့်နိုင်းချင်ပါ့မလဲ။ မေမေ ပြောသလို ပြောရပေမယ့် သူ မိုးစက်ကို စိတ်ပျက်သွားမှာတော့ စိုးရိမ်မိသည်လေ။

မိုးစက်က မိဘမသိအောင် ထင်ရာစိုင်းတတ်တဲ့မိန်းကလေး မဟုတ်တော့ အခက်သား။ ခုမှပြောတဲ့အတိုင်း စောင့်နိုင်းရခက်၊ မစောင့်နိုင်းရခက်နဲ့ ကိုယ့်စိတ်ကို ကိုယ်မနိုင်ချင်တော့ပေ။ ရင်ခုန်သံ တွေရဲ့အမိန့်ကို နာခံချင်စိတ်ပေါက်သွားလိုက် မေမေ့မျက်နှာကို မြင် ယောင်လိုက်နှင့် ဆုံးဖြတ်ဖို့ရာ ပိုးတဝါး ဖြစ်နေ၏။

"မိုး"

"ဟင်"

"သူတက်ကိုယ့်ဘက် မျှမျှတတဖြစ်အောင်တော့ စဉ်းစားပေး ပါကွာ နော်"

"အင်း ... ဒါဆို နှစ်နှစ်စောင့်လေ"





"ဟာ ... များသေးတာပေါ့"

"ဒါဆို ကြားချပြီး သတ်မှတ်မယ် တစ်နှစ်ခွဲစောင့်"

"မရဘူး ... တစ်ပတ်ပဲစောင့်မယ်"

"မဖြစ်ဘူး ကိုရဲရဲ။ တစ်နှစ်ခွဲမှမစောင့်ရင်လည်း ကိုရဲ မိုးကို ချစ်နဲ့တော့"

"မချစ်နဲ့တော့ ဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို ကိုယ်တစ်ခါတည်း အနုကြမ်းစီးပြီး ခိုးပြေးလိုက်ရ လော့"

ရယ်ကျဲကျဲ မျက်နှာနှင့်စနေတော့ မိုးစက် မျက်စောင်းထိုး ပစ်လိုက်သည်။ သူနဲ့ စကားတွေပြောနေရတာ မိုးစက်ပျော်သလိုပါပဲ။

"မိုး"

"---"

"တစ်နှစ်ခွဲပြည့်ရင် တကယ်အဖြေပေးမှာလား"

"အင်း"

"ကိုယ်လိုချင်တဲ့အဖြေနော်"

"အင်းပါဆို"

"ဒါဆို စောင့်မယ်လေ။ အဲဒီစောင့်နေရတဲ့ကာလမှာ မိုး မျက်နှာလေးကိုကြည့်ပြီး အလွမ်းဖြေဖို့ ဓာတ်ပုံပေးလေ"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သားပဲ။ သူ ဓာတ်ပုံတောင်းထားတာ မိုးစက်မေ့နေ လိုက်တာ။ မေမေကတော့ ပြောပါတယ်။

"ဓာတ်ပုံတောင်းတာပဲဟာ ပေးလိုက်ပေါ့ သမီးရယ်။ သူ ကြည့်ရုံအပြင် ဘာလုပ်လို့ရမှာလဲ" တဲ့။

မိုးစက် ယူလာမလို့လုပ်ပြီးမှ မေ့သွားတာ။ ဒါကြောင့် သူ့ကို မော့ကြည့်ကာ –

"ယူလာမလို့ လုပ်ပြီးမှ မေ့သွားတာ"

"မိုးကကွာ ကိုယ်နဲ့ပတ်သက်ပြီး ဘာမှ အလေးထားတာ မရှိဘူး"

"အလေးထားရအောင် မိုးတို့က ဝါးစိမ်းသည့်မှမဟုတ်တာ"

"မိုး"

"ဒီကပြောတာ မဟုတ်လို့လား"

"ကဲ . . . ဟုတ်ပါတယ်ဗျာ . . . ဟုတ်ပါတယ်။ ခင်ဗျားလေး ကြပ်ကြပ်စကားတတ် သိလား"

"ဘာဖြစ်လဲ"

"အသည်းယားပြီး ဖက်နမ်းမိလိမ့်မယ်"

"ကိုရဲနော်"

မိုးစက် ပါးပြင်နှစ်ဖက်ကို လက်ဝါးနှင့်အုပ်ပြီး ခေါင်းငုံ့နေ တော့ ရဲရင့်က လိုက်ငုံ့ကြည့်ပြီး ရယ်လေသည်။ အဖြေမပေးရသေး





ပေမယ့် နှလုံးသားချင်း နားလည်၍ ကိုရဲက မိုးစက်ရွေးချယ်ဖို့ အသင့် တော်ဆုံးလူ ဖြစ်လာခဲ့သည်။

"ဒါနဲ့ ရေလောင်းရဦးမယ်"

"အာ . . . ကိုရဲ မလုပ်နဲ့"

"သင်္ကြန်တွင်းမို့ ရေလောင်းတာကို ဘာဖြစ်တာလဲ"

"ရေမှန်းသိရဲ့သားနဲ့ကို ကြောက်တာ"

"ကဲ . . . ကြောက်ဦး"

"အယ် . . . ကိုရဲ"

လက်ကလေး ကာလိုက်ပေမယ့် ရေဖလားတစ်လုံး လောင်း ချလိုက်တာနှင့် မိုးစက်ကိုယ်လုံးလေးမှာ ရွှဲရွဲစိုသွားလေသည်။ ရေက ချမ်းပေမယ့် ရင်ထဲ နွေးနေသလို။ အချစ်က ကိုယ်ကြောက်သည့်အရာ နှင့် ဆန့်ကျင်ဘက် လားရာဆီသို့ ပို့ဆောင်ကူညီတတ်သည်ဆိုလျှင် မိုးစက် ရင်ထဲမှာ ဖြစ်တည်ခြင်းသည် အချစ်ဆိုတာ ခုနစ်ဆယ့်ငါးရာခိုင် နှုန်းက ကျိန်းသေ။

မိုးစက် ရှုံ့ရှုံ့မဲ့မဲ့လေးနှင့် ကိုယ်ပေါ်ကရေတွေကို ခါချနေ တော့ ဒါကိုပဲ ရဲရင့်က သဘောကျဟန်နှင့် ရယ်နေသည်။ မိုးစက်ကို ကြည့်နေတဲ့ သူ့မျက်လုံးတွေထဲမှာ မိုးစက်ကို အပျော်တွဲဖို့ ကြိုးစား သလားလို့ သံသယဝင်စရာမရှိအောင် လင်းလက် တောက်ပခြင်းများ နှင့်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုခိုက တကယ်မကောင်းဘူး သိလား။ ချမ်းပါတယ်ဆိုမှ"

"ချမ်းအောင် လောင်းတား ချမ်းမှာပေါ့"

"ဟင်"

"ချမ်းရင် ကိုယ့်ရင်ခွင်ထဲများ တိုးဝင်လာမလားလို့"

"ဝင်စရာလား ဟွန်း"

"အခုမဝင်ချင်နေပါ ဝင်တဲ့နေ့တော့ ဝင်ခဲ့ပေးပါကွာနော်"

"မသိဘူး"

ရှက်ကိုးရှက်ကန်းနှင့် မိုးစက် သူ့ရှေ့မှ ပြေးထွက်လာခဲ့တော့

"မိုး"

"____"

"မိုး"

ခပ်လှမ်းလှမ်းရောက်မှ မိုးစက် သူ့ကို ပြန်လှည့်ကြည့်သော လျှင် သူက လက်ညှိုးလေးထောင်၍ –

"တစ်နှစ်ခွဲနော် တစ်နှစ်ခွဲ"



## အခန်း (၂၂)

မေမေနဲ့အတူတူ/မိုးစက် ဈေးဝယ်လိုက်သွားပြီဆိုရင် လိုချင်သမျှမှတော့လို့ ဖြစ်နိုင်တာ ဝယ်ပေးနိုင်တာဆိုရင် မေမေက "ဟင့်အင်း" ဆိုတာမရှိပေ။ ဖေဖေကဆို မေမေ့ထက်တောင် ပိုပြီးအလိုလိုက်သေးသည်။

ထိုအချိန်ကတော့ မိုးစက်ဘဝမှာ ဒုက္ခတွေ၊ သောကတွေဆိုတာ အရုပ်လို ရုပ်လုံးပေါ်အောင် ဖော်မကြည့်နိုင်ခဲ့။

"ဖိနပ်တွေ သုံးလေးစုံရှိနေတာ ဘာလုပ်ဖို့ ထပ်ဝယ်ဦးမှာလဲ သမီးရယ်။ ရှိတာကိုပဲ ကုန်အောင်စီးပါဦးလား"

"မေမေကလည်း သမီးမှာ ဖိနပ်ကအနက်နဲ့ အဖြူတွေပဲ ရှိတာကို။ ဒါမျိုး အညိုလေးမှ မရှိတာ ဝယ်ပေးပါ မေမေရယ်နော်။



www.burmeseclassic.com

www.burmeseclassic.com



နော်လို့"

"ကဲ ဝယ်ပေးလိုက်ပါ နွယ်ရယ်။ မင်းသမီး ပူဆာတာမရရင် စိတ်ကောက်ဦးမယ်"

"ကိုဝင်းနော်၊ ရှင် ဩမီးကို ကြပ်ကြပ်အလိုလိုက် ဒီလား တော်ကြာမှ ဆီးမရ ဆို့မရ ဖြစ်နေဦးမယ်"

"မင်းစကားက ဘာလဲကွ"

"ခြေဘ် မနိုင်မှာကိုပြောတာပါ"

ဒီလိုနဲ့ပဲ ဖေဖေ့တိုက်တွန်းချက်ဖြင့် မိုးစက်လိုချင်သည့်မီးပုံကို ရခဲ့သည်သာ။ ဖေဖေရယ် မေမေရယ် မိုးစက်နဲ့ ညီမလေးတို့ လေးယောက်ပေါင်းပြီး တည်ဆောက်ထားတဲ့ ကမ္ဘာလေးက နိုင်မြဲခြင်းနဲ့ လှုပစိုပြေနေတဲ့အချိန်မှာ အတိတ်ရော၊ အနာဂတ်ပါ မိုးစက် စိတ်မဝင်စားခဲ့။

အခြားစိတ်ဝင်စားခဲ့သည်က အချစ်အကြောင်းပဲလေ။ မိဘ စကားကိုလည်း မပယ်ရှားချင်လို့ ကိုရဲကို တစ်နှစ်ခွဲစောင့်နိုင်းပေမယ့် စားစားသွားသွား ကိုရဲကိုပဲ သတိရနေမိသည်။ မိုးစက်ထက် ကိုရဲက သုံးနှစ်လောက်ကြီးပေမယ့် သူငယ်ချင်းတွေလိုပဲ ခင်မင်ခွင့်နှင့်သာ ကျေနပ်နေရ၏။

ဒီလောက်တော့ မိဘတွေက ခွင့်ပြုထားသည်ဆိုတော့ ကိုရဲကလည်း မိုးစက်တို့အိမ်ကို အဝင်အထွက်မပျက်။ အတူတူ သွားသ





သာတဲ့အချိန်တွေမှာ မိုးစက်များ စိတ်ပြောင်းမလားလို့ ရဲရင့်က အမြဲ စောင်းကြည့်ပေမယ့်မရ။ မိုးစက်က မိဘကိုပဲ ပထမနေရာမှာ ထိုးကွယ်သူမို့ သူ့အပေါ် တုံ့ပြန်ချင်သည့်စိတ်တွေကို မျိုသိပ်ထားရတာ ခုင်တော့မောတာပေါ့။

မေမေပြောသလို သူ မိုးစက်ကို တကယ်ချစ်ရင် စောင့်နိုင်ရမှာပေါ့။ တစ်နေ့မှာတော့ သူက မိုးစက်ကို သူ့အိမ်ခေါ်လိုက်ခဲ့ပါတဲ့။ မေမေနဲ့မမကို မိုးစက်နဲ့ မိတ်ဆက်ပေးချင်လို့ပါလို့ ဆိုလာတော့ –

"ဟာ မိုးစက် မလိုက်ချင်ပါဘူး"

"ဘာဖြစ်လို့လဲ။ ကိုယ့်မေမေနဲ့မမက မိုးစက်ကို ကိုက်မစားပါဘူးကွ"

"ကိုက်မစားမှန်းတော့ သိတာပေါ့"

"ဒါဆို ဘာလို့ မလိုက်ချင်တာလဲ"

"ရှက်လို့"

"ရှက်လို့"

သူက သံယောင်လိုက်ရွတ်လေလျှင် –

"အင်း"

"ဒါဆို ကိုယ် ရှက်ကြောဖြတ်ပေးရမလား"

"ကိုရဲနော်၊ ဘာတွေလျှောက်ပြောနေတာလဲ"

"လျှောက်မပြောပါဘူး ရယ်နေတာကို"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှန်းမသိဘူး ဟွန်း"

မျက်စောင်းလည်းထိုး နှုတ်ခမ်းလည်းစူကာ မိုးစက် စကား မပြောတော့ဘဲ နေပစ်လိုက်၏။ စိတ်တွေကို မပျော်ဝင်မိအောင် သူနဲ့ ထပ်မတွေ့ဘဲနေရကောင်းမလားလို့ စဉ်းစားမိပေမယ့် ကိုယ့်နှလုံးသား က အဲဒီလောက်အထိလည်း မစိမ်းကားနိုင်။

ဒါကြောင့်ပဲ ချစ်တယ်လို့ အဖြေမပေးရသေးဘဲ မိဘတွေ မသိအောင် သူနဲ့ ခုလို တွေ့နေမိတာ မိုးစက်မှာအပြစ်ရှိနေပြီလား။

"မိုး"

"———"

"စိတ်ကောက်တာလား"

မိုးစက် ဘာမှပြန်မပြောဘဲ တစ်ဖက်လှည့်နေလိုက်သည်။

"ချစ်လို့စတာ စိတ်ကောက်စရာလား"

"————"

"ကောင်မလေး"

"—————"

"ကိုယ့်မှာ စိတ်ကောက်ပြေတဲ့နည်းရှိတယ်နော်"

သူ့မျက်နှာက မိုးစက်ပါးပြင်နှင့် အနီးတစ်ပိုက်သို့ တိုးကပ်လာ လေသဖြင့် မိုးစက် အလန့်တကြားနောက်ဆုတ်ရင်း –

"ဘယ်သူက စိတ်ကောက်လို့လဲ"



"မကောက်ဘူးလား"

"မကောက်ဘူး"

"တကယ်နော်"

"တကယ်ပါဆို"

"ဒါဆို ကိုယ့်အိမ်ကိုလိုက်ခဲ့ပါကွာနော်။ ကိုယ့်မေမေနဲ့မကို ပြောထားပြီးပြီကွ"

"ဟင် ဘာပြောထားတာလဲ"

"ကိုယ် မိုးကိုချစ်တဲ့အကြောင်းနဲ့ နောက်နှစ်နှစ်လောက်ကြာ ရင် မိုးကိုတောင်းပေးဖို့ပေါ့"

"ဟာ အဲဒီလိုပြောရင် ပိုပြီးရှက်ဖို့ကောင်းတာပေါ့။ ဒီက ဘယ်လို မျက်နှာမျိုးနဲ့ လိုက်ရမှာလဲ"

"ရှေ့မျက်နှာနောက်ထားပြီး လိုက်ခဲ့ပါ အချစ်ရယ် နော်"

"ကိုရဲနော်၊ အဖြေမပေးရသေးဘဲနဲ့ အသားမယူနဲ့"

"ယူချင်တာက အသားတင်မဟုတ်ဘူး။ တစ်ကိုယ်လုံး ယူ ချင်တာ။ ဟိုစကားလိုပေါ့"

"ဘယ်စကားလဲ"

ဟိုစကားလိုပေါ့ဆိုတော့ ဥပမာ တစ်ခုခုပေးပြီးပြောတော့ မယ်ဆိုတာ သိသဖြင့် မိုးစက်မေးလိုက်ခြင်းပါ။ မိုးစက်က ဥပမာပေးပြီး နိုင်းနှိုင်းပြောဆိုတဲ့စကားလုံးတွေဆို ရှိုက်ဝင်စားသည်လေ။ ငယ်ငယ်



www.burmeseclassic.com

www.burmeseclassic.com



တုန်းကဆို မိုးစက်က မေမေ့ကို ပုံပြင်တွေ ပြောပြနိုင်းတော့ မေမေ့ ပုံပြင်ပြောပြမှ အိပ်တတ်တာ အကျင့်တစ်ခုလိုလည်း ဖြစ်ခဲ့သည်။

ခုလည်း ကိုရဲ ဘာပြောမလဲလို့ မော့မော့လေးငေးနေလေတော့ ကိုရဲက ရယ်လိုက်ကာ –

"ဟိုစကားလေ၊ ဖြစ်နိုင်ရင် ကောင်းကင်က သက်တံ့ကွေးကို လက်ဆန့်ပေးပြီး တိုင်းချုပ်တဲ့အကျီကို ဝတ်ချင်ပေးမယ့် မဖြစ်သာတော့ စွပ်ကျယ်ချိုင်းပြတ်နဲ့ စိတ်ကို ပိုင်းဖြတ်လိုက်ရတယ်ဆိုတာမျိုးပေါ့။ အခု ကိုယ်လည်း ဖြစ်နိုင်ရင် မိုးနဲ့ အခုတောင် လက်ထပ်လိုက်ချင်တာ။ မဖြစ်သာတော့ စိတ်ကိုဖိပြီး အချိန်လိုကြည့်နေရင်း ကျေနပ်နေရတော့ မှာပေါ့။"

"ဘယ်လို ဘယ်လို"

မိုးစက် နားမလည်လိုက်သလို ထပ်မေးတော့ ရဲရင့်က ထပ် ဖြေလေသည်။ ဒီစကားကို မိုးစက် သဘောကျသွားပြီး ရယ်လိုက်မိ၏။

"ဒါမျိုးတော့ တတ်တယ်"

"အပြောချိုရင် အပျိုချောတွေ ပိုင်းတယ်ဆိုလို့ ကျင့်ထား တာလေ"

"တွေ့လားပေါ်ပြီ"

"ဟင် ဘာပေါ်တာလဲ"

"အပျိုချောတွေ အပိုင်းခံချင်လို့ဆို။ ပြောတော့ဖြင့် မိုးတစ်



ယောက်တည်းကိုပဲ ချစ်ဖူးတာလေး ဘာလေးနဲ့"

"ပြောမိလို့လား"

"ဘာ ကိုရဲ"

"မဟုတ်ဘူးလေ၊ ကိုယ်ပြောတာက ရှေ့ကစကား၊ မိုးရဲ့ အပျိုချောတွေ အပိုင်းမခံချင်လို့ မိုးအနားမှာ တောက်တဲ့လိုကပ်နေတဲ့ အကြောင်းကို"

"မသိဘူး သွား"

သူ့ကိုတွန်းလွှတ်ပြီး မိုးစက် ထွက်လာခဲ့တော့၏။ သူက နောက်မှလိုက်လာပြီး သူ့အိမ်ကို လိုက်ခဲ့ဖို့ တတွတ်တွတ်ပြောနေသဖြင့် အားနာပါးနာနဲ့ပဲ မိုးစက် လိုက်ဖြစ်ခဲ့သည်တွင် ...။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ငုတ်ခနဲထိုင်၊ ကြိုင်ခနဲမွှေးဆိုသလို ဆိုဖာပေါ်မှာ ဝင်ထိုင်လိုက်တာနှင့် ရဲရင့်မေမေက မိုးစက်ကိုကြည့်၍ –

"သူလေးက"

"သား ပြောပြောနေတဲ့ မိုးစက်ရေလေ မေမေရဲ့။ မေမေ့ရဲ့ ချွေးမလောင်းပေါ့"

"ဟာ ကိုရဲ"

ကွယ်ရာမှာပြောရင် တော်သေးတာပေါ့။ ရှေ့တင်ပြောတော့ မိုး ရှက်သွားတဲ့မျက်နှာကို ဘယ်ထားရမှန်းမသိ။ ဒါကိုပဲကြည့်ပြီး ရယ်နေတဲ့မျက်နှာကို မုန်းချင်လိုက်တာ။

"ရှက်မနေပါနဲ့မိုးရယ်။ တစ်နေ့ တကယ်ဖြစ်လာမှာပဲဟာ"





"မောင်လေး"

"ဗျာ"

"မင်းပြောတော့ အဖြေမရသေးဘူးဆို"

"ဟုတ်တယ်လေ၊ ရမှမရသေးတာ"

"ဟယ် အဖြေမရသေးရင် အပိုင်တွက်လို့မရသေးဘူး မောင်လေးရဲ့။ ပိုင်အောင်လုပ်ရမှာက မင်းတာဝန်လေ"

"ပိုင်ချင်လို့ပဲ သူစောင့်ခိုင်းတဲ့အတိုင်း စောင့်နေတာပေါ့ မမရဲ့"

"ဪ တုံးပါ့ မောင်လေးရယ်"

"ဗျာ"

"ညီမလေး"

"ရှင်"

"ခုခေတ်က စောင့်ရရင် လွယ်တာမဟုတ်ဘူး ညီမလေးရဲ့။ မမောင်လေးကို မြန်မြန်အဖြေပေးလိုက်ပါလားဟင်"

"ဟို အဲဒါ"

"ဟုတ်သားပဲသမီးရယ်။ မေမေ့ဆန္ဒကတော့ သားနဲ့သမီးကို အမြန်ဆုံးလက်ထပ်စေချင်တယ်။ အဲဒါမှ သားအတွက် မေမေ စိတ်အေးရမှာ။ မဟုတ်ရင် မိန်းမလည်တွေက ပေါပါ့။ သားကို မသိတ်သာချော် မိန်းမတွေနဲ့တွေ့မှာ မေမေ အရမ်းစိုးရိမ်တာပဲကွယ်"

သူကိုယ်သူ မေမေလို့ နာမ်စားသုံးပြီး မိုးစက်ကို သမီး

www.burmeseclassic.com



သမီးဆိုတာ ပါးစပ်ကမချ။ စကားတွေပြောတာလည်း ရွှန်းရွှန်းကို ဝေနေတော့သည်။ ဒါ မိုးစက်တို့ စီးပွားရေးအခြေအနေကို သိနေလို့ဖြစ်မှာပေါ့။ သူသားက ပြောမပြောဘဲနေမလား။ မိုးစက်တို့က အရမ်းချမ်းသာတဲ့စာရင်းမဝင်ပေမယ့် ဆင်းတောင့်ဆင်းရဲမှ မဟုတ်ဘဲလေ။

သူတို့အခြေအနေနဲ့လည်းဘယ်ပဲမို့ သဘောမတူစရာအကြောင်း မရှိတာထင်ပါရဲ့။ မိဘတွေက သဘောတူကြည်ဖြူကြပြီဆိုရင် သူနဲ့ကိုယ်ကြားမှာ ဘာအခက်အခဲမှမရှိ။ အဲဒီတော့ စိတ်ကူးယဉ်ကမ္ဘာလေးက လှပစိုပြေနေတော့သည်။

"မိုး"

"ဟင်"

"မေမေ ပြောတာကြားတယ်မို့လား"

"ကြားပါတယ်၊ ဒီက နားကန်းနေတာမှ မဟုတ်တာ"

"ဒါဆို မြန်မြန် အဖြေပေးဖို့စဉ်းစား"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့"

ရဲရင့်ကပြောရင်း မိုးစက်အနားသို့ ရွှေ့ထိုင်လေလျှင် မိုးစက်မနေတတ်စွာ တစ်ဖက်သို့ တိုးလိုက်၏။

"သမီး ထမင်းစားပြီးမှ ပြန်ရမယ်နော်။ ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေးပေါ့"





"မစားတော့ဘူးအန်တီ၊ မိုးစက် မေမေတို့မသိဘဲ ထွက်လာတာဆိုတော့ ကြာရင် စိတ်ပူနေမှာစိုးလို့ပါ"

"ဒါများ သမီးရယ်၊ အိမ်ရောက်ရင် ဆင်ခြေကောင်းကောင်းလေး ပေးလိုက်ပေါ့"

"မဖြစ်လို့ပါ အန်တီ။ မိုးစက် ဘယ်တုန်းကမှ မေမေ့ကို ညာဖူးလို့ပါ။ ကိုရဲ မိုးစက်ပြန်တော့မယ်"

သူတို့ကားတာကို အားနာပြီး နေမိမှာစိုးလို့ မိုးစက် စိတ်မပြောင်းခင် ချက်ချင်းထပြန်ဖို့ ဆုံးဖြတ်ချက်နှင့် ထရပ်လိုက်တာဖြစ်၏။

"ဟင် ပြန်မယ်ဆိုတော့ ချက်ချင်းကြီးပါလား ညီမလေးရဲ့"

"မိုးစက် တကယ်ကြာကြာနေလို့ မဖြစ်လို့ပါ မမရယ်။ မိုးစက်ကို ခွင့်ပြုပါဦးနော်"

"မိုး"

"ဟင်"

ကြည့်စမ်း။ သူ သိပ်ရဲတင်းပါလား။ လူကြီးတွေ ရှေ့မှာ မိုးစက်လက်ကို ဖမ်းဆုပ်ထားတာ ကောင်းသလား။ ရှက်ဖို့ကောင်းလိုက်တာ။

"ဖယ်ပါ"

"မိုးကို ကိုယ် လိုက်ပို့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် မပို့ပါနဲ့"

"မရဘူး လာ"

ပြောပြီး သူပဲ ရှေ့ကအရင်ထွက်သွားတော့ ဘာတတ်နိုင်မှာလဲ။ သူ မိုးစက်အပေါ်မှာ အဲဒီလို ဂရုစိုက်လွန်းလို့ မိုးစက်စိတ်တွေ သူ့အပေါ် ယိုင်ခဲ့သည်ထင်ပါရဲ့။

မိုးစက်နှလုံးသားက အသီးကင်းလေးလို နုနုလေးမို့ ထေတိုက်မခံနိုင်တာလား။ အချစ်ဆိုတဲ့အချစ်က လူကို ရူးသွပ်စေတယ် ဆိုလျှင် –

တစ်ခါတလေ ရူးသွပ်လိုက်ချင်သည်။ ခက်နေတာက မိုးစက်သည် အသက်ငယ်သေးတော့ ပညာရေးကို ထိခိုက်မှာစိုးတာဖြစ်သည်။

"ကလေးကို မုန့်ပေးကြိုက်ရတာ တကယ်မလွယ်ဘူး သိလား။ ကိုယ် မိုးကို လုံးဝကို စိတ်မချတာ"

"ဟင် စိတ်မချရအောင် ဒီကဘာလုပ်နေလို့လဲ"

"သူများနောက် ပါသွားမှာစိုးလို့ပေါ့"

"စိတ်ရှည်မှပေါ့ ကိုရဲရဲ။ မိုးစက်က ကျောင်းမှမပြီးသေးတဲ့ ဥစ္စာ"

"ကိုယ်ကတော့ ဆက်တောင်မတက်စေချင်တော့ဘူး"

"ဖြစ်မလား ဘာမှန်းမသိတဲ့ အနာဂတ်အတွက် ထမင်းစားလက်မှတ်တော့ ရအောင်ယူထားရမှာပဲ"





"ကိုယ်တစ်ယောက်လုံး ရှိနေတာပဲဥစ္စာ။ ကိုယ်ရှာကျွေးမယ်လေ"

"အဲဒီကိုယ်ကရော ယုံရလား။ ကိုယ့်ဝမ်းစာအတွက် ကိုယ်တိုင် ပညာရပ်တစ်ခုကို တတ်ထားတာအကောင်းဆုံးပဲ။ ကိုယ်ကကျူးရင် ကိုယ့်ဒူးတောင် မယုံရဘူးတဲ့"

"စကားကလည်း တတ်လိုက်တာ"

မိုးစက် လွန့်ခနဲပြုံးလိုက်မိ၏။ ရောက်ပြီး တည်ပါးခွေးအောင်တောင်မထိုင်ပဲ ထပြန်လာတဲ့ မိုးစက်ကို သူကျေနပ်မှာတော့ မဟုတ်ပေ။ ဆက်ထိုင်နေရင်လည်း မိုးစက် သူတို့စကားတွေကြောင့် အယောင်ယောင်အမှားမှား ဖြစ်မှာက ကျိန်းသေ။

ဒါကြောင့် မိုးစက် သူ့ကိုငဲ့မနေနိုင်ဘူးလေ။ သူခေါ်တာကို လိုက်လာခဲ့ပြီးပြီပဲဥစ္စာ၊ ကျေနပ်တော့ပေါ့။

"မိုး"

"ရှင်"

"မိုးစောင့်နိုင်းသလောက် ကိုယ်စောင့်ပြီးရင် မိုးရဲ့မိဘတွေဆီရော ကိုယ်နဲ့မိုးကို သဘောတူပါ့မလား"

"အဟွန်း"

"ဟင် ... ဘာရယ်တာလဲ"

မေမေသိလို့ မေမေ့စကားကိုနားထောင်ပြီး ရှင့်ကို အချိန်



www.burmeseclassic.com

www.burmeseclassic.com



အများကြီးစောင့်နိုင်ရတာပေါ့ ကိုရဲရင့်ရယ်။ မဟုတ်ရင် မိုးစက်က ရှင်လိုချင်တဲ့အဖြေကို ခုပဲပေးလိုက်ချင်တာပါ။

"မိုး"

"____"

"ဘာရယ်တာလဲလို့ မေးနေတယ်လေ။ ဘာလဲ ယောက်ျား ကြီးက သဘောတူတယ်တဲ့လား"

"ကိုရဲနော် ဘာယောက္ခမလဲ"

"တစ်နေ့ တော်ရမှာပဲ ဥစ္စာ"

မျက်စောင်းထိုးလိုက်ရင်းက –

"မေမေ့စကားကိုနားထောင်လို့ ရှင့်ကို စောင့်နိုင်းတာပေါ့။ ဒါတောင် ဒီက သနားလို့ တစ်နှစ်ခွဲလျှော့ပေးထားတာ သိလား။ မေမေသိရင် ဘာပြောဦးမလဲ မသိဘူး"

"ဟာ ... ကိုယ့်ကိုစောင့်နိုင်းတဲ့သုံးနှစ်က မိုးမေမေ ပြောထားတာ ဟုတ်လား"

"ဒါပေါ့"

ရဲရင့်မျက်နှာ ရှုံ့မဲ့သွားပြီး –

"ရက်စက်ပါပေ့ ယောက္ခမရယ်"

✺



# အခန်း (၂၄)

ကံကြမ္မာက –

ဘယ်ဝါသနာကြောင့် မိုးစက်တို့ဘဝကို ရိုက်ချိုးပစ်ဖို့ ကြိုးစားသည်မသိ။ လှပစိုပြေနေတဲ့ ကမ္ဘာလေးတစ်ခု ပြိုပျက်သွားဖို့ ဖန်လာတဲ့နေ့ကတော့ –

"ဟယ်လို အမိန့်ရှိပါရှင်"

"_____"

"ဟုတ်ပါတယ်ရှင်၊ ဒါပေမဲ့ အခု မေမေ အိမ်မှာမရှိပါဘူး။ ဗိုလ်လာဈေးထဲမှာ ဖွင့်ထားတဲ့ သူ့အထည်ဆိုင်ကို သွားပါတယ်"

"___"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"-----"

"ဟုတ်ရဲ့လားရှင် ... မေမေ ဟုတ်ရဲ့လား"

"------"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ အခုပဲ ကျွန်မတို့လာခဲ့ပါ့မယ်ရှင်"

"------"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

မေမေ ဈေးထဲမှာ မူးလဲသွားလို့တဲ့။ မေမေ့မှာက သွေးတိုး ရှိသည်ဆိုတော့ မိုးစက် စိုးရိမ်မှုတွေနှင့် ရင်ထဲမှာ ပူလောင်သွားသည်။ ဖေဖေ့ကိုခေါ်ပြီး လိုက်လာခဲ့သည့်တိုင် တစ်လမ်းလုံး ဘုရားစာတွေ ရွတ်လိုက်ရတာ မပြောပါနှင့်တော့။

မိုးစက်တို့အိမ်မှာ ဖေဖေက အိမ်ထောင်ဦးစီးဆိုပေမယ့် ကျန်းမာရေးကြောင့် မှီခိုသူဖြစ်နေခဲ့တာလေ။ မေမေကတော့ သွေးတိုး ရှိပေမယ့် အိပ်ရာထဲလဲချိန်မှအပ နည်းနည်းကောင်းတာနှင့် အလုပ် လုပ်နေရမှ ကျေနပ်သူ။ တစ်အိမ်လုံးမှာ မေမေက ဦးဆောင်ပြီး ရှာဖွေကျွေးမွေးသူမို့ မေမေသာ တစ်ခုခုဖြစ်ရင် အားလုံး ဒုက္ခရောက် ကုန်မှာဖြစ်၏။

"မေမေ ... မေမေ"

"နွယ်"

"မေမေ"





"နွယ်"

"ဟော ဟိုမှာ သူ့အိမ်က လိုက်လာကြပြီ"

"လမ်းဖယ်ပေးလိုက်ကြ၊ ဖယ်ပေးကြပါ"

"မေမေ"

"နွယ်"

မိုးစက်နဲ့ဖေဖေ၊ မေမေ့ကို ခေါ်ကြည့်ပေမယ့်မရ။ လူတစ် ယောက်က မေမေ့ကို ပွေ့ထားရာမှ ဖေဖေ့ရင်ခွင်ထဲသို့ မေမေ့ကိုယ် လေးကို ပြောင်းထည့်ပေးလေသည်။

"မေမေ့ကိုခေါ်လို့လည်း မရဘူး။ ကယ်ကြပါဦးရှင်၊ မေမေ့ကို ဆေးရုံတင်ပေးကြပါ"

"ဟုတ်ပါတယ်၊ နွယ့်ကို ဆေးရုံပို့ပေးကြပါဗျာ"

"စိတ်မကောင်းပါဘူးဗျာ။ ကျွန်တော်တို့လည်း ဆေးရုံကို ပို့ချင်လို့ပါပဲ။ ဒါပေမဲ့ ခေါ်သွားဖို့ နွယ် အသက်မရှိတော့ဘူးဗျ"

"ဗျာ"

"ရှင်"

ဦးခေါင်းကို မိုးကြိုးပစ်ချလိုက်တဲ့အတိုင်းပါပဲ။ မိုးစက် မယုံ နိုင်စွာ မေမေ့မျက်နှာကို စိုက်ကြည့်ပြီး မျက်ရည်တွေကျလာသည်။ သူမ အိပ်မက်,မက်နေတာလား။ အိပ်မက်ပဲဖြစ်ပါစေလို့ ဆုတောင်း ပေမယ့် အိပ်မက်က တကယ်ဖြစ်မလာနိုင်သလို တကယ်ဖြစ်က



www.burmeseclassic.com

www.burmeseclassic.com



လည်း အိပ်မက်အသွင် ပြောင်းလဲလို့မရ။

"မယုံဘူး။ မေမေ သေတာ မဖြစ်နိုင်ပါဘူး။ မေမေ ... မေမေ သမီးခေါ်နေတာ ထူးပါဦး မေမေရဲ့"

"နွယ်ရယ်"

"မေမေ"

"သမီးကြီး သတိထားလေ"

မေမေ့ရင်ဘတ်ပေါ်သို့ မျက်နှာမှောက်ချပြီး ငိုလိုက်တဲ့ မိုးစက်ကို ဖေဖေက စိုးရိမ်စွာသတိပေး၏။ မေမေ သေဆုံးခြင်းဟာ မိုးစက်အတွက် ကမ္ဘာပျက်တာပါပဲ။ ဘယ်တော့မှပြန်မလာနိုင်တဲ့လမ်းကို မေမေက သွားပြီဆိုတော့ ရင်ထဲမှာ အူတွေ အသည်းတွေကို ဆွဲဆုပ်ပြီး ဆားလူးခံလိုက်ရသည့်နှယ်။

"သမီးကြီး"

"အီး ဟီး ဟီး"

"သတိထားပါဦး သမီးကြီးရယ်"

"မေမေ မရှိတော့ဘူး။ မေမေ မရှိတော့ဘူး ဖေဖေရဲ့။ သွားပြီ သမီးတို့ဘဝ ဓောက်ထိုးမိုးမျှော် ဖြစ်ကုန်ပါပြီ ဖေဖေရယ် ဟီး"

"ဘာတတ်နိုင်မှာလဲ သမီးကြီးရယ်။ သေခြင်းတရားဆိုတာ တောင်းပန်ခယလို့မှ မရဘဲကွယ်"





သမီးကြီးကိုသာ နှစ်သိမ့်ပေးနေရတယ် ဦးအေးဝင်းကိုယ်တိုင်ကလည်း မျက်ရည်တွေနှင့်။ သူက အိမ်ထောင်ဦးစီးဆိုပေမယ့် တကယ်တမ်း ဦးစီးပြီး စီးပွားရှာတာက ဒေါ်သန္တာနွယ်ပဲလေ။ အခု နွယ်သေဆုံးခြင်းသည် သူ့လက်တွေ ခြေတွေကို ရိုက်ချိုးလိုက်တာနှင့် အတူတူပါပဲ။

"မေမေ ... မေမေ"

မိုးစက်၏အော်သံက ကမ္ဘာမြေအနှံ့ ပျံ့နှံ့သွားသည့်နှယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

မေမေဆုံးပြီးနောက်ပိုင်း မိသားစုဘဝအခြေမယိုင်နဲ့ရေး အတွက် တာဝန်က မိုးစက်ခေါင်းပေါ်သို့ ရောက်လာသည်။ မေမေ ရှာဖွေစုဆောင်းခဲ့တဲ့ ပစ္စည်းတွေ တိုးပွားမလာချင်နေပါစေ။ လျော့ပါး မသွားရေးအတွက် မေမေ့အထည်ဆိုင်ကို မိုးစက်ပဲ ဦးစီးပြီး ဆက် လက် လုပ်ကိုင်ခဲ့သည်။

ဖေဖေကတော့ မေမေ့ကို တမ်းတပြီး နေ့တိုင်း ငိုလို့ကောင်း နေဆဲပါပဲ။ ဘယ်သူကပဲ နှစ်သိမ့်ပေးပေး လက်မခံ။ မေမေ့လိုမိန်းမ မျိုးက နောက်ထပ်ရှာလို့ မတွေ့နိုင်တော့ဘူးတဲ့။ ဒီလိုပဲ နေ့တိုင်း တငိုငို တရယ်ရယ်ဖြစ်နေပြီး ဖျောင်းဖျလို့မရတော့ ဖေဖေ့ဘကြီးလှင် သူက ပြောသည်မှာ –





"အဲဒီကောင် ဒီလောက်တောင် နေ့တိုင်းငိုနေတာ မြန်မြန် နောက်မိန်းမရဦးမယ်"

"ဘဘကလည်း ဖေဖေက အဲဒီလိုလူမျိုး မဟုတ်ပါဘူး"

"မယုံမရှိနဲ့ မြေးရေ၊ ညည်းအဖေ ညည်းအမေရဲ့ အလောင်း ကို ယပ်သွားမခပ်တာပဲ ကျေးဇူးတင်ရဦးမယ်"

"အလောင်းကို ယပ်ခပ်တယ် ဟုတ်လား ဘဘ"

"ဟုတ်တယ်လေ မြေးရဲ့။ မိန်းမအလောင်းမခြောက်ခင် နောက်မိန်းမယူလို့ သူများကဲ့ရဲ့မှာစိုးပြီး သေတဲ့မယားအလောင်းကို မြန်မြန်ခြောက်အောင် ယပ်ခပ်တဲ့လူလိုပေါ့။ မြန်မြန်ခြောက်မှ နောက် မိန်းမ မြန်မြန်ယူလို့ရမှာလေ။ အဲဒါကြောင့် မိန်းမရေ မင်းအလောင်း မြန်မြန်ခြောက်ပါတော့လို့ တ,ငိုတဲ့လူလိုဖြစ်နေပြီလို့ ညည်းအဖေကို ပြောတာ"

"ဩော် ... ဒီလိုအဖြစ်မျိုးတွေ တကယ်ရှိသလား"

"ရှိတယ်၊ မယုံရင်စောင့်ကြည့်။ ညည်းအဖေကလည်း မြန်မြန်နောက်မိန်းမရလိမ့်မယ်"

ဘဘက လူကြီးဆိုတော့ လူတစ်ယောက်ရဲ့အတွင်းစိတ်ကို ဖောက်ထွင်းပြီး မြင်တတ်သည်ထင်ပါရဲ့။ ဘာမှမသိ နားမလည်သေး တဲ့ မိုးစက်ကသာ မယုံနိုင်ခြင်းများနှင့် ဖေဖေ့ကို အပုပ်ချသည်ယ်လို့ ထင်ခဲ့တာ။ ဖေဖေက လူရိုးလူအေးမို့ မှထင်ရက်တာလည်း ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ မထင်ရက်တာက တကယ်ဖြစ်လာတဲ့အချိန်မှာတော့။

မေမေဆုံးပြီး ရှစ်လအကြာမှာပဲ ဖေဖေ အတီအလင်း ကြေညာလာခဲ့သည်မှာ –

ဖေဖေ နောက်အိမ်ထောင်ပြုတော့မယ်လို့ ပြောလာတော့ မိုးစက် ခေါင်းတခါခါဖြစ်ကာ –

"ဟာ ... မဖြစ်နိုင်ဘူး။ မယူပါနဲ့ ဖေဖေရယ်။ ဖေဖေယူမယ့် မိန်းမက သမီးတို့အတွက် မိထွေးဖြစ်လာမှာလေ။ မိထွေးဆိုတာ"

"တော်စမ်း မိုးစက်"

ဖေဖေ့အသံက ကျယ်လောင်လျက် ဒေါသမျက်ဝန်းက မိုးစက်ဆီကို ဒိုင်းခနဲပါပဲ။

"ငါ နင့်ကို တိုင်ပင်နေတာမဟုတ်ဘူး။ အသိပေးတာ"

"ဖေဖေ"

"နင် ငါ့ကို ထပ်မပြောနဲ့"

"ဒါဆို ဖေဖေက ယူကိုယူမယ်ပေါ့ ဟုတ်လား"

"ငါ အားလုံးစီစဉ်ပြီးပြီ"

မိဘနဲ့သားသမီး မိဘလုပ်တာ မကောင်းပါဘူးလို့ သားသမီးမှာ ပြန်ဆိုဆုံးမပိုင်ခွင့် မရှိလေတော့ မိုးစက် အီးခနဲ ငိုချလိုက်လေလျှင် –

"မမ"





ကျောက်စက်ကပါ မိုးစက်ရင်ခွင်ထဲသို့ တိုးဝင်ပြီး ငိုပါလေတော့၏။

"မမ အီး"

"ညီမလေးရယ်"

"ဟော့ ... ဘာလို့ငိုနေကြတာလဲ တိတ်ကြစမ်း။ ဒါ မသာအိမ် မဟုတ်ဘူး"

မိုးစက်တို့မှာ ငိုချင်တာတောင် လွတ်လွတ်လပ်လပ် ငိုခွင့်မရ။ သားသမီးဆိုတာ မိဘရဲ့ ကောင်းမွေဆိုးမွေ မှန်သမျှကို ဆက်ခံရသူတွေမို့ မကြည်ဖြူတဲ့ကြားက 'မိုးစက်တို့ ကမ္ဘာလေးထဲကို မိထွေးဆိုတာ ရောက်ရှိလာခဲ့ပြီး ...

ရောက်စကတော့ မိုးစက်တို့ကို သူ့သမီးရင်းတွေလို ချစ်နိုင်ပါသည်တဲ့။

"အစ်ကိုအေးရဲ့သမီးတွေကို စန်း ကိုယ့်သမီးလေးတွေလို ချစ်နိုင်ပါတယ်။ သမီးတို့ကလည်း အန်တီစန်းကို ကိုယ့်အမေရင်းလို သဘောထားပါနော်။ တစ်သက်လုံး အတူတူနေသွားရမယ့်သူတွေဆိုတော့ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိဖို့တော့လိုတာပေါ့"

အပြောကတော့ သကာထက်ချိုလှပါသည်။ ဒါပေမဲ့ ဘီလူးလူယောင်ဆောင်ရင် ခုနစ်ရက်ပဲပေါ့။ နောက်တော့ တစ်စထက်တစ်စ ပိုသိလာခဲ့သည်က ဒေါ်စန်းယဉ်သည် အပေါ်ယံ ကြေညာသုတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အတွင်းပုပ်တဲ့ ဒန့်ကြွပ်ရုပ်ကြီးဆိုတာပါပဲ။ လူတစ်ယောက်ရဲ့စိတ်ရင်းမှန်ဆိုတာ ဖုံးကွယ်လို့မှ မရဘဲလေ။

"ဟွန်း . . . တစ်နေ့တစ်နေ့ ကြည့်လိုက်ရင် စာအုပ်နဲ့မျက်နှာခွာတယ်ကိုမရှိဘူး။ အဲဒီစာပဲ ဖတ်နေလို့ ဗိုက်ပြည့်မလာဘူး မိုးစက်ရဲ့"

"မိုးစက် စာဖတ်တာ ညဘက်ရှော။ မိုးစက် နေ့ဘက်အလုပ်လုပ်နေလို့ ညဘက်စာဖတ်တာ ဘယ်အချိန်ကို ထိခိုက်လို့လဲ အန်တီစန်း။ အပြစ်မရှိ အပြစ်ရှာ ဟင်းချိုအိုး ဆားခပ်တာမျိုး မလုပ်ပါနဲ့"

"ဘာအေ့"

"မိုးစက်လုပ်ရမယ့်အလုပ်မှန်သမျှကို မိုးစက် အားလုံးတာဝန်ကျေအောင် လုပ်နေတာ။ စာဖတ်ချိန်ကိုတော့ လိုက်ပြီး မပိတ်ပင်ပါနဲ့"

"ညည်း စာဖတ်ရုံတင်မကဘူးလေ။ ကဗျာယောင်ယောင် ဝတ္ထုယောင်ယောင် ရေးနေတာတွေက စာရွက်ဖိုး ဘော့လ်ပင်ဖိုး အပိုမကုန်ဘူးလား။ ဘာမှ ဖြစ်လာတာမဟုတ်ဘဲနဲ့ အပိုငွေ ဖြုန်းနေတာတွေကျတော့ရော ဘယ်လိုပြောမလဲ"

"ဘယ်လိုမှမပြောနဲ့။ ကုန်တာလည်း အန်တီစန်းလုပ်စာထဲက တစ်ပြားတစ်ချပ်မှ မပါဘူး"

"ကြည့်စမ်း တစ်ခွန်းမခံပါလား"





"ခံမပြောစေချင်ရင် နေရာတကာ လိုက်ဝင်မပါနဲ့လေ။ စားတော့ စားပြီးပြီ သွားတော့သွားပြန်ပြီနဲ့ အပြစ်လွတ်အောင် ဘယ်လိုနေရမလဲ ပြောပါဦး"

"ဟဲ့ . . . ငါက နင် ငါးပြားမရ ဆယ်ပြားမရအလုပ်တွေကို မလုပ်စေချင်လို့ပြောနေတာတဲ့"

"မပြောနဲ့၊ ရတဲ့နေ့ရလာလိမ့်မယ်"

အဲဒီလို မသင့်မြတ်ကြတဲ့အချိန်မှာတော့ ဖေဖေက မယားဘက်က ရပ်တည်သူ။ ကြိမ်မီးအုံးသမျှ ခံစားမှုတွေကို ဘယ်မှာ ရင်ဖွင့်ရမှန်းမသိလို့ စာထဲမှာ ရင်ဖွင့်ခဲ့တာ မိုးစက် လွန်သလား။ ကိုရဲနဲ့တွေ့ပြီးဆိုရင်တော့ –

"အဲဒီလောက်အထိ အားငယ်မနေပါနဲ့ မိုးရယ်၊ မိုးဘေးမှာ ကိုယ်တစ်ယောက်လုံး ရှိနေတာပဲဥစ္စာ။ ကိုယ်တို့ လက်ထပ်ကြရအောင်နော်"

"မဖြစ်သေးဘူး ကိုရဲ"

"ဟင် . . . ဘာလို့မဖြစ်ရမှာလဲ၊ မိုး ကိုယ့်ကို မချစ်ဘူးလား"

"မိုးစက် ကိုရဲကိုချစ်ပါတယ်။ ဒါပေမဲ့"

"ဘာဖြစ်လဲ"

"မိုးစက် တစ်ကိုယ်ကောင်းဆန်လို့မဖြစ်ဘူး ကိုရဲ၊ ညီမလေးက ရှိသေးတယ်လေ။ မိုးစက် ကိုယ့်လွတ်ရုန်းတာမျိုး မဖြစ်ချင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ကိုရဲရယ်"

"ကျွတ်"

ရဲရင့်က ခေါင်းခါလိုက်ပြီး –

"မိုး ညီမက ကိုယ့်ညီမပဲလေ"

"မိုး လူတွေကို မယုံရဲဘူး ကိုရဲ"

"ဘယ်လို"

"အန်တီစန်းဆိုရင်လည်း ဖေဖေနဲ့ ညားကာစကပြောတာပဲလေ။ မိုးတို့ကို သူ့သမီးအရင်းတွေလို ချစ်နိုင်ပါတယ်တဲ့။ အခုတော့ ကြာကြာဝါးလေ ခါးလေလေ ဖြစ်လာပြီ မဟုတ်လား"

"သူက သူကိုယ်က ကိုယ်ပဲလေ မိုးရဲ့"

"ဟင့်အင်း . . . မိုးစက် လူတွေကို မယုံတော့ဘူး"

"ဒါဆို မိုး ကိုယ့်နဲ့ တစ်သက်လုံး လက်မထပ်တော့ဘူးလား ပြောပါဦး"

သူ့မျက်လုံးတွေက ရီဝေဝေ။ မိုးစက် သူကျေနပ်မယ့်အဖြေမျိုးကို ဘယ်လိုပေးရမလဲ။ မိုးစက်တောင် အပြောခံ အဆိုခံနေတာ ညီမလေးက အရွယ်မရောက်သေးတော့ မိုးစက်သာမရှိရင် အန်တီစန်း လက်အောက်မှာ အနှိပ်စက်ခံ အနိမ့်ခံ ဖြစ်သွားမှာပေါ့။ မဖြစ်ဘူး ညီမလေး ရှေ့မှာ မိုးစက်က မားမားမတ်မတ် ရပ်တည်နိုင်သူဖြစ်ရမှာ

အခု မိုးစက်ရှိနေတာတောင် အန်တီစန်းရဲ့ ခြယ်လှယ်မှု





အောက်မှာ ညီမလေးခမျာ စားချင်တာမစားရ၊ ဝတ်ချင်တာမဝတ်ရနဲ့ မမေ့ရှာခဲ့တဲ့ ဥစ္စာပစ္စည်းတွေ ရှိနေပေမယ့် အခုဆိုရင် အိမ်နဲ့ခြံသာ အခွံကျန်ပြီး အတွင်းပစ္စည်းတွေကမရှိတော့။ မရှိရတဲ့ အကြောင်းရင်းကတော့ –

"စိတ်ညစ်ပါတယ် အစ်ကိုအေးရယ်။ စန်းလိုက်နေတဲ့အမှုက အခုထိကို ထွက်မလာသေးဘူး။ ထွက်နိုး ထွက်နိုးနဲ့ ဆတိုးလိုက်ရတာ အိမ်မှာအခွံပဲရှိတော့တယ်။ ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲဟင်"

"ခုမှတော့ ဘာလုပ်လို့ရတော့မှာလဲ။ ငါလိုက်နေတဲ့ တစ်ကလည်း အခုထိမထွက်။ တစ်ဦးမထွက်လို့ တစ်ဦးထွက်ရင်တောင် ခံသာသေးတယ်။ အခုတစ်ဦးမှမထွက်တာ စုန်းပြုစားနေသလား မသိပါဘူးကွာ"

"ဒါဆို ကျွန်မတို့ အရှုံးနဲ့ပဲ ရပ်နေရမှာလား"

"ရပ်နေလို့ ဖြစ်မလားကွ။ လှေမျောလှေနဲ့လိုက်၊ ငွေမျောငွေနဲ့လိုက်တဲ့။ မရှိ ရှိတာရောင်းပြီး ဆက်လိုက်ရမှာပဲ"

"ဟုတ်တယ်နော်၊ ကိုယ်ရပ်လိုက်မှ ပြွက်ခနဲထွက်သွားရင် ငြိုး ရင်ကျိုးရချေရဲ့"

အဲဒီလို အတွဲညီညီနဲ့ နှစ်လုံးထီထိုးခဲ့ကြတာ ရှိတာမကျန် နိုင်ပါ့မလား။

"မိုး"



www.burmeseclassic.com

www.burmeseclassic.com



"____"

"မိုး"

"အင် . . . ဟင်"

"ကိုယ်မေးတာကိုဖြေဦးလေ"

မိုးစက် သူ့ကို ခပ်ငေးငေးလေး ကြည့်လိုက်မိ၏။ အားနာနာ နဲ့ပဲ ဖြေရတော့မှာပေါ့။

"မိုးစက် စဉ်းစားပါရစေဦး ကိုရဲရယ်"

"စဉ်းစားဦးမယ်"

"ဟုတ်တယ်လေ"

"ဘယ်လောက်ကြာဦးမှာလဲ"

"အဲဒါတော့ မပြောတတ်ဘူး"

"ဟာကွာ"

ညည်းညူသံက အမျိုးမျိုးပါပဲ။ သူ့ မိုးစက်အပေါ် စိတ်ပျက်ချင်လည်း ပျက်သွားပါစေတော့။ ဝမ်းရေးထက် လွမ်းရေးခက်တယ် ဆိုတဲ့စကားက မိုးစက်အတွက် မမှန်ပေ။ ကိုယ့်မိသားစုအရေးထက် အချစ်ရေးကို ဦးစားမပေးနိုင်တာ ကိုရဲ ခွင့်လွှတ်ပေးပါ။

"မိုးစက်ကို နားလည်ပေးပါ ကိုရဲရယ်"



## အခန်း (၂၆)

"ရမယ်ထင်လို့ လုပ်တာ၊ ဖြစ်မလာတာတော့ ဘယ်တတ်နိုင်မှာလဲ။ အခု ရှိတာကုန်လို့ ညည်းတို့တွေ ပွစိ ပွစိ လုပ်တာ။ ဖြစ်လာလို့ ချမ်းသာရင် ညည်းတို့ပဲ စံစား ခံစားကြမှာမဟုတ်ဘူးလား ပြော"

"ဘာမှ စံစားစရာအကြောင်း မရှိဘူး။ မေမေရှာထားတဲ့ ပစ္စည်းတွေတောင် အနိတ်စိန်း လက်ဝါးကြီးအုပ်နေတာ။ အနိတ်စိန်း ပိုင်တဲ့ပစ္စည်းဆိုရင် အနိတ်စိန်း မျက်ချေးကိုတောင် ဝါးပီလုပ်ပြီး အိုးနဲ့သိပ်ထည့်ထားမှာ မသိတာမှတ်လို့"

"အခု ညည်းက မကျေနပ်ဘူးပေါ့ ဟုတ်လား"

"ကျေနပ်စရာမှမဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

အနိုက်ဒီစန်း ကျောဆန့်လာသည်။ ဖေဖေကတော့ ဘာတစ်ခွန်းမျှ ဝင်မပြောသေးပေမယ့် ပြောပြီဆို မိုးစက်ကသာ အနိုင်ခံ။ မိုးစက် ခုလိုပြောနေရတာလည်း ဒဏ်မခံနိုင်တော့လို့လေ။

"မေမမရှိတုန်းက မိုးစက်တို့နေခဲ့ရတာ ဒီဘဝမျိုး မဟုတ်ဘူး"

"ဟဲ့ ရှင်ပြုတုန်းက ရွှေထီးဆောင်းခဲ့ရတာကို ထည့်မပြောနဲ့လေ။ နင်တို့ ကြီးရာအရပ် ကျရာဘဝမှာ ရပ်တည်နိုင်အောင် ကြိုးစားရမှာပေါ့"

"ကြီးရာအရပ်လို့ပြောရအောင် မိုးစက်တို့အတွက် မေမေ တည်ဆောက်ထားခဲ့တာ ရေပ်မှမဟုတ်တဲ့။ ကျရာဘဝမှာ ရပ်တည်နိုင်အောင်တော့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ ဒီထက်ကျရရင် ပြာပုံတိုးဖို့ပဲ ရှိတော့တယ်"

"ကြည့်စမ်း ... ကြည့်စမ်း။ ဒါ တို့ကို ချေနှိမ်နိုင်းလိုက်တာပေါ့လေ။ မိုက်ရိုင်းလိုက်တာ။ ညည်း တိုးတက်ကြီးပွားဦးမယ် သိလား"

"အနိုက်ဒီစန်း ကိုယ့်စကားနဲ့ကိုယ် ကိုယ့်ကိုယ်ကိုယ်ဖော်သူတော်တစ်ပါးတိုးနေတာနော်။ မိုးစက်ပါးစပ်က ဘာတစ်ခွန်းမှ အနိုက်ဒီစန်းကို မနိုင်းနှိုင်းဘူး"

"ပြာပုံတိုးဖို့ပဲ ရှိတော့တာလို့ ညည်းပဲ ပြောတာလေ"





"အဲဒါ မိုးစက်တို့ဘဝကို ပြောပြနေတာ"

သူတစ်ပြန် ကိုယ်တစ်ပြန် အော်နေကြတဲ့ကြားမှာ ဖေဖေက ကျောက်ရုပ်တစ်ရုပ်လို ငုတ်တုတ်။ ကျောက်စက်ကတော့ အနိုက်ဒီစန်းကို ကြည့်လိုက်၊ မိုးစက်ကိုကြည့်လိုက်နှင့် ငိုမဲ့မဲ့လေးဖြစ်နေရှာသည်။ ကျောက်စက်အတွက် အားကိုးစရာသည် မိုးစက်သာ။ သူလည်း သူတွေးတတ်သလိုတွေးပြီး စိတ်ညစ်နေရှာမှာပေါ့။

"အစ်ကိုအေး"

ဖေဖေ့မျက်နှာကြီးက နီနေတာ ဘယ်သူ့ကို ဒေါသဖြစ်ချင်တာလဲ။

"ရှင် ဒီအတိုင်းပဲ ငုတ်တုတ်ထိုင်နေတော့မှာလား။ ဘာမှ ဝင်မပြောတော့ဘူးလား"

"အနိုက်ဒီစန်းက ဖေဖေ့ကို ဘာတွေဝင်ပြောစေချင်တာလဲ"

"မိုးစက်"

မျက်တောင့်နီနှင့် မိုးစက်ကိုကြည့်ပြီး ခေါ်လိုက်တာကဖေဖေ။

"တို့လုပ်တာတွေကို နင်မကျေနပ်ဘူးဆိုရင် ကြိုက်တဲ့လမ်းကို ရွေးချယ်လို့ရတယ်"

"ဖေဖေ"

"တော်တော့ ... ငါ ဘာမှ ထပ်မကြားချင်ဘူး"

ကြိုက်တဲ့ လမ်းကိုရွေးတဲ့။ မိုးစက်စိတ်ကို တင်းပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အမေမဟုတ်တဲ့ မိန်းမတစ်ယောက်ရဲ့ လက်ဝါးကြီးအုပ်မှုအောက်မှာ ဆက်နေလို့ကတော့ မိုးစက်တို့ဘဝ ဘယ်လိုလုပ်ပြီး အညွန့်တက်နိုင်မှာလဲ။ အဲဒီတော့ ကိုယ့်ဘဝကိုယ့်အကြောင်းနဲ့ကိုယ်၊ ကိုယ့်လမ်းကိုယ်ဖောက်ပြီး လျှောက်ရတော့မှာပဲပေါ့။

မိုးစက် ညီမလေးအတွက် အားမွေးရမယ်။ ကိုယ်က အကြီးဆိုတော့ တာဝန်ကျေရမှာပဲပေါ့။

"မကြားချင်ဘူးဆိုပေမယ့် ဖမ်းစရာရှိတာလေးတော့ မေးပါရစေ ဖေဖေ"

"ဘာ"

"ဖေဖေ . . . သမီးတို့ကို တကယ်ပဲ သံယောဇဉ်ပြတ်နိုင်သလား"

ဖြေသံမကြားရတဲ့ တိတ်ဆိတ်ခြင်းရဲ့နောက်ကွယ်မှာ အဖြေလာရင် ဘာဖြစ်နိုင်မလဲ။

"ဖြေလိုက်လေ အစ်ကိုအေး"

ဖေဖေ မျက်နှာလွှဲသွားတာကို မြင်လိုက်ရပြီး –

"ပြတ်တယ်"

ခပ်တိုးတိုးဖြေလိုက်တဲ့အသံနောက်မှာ မိုးစက် ဆက်မေးထရပ်ပြီးသားဖြစ်သွား၏။

"မမ"





ကျောက်စက်ကပါ ထရပ်ပြီး မိုးစက်ခါးကိုဖက်ထားလေသည်။

"ရတယ် ဖေဖေ၊ မိဘက ပြတ်တယ်ဆိုရင် သားသမီးက ခူးနန့်ပြီး ပြတ်တယ်။ လာ . . . ညီမလေး သွားမယ်"

မိုးစက် ညီမလေးကို လက်ဆွဲပြီး အိမ်ပေါ်ကဆင်းလာခဲ့တာ လက်ထဲမှာ ပိုက်ဆံတစ်ရာတောင်မပါခဲ့။ လက်ဝတ်လက်စားတွေကလည်း သူတို့နှလုံးရောဂါထလို့ ဘာမှမရှိတော့ဘူးလေ။ ဘာကြောက်ရမလဲ။ မိုးစက်မှာ ခြေနှစ်ဖက် လက်နှစ်ဖက်ပါနေသရွေ့ မငတ်ရဘူးဆိုတဲ့ မာနနဲ့ ဆင်းလာခဲ့တာ။

သူငယ်ချင်းရဲ့အကူအညီနဲ့ မိုးစက်တို့ အခိုးသက်သက်သာသာနဲ့ အိမ်လေးတစ်လုံးငှားနေခဲ့သည်။ စိတ်မကောင်းစရာတစ်ခုကတော့ ညီမလေးကို ကျောင်းဆက်မထားနိုင်ခြင်းပါပဲ။ ခြောက်တန်းနှင့်ကျောင်းထွက်လိုက်ရတဲ့ ညီမလေးက အလုပ်ကိုမရှောင်တမ်း လုပ်ခဲ့တာ မိုးစက်ထက်တောင် ပိုပြီး ဝင်ငွေရှာနိုင်သူဖြစ်ခဲ့သည်လေ။

မိုးစက်က ပျော့တော့ အလုပ်ကြမ်းမလုပ်နိုင်။ ညီမလေးကကြမ်းကြမ်းတမ်းတမ်းနဲ့ ယောကျ်ားတစ်ယောက်အတိုင်းပါပဲ။ နောက်တော့ –

"မမ စာရေးဆရာမဖြစ်ချင်တယ်ဆိုရင် စာပဲရေးလေ။ ကျောက်စက်က အလုပ်လုပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာ ကျောက်စက်ရယ်။ မမက အကြီးလေ။ မမ တာဝန်ကျေချင်တယ်"

"မမ"

"ဟင်"

"ဒါဆို မမအားတဲ့အချိန်မှာ စာရေး သိလား။ ကျောက်စက် ဘယ်လောက်ပဲ ပင်ပန်းပါစေ အိမ်ရောက်လို့ မမရေးပြီးသလောက် ကလေးကို ဖတ်ရတာ အမောပြေတယ် သိလား"

ကျောက်စက်က အဲဒီလို သူ့ဝါသနာကို ကျေးကန်ပေးခဲ့သူ။ မိုးစက် စာရှုပေရှု ရှုနေတာကို ပတ်ဝန်းကျင်ကသိတော့ –

"အလကားပါဟယ်၊ ဘုံမဝင် ဆုံမဝင်အလုပ်ကို လုပ်နေတာ။ သူကတော့ အပင်ပန်းမခံဘဲ အငယ်မလေးက ကျိုးကုန်းလုပ်နေရတာ သေတော့မယ်။ အငယ်မလေး သနားပါတယ်"

"အေးလေ ... သူဖြစ်ချင်တဲ့ စာရေးဆရာဆိုတာ တော်ရုံလူ ဖြစ်နိုင်တာမှတ်လို့။ ဝဲနေတာတော့ကောင်းကင်ပဲ။ ကျတော့မှ ဘယ် ချေးပုံထဲကျမယ် မသိဘူး"

"လူနေတော့ ချုံကြား။ စိတ်နေတော့ ဘုံဖျားဆိုတာ အဲဒါ လေ"

"ဟုတ်ပ့ါအေ"

သို့လော သို့လော အတင်းတုတ်သံတွေကို ကြားပေမယ့်





မိုးစက် ဂရုမစိုက်ခဲ့ပေ။ ဒီစကားသံတွေကို ခံနိုင်ရည်ရှိမှ သူမ ရှုခွင့်ရှိ တာတွေ တစ်နေ့ အကောင်အထည်ပေါ်လာချင် လာမှာပေါ့။ မဖြစ် ဘူးလို့ ဘယ်သူက အတပ်ပြောနိုင်သလဲ။ ရှုစရှိလို့ ရှုပြီဆိုတော့ မိုးစက် စာမရေးရရင် လုံးဝမနေနိုင်သည်အထိ ဖြစ်လာသည်။

ဒီတော့ ဘာတွေ ဆက်ရင်ဆိုင်ရသလဲဆိုရင် –

"အစတုန်းကတော့ ညည်းကို ငါ့သားနဲ့ သဘောတူခဲ့တာ ဂုဏ်ရည်တူ၊ အဆင့်တန်းတူမို့လို့ပဲ မိုးစက်ရေ။ အခု အခြေအနေက ကွာဟသွားပြီဆိုတော့ နောက်ကို ညည်း ငါ့သားနဲ့ မပတ်သက်ပါနဲ့။ ဒါ မိခင်တစ်ယောက်ရဲ့ သားနဲ့ပတ်သက်ပြီးထားတဲ့ အတ္တပဲ"

"ဒီမှာ မိုးစက်ရေ ... ငါ့မောင်က ညည်းနဲ့လာပြီး ပတ်သက် ခဲ့ရင်တောင် ညည်း လက်ခံတွေ့ဆုံတာမျိုး မလုပ်ပါနဲ့"

"တွေ့မယ်ဆိုရင်ရော"

"တို့က ရအောင်ခွဲမှာပဲ"

လူတွေက အဲဒီလို။ မိုးစက်ဘဝ ပြည့်စုံခဲ့တုန်းကတော့ မြှောက်စားပေးခဲ့ကြပြီး မိုးစက်ဘဝ နိမ့်ကျလာတော့ မတူမတန်ဘူးတဲ့။ လောကကြီးကပဲ လှည့်စားတာလား။ လူတွေကပဲ မာယာများတာ လား။ အချစ်ဆုံးဆိုတာကလည်း အမုန်းဆုံးတွေဖြစ်လာဖို့ အခြေအနေ က ဖန်တီးလို့ပါပဲ။ ကိုယ့်ကိုသိပ်ချစ်ပါတယ်ဆိုတဲ့ ချစ်သူကတော။

"မင်း တောင်စွန်ရေမရတွေ ရှာလျှောက်လုပ်မနေနဲ့ မိုး။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုတွေ ရေးနေလို့ မင်းဘဝ ဘာမှဖြစ်မလာဘူး။ အခုချိန်မှာ မင်း လုပ်ရမှာက မင်းနဲ့ကိုယ် နှစ်ယောက်တစ်ဘဝ ဘယ်လိုတူထောင်ကြရ မလဲ စဉ်းစားရမှာ''

''ဘယ်လို''

ပြန်မေးလိုက်တာက နားမလည်လို့ မဟုတ်။ မိုးစက်က မိန်းကလေးမဲ့ဥစ္စာ သူနဲ့နီးစပ်ဖို့ကို မိုးစက်က ကြိုးစားရမယ်တဲ့လား။

''အခု မင်း စာယောင်ယောင် ပေယောင်ယောင် လုပ်နေလို့ မင်းကို မေမေနဲ့ မမက အထင်မကြီးတော့ဘူး သိလား''

''ဒါဆို ရှင့်အမေနဲ့အစ်မ အထင်ကြီးဖို့အတွက် ကျွန်မက ဘာလုပ်ပြရမှာလဲ''

''ဟ . . . အလုပ်ကြိုးစားပြီး အိမ်ရှင်မပီသတဲ့ မိန်းကလေး ဖြစ်ဖို့တော့ လိုတာပေါ့''

''ဪ . . . ဪ''

''မင်း စာရေးတာကို ကိုယ်လည်း မကြိုက်ဘူး မိုး။ အဲဒီ အလုပ်ကို မင်း ရပ်တန့်ကရပ်ပါ''

''မရပ်နိုင်ဘူး''

''ဘာ''

''နေစမ်းပါဦး။ ကျွန်မ စာရေးတာကိုပဲ လက်ညှိုးထိုးရှုချနေ ကြရအောင် စာပေဆိုတာ အဆိပ်မဟုတ်ဘူးလေ။ အလိမ္မာစာမှာနို





ကြားဖူးပါတယ်။ မိုးစက် ဝါသနာပါတာ အပြစ်လား''

''မင်း အဲဒီလောက် ဝါသနာပါနေတော့ရော အဲဒီစာတွေက မင်းကို ဘာအကျိုးပြုလဲ ပြော''

''အကျိုးပြုတဲ့နေရာတော့ပြုတာပေါ့ရှင်''

''တော်စမ်းပါကွာ''

မိုးစက် ဘာမှဆက်ပြောချင်စိတ်မရှိတော့။ သူတို့က စာဖတ် သူတွေမဟုတ်တော့ စာပေရဲ့အနှစ်သာရကို ဘယ် နားလည်မှာလဲ။

''အခု ကိုယ့်အိမ်က ကိုယ့်ကို သူတို့သဘောတူတဲ့မိန်းမနဲ့ ပေးစားတော့မယ်''

''ဟင်''

နှစ်ယောက်သား အကြည့်ချင်းဆုံကြပြီး စိုက်ကြည့်နေကြတာ အတန်ကြာ။

''ကိုယ်နဲ့ မင်းရဲ့ဝါသနာ ဘာကိုရွေးမှာလဲ။ မင်း တစ်ခုပဲ ရွေးပါ''

''ကျွန်မ ဝါသနာကိုပဲရွေးမယ်''

မိုးစက် ဖြေလိုက်တာ မဆိုင်းမတွပါပဲ။

''ကောင်းပြီလေ၊ ကိုယ်ကလည်း မေမေနဲ့မမကိုမှ မလွန်ဆန် နိုင်တာ။ သူတို့ပေးစားတဲ့မိန်းမကို ယူလိုက်ရုံပေါ့''

''ဒါဆို ကျွန်မသွားတော့မယ်''



www.burmeseclassic.com

www.burmeseclassic.com



"နေဦး"

"ဘာပြောစရာ ကျန်သေးလို့လဲ"

"မင်း ကိုယ့်ကို ဒီလိုထားခဲ့လို့မရဘူး မိုးစက်ရေ၊ ကိုယ် ကျန်ရစ်ခဲ့သူ မဟုတ်ဘူး"

"ကောင်းပြီလေ၊ ကျန်ရစ်ခဲ့တာပဲဖြစ်ဖြစ်၊ ချန်ရစ်ရတာပဲ ဖြစ်ဖြစ် ကျွန်မအတွက်က ကိစ္စမရှိပါဘူး။ အဲဒီတော့ ရှင်သွားပါ"

သူ မိုးစက်ကို အကြာကြီးစိုက်ကြည့်နေပြီးမှ လှည့်ထွက်သွား လေတော့သည်။ အဲဒီတော့ မိုးစက်ကကျန်ရစ်ခဲ့သူပေါ့။ ကိုယ်တာ စတင်ရွေးချယ်လိုက်သူမို့ ကျေနပ်ခြင်းများနှင့်သာ။



## အခန်း (၂၇)

"မမ ... မမ"

"----"

"မမ"

"အင် ... ဟင်"

ကျောက်စက်၏ခေါ်သံကြောင့် မိုးစက် အတိတ်မှာကျွံနေတဲ့ အတွေးစတွေကို ပြန်နုတ်ကာ ထထိုင်လိုက်မိ၏။ ရင်ခွင်ထဲမှာ ပိုက် ထားမိသည်က မေမေ့ရဲ့ဓာတ်ပုံ။ ဓာတ်ပုံကို စားပွဲပေါ်သို့ ပြန်တင်လိုက် ရင်း –

"ဘာပြောစရာရှိလို့လဲ ကျောက်စက်"

"မမ စာရေးနေသလားလို့ လာကြည့်တာ။ ညည့်နက်



www.burmeseclassic.com

www.burmeseclassic.com



အောင် ရေးနေမှာစိုးလို့လေ”

“ရေးလို့မရပါဘူးဟာယ်”

လေသံအေးနှင့် ပြောလိုက်တော့ ကျောက်စက် တွေခနဲ ဖြစ်သွားပြီး မိုးစက်ကို လိုက်ကြည့်နေတာ ဘာအဓိပ္ပာယ်နဲ့လဲတော့ မသိ။ မိုးစက် သူ့ရှေ့မှာတင် ဆန်းသစ်ဆီကိုသွားတာကြောင့် တစ်ခုခု ကို တွေးလိုက်တာလား။

မိုးစက်ကို မေမေမွေးခဲ့တာ နှလုံးသားနဲ့တင် တည်ဆောက် ထားတဲ့လူ မဟုတ်ဘူးလေ။ စဉ်းစားတွေးခေါ်တတ်တဲ့ ဦးနှောက်ပါ ထည့်မွေးထားတာပဲဥစ္စာ။ မိုးစက် စဉ်းစားရတော့မည်ပေါ့။ နှလုံးသား ကို အလိုလိုက်ရမလား။ ဦးနှောက်ကို ဦးစားပေးရမလား။ လောလော ဆယ်တော့ မဆုံးဖြတ်တတ်။

“မမ”

“ဟင်”

“ဆန်းသစ်က ဘာတွေပြောသွားလဲ”

“သူနဲ့ပတ်သက်ပြီး နင်က ဘာကိုသိချင်တာလဲ”

“သူ မမအပေါ် မရိုးသားတော့ဘူးလို့ ကျောက်စက်ထင်နေ တယ်”

“ဟုတ်တယ်”

“ဟင်”





“မိန်းကလေးနဲ့ ယောက်ျားလေး ပြောနေကျစကားအတိုင်းပဲ ပေါ့။ သူက ငါ့ကိုချစ်တယ်တဲ့”

“ဒါဆို ကျောက်စက်ထင်တာ မလွဲဘူးပေါ့”

မိုးစက်ကသာ ဦးနှောက်ခြောက်နေတာ ကျောက်စက်ကတော့ ပြီးစီးပြီ။ ဒါပေါ့လေ၊ ကျောက်စက်က လွယ်ဆိုတော့ လွယ် အတွေးနဲ့ အချစ်ကိုပဲဦးစားပေးပြီးတွေးမှာပေါ့။ ကိုရဲရင့်နဲ့လွဲပြီးကတည်း က မိုးစက်ကို အချစ်သစ်နဲ့တွေ့ပြီး ဘဝသစ်ကို ထူထောင်စေချင်နေ တာ မိုးစက်သိတာပေါ့။

ဒါပေမဲ့ ဖြစ်မှမဖြစ်နိုင်ပဲလေ။ ကိုယ်က မိုက်ရူးရဲဆန်ရတော့ မယ့်အရွယ်မှ မဟုတ်တော့တာ။ ဆန်းသစ်က ကိုရဲရင့်တို့အရွယ်ဆိုရင် လည်း တစ်မျိုးစဉ်းစားပေးရရဲ့။ ခုတော့ မဖြစ်နိုင်တဲ့အခြေအနေကို ဖြစ်စေဖန်တီးပေးလိုက်လို့ မှားသွားရင် ကိုယ်ဝတ္ထုရေးနေတဲ့ စာမူ စာရွက်လို ဖြဲပြီး အမှိုက်ပုံးထဲ ပစ်ထည့်လို့ရတာမဟုတ်။

“မမ”

“ပြော”

“မမ သူ့ကို ဘယ်လိုတုံ့ပြန်ခဲ့လဲ”

“ပါးရိုက်ပစ်ခဲ့တယ်”

“ဟင်”

ကျောက်စက် တအံ့တသြနှင့် မျက်စိကလေးပြူးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ပါးရိုက်ပစ်ခဲ့တယ်ဆိုတော့ သနားသလိုလို ဘာလိုလို။ မချစ်နိုင်ဘူးဆို ပါးစပ်နဲ့ငြင်းလည်းရတာပဲလေ၊ လက်ပါဖို့လိုသလား။

"ပါးစပ်နဲ့တင်ပြောလည်း ရတာကို မမရယ်"

ပါးစပ်နဲ့တင် ပြောမရလို့ လက်ပါရတာလို့ မပြောဖြစ်။

"ကျောက်စက်"

"ရှင်"

"နင်က ဆန်းသစ်ကို သနားနေတာလား"

"မဟုတ်ပါဘူး။ မမရိုင်းသလိုဖြစ်သွားမှာစိုးလို့ ကျောက်စက်က ပြောတာပါ"

"တစ်ခါတလေ ရိုင်းဖို့လိုအပ်လာရင် ရိုင်းပြရတာပဲ ကျောက်စက်။ အခု ငါရိုင်းသလို ဖြစ်သွားရင်တောင် အဲဒါ ငါ့အတွက် မဟုတ်ဘူး"

"ဒါဆို ဆန်းသစ်အတွက်လား"

"ဟုတ်တယ်၊ သူကမဖြစ်နိုင်တာကို စိတ်ကူးယဉ်နေတာလေ။ ငါ နင့်ကို ပြောခဲ့ဖူးပါတယ်။ သူက ငါ့အထက်အရမ်းငယ်နေတော့ ငါ့ကိုချစ်ပါတယ်ဆိုတဲ့ သူ့အချစ်က ဘယ်လောက်အထိ ခိုင်မြဲနိုင်မှာမို့လို့လဲ"

"အင်းလေ ... မမက ကျောက်စက်ထက် အကြီးဆိုတော့ လောကကြီးနဲ့ လူတွေအကြောင်းကို ကျောက်စက်ထက် ပိုသိမှာပေါ့"





ပြောပြီး ထွက်သွားတဲ့ ကျောက်စက်ကျောပြင်ကို ကြည့်ရင်း မိုးစက် သက်ပြင်းချလိုက်မိသည်။

မိုးစက်က အချစ်နဲ့မထိုက်တန်တဲ့ မိန်းမလား။ အချစ်ဆိုတဲ့ အရာက ကိုယ့်ဆီကိုရောက်လာတိုင်း မဖြစ်နိုင်ခြင်း အမျိုးမျိုးတွေကို သယ်ဆောင်လာခဲ့တာလေ။

ဆန်းသစ်၊ မင်း မမိုးကို မေ့နိုင်အောင်ကြိုးစားပါ ကလေးရယ်။ မင်း ရှေ့ဆက်တိုးရင် နှစ်ဦးနှစ်ဖက် နစ်နာကုန်ကြမယ်ဆိုတာ မင်း သိရဲ့လား။



www.burmeseclassic.com

## အခန်း (၂၈)

မိုးစက် စာမူတွေသွားအပ်ဖို့အတွက် ထွက်လာခဲ့ပြီး ဖိနပ်စီးနေစဉ် –

"အန်တီမိုး"

"ဟင်"

ခေါ်ပြီး သူမဆီကို ပြေးလာသူက လူလူ။ လက်ထဲမှာလည်း ပိတောက်ပန်းတွေနှင့်။ ဟုတ်ပေသားပဲ။ ဘာလိုလိုနဲ့ အခါတောင် ကျော်ခဲ့ပြီးပဲ။ သင်္ကြန်ရက်က မိုးစက်အတွက် မထူးဆန်းသလို ပျော်စရာ ရွှင်စရာတွေ အထူးတလည်ဖြစ်မလာခဲ့။ ဘာဖြစ်လို့လဲဆို ဥယျာဥ်စောင့်နေခဲ့တာကို။။

သင်္ကြန်ပြီးလို့ နှစ်ကူးတာနဲ့ အသက်ကလည်း တစ်နှစ်ကြီး





သွားပြန်ပြီ။ ဟြော် တစ်ခါတုန်းက သင်္ကြန်မှာ ကိုရဲရင့်က သူမကို ခရေကုံးလေး ပန်ပေးခဲ့ဖူးသည်။ အခု သူ့သားက ပိတောက်ပန်းတွေ လာပေးနေတာ သူ့ပေးခိုင်းလို့လား။ ဟုတ်မှာပါ၊ လူလူလေးက ပိတောက်ပင်ပေါ်တက်ပြီး ပန်းခူးနိုင်မှာမှ မဟုတ်တာ။

ဟင်း ... နင် ဘာတွေလျှောက်တွေးနေတာလဲ မိုးစက်။ ပြီးခဲ့တာတွေကို ပြန်သတိရနေဖို့ မလိုတော့ဘူးလေ။ ကိုယ့်ဘဝနဲ့ကိုယ် အထာကျနေကြပြီဥစ္စာ။ ပိုနေမြဲ ကျားနေမြဲပဲပေါ့။

"အန်တီမိုး"

"ဘာလဲ သား"

"ရော့ ... အန်တီမိုးပန်ဖို့ သား ပိတောက်ပန်းလာပို့တာ"

"ဒီပန်းတွေကို ဘယ်သူတက်ခူးတာလဲ သား"

"ဖေဖေတက်ခူးတာပေါ့ အန်တီမိုးရဲ့။ အန်တီမိုးကို ဖေဖေက မှာလိုက်တယ်။ ဒီပန်းတွေကို ဘုရားလည်း တင်၊ အန်တီမိုးလည်း ပန်ပါတဲ့"

မိုးစက် လူလူ့လက်ထဲက ပိတောက်ပန်းတွေကိုယူလိုက်ပြီး လူလူ့ခေါင်းလေးကိုလည်း ပွတ်လိုက်ကာ –

"အန်တီမိုး ဒီပန်းတွေကို ဘုရားတင်လိုက်ပါ့မယ်။ ပန်တာတော့ မပန်တော့ပါဘူး"

"ဟင် ... ဘာဖြစ်လို့လဲ အန်တီမိုးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူးကွယ်၊ အန်တီမိုး မပူချင်လို့ပါ"

ရင်ထဲရှိတာတွေ ရှင်းပြရင် ကလေးက နားလည်မှာမှမဟုတ်တာ။ သစ္စာရှိပါတယ်ဆိုတဲ့ ခရေပန်းကိုပေးခဲ့တာတောင် သစ္စာတွေ ပျက်ယွင်းပြီး ဖောက်လွဲဖောက်ပြန်ရှိခဲ့သေးတာ။ ကြွေလွယ် နွမ်းလွယ်တဲ့ ဒီပိတောက်ပန်းတွေကို ဘာလို့ ပန်ပြနေရဦးမှာလဲ။ မျှော်လင့်ချက်တွေပေးသလိုလည်း ဖြစ်မှာစိုးသည်လေ။

လူလူလေး မျက်နှာမကောင်းဖြစ်သွားတဲ့အတွက် စိတ်တော့ မကောင်းပါဘူး။ အန်တီမိုးကို ခွင့်လွှတ်ပါ ကလေးရယ်။

"အန်တီမိုး"

"ဟင်"

"အန်တီမိုး သားကို မချစ်ဘူးလားဟင်"

"ချစ်တာပေါ့ သားရယ်။ ချစ်လို့မှ သားလိုချင်တာတွေ ဝယ်ပေးပြီး သားကို အလိုလိုက်နေတာပေါ့"

"ဟာ . . . အန်တီမိုး သားကို တကယ်မချစ်ပါဘူး"

"ချစ်ပါတယ် သားရဲ့"

"သား မယုံဘူး"

"ဟောတော့"

"တကယ်ချစ်တယ်ဆိုရင် သားပေးတဲ့ပန်းကို အန်တီမိုး ပန်ရမယ်"





"ဟယ် . . . ဖွတ်တရွတ်ကလေးပါလား"

"ကဲ . . . ကလေးစိတ်ချမ်းသာအောင် ပန်လိုက်ပါ အန်တီလေးရယ်။ ပန်းပန်နိုင်းတာကိုများ ဖားစက်အောက်ကို ခေါင်းထိုးခံနိုင်းတာ ကျနေတာပဲ"

တေဇက ဝင်ပြောလေသဖြင့် မိုးစက် မျက်စောင်းတော့ထိုးလိုက်သေးသည်။ သူက ဘာသိလို့ ဝင်ပြောရတာလဲ။ အကျိုးအကြောင်းကို ပြောပြချင်ပေမယ့် မသိလက်စနဲ့ မသိတာပဲ အကောင်းဆုံးဟု သူတို့လေးတွေကျေနပ်အောင် –

"ကောင်းပြီလေ . . . သားတို့က ဒီလောက်ပန်စေချင်နေမှတော့ အန်တီလေး ပန်လိုက်ပါ့မယ်"

မိုးစက် ဘုရားတင်ဖို့ ပန်းတွေကို ဦးဦးဖျားဖျား အရင်ခွဲထားလိုက်ပြီး ကျန်တဲ့တစ်ခိုင်ထဲက ပိတောက်တစ်ခက်ကို ချိုးယူပြီး ပန်လိုက်မှ လူလူ့မျက်နှာက ပြုံးလာသည်။

"လူလူ"

"ဗျာ"

"ကျေနပ်ပြီလား"

"ဟုတ်ကဲ့"

"ဒါဆို ဘုရားတင်ဖို့ပန်းတွေ အန်တီကျောက်စက်ဆီကို သွားပို့လိုက်နော်။ အန်တီမိုးတို့က သွားစရာရှိသေးလို့ သွားလိုက်ဦးမယ်



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပြီလား"

"ဟုတ်ကဲ့"

လူလူက ပန်းတွေယူပြီး ထွက်သွားတာနှင့် သူမတို့လည်း ထွက်လာခဲ့ကြသည်တွင် ကားက ခြံအရောက်မှာ ရပ်သွားလေတော့

"ဘာဖြစ်လို့လဲ တေဇ"

"ဟိုမှာလေ . . . အနိတ်ီလေး မမြင်ဘူးလား"

တေဇ လက်ညှိုးထိုးပြရာသို့ လိုက်ကြည့်လိုက်တော့ –

"ဟင်"

"ဘယ်သူလာထားတာလဲ မသိဘူး"

မျက်မှောင်ကြုတ်ပြီးပြောလိုက်သော တေဇစကားအဆုံးမှာ မိုးစက် ကားတံခါးကို တွန်းဖွင့်ပြီး ဆင်းလိုက်၏။ သူမ လျှောက်သွား လိုက်တဲ့ ခြံတံခါးတစ်ဖက်မှာတော့ ပိတောက်ပန်းတွေ။ ဒီပိတောက် ပန်းတွေကရော ဘယ်သူလာထားတာလဲ။ ကိုရဲရင့်ပဲလား။ လက်က ပိတောက်ပန်းတွေဆီသို့ ရောက်သွားပြီး –

တစ်နှစ်နေ့ခါ ပိတောက်ဝါတွေ
နှစ်စဉ်ပွင့်မြဲ လန်းဆဲပေမယ့်
ဘယ်သူမပေး မပန်ဝေးခဲ့
ဪ . . .
ပေးမယ့်ပေးတော့ ပန်းနှစ်ကျော့နှင့်





ဘယ်ပိတောက်ကို ပန်ရမည်သိ။

ရင်ထဲမှာပဲ ကဗျာလေးတစ်ပုဒ် စပ်မိပြီး ပိတောက်ပန်းတွေကို ယူကာ ကားပေါ်သို့ ပြန်တက်ခဲ့တော့သည်။

"မောင်းတော့"

ကားလေးက သိမ့်ခနဲထွက်သွားလေသည်။ တေဇ သူမကို ခဏခဏ မျက်လုံးထောင့်ကပ်ကြည့်တာသည် တစ်ခုခုကို မေးချင်လို့ ထင်ပါရဲ့။ ပိတောက်ပန်းရနံ့တွေက သင်းကြူနေလျှက် ရင်ထဲမှာ အေးမြခြင်းကို ဆောင်ကြဉ်းပေးတာတော့အမှန်။

ခေါင်းမှာပန်ထားတဲ့ ပိတောက်နဲ့ ရင်ခွင်ထဲမှာ ပွေ့ပိုက်ထားမိတဲ့ ပိတောက်တွေ ပေးတဲ့ပိုင်ရှင်ကတစ်ယောက်တည်းတော့ မဖြစ်နိုင်ပါဘူး။ ဘာ့ကြောင့်လဲဆို လူလူလာပေးတဲ့ ပိတောက်ပန်းတွေက အခက်ကလေးတွေသေးပြီး အဝါရောင်ဖျော့ဖျော့။ အရွက်တွေများပြီး အရိုးကလည်း သေးသည်လေ။ ဒါ ခြံထဲက ပိတောက်ပင်ကသေးလို့ထင်ပါရဲ့။

ခြံမှာတွေ့တဲ့ ပိတောက်ကတော့ အပွင့်ကြီးပြီး အဝါရောင်ရင့်သည်။ အရိုးတွေကလည်း သန်နေပုံထောက်တော့ အပင်ကြီးကြီးကနေ ခူးလာလို့လား။

"အနိတ်ီလေး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ဝိတောက်ပန်းတွေ ဘယ်သူလာထားတာ ဖြစ်နိုင်မလဲ"

"နင်နဲ့ငါ အတူတူထွက်လာတာပဲဥစ္စာ။ မသိဘူးလေဟယ်"

"ကျွန်တော်ကတော့ ဟိုလူလို့ ထင်တယ်"

"ဘယ်သူလဲ"

"ဘယ်သူရှိရဦးမှာလဲ၊ ဆန်းသစ်ဆိုတဲ့လူပေါ့"

ဟုတ်သားပဲ။ ဒီကောင်လေးအပြင် အခြားအပြင်လူက ဘယ်သူလာထားမှာမှတ်လို့။

"အန်တီလေးကို သား ပြောရဦးမယ်"

"ဘာများလဲ"

"ဆန်းသစ်ဆိုတဲ့လူနဲ့တော့ အန်တီလေးကို သား လုံးဝ သဘောမတူဘူး"

"ဟင် ... ဘာဖြစ်လို့လဲ"

"သူက အန်တီလေးနဲ့ဆိုရင် အရမ်းငယ်တယ်လေ။ ကြီးရင်နီ ငယ်ရင်ချိတဲ့။ သူနဲ့ဆိုရင် အန်တီလေးက အလျှော့ပေးပြီး အလိုလိုက်နေရမှာ။ ဦးရဲရင့်နဲ့ဆိုရင်တော့ သူက အန်တီလေးကို အလိုလိုက်မှာ ကျိန်းသေတယ်"

"ဘာ"

မိုးစက် ကိုယ်လေးမတ်သွားပါ၏။ တေဇက သူမကို ကိုရဲရင့်နဲ့





သဘောတူတယ်တဲ့လား။ ကျောက်စက်နဲ့တေဇ တစ်ဖက်စီမှာရပ်တည်ခြင်းနဲ့ သူတို့လိုရာကို ဆွဲတွေးနေကြတာထင်ပါရဲ့။ ဒီယောက်ျား နှစ်ယောက်ကြားမှာ မိုးစက် ဘယ်လိုဆုံးဖြတ်ရမလဲ။ နှစ်ယောက်စလုံးက မဖြစ်နိုင်ခြင်းအကြောင်းတရားတွေကို ကိုယ်စီထမ်းလာခဲ့ပြီး မိုးစက်ကို ရှုံးအောင်လုပ်နေကြတာလား။

"နင်တို့ ငါ့ကို ဟိုလူနဲ့မှ ဒီလူနဲ့မှ ကန့်သတ်ရွေးချယ်ပေးနေရအောင် ငါက အရုပ်ကလေးမဟုတ်ဘူး တေဇ"

"သားက သားသဘောကို ပြောပြတာပါ။ ကာယကံရှင်က အန်တီလေးပဲလေ"

"နင်မသိလို့ပါ တေဇရေ။ သူက ငါ့ကို ထားရစ်ခဲ့သူလေ။ စွန့်ပစ်ခဲ့ပြီးမှ ပြန်လှည့်ကောက်ယူချင်တာကို လက်ခံရအောင် ငါက အမှိုက်ပုံးထဲ ပစ်ထည့်ခံလိုက်ရတဲ့ ရေသန့်ဘူးတစ်လုံးမှ မဟုတ်ဘဲ"

"သူက ထားခဲ့တာဟုတ်လား"

"ဟုတ်တယ်၊ သူတို့မိသားစု သူတို့အသိုင်းအဝိုင်းက ဖိနှိပ်ပြောသမျှ ငါခံခဲ့ရတာ ရှက်တတ်ရင် လဲသေဖို့ကောင်းခဲ့တာ သိလား"

တေဇ ခေတ္တတော့ငြိမ်သက်သွားလေ၏။ ချစ်ခဲ့မှုသည်ဆိုရင် အဲဒီအချစ်တွေ မပြယ်လို့ကတော့ ခွင့်လွှတ်နိုင်ရမှာပေါ့။ သူ ဉာဏ်မီ သလောက် စဉ်းစားကြည့်ရင် အခုချိန်မှာ ဦးရဲရင့်က ကလေးတစ်ယောက်အဖေ မုဆိုးဖို ဖြစ်နေတာမှာလွဲရင် ပြင်းလောက်စရာ



www.burmeseclassic.com

www.burmeseclassic.com



ဘာအပြစ်မှမရှိ။ အန်တီလေးဘဝတစ်လျှောက်လုံးကို စိတ်ချမ်းသာမှု တွေ ပေးနိုင်လိမ့်မယ်လို့ တေဇ ယုံကြည်သည်။

ဆန်းသစ်ဆိုတဲ့လူကျတော့ –

အန်တီလေးထက် အများကြီးငယ်နေတာ ဗိုလ်ကျမှာပေါ့။ သူ ဘယ်လောက်ကြာအောင် အန်တီလေးအပေါ် သည်းခံပြီး ချစ်နိုင်မှာလဲ။ လူငယ်ဆိုတော့ လူကြီးလို စဉ်းစားချင့်ချိန်တာတွေလည်း ရှိမှာ မဟုတ်။

ပြီးတော့ ယောကျ်ားအများစုက ကိုယ့်ထက်ငယ်တာ နုတာ တွေကိုမှ ပိုကြိုက်ကြတာမဟုတ်လား။ ဒီတော့ အသက်ကြီးကြီးမိန်းမ ကိုယူပြီး ဘယ်အထိ သစ္စာတွေတည်မြဲနိုင်မှာလဲ။

"ဒါဆို အန်တီလေးက ကိုဆန်းသစ်ကို ရွေးချယ်မယ်ပေါ့"

"မဖြစ်မနေ ဆုံးဖြတ်ရမယ့်အချိန် ရောက်ရင်တော့"

"ဟာ"

ကားက တုံ့ခနဲရပ်သွားလေတော့ –

"ဘာဖြစ်တာလဲ"

"မသိဘူး အန်တီလေး"

"ဆင်းပြီးကြည့်စမ်းပါဦး"

"သားက မောင်းပဲမောင်းတတ်တာ မပြင်တတ်ဘူးလေ အန်တီလေးရဲ့"



"ဒုက္ခပဲ"

နှစ်ယောက်စလုံး ကားပေါ်ကတော့ ဆင်းလိုက်ကြပြီး ဘာမှ မလုပ်တတ်။ တေဇ ဟိုကြည့် ဒီကြည့်ကြည့်ရင်း –

"အန်တီလေး ဝပ်ရှော့တစ်ခုခုကို ဖုန်းဆက်ခေါ်လိုက်ပါလား။ ဒါမှမဟုတ် ဦးရဲရင့်ကို ခေါ်လေ"

မိုးစက် လက်ကိုင်အိတ်ကို ဖွင့်လိုက်ပြီး –

"ဟယ်… မေ့ကျန်ခဲ့ပြီ"

"ဖုန်းလား"

"ဟုတ်တယ်… စာကြည့်စားပွဲပေါ်မှာ တင်ထားတာ"

"ကဲ ဒါဆို … အန်တီလေး ဒီမှာကျန်ခဲ့ဦး။ ကျွန်တော် အကူအညီတောင်းလို့ရမယ့်လူ ရှာလိုက်ဦးမယ်"

ပြောပြောဆိုဆို တေဇ ထွက်သွားလေတော့။

www.burmeseclassic.com

## အခန်း (၂၉)

"ဟောတော့"

ရုတ်တရက် မိုးကရွာလာသဖြင့် မိုးစက် ကားထဲသို့ ဝင်ထိုင်နေလိုက်သည်။ မိုးစက်မှာ မိုးခိုစရာနေရာရှိသည့်အတွက် ဒီမိုးက အငြိုးမဲ့သည်ပေါ့။ မိုးစက်ကလည်း အငြိုးမဲ့ခဲ့သူ။ မိုးရေစက်တွေကို အဓိပ္ပာယ်မဲ့စွာ လိုက်ငေးနေမိရင်း –

ဗိတောက်ပန်းရနံ့တွေကိုလည်း ရှူရှိုက်ကာ ကဗျာတစ်ပုဒ်စပ်ကြည့်ဖို့ ရင်ထဲမှာ ကာရန်တွေရှာနေမိစဉ် –

"မမိုး"

"ဟင်"

"မမိုး"



လှည့်ကြည့်လိုက်တော့ ပါဝါဝင်းဒိုးမှန် ချထားတဲ့နေရာကနေ ခေါင်းပြူလာတာ ဆန်းသစ်။

"ဆန်းသစ်"

"မမိုးကားကို မြင်လို့ ပြေးလာတာ။ ကားဘာဖြစ်လို့လဲ"

"ဘာဖြစ်သွားမှန်းမသိလို့ ဆန်းသစ်ရဲ့"

"ဟုတ်လား၊ ကျွန်တော် ကြည့်ပေးမယ်လေ"

"မင်းက ပြင်တတ်လို့လား"

"နည်းနည်းပါးပါးပါ"

"ဒါဆို အဆင်ပြေတာပေါ့"

ဆန်းသစ်က Taxi မောင်းတဲ့သူဆိုတော့ ကားပြင်တဲ့ကိရိယာ ဘာညာတွေ မိုးစက်ကိုမေးပြီးယူကာ ကားစက်ဖုံးကိုဖွင့်၍ ပြင်ပါလေတော့၏။

မိုးရေတွေနဲ့ ရွှဲစိုနေတဲ့ဆန်းသစ်ကိုကြည့်ပြီး မိုးစက် စိတ်မကောင်းဖြစ်ရ၏။ ထို့ကြောင့် ထီးကိုဖွင့်ပြီး ကားပေါ်ကဆင်းကာ သူ့ကို သွားမိုးပေးလေလျှင် –

"မမိုး ဘာလို့ဆင်းလာတာလဲ၊ မိုးရေတွေ စိုကုန်မယ်လေ"

"မင်းတစ်ကိုယ်လုံး ရွှဲနေပြီ"

"ကျွန်တော်က ရပါတယ်။ မမိုးပဲ ကားပေါ်ကိုပြန်တက်ပါ"

"မမိုးလည်း ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မမိုး"

"ဟင်"

"ပြန်တက်လို့ ကျွန်တော် ပြောနေတယ်နော်"

မိုးစက်က ပေကပ်ပြီး ရပ်နေလေလျှင် –

"လာ"

"ဟင်"

မိုးစက်လက်ကို ဖျတ်ခနဲဆွဲပြီး ကားထဲကို အတင်းတွန်းတင်လေတော့ ပြန်ဆင်းရင် ရန်ဖြစ်ရမယ့်အခြေအနေ။ ကားထဲက ပိတောက်ပန်းတွေကို ဆန်းသစ် ဝေ့ခနဲကြည့်ပြီး ပြုံးလိုက်တာကို မြင်လိုက်ပြီးတဲ့နောက် –

"မမိုးကို အရမ်းကျေးဇူးတင်တယ်"

"ဟင် ... ဘာအတွက်လဲ"

"ကျွန်တော်လာပို့ထားတဲ့ပန်းတွေကို ယူတဲ့အတွက်ပေါ့"

"ထင်သားပဲ"

ဆန်းသစ်အကြည့်က မိုးစက်ခေါင်းမှာပန်ထားတဲ့ပန်းဆီသို့ ရောက်သွားပြီး မျက်မှောင်ကြုတ်ကာ–

"မမိုးခေါင်းမှာ ပန်ထားတာ ကျွန်တော်ပေးတဲ့ ပိတောက်ပန်း မဟုတ်ဘူး။ ဘယ်ကောင်ပေးတာကို ပန်ထားတာလဲ ပြော"

"ဘာဖြစ်လို့လဲ"





"ပန်းချင်းမှမတူတာ။ ကျွန်တော်ပေးတဲ့ပိတောက်ပန်းက အဝါရင့်ပြီး အပွင့်ကြီးတယ်။ မမိုးပန်ထားတာက အပွင့်နည်းနည်းသေးပြီး အဝါဖျော့တယ်လေ။ ဒီလိုလုပ်လို့ ဘယ်ရမလဲ"

ပြောပြီး ဆန်းသစ်က ကားခေါင်းဘက်ကနေ တစ်ဖက်ကို ပတ်သွားပြီး ပိတောက်ပန်းအခက်လှလှတစ်ခက်ကို ချိုးယူပြီး မိုးစက်ခေါင်းမှာ ပန်ပေးလေလျှင် ...

ငြင်းလိုက်လေ မိုးစက်။ မင်းပေးတဲ့ပိတောက်ပန်းကို ငါ မပန်ချင်ဘူးလို့ ငြင်းလိုက်ပါလား။

"မင်းတက်ထိုင်တာနဲ့ ကားပေါ်မှာ ရေတွေစိုကုန်ပြီ"

"မကြီးကျယ်နဲ့ ပြန်ခြောက်သွားလိမ့်မယ်"

"တေဇပြန်လာရင် မေးမှာစိုးလို့ပါ"

ပြောစကားကို နားထောင်စွာနှင့် ဆန်းသစ် ကားပေါ်ကနေ ပြန်ဆင်းပြီး စက်ဘီးဖွင့်ထားတဲ့ဆီသို့ ပြန်လျှောက်သွားလေသည်။ မိုးက ဖွဲသည်းလာတော့ သူ့ခမျာ ကြွက်စုတ်ကလေးအတိုင်းပါပဲ။ ဆန်းသစ်နဲ့ပတ်သက်ပြီး မိုးစက်စိတ်တွေက နူးညံ့သွားလိုက်၊ မာချင်သယောင်ရှိလိုက်နှင့် ဘာမှန်းမသိ။

အချစ်က ဘယ်အရာကိုမှ ကန့်သတ်ထားခြင်း မရှိပေမယ့် ကန့်သတ်ပိုင်းခြားချင်တဲ့လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းထဲမှာ ငယ်က မိုက်ရူးရဲဆန်မှို့ မသင့်တော်သည့်လူ။ အမေမွေးကတည်းက နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



မပါခဲ့ရင် အကောင်းသားပေါ့။ ခုတော့ ဆုဝ်လည်းရှူး စားလည်းရှူး အခြေအနေ။

"မမိုး"

"ဟင်"

"စက်နှိုးကြည့်ဦး"

မိုးစက် ကားကိုစက်နှိုးကြည့်လိုက်တော့ –

"ရှိုး . . . ရှိုး"

ရှိုးဆိုပေမယ့် မောင်းထွက်သွားလို့တော့မဖြစ်သေးပေ။ တေဇ တစ်နေရာရာမှာ မိုးခိုနေတာထင်ပါရဲ့။ သူပြန်ရောက်လာသေးတဲ့ မောင်းထွက်သွားလို့ မဖြစ်သေးတာကြောင့် –

"ဆန်းသစ်"

"ရှာ"

"မင်းတစ်ကိုယ်လုံး ကြွက်စုတ်ဖြစ်နေပြီ။ ဘယ်လိုလုပ်ပါဦးမလဲ"

ကားပြတင်းဝမှာ ပေါ်လာတဲ့မျက်နှာက ပြုံးချိုနေသည်။ မိုးစက် မျက်နှာကိုစိုက်ကြည့်နေတော့ မနေတတ်စွာ မျက်နှာလွှဲလိုက်၏။ ဒီလောက် ရွှန်းလဲ့နေတဲ့မျက်လုံးတွေကို မိုးစက် ရင်မဆိုင်ရဲပါဘူး။ မင်း ဘာလို့ အဲဒီလောက် ကြည့်နေရတာလဲ ဆန်းသစ်ရယ်။

"ကျွန်တော်က မိုးကိုချစ်မိမှတော့ မိုးရဲ့ဒဏ်ကို ခံနိုင်ရမှာပေါ့"





"ဆန်းသစ်"

"မကျေနပ်ရင် နောက်ပါးတစ်ဖက် ထပ်ရိုက်လို့ရတယ်နော်"

"မရိုက်ပါဘူး"

"ကျွန်တော့်ကို စိတ်ဆိုးပြေသွားပြီလား"

"ဘာလို့ပြေရမှာလဲ မပြေပါဘူး"

"မပြေရင် နောက်ပါးတစ်ဖက် ထပ်ရိုက်လေ"

"မင်း တော်တော်အရိုက်ခံချင်နေလား"

"အရိုးကွဲမှ အသည်းစွဲတာလေ"

"အခု မင်း ဘယ်အရိုးမှမကွဲသေးဘူး"

"မကွဲသေးတာတောင် ရူးတော့မယ်ဗျ"

"ကုန်ကြမ်းပေးတာလား"

"ထည့်ရေးလိုက်လေ၊ မင်းသားက ကျွန်တော်၊ မင်းသမီးက မမိုးပေါ့"

မိုးစက် ရယ်လိုက်မိ၏။ မင်းသားနဲ့မင်းသမီး ပေါင်းမှကြိုက်တယ်ဆိုတဲ့ ဆန်းသစ်အတွက် သူပြောတိုင်းသာရေးရရင် ဇာတ်သိမ်းလှ,မလှဆိုတာ . . . အင်း အခြေအနေနဲ့ အချိန်အခါပေါ်မူတည်ရတော့မှာ ပေါ့လေ။

"မမိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကျွန်တော် မျှော်လင့်နေပါရစေနော်"

"မမျှော်လင့်နဲ့ ဆန်းသစ်"

"မမိုး"

ဆန်းသစ် အသံမာဆတ်ဆတ် ဖြစ်သွားတော့ မိုးစက် သူမျက်နှာနဲ့ ဝေးအောင် တစ်ဖက်သို့ မသိမသာ ရွှေ့လိုက်၏။ ဆန်းသစ်ကလည်း လျင်မြန်စွာ တစ်ဖက်သို့ ပြေးသွားပြီး ကားတံခါးကိုဖွင့်၍ ဝင်ထိုင်ကာ –

"ကျွန်တော် ကားပေါ်ရောက်နေပြီနော်။ မောင်းပြေးရမလား"

"လုပ်လေး ဒါ ... မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ"

"မမိုးက ထောင်ချရက်တယ်ဆိုရင် ကျွန်တော်ကလည်း ထောင် တစ်သက်လွတ်ရက်မရှိရင် နေပါစေ"

"ဆန်းသစ်"

"———"

"မင်း တစ်ဖွတ်ထိုးမလုပ်နဲ့နော်။ ငါ မင်းကို မမုန်းချင်ဘူး"

"မမုန်းနဲ့လေ၊ ဒီကလည်း ချစ်ဖို့ပြောနေတာ။ မမိုးက ကျွန်တော့်ကို မချစ်ဘူးဆိုရင်တော့ ကျွန်တော် ချစ်နေရရင် ပြီးရောပဲ။ မမိုးကို ကားတင်ပြေးမယ်။ ဒါ ကျွန်တော့်ဆုံးဖြတ်ချက်"





"ကျွတ်"

မိုးစက် စိတ်ပျက်သလို ညည်းညူလိုက်မိ၏။ ဒီကောင်လေး တကယ်လုပ်မယ့်ပုံပါလား။ အရွယ်တူရင်တော့ မင်းကိုချစ်ချင်ပါတယ် ဆန်းသစ်ရယ်။ အသက်အရွယ်ကွာခြားမှုက ဂုဏ်နေတွေ မျိုးရိုးပညာ စသည်ရှိတဲ့ တံတိုင်းခြားစာတွေထက် ပိုဆိုးတော့ ခက်သား။

အချစ်ဆိုတာ တစ်ခါတစ်ခါ ဆန်းကျယ်ထွေပြားပေမယ့် မိုးစက်ကတော့ အဲဒီ ဆန်းကျယ်ထွေပြားမှုတွေထဲကို တိုးဝင်လို့ မဖြစ်ပေ။ စာရေးဆရာမတစ်ယောက်ဖြစ်နေပြီး ဦးနှောက်မရှိဘူးလားလို့ ဆိုလာကြရင် မိုးစက် ရှက်လွန်းလို့ သေသွားမလား မပြောတတ်။

"ကျွန်တော့်ကို မရက်စက်ပါနဲ့ မမိုးရယ် ... နော်"

"ငါ မင်းကို မရက်စက်ချင်ပါဘူး"

"ဒါဆို အဖြေပေး"

"မမိုး စဉ်းစားပါရစေဦး ဆန်းသစ်ရယ်။ မမိုးကို စဉ်းစားခွင့်လေးတော့ပေးပါ"

"ဘယ်လောက်ကြာအောင် စောင့်ရမှာလဲ"

"သုံးနှစ်"

"ဒီခေတ်က အင်တာနက်ခေတ်လေ။ မရဘူး သုံးရက်ပဲ စောင့်မယ်"

"တေဖပြန်လာတာနဲ့ တိုးနေဦးမယ်၊ မင်းသွားတော့



www.burmeseclassic.com

www.burmeseclassic.com



ဆန်းသစ်''

"သုံးရက်နော်"

ပြောပြီး ဆန်းသစ် ကားပေါ်ကနေ ဆင်းပြေးသွားလေတော့ မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ မိုးစက် လိုက်ငေးနေမိသည်။ အချစ်ဝတ္ထုတွေ ရေးနေတဲ့ အချစ်ဆရာမကြီးက ကိုယ့်အချစ်ရေးကျမှ နုံချာစွာ ဆုံးဖြတ်ရခက်နေသည့်အဖြစ်။

"အနိတ်ီလေး"

"အမေ့"

"မိုးကလည်းဗျာ သဲကြီးမဲကြီးကို ရှာတော့တာပဲ။ မိုးရွိနေရင်း မစဲတော့ အနိတ်ီလေးကို စိတ်မချတာနဲ့ ပြန်ပြေးလာတာ။ ဟူး တစ် ကိုယ်လုံး ကြွက်စုတ်ဖြစ်နေပြီ"

တစ်ခါတည်း ကားထဲမှာဝင်ထိုင်ရင်း ပြောလိုက်တဲ့ တေဇ အသံက ကရားရေလွှတ်ပါပဲ။ တော်သေးတာပေါ့။ သူ့ကိုယ်ကလည်း တစ်ကိုယ်လုံး ရွှဲရွှဲစိုနေလို့။ မဟုတ်ရင် ဆန်းသစ်ကိုယ်ကကျကျန်ခဲ့တဲ့ ရေစိုကွက်တွေကို မြင်သွားရင် အမေးအမြန်းက ထူနေဦးမှာ။

"ကဲ ... မောင်းတော့"

"ဗျာ"

"မောင်းတော့လို့ ပြောနေတာလေ"

"ကားက"





"ကောင်းသွားပြီ"

"ဟင်"

တေဇ မယုံသလို စက်နှိုးကြည့်လိုက်ပြီး –

"ဟာ ... တကယ်ကောင်းသွားတာပဲ။ ဒါ အနိတ်ီလေး ဘယ်သူပြင်ပေးသွားတာလဲ"

"လူတစ်ယောက်ပဲလေ။ အနိတ်ီလေးလည်း ဘယ်သိမှာလဲ။ သူ ပြင်တတ်တယ်ဆိုပြီး ပြင်ပေးသွားတာ"

မိုးစက်ပြုံးစလွယ်ဖြေလိုက်၏။ ဒါကို တေဇ မယုံသက်ာဖြစ်ပြီး ထပ်မေးစရာအကြောင်းမှ မရှိဘဲလေ။ သူ မမြင်တဲ့အရပ်က ကိစ္စအတွက် ဖြူနီညိုပြာ ခွဲခြားပြနေဖို့မှ မလိုတာ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၀)

“မိုးတွေ ဒီလောက်ရွာနေတာ ဘာလို့လာခဲ့ရတာလဲ သမီးကြီးရယ်။ သမီးကြီးက အအေးခံနိုင်တာ မဟုတ်ဘဲနဲ့။ တော်ကြာ တစ်ခုခု ဖြစ်နေမှဖြင့်”

“ရပါတယ် ဖေဖေ။ သမီးကျန်းမာရေးက အစားအသောက် အနေအထိုင် ဆင်ခြင်လိုက်တော့ ကောင်းနေပါပြီ”

“ဒီလိုလည်း အတင့်မရဲနဲ့လေ သမီးကြီးရဲ့။ အစားမတော် တစ်လုတ်၊ အသွားမတော်တော့ တစ်လှမ်းတဲ့။ သတိရတယ်ဆို ဖုန်းဆက် လိုက်ရောပေါ့။ ဖေဖေတို့ လာခဲ့မှာပေါ့”

“အော် . . . ဖေဖေရယ်။ သားသမီးက မိဘကိုတွေ့ချင်လာ အိမ်ပေါ်ကနေ အခန့်သားနေပြီး လှမ်းမှာလို့ ဖြစ်မလား”





ဖေဖေ့ကို သတိရတယ်ဆိုပြီး လာခဲ့ကြတာ။ လမ်းရောက်မှ မိုးတွေကရွာလိုက်တာ မပြောပါနဲ့တော့။ မနေ့ကရွာတဲ့အချိန်ပဲ ဒီနေ့ သည်းထပ်ရွာတာလေ။ ကားက တေဇယူသွားသဖြင့် ညီအစ်မ နှစ်ယောက် ဘတ်စ်ကားတိုးစီးလာခဲ့ကာမှ မိုးကသည်းနေတာ။ ဘတ်စ်ကားပေါ်ကဆင်းတာနှင့် ဖေဖေ့အိမ်ကို ခြေကျင်လျှောက်လာခဲ့ရတာ ဆိုတော့။

လေအတိုက်မှာ မိုးရေတွေ စင်ကုန်တာကြောင့် မိုးစက် ကိုယ်လုံး (ခါးအောက်ပိုင်း) အထိ ရွှဲကုန်လေသည်။ ဒါကြောင့် အိမ်ရောက်တာနှင့်အဝတ်လဲပြီး ကျောက်စက်နှင့်အနိတ်တီစန်းက မိုးစက်ခြေထောက်ကလေးတွေကို စောင်တစ်ထည်နှင့် ထွေးပေးနေတာ ဖြစ်၏။

“မမ”

“ဟင်”

“တစ်ကိုယ်လုံးနွေးသွားအောင် စောင်ခြုံပြီး ခဏအိပ်လိုက်ပါလား”

“ရပါတယ်။ ငါ ဘာမှမဖြစ်ပါဘူး”

“ရပါတယ် မလုပ်နဲ့လေ။ ကြိုပြီးကာကွယ်ထားတော့ ကောင်းတာပေါ့ သမီးကြီးရဲ့”

“မိုးစက်က လူမမာကြီးမှမဟုတ်ဘဲ အနိတ်တီစန်းရယ်။ သာတဲ့ ရောက်လာပြီးမှတော့ စကားတွေပဲ ပြောနေချင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . သဘော သဘော"

မိုးစက် အနိတီစန်းကို ပြုံးပြလိုက်မိသည်။ ဟိုအရင်တုန်းက တော့ အနိတီစန်းက သူမတို့အပေါ် တကယ်ဆိုးခဲ့တာပါ။ မိုးစက်က လည်း အဲဒီအချိန်က မဟုတ်မခံဆိုတော့ ဘယ်တည့်ပါ့မလဲ။

နောက်တော့ အရေးကြီးရင် သွေးစည်းတယ်ဆိုတဲ့စကား သိပ်မှန်တာပါပဲ။ ညီမလေး အပြင်းဖျားပြီး ဆေးရုံတက်ရတော့ မိုးစက် က ငိုရုံမှလွဲပြီး ဘာမှ မလုပ်တတ်ခဲ့ဘူးလေ။ ဆေးကုစရာ ပိုက်ဆံမရှိ တဲ့ဘဝမှာ ဘယ်သူကို အားကိုးရမှန်းမသိ။ အဲဒီအချိန်မှာရှိတဲ့ ပစ္စည်း တွေကုန်လို့ ဆင်းရဲသွားတဲ့ဘဝမှာ အနိတီစန်းလည်း မာနတွေ ယ်ကျ သွားသည်ထင်ပါရဲ့။

ကျောက်စက်ကို ဆေးကုသဖို့အတွက် ဖေဖေ ပိုက်ဆံ အတိုးနဲ့ချေးပြီး ရှာပေးခဲ့တာအတွက် ဆိုးသည် ကောင်းသည် ဘာ မပြောတော့သည့်အပြင် ကျောက်စက်ရဲ့အညစ်အကြေးကိုတွေ သူကိုယ်တိုင်ပဲ သန့်ရှင်းရေးလုပ်ပေးတဲ့သူ။

"တစ်ခါတလေတော့ သမီးတွေးမိတယ် သိလား"

"ဟင် . . . သမီးကြီးက ဘာတွေတွေးမိတာလဲ"

"သမီး အသက်ရှည်ရှည်နေရပါ့မလားလို့"

"မပြောကောင်း ပြောကောင်း သမီးကြီးရယ်။ ဘယ်ရော မဆို အနာသိရင် ဆေးရှိတာပဲလေ။ အစာအိမ်ရောဂါဆိုတာ အ





အထိုင်၊ အစားအသောက် ဆင်ခြင်ရင် ဘာမှမဖြစ်ပါဘူး သမီးကြီးရဲ့"

"မေ"

"ဟင်"

"ဖေဖေ့ကို စိတ်မကောင်းဖြစ်အောင် မပြောနဲ့လေ"

မိုးစက် ဖေဖေ့မျက်နှာကို လှမ်းကြည့်မိပြီး ခေါင်းညိတ်လိုက် သည်။ ဟုတ်သားပဲ။ သူမတို့ဘဝမှာ ဖေဖေသည်သာ တစ်ဦးတည်း သော ကိုးကွယ်ရာမို့ ဖေဖေ့ကို စိတ်ချမ်းသာအောင် ထားမယ်လို့ ဆုံးဖြတ်ထားခဲ့ကြတာ။

ထို့ကြောင့် စကားလမ်းကြောင်းလွှဲ၍ ဟိုပြော ဒီပြော ပြော နေစဉ်မှာပဲ မိုးစက် အသက်ရှူလို့ မဝဖြစ်လာသည်။ ပထမတော့ ဟန်ဆောင်ကောင်းနိုင်ပေမယ့် မရတော့သည့်အဆုံး ရင်ဘတ်ကို လက်နဲ့ဖိလိုက်သည်နှင့် –

"မမ မမ . . . ဘာဖြစ်တာလဲ"

"သမီးကြီး"

"သမီးကြီး ဘယ်လိုနေလို့လဲ"

စိုးရိမ်တကြီး အနားသို့ရောက်လာကြချိန်မှာ မိုးစက်ရင်ထဲ မူလာပြီး ရင်ခုန်သံတွေက အမြန်နှုန်းဖြစ်လျက် –

"သမီးကြီး"

"မရတော့ဘူး။ အသက်ရှူလို့မရတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး မိုးစက် ခွေခနဲလဲကျသွားလေတော့၏။

"သမီးကြီး ဟာ . . . လုပ်ပါဦး သမီးကြီး"

"မမ . . . မမ"

ခေါ်သံတွေကိုကြားနေပေမယ့် မိုးစက် ပြန်မထူးနိုင်တော့ပေ။ ဘယ်သူကိုမှ ဒုက္ခမပေးချင်လို့ ပေပေစောတေ နေခဲ့သည့်တိုင် ငုံ မရတဲ့အချိန်မှာတော့ အားလုံး မျက်ကလူးဆန်ပြာဖြစ်ရပြီပေါ့။



## အခန်း (၃၀)

မိုးစက် ဆေးရုံကိုရောက်နေသည်ဆိုတဲ့ သတင်းကြားတာနှင့် ရဲရင့် ဖင်မထိုင်နိုင်။ သူ့ကို ကျောက်စက်ဖုန်းဆက်ပြီးပြောတာလေ။ တေဇ ပြန်လာရင် ဆေးရုံကို လိုက်လာခဲ့ဖို့ ပြောပေးပါတဲ့။ ကိုယ့်ကို လိုက်လာခဲ့ပါ မပြောပေမယ့် လိုက်သွားချင်တာ စိတ်ပူလွန်းလို့ပါ။

တေဇကလည်း အခုထိ ပြန်မရောက်သေးပေ။

အိမ်မှာ သားကို တစ်ယောက်တည်းထားခဲ့လို့လည်းမဖြစ်။ မထားခဲ့ဘဲ ခေါ်သွားပြန်ရင် အိမ်မှာက အိမ်စောင့်မယ့်လူမရှိတော့ ဘယ်လိုလုပ်ရပါ့မလဲ။ တေဇကို မျှော်ရင်းနဲ့ မထိုင်နိုင်စွာ ဟိုဘက် လျှောက်လိုက်၊ ဒီဘက်လျှောက်လိုက်ဖြစ်နေစဉ် –

"ဟော"



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်စွာထိုင်နေရာမှ သားဆီက ဟောဆိုတဲ့အသံနှင့် အတူ ထရပ်လိုက်တာ မြင်တော့ –

"ဘာလဲ သား"

"ကားသံကြားတယ်။ ကိုကြီးတေဇ ပြန်လာပြီထင်တယ်"

သားက အရင်ပြေးသွားလေသဖြင့် သူ နောက်မှလိုက်လာခဲ့သည်တွင် –

"ကိုကြီးတေဇ"

"ဟေ လူလူ"

"မြန်မြန်လာ မြန်မြန်လာ"

"လာနေပါတယ် လူလူရ၊ ဘာဖြစ်လို့လဲ"

"အန်တီမိုး ဆေးရုံတင်ထားရတယ်တဲ့"

"ဟင်"

တေဇ ကွက်ခနဲ မျက်နှာပျက်သွားပြီး ရဲရင့်ကို လှမ်းကြည့်ကာ –

"ဟုတ်လား ဦးရဲရင့်"

"ဟုတ်တယ် တေဇ၊ ငါ မင်းကို စောင့်နေတာ"

"ဗျာ"

"မင်းအိမ်မှာပဲနေခဲ့။ ငါလိုက်သွားလိုက်မယ်။ ကားသော့ ပေး"



"ဟာ ... ကျွန်တော်ပါ လိုက်မှာပေါ့"

"အိမ်မှာ ဘယ်သူမှမရှိဘူးလေ။ မင်းလိုက်လို့ ဘယ်ဖြစ်မှာလဲ"

"ဒါဆို ရော့"

တေဇ ကမ်းပေးတဲ့ကားသော့ကိုယူပြီး သားကို လက်ဆွဲခေါ်ကာ ထွက်လာခဲ့တော့၏။ အရာအားလုံးထဲမှာ သားက သူ့ဘဝအတွက် အရေးကြီးဆုံးလူသားလေ။ အခုချိန်မှာ မိုးက ဒုတိယပေါ့။ မိုး ဘာမှ မဖြစ်ပါစေနဲ့။

သူ နောင်တရခဲ့ရတဲ့ကာလတွေအတွက် မိုးကို အတိုးနဲ့ပြန်ပြီး ပေးဆပ်ချင်သည်။ မိုးဘဝ နိမ့်ကျတဲ့အချိန်မှာ ကိုယ်က ထားရစ်ခဲ့ပြီး အခု ကိုယ်ကနိမ့်ကျသူ။ မိုးဘဝ ပြန်မြင့်မားလာလို့ ကိုယ်က ပြန်ပြီး ဂရုစိုက်တယ်လို့ အပြောမခံချင်ပေမယ့် နှလုံးသားရဲ့ဆန္ဒက မိုးကို နောက်တစ်ကြိမ် အခုံးရှုံးမခံနိုင်။ ပြောချင်လည်း ပြောကြပါစေတော့။

မိုးကသာ လက်ခံမယ်ဆိုရင် မိုးကို နူးနူးညံ့ညံ့ ကျော်ဖြတ်ရလည်း မဆန်းပေ။ ဝေးတော့မှ ပိုလို့ ချစ်မှန်းသိခဲ့ရတဲ့အချစ်က ခုမှ နှုတ်မရ ထွင်မရ။

"ဟော ... ကိုရဲရင့် လိုက်လာတယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကျောက်စက်က ထရပ်ပြီးကြိုပေမယ့် ရဲရင့် ဂရုမစိုက်နိုင်။ မိုးရဲ့ခုတင်ဘေးမှာ ဆန်းသစ်ကိုမြင်လိုက်ရသဖြင့် မျက်လုံးများပြာဝေသွားမတတ်ပါပဲ။ သူက ဘယ်လိုသိလို့ ရောက်လာတာလဲ။ ဒီတစ်ခါတော့ ကိုယ်နောက်ကျသွားပြီ။

"ကိုရဲရင့် . . . လာလေ"

"ဩော် . . . ဆန်းသစ်လည်း ရောက်နေတာကိုး"

"ဟုတ်တယ်၊ ကျွန်တော်လည်း လူနာတစ်ယောက်ကို ဆေးရုံလာပို့ရင်းနဲ့ ကျောက်စက်ကိုတွေ့ပြီး သိရတာ"

"ဩော်"

သူ့အတွက်တော့ ကံကြမ္မာက ဒီလောက်တောင် တိုက်ဆိုင်မှုတွေ ပေးသတဲ့လား။ ကိုယ့်အတွက်ကျတော့ တိုက်ဆိုင်အောင်လုပ်တာတောင် လွဲချော်နေခဲ့တာ ရာဟုဂြိုဟ်ထဲရောက်နေရှေသလား တွေးရမယ့် အဖြစ်။

"လူလူလည်း ပါလာတာကိုး"

"လာ ထိုင်လေ"

"မိုး"

"ရှင်"

"နေသာရဲ့လား"

"နေသာပါတယ် ကိုရဲရင့်။ ကလေးကို ဘာလို့ခေါ်လာရ





တာလဲ။ အိမ်မှာ ဖေဖေကျန်ခဲ့တယ် မဟုတ်လား။ ထားခဲ့ရောပေါ့"

"အန်တီမိုးကလည်း သားလည်း အန်တီမိုး ဘယ်လိုဖြစ်တာလဲ သိချင်လို့ လိုက်လာတာလေ"

"ဟုတ်ပါပြီ ကိုစကားတတ်ရယ်။ အဲဒါကြောင့်ပဲ သားကို အန်တီမိုးက ချစ်နေရတာသိလား"

"အန်တီမိုး တကယ်ပြောတာနော်"

"တကယ်ပေါ့"

"ဒါဆို သားကိုချစ်သလို ဖေဖေ့ကိုလည်း ချစ်ရမယ်"

"ဟင်"

"သား"

အားလုံး မျက်နှာပျက်သွားကြတဲ့အထဲမှာ ဆန်းသစ်က အဆိုးဆုံးထင်ပါရဲ့။ ဒီကလေး ဘယ်လိုသဘောနဲ့ ပြောလိုက်တာလဲ။ မှဆိုးဖိုဆိုတာလည်း လွတ်လပ်သူမို့ ဆန်းသစ်ရင်ထဲမှာ မမိုးကို စိတ်မချနိုင်ခြင်းတွေ ကြီးစိုးသွားတော့၏။ နေ့ကြတာက တစ်အိမ်တည်းမှာ အတူတူ။

"သား . . . မင်း ကလေးက ကလေးလိုနေစမ်း"

ရဲရင့် သားကို ဟောက်ပစ်လိုက်၏။ သူ ကျန်တဲ့သူတွေကို ဂရုမစိုက်ပေမယ့် မိုးကိုတော့ အားနာပါသည်။ သူနဲ့ကိုယ် နှစ်ယောက်ကြား ပြောရမယ့်စကားကို သားကပြောလိုက်တော့ အားနာစရာဖြစ်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



“ဩော် . . . ဆန်းသစ်”

“ဟင်”

ကျောက်စက် အခြေအနေကို ဝင်ထိန်းပေးဖို့ ဆန်းသစ်ကို ခေါ်လိုက်တာဖြစ်၏။

“ဟိုလေ ကျောက်စက်သွားစရာလေးရှိလို့ အဲဒါ ဆန်းသစ် လိုက်ပို့ပေးနိုင်မလားမသိဘူး”

“ရပါတယ်”

“ဒါဆို သွားရအောင်”

“မမိုး ကျွန်တော် ခဏလိုက်သွားလိုက်ဦးမယ်”

“အင်း . . . သွားလေ”

ကျောက်စက် သူ့ကို ပြောစရာတစ်ခုခုရှိနေလို့ လှည့်ခေါ်လာ တာလားဆိုတဲ့ အတွေးနှင့် ဆန်းသစ်လိုက်လာခဲ့သည်။ ဆန်းသစ်ရဲ့ Taxi လေးနဲ့လာခဲ့ကြပြီး တစ်နေရာကိုရောက်တော့ –

“ဆန်းသစ် . . . ကားကိုလမ်းဘေးချပြီး ရပ်လိုက်ပါလား”

“ဘာဖြစ်လို့လဲ”

“ဆန်းသစ်ကို ကျောက်စက် ပြောစရာရှိတယ်”

ထင်သားပဲ။ ဆန်းသစ် ကားကို လမ်းဘေးချကာ ရပ်လိုက် ပြီး –

“ကဲ . . . ပြော”





ပြောဆိုတော့ ကျောက်စက် တော်တော်နှင့်မပြောဖြစ်။ ပြော ချင်ပေမယ့် သိထားသင့်တဲ့အကြောင်းမို့ ပြောရမှာပဲလေ။ ဒါမှ ဆန်းသစ်ရှေ့တိုးခွင့် နောက်ဆုတ်ခွင့်ကို ဆုံးဖြတ်လို့ရမှာ။ နောက်မှ အဖြစ်မှန်တွေသိသွားရင် သူ့ကိုလိမ်တယ်လို့ အထင်မခံနိုင်။

“ပြောလေ ကျောက်စက်”

ထပ်ပြောမှ ကျောက်စက် သူ့ကို လှည့်ကြည့်ကာ –

“ကျောက်စက် ခုပြောမယ့်စကားကို ဆန်းသစ် သေသေချာ ချာ နားထောင်ပြီးမှ လေးလေးနက်နက် စဉ်းစားပြီး ဆုံးဖြတ်ပါ”

“မမိုးနဲ့ ပတ်သက်ပြီးတော့လား”

“ဟုတ်တယ်”

အင်း . . . ကိုယ်နဲ့ပတ်သက်ပြီး မမိုးက သူ့ညီမကို ပြောပြထား သည့် ထင်ပါရဲ့။

“ပြောပါ . . . ကျောက်စက် ဘာကိုပြောချင်တာလဲ”

“မမနဲ့ကိုရဲရင့်ရဲ့ပတ်သက်မှုကို ဆန်းသစ် သိထားသင့်တယ် ထင်လို့ပါ”

“ဗျာ”

“အခုလက်ရှိအခြေအနေကိုတော့ ဆန်းသစ် သိပြီးသားပါ။ ကိုရဲရင့်တို့သားအဖကို မမက အခြေအနေတစ်ခုကြောင့် အိမ်မှာ ခေါ်ပြီး အလုပ်ပေးထားတာ။ ကျောက်စက်ပြောချင်တာက လက်ရှိ အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေမဟုတ်ဘူး"

"ဒါဆို အတိတ်ကအကြောင်းပေါ့"

"ဟုတ်တယ် ဆန်းသစ်၊ တစ်ချိန်တုန်းက ကိုရဲရင့်နဲ့ မမက ချစ်သူတွေဖြစ်ခဲ့ဖူးကြတယ်။ ဒါကို ဆန်းသစ် အခုကတည်းက သိထားသင့်တယ်ထင်လို့ပါ။ နောက်မှသိလို့ ပြဿနာတွေဖြစ်ကြရင် မကောင်းဘူးလေ"

ဒီလိုစကားမျိုးပြောပုံထောက်တော့ အခြေအနေက ကိုယ့်ဘက်မှာ ရပ်တည်နေတာလား။ ဟုတ်တယ်။ နောက်မှသိလို့ ပြဿနာတွေဖြစ်ကြရင် ဆိုကတည်းက နောင်အရေးတွေးပြီး နောက်ထက်ဆက်ရန်တွေ ရှိသေးလို့ပေါ့။

"ဆန်းသစ်"

"ဗျာ"

"နင် အဲဒီကိစ္စကို နားလည်ပေးနိုင်ရဲ့လား"

"နားလည်မှုအပေါ်မှာ ရပ်တည်နိုင်မှ ကျွန်တော့်အချစ်က အချစ်စစ်မည်မှာပေါ့။ တစ်ချိန်တုန်းက ချစ်ခဲ့ကြတာ အခုမှမဟုတ်ဘဲနေလေ"

"စောစောက လူလူလေးပြောလိုက်တဲ့ စကားကြောင့် ဆန်းစစ် စိတ်မခုဘူးလား"

"အမှန်ပြောရရင် စိတ်ထဲမှာ ဖျင်းခနဲဖြစ်သွားတာပဲ၊ ဒါပေမဲ့





သူက ကလေးပဲဥစ္စာ။ ဘယ်လိုအပြစ်မြင်ရမှာလဲ"

"ဆန်းသစ် စာတော်တော်ဖတ်တယ်ထင်တယ်"

"ဗျာ"

"ဪ . . . စာများများဖတ်တဲ့လူတွေက စာပေကပေးတဲ့အသိ စာပေကပေးတဲ့သတိတွေနဲ့ အရာရာကို စဉ်းစားချင့်ချိန်တတ်တယ်လေ။ အမှန်အမှားကို တွေးခေါ်ပိုင်းခြားပြီး သည်းခံခြင်းတရားလည်း ထားတတ်ကြလို့ပါ"

ဆန်းသစ် ပြုံးလိုက်မိ၏။ ဒါလည်း မှန်သင့်သလောက် မှန်တာပဲလေ။ စာဖတ်တဲ့လူနဲ့ စာမဖတ်တဲ့လူ စကားပြောတဲ့နေရာမှာ လိမ္မာပါးနပ်ပုံချင်းမှ မတူကြတာ။

"ဒါနဲ့ ကိုရဲရင့်နဲ့မမိုး ချစ်သူဖြစ်ပြီး ဘယ်လိုကွဲသွားကြတာလဲ"

"အဲဒီအကြောင်းပြောပြရရင် အရှည်ကြီးပြောမှ ဇာတ်ရည်လည်မှာ ဆန်းသစ်ရဲ့"

"ဝတ္ထုတစ်အုပ်လောက်လား"

"ဟုတ်တယ်၊ သူတို့နှစ်ယောက် လမ်းခွဲလိုက်ကြတာ အဲဒီဝတ္ထုကြောင့်လည်းပါတယ်"

"စိတ်ဝင်စားဖို့ကောင်းလာပြီ၊ ကျွန်တော် နားထောင်ချင်တယ် ကျောက်စက် ပြောပြလေ"



www.burmeseclassic.com

www.burmeseclassic.com



ကျောက်စက် ခေါင်းညိတ်လိုက်၏။ ဘဝမမေ့သူတွေအနေနဲ့ ကိုယ့်ဘဝကိုယ် ဒုက္ခတွေအကြောင်းကို ရင်ခုန်စရာ ဇာတ်လမ်းတစ်ပုဒ် အနေနဲ့ မဟုတ်ပေမယ့် ရင်နင့်စရာဇာတ်လမ်းလေးတစ်ပုဒ်အဖြစ်နဲ့တော့ ရင်ဖွင့်လိုက်ချင်သည်လေ။

"အဖြစ်က ဒီလို ဆန်းသစ်ရဲ့"

ဆိုပြီး ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်လေလျှင် ...



## အခန်း (၃၂)

"ခုလို မမိုးကို နေ့ရောညပါ စောင့်ပြီး ဂရုစိုက်ပေးတဲ့အတွက် ဆန်းသစ်ကို ကျေးဇူးတင်ပါတယ်"

"မမိုးနဲ့ ကျွန်တော့်ကြားမှာ ကျေးဇူးတွေမလိုဘူးလေ။ မမိုး ဘာမှမဖြစ်ဘူးဆိုရင်ပဲ ကျွန်တော့်အတွက် ဘုရားပေးတဲ့ဆုပေါ့"

"မင်း တော်တော် အပြောကောင်းတာပဲ"

"အဲဒါတောင် မမိုးက အဖြေမပေးသေးဘူး"

ပြုံးနေတဲ့မျက်နှာက ဆက်ပြုံးရန်းနိုး တည်ရန်းနိုး ဖြစ်သွား၏။ မိုးစက် နှလုံးသားကို အာဟာရဖြည့်ဖို့အတွက် ကျူးပစ်က ပစ်မယ့်ပစ်ပေးတော့ မြှားက နှစ်ချောင်းတောင်။ ရဲရင့်နဲ့ ဆန်းသစ်ကြားမှာ မိုးစက်က နှလုံးသားတစ်ခုတည်း။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကမှ ဟိုတစ်မျိုး ဒီတစ်မျိုးနဲ့ ခွဲဝေပေးလို့ရဦးမယ်။ လူကို ပိုင်ဆိုင်ဖို့ကျတော့ ခွဲဝေယူလို့ မရဘူးလေ။ ဒါကြောင့် မိုးစက် ဆုံးဖြတ်ပြီးပါပြီ။ သင့်တော်ရာအဖြေတစ်ခုကို ရွေးချယ်ဖို့လေ။

"မမိုး"

"ဟင်"

"ကျွန်တော့်ကို မညှဉ်းပါနဲ့တော့ဗျာ။ အဖြေပေးတော့နော်"

"အဖြေကောင်းတာ ဆေးရုံမှာတောင်းရသလား"

"ဘယ်နေရာမှာပဲဖြစ်ဖြစ် မမိုးဆီက အဖြေရမှ ကျွန်တော့် ရင်ထဲက အလုံးကြီးကျမှာ"

"အလုံးကြီး ဟုတ်လား"

"ဟုတ်တယ်လေ"

"ဘာလုံးကြီးလဲ"

"စိုးရိမ်ပူပန်သောကလုံးကြီးပေါ့"

"မှတ်တောင်ထားရဦးမယ်"

"လူကို သရော်သလိုလို မလုပ်နဲ့နော်"

"ဟင်"

ဆန်းသစ် စိတ်ထဲမှာ မချင့်မရဲဖြစ်လျက် မမိုးလက်ဖဝါးလေး ကို ဆွဲယူဆုပ်ကိုင်လိုက်သည်။ မမိုးက အသက်အရွယ်ကွာဟမှု အတွက် သူ့ကို မယုံဖြစ်နေတာဖြစ်မှာပေါ့။ တကယ်တော့ ဆန်းသစ်





အချစ်က သာတုန်းပေါင်းတဲ့ သာပေါင်းအချစ်မဟုတ်။ ဒါ မမိုး အချစ် ကို မရသေးလို့ ကိုယ်ရည်သွေးတာမဟုတ်ပါဘူး။

ဘယ်အခါပဲဖြစ်ဖြစ် မမိုး အိုမင်းမစွမ်းဖြစ်လည်း သူ မပြောင်း မလဲ မဖောက်မပြန် အချစ်မျိုးနဲ့ သစ္စာရှိရှိချစ်သွားမည်။ ပေတစ်သီး ကိုးတစ်သားဆိုတာမျိုးပေါ့။

"မမိုး"

မိုးစက် လက်ကိုမရုန်းမိပေ။

"မမိုး ကျွန်တော့်ကို ချစ်တယ်မဟုတ်လားဟင်"

"----"

"ဖြေပါ မမိုးရဲ့"

"ဆန်းသစ်"

"ဗျာ"

"မမိုးပြောတာကို မင်း သေသေချာချာနားထောင်"

"ဟုတ်ကဲ့"

ပါးစပ်ကလည်း ဖြေ၊ ခေါင်းလည်းညိတ်လေ၏။

"အခု မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"မေးပြန်ပြီ ဒီအသက်"

"မမိုးက လိုအပ်လို့ မေးနေတာပါ"

"တပ်မကြီးချိတက်လာပြီး ရိုက်မေးတောင်မပြောဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ခက်ပါလား”

“ခက်တာကို မမေးနဲ့လေ။ ကျွန်တော် ဇာမေးပွဲအကျမခံနိုင်ဘူး”

“ဘာ”

“အချစ်စာမေးပွဲလေ”

“အခုက ပထမဆုံးဖြေတာလား”

“သေချာတာပေါ့”

မျက်ခုံးပင့်ဖြေလိုက်တဲ့ ဆန်းသစ်ပုံစံက တကယ့် ကလေးလေးလို။ မင်းကို ငါ သနားလိုက်တာ ဆန်းသစ်ရယ်။ မင်းရဲ့နှလုံးသားနုနုလေးမှာ ဒဏ်ရာတွေရအောင် ငါမလုပ်ချင်ပါဘူး။ အဲဒါကြောင့် တစ်မိနစ် တစ်နာရီပဲ ချစ်ခွင့်ရရ မင်းကျေနပ်ပေးပါ။ တစ်နေ့နေ့မှာ ပေါင်းစည်းခွင့် မကြုံခဲ့ရင်တော့ မမိုးကိုနားလည်ပေးပါ ကလေးရယ်။

ဒီလိုဆုံးဖြတ်လို့ မမိုးဘက်က အတ္တကြီးတယ်လို့ မင်း သတ်မှတ်ရင်လည်းမတတ်နိုင်ဘူးလေ။ ရင်ကွဲပြီး နစ်နာမှာ မင်းတစ်ယောက်တည်း မဟုတ်ဘူးဆိုတာကိုတော့ မမိုး အာမခံရဲပါတယ်။ အချစ်ဆိုတာ လူချင်း ဘယ်လောက်ပဲဝေးဝေး နှလုံးသားချင်းက နီးနေတာပဲလေ။ မမိုးရဲ့နှလုံးသားကို မင်းဆီမှာအပ်နှံထားခဲ့ပါ့မယ်။

“အချိန်မဆွဲနဲ့ မမိုးရာ။ တော်ကြာ ကျောက်စက်ပြန်ဝင်လာတော့မယ်”





“ဘာ . . . ကျောက်စက်လဲ။ ကျောက်စက်က မင်းထက်အသက်ကြီးမယ်ဆိုတာ ငါသိနေတယ်။ ဂါရဝတရားကိုမရှိဘူး”

“ကျွန်တော့်အသက်ကို သုံးဆယ်ကနေ တစ်ရက်မှ မလျှော့ဘူးလို့ပြောထားပြီးပြီလေ။ ကဲ . . . ဖြေတော့ မမိုးရာ။ မဖြေရင် ကျွန်တော့် အဆိုးမဆိုနဲ့နော်”

“ဟာ . . . ဖြေမယ်၊ ဖြေမယ်”

သူ့မျက်နှာက ရှေ့တိုးလာပြီး မိုးစက်လက်တွေကို ချုပ်ထားလေတော့ မိုးစက်မျက်နှာကို ဟိုလွှဲဒီလွှဲ လွှဲရင်း အော်လိုက်တာ ဖြစ်၏။

“တကတဲ ဆေးရုံမှာ လူနာကို အနိုကြမ်းစီးနေတယ်”

“အဲဒီလိုလုပ်မှ ကိုယ်လိုချင်တာရမှာလေ။ ကဲ . . . ဖြေ”

“အင်း”

“အင်း . . . ဘာအင်းလဲ”

“တောင်သမန်အင်း”

“ကောင်းကောင်းဖြေနော်၊ နောက်ထပ် အနိုကြမ်းစီးရရင်”

“မင်း ဒီလောက်တောင် မသိဘူးလား။ ချစ်တယ်လို့ ပြောနေတာကို”

“တကယ်”

“အင်း”



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဒီနေ့ မင်္ဂလာအရှိဆုံးပဲ"

ဆန်းသစ် လက်သီးလက်မောင်းတန်းပြီး ပျော်သွားပုံက စားချင်တဲ့မုန့်ရလို့ ပျော်သွားတဲ့ကလေးနှယ်။ ကြော် ဆန်းသစ်ရယ်။

"ဒါဆို ကျွန်တော် ကြိုးစားရကျိုးနပ်သွားပြီ။ အခု ကျွန်တော် ဘာလုပ်နေလဲ မိုးသိလား"

"ဟင် ... ဘာလုပ်နေလဲ ပြောပါဦး"

"မိုးကို တင့်တောင်းတင့်တယ်နဲ့ ထားနိုင်အောင် ကျွန်တော် စုထားတဲ့ ပိုက်ဆံလေးနဲ့ ကော်ဖီဆိုင်လေးတစ်ဆိုင်ဖွင့်ဖို့ စီစဉ်ထားတယ်။ ဒါက ပထမလှေကားထစ်လေ။ ကျွန်တော် လှေကားထစ်တွေ အများကြီးတက်ပြီး ထိပ်ဆုံးရောက်အောင် ကြိုးစားမယ်မိုး"

"ဒီလိုစိတ်ဓာတ်မျိုးရှိတဲ့ မင်းကိုရွေးပြီး ချစ်တယ်ဖြေလိုက်ရတာ မိုး မှန်သွားပြီပေါ့"

ဆန်းသစ်က မိုးစက် လက်ဖဝါးလေးကို သူ့ပါးမှာကပ်ပြီး ပီတိဖြစ်နေသည်။ ဒီပီတိတွေ သက်တမ်းရှည်ပါရစေ။ မိုးအချစ်ကို ရလိုက်တဲ့အတွက် ဆန်းသစ်လောက် ကံကောင်းတဲ့လူ ရှိပါဦးမလား။ သူစာသားလေးတွေကို ခင်တွယ်ရာမှ လူကိုပါမြတ်နိုးမိသည့် ဆန်းသစ် အချစ်က ဘယ်အရှိန်အဝါ ဘယ်ပကာသနကိုမှ မက်မောလို့မဟုတ်။

သူငယ်ချင်းတွေက ပြောကြတယ်။

သူ့ကိုမမီတဲ့ပန်းတုံး ခုလှမ်းတယ်တဲ့။ ကိုယ့်သစ္စာတရားသာ



မှန်ကန်ရင် သိကြားမင်းက လူယောင်ဆောင်ပြီး ကိုယ့်လက်ထဲကို ရွှေတံချူတစ်ချောင်း လာထည့်ပေးနိုင်တာပဲလေ။

"ကျွန်တော့်ရင်ဘတ်ကို စမ်းကြည့်စမ်းပါ မိုးရဲ့"

"ဘာဖြစ်လို့လဲ"

"ပျော်လွန်းလို့ ရင်တွေအရမ်းခုန်နေတာ"

"မိုးလည်း ဆန်းသစ်လိုပဲပေါ့"

"တကယ်"

"တကယ်ပေါ့။ မိုးရဲ့နှလုံးသားကို ဆန်းသစ်ဆီမှာ အပြီးအပိုင် အပ်နှံလိုက်ပါပြီ"

"မိုးရယ်"

ချစ်တတ်သူတိုင်းရဲ့ နှလုံးသားက ရယူပိုင်ဆိုင်လိုကြပေမယ့် တစ်ခါတစ်ခါတော့လည်း ချစ်လျှက်နဲ့ ကွေကွင်းရတတ်တယ်ဆိုတာ။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ဘယ်လို သမီးကြီး"

ဦးအေးဝင်းနဲ့ ဒေါ်စန်းယဉ် မယုံနိုင်သော မျက်ဝန်းများနှင့် သမီးကြီးကို ကြည့်ပြီး ထပ်မေးလိုက်၏။ သူတို့ လူကြီးတွေတောင် မစဉ်းစားမိသေးတဲ့အရာကို သမီးကြီးက ဒီလမ်းကိုရွေးချယ်ဖို့ ဘာလို့ ဆုံးဖြတ်လိုက်တာလဲ။

"သမီးကြီး သီလရှင်ဝတ်တော့မယ် ဟုတ်လား"

"ဟုတ်ပါတယ် ဖေဖေ"

"ဘာလို့ အဲဒီလို ဆုံးဖြတ်ရတာလဲ သမီးရယ်"

"သမီးရဲ့ကျန်းမာရေးကြောင့် ကျောက်စက်ကို အပိုတာဝန်တွေ ပိမနေစေချင်တော့ဘူး ဖေဖေ။ ပြီးတော့ . . . အကြောင်းကြောင်း



တွေကြောင့်ပါ"

"ကျောက်စက်ကို တာဝန်ပိမှာစိုးလို့ဆိုရင်တော့ မမ ဆုံးဖြတ်ချက်ကိုပြင်လိုက်ပါ မမရယ်။ မမ သီလရှင်ဝတ်တော့ရော ကျန်းမာရေးအတွက် ကျောက်စက် စိတ်ချမယ်ထင်လို့လား။ ကျောက်စက်မှ မပြုစုရင် မမကို ဘယ်သူက ပြုစုမှာလဲ"

"မမကိုယ်တိုင်က နောင်ဘဝအတွက် အထုပ်ကလေး တစ်ထုပ် ထုပ်သွားချင်တာပါ ညီမလေးရယ်"

သူ့မှာ အကြောင်းပြစရာမရှိတဲ့အတွက် ဒီအဖြေဟာ အကောင်းဆုံးပါပဲ။ တကယ်လည်း ဘယ်နေ့သေမယ်မှန်း မသိတဲ့ ရောဂါသည်တစ်ယောက်အနေနဲ့ မသေခင်မှာ ကုသိုလ်ကောင်းမှုတွေ လုပ်သွားချင်သည်လေ။

တကယ်လို့ ကံကောင်းထောက်မစွာနဲ့ အသက်ရှည်ရှည်နေရရင်လည်း ဘုရားရိပ် တရားရိပ်ဆိုတာ ခိုနားမှုကာလကြာလေ အေးချမ်းလေလေပါပဲ။ မိုးစက် ပူလောင်မှုတွေ ကင်းဝေးစွာနဲ့ အေးချမ်းချင်ပါပြီ။

"ဖေဖေနဲ့အန်တီစန်းလည်း ကျောက်စက်နဲ့အတူတူ အိမ်မှာပဲ သွားနေလိုက်ပါ။ ဖေဖေတို့ရှိရင် ကျောက်စက်အတွက်လည်း စိတ်ချရပြီပေါ့"

"ဖေဖေကတော့ မိဘပဲကွယ်။ အရင်တုန်းက ဖေဖေတို့

www.burmeseclassic.com



မှားခဲ့တာကိုလည်း သိတယ်''

''ပြီးခဲ့တာတွေကို ထားခဲ့လိုက်တော့ ဖေဖေ။ အခုအချိန်မှာ အားလုံး စည်းလုံးကြဖို့ပဲလိုတာပါ''

''စည်းလုံးချင်ပေမယ့် အခု သမီးကြီးက ခွဲထွက်သွားတော့ မယ်ဆိုတော့''

''ဒါလည်း မကောင်းတဲ့လမ်း၊ အန္တရာယ်ရှိတဲ့လမ်းကို သွား မှာမှမဟုတ်ဘဲ ဖေဖေရယ်။ သမီးသွားမှာ ငြိမ်းချမ်းရာကမ္ဘာသစ်ဆီ ကိုပါ''

ဦးအေးဝင်း သက်ပြင်းကြီးသာချလိုက်မိတော့၏။ ဒီကလေး က ဆုံးဖြတ်ပြီးရင် သိကြားမင်းဆင်းတားတောင် ရမှာမဟုတ်။ မိဘ ဆိုတာ ကိုယ့်သားသမီးနဲ့ ရင်အုပ်မကွာဘဲ ရှိနေချင်တာပေါ့။ အခုက သာသနာ့ဘောင်ကိုဝင်တော့မယ်ဆိုတော့ တားရတာ ငဲ့တောင်ကြီးဦး မည်။

''သမီးကြီး''

''ရှင်''

''သမီးကြီးနဲ့အတူတူ အန်တီစန်းလိုက်ခဲ့ပေးရမလားဟင်''

''နေပါစေ အန်တီစန်း။ မိုးစက်အတွက် ဘာမှ စိတ်မပူပါ နဲ့။ မိုးစက်သွားမယ့်နေရာက လူသူကင်းဝေးတဲ့နေရာမှ မဟုတ်ပဲ လေ။ မိုးစက်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေက ကူညီရိုင်းပင်း





တတ်ကြပါတယ်''

တားမရသည့်အဆုံး ကျောက်စက် ငိုရှုံ့မဲ့ပြီး ဘာမှမတတ် နိုင်။ ကိုယ်ကအငယ်ဆိုတော့ အကြီးဖြစ်သူအပေါ်မှာ အာဏာပါဝါတွေ ပြပြီး ခြိမ်းခြောက်တားဆီးလို့ ရတာလည်းမဟုတ်။

''အေးလေ . . . တားမရဘူးဆိုတော့လည်း ဖေဖေတို့က ခွင့်ပြု ရတော့မှာပေါ့''

''အန်တီစန်းကတော့ ခွင့်မပြုချင်ဘူးကွယ်''

ပြောရင်း အန်တီစန်းကလည်း မျက်ရည်ကျ၏။

''ခွင့်ပြုပါ အန်တီစန်းရယ်။ မိုးစက် စစ်ကိုင်းရောက်သွား လည်း အဆက်အသွယ်က ရှိနေမှာပဲလေ''

''ကဲ . . . ငိုမနေပါနဲ့တော့ အစန်းရယ်။ သမီးကြီးက ကောင်းမှုကုသိုလ်လုပ်မယ့်ဟာ စိတ်မကောင်းဖြစ်နေပါဦးမယ်''

''ဖေဖေ''

''ဟေ''

''ဒီနေ့ပဲ ဖေဖေတို့ ပြောင်းလိုက်ခဲ့တော့နော်''

''ချက်ချင်းကြီးပါလား''

''နေဦးလေ သမီးကြီးရဲ့။ အန်တီစန်း သိမ်းစရာရှိတာတွေ သိမ်းရဦးမှာပေါ့''

''မိုးစက်တို့လည်း ကူသိမ်းမှာပေါ့''

www.burmeseclassic.com

www.burmeseclassic.com



မိုးစက် မနေစိမ့်စွာ အရင်ထရပ်လေတော့ –

“နေ နေ မမထိုင်နေပါ။ အန်တီစန်းကို ကျောက်စက်ပဲ ကူလိုက်ပါ့မယ်”

“ဟုတ်တယ် . . . သမီးကြီးက ထိုင်နေပါ”

ထိုင်နေပါဆိုပေမယ့် မရ။ မိုးစက် ကိုယ်လုပ်နိုင်သရွေ့တော့ ဝင်ပြီးကူညီလေသည်။ ဟိုတုန်းက ဘယ်အလုပ်မဆို မညည်းမညူလုပ်လာခဲ့တဲ့ မိုးစက်လေ။ ဒီအလုပ်တွေလောက်ကို ဘယ်မှုမှာတဲ့လဲ။



## အခန်း (၃၄)

ကန့်ရေပြင်ကို ရှပ်တိုက်ပြေးလွှားလာတဲ့ လေပြေနုနုက မိုးစက်ရဲ့ဆံနွယ်စတွေကို နမ်းရှိုက်ဆော့ကစားသွားလေသည်။ လေပြေက လူကို အေးမြစေလိုပေမယ့် မိုးစက်ရင်ထဲမှာတော့ မအေးမြနိုင်သေးပေ။ အေးချမ်းရာအစစ်ကိုမရှာနိုင်ခင် သံယောဇဉ်ဖြတ်ဖို့အရေးတွေးပြီး လောလောဆယ်တော့ ရင်ပူနေရတာပဲလေ။

ဩော် . . . ဘာမှမသိရှာတဲ့ ဆန်းသစ်ကတော့ ကန့်ရေပြင်ကို ငေးကြည့်ရင်း မျက်နှာလေးက ပြုံးနေသည်။ သူချစ်တဲ့မိန်းကလေးက သူ့ဘေးအနားမှာရှိနေတော့ ကြည်နူးနေတယ်ထင်ပါရဲ့။ မင်းရဲ့ကြည်နူးမှုတွေကို မမိုး မဖျက်ဆီးချင်ပါဘူး ဆန်းသစ်ရယ်။

ဒါပေမဲ့ –



www.burmeseclassic.com

www.burmeseclassic.com



"မမိုး"

"ဟင်"

"မမိုး ဒီနေရာကို ဘယ်နှစ်ခါရောက်ဖူးလဲ"

"စာရေးဆရာမပဲလေ။ အချစ်ဝတ္ထုတွေရေးနေတာပဲဥစ္စာ။ ချစ်သူတွေ ကျင်လည်ကျက်စားကြတဲ့ ဒီနေရာကို ခဏခဏ ရောက်အောင်လာဖြစ်တာပေါ့"

"ကျွန်တော်မေးတာက အဲဒါမဟုတ်ဘူးလေ မမိုးရဲ့"

"ဟင် ... ဒါဆို ဘာလဲ"

"မမိုးချစ်သူနဲ့ ဘယ်နှစ်ခါလာဖူးလဲလို့ မေးတာ"

"ချစ်သူနဲ့"

"ဟုတ်တယ်"

"ချစ်သူနဲ့အတူတူလာတာဆိုရင်တော့ ဒါ ပထမဆုံးအကြိမ်ပဲ"

"တကယ်"

"အတင်းတော့ မယုံခိုင်းပါဘူး"

"မမိုး ကိုရဲရင့်နဲ့ချစ်သူဖြစ်ခဲ့တုန်းက ဒီနေရာကိုမလာဘူးလား"

မိုးစက် အရိပ်ရှည်တဲ့ ဆန်းသစ်မျက်နှာကို တွေတွေလေး မော့ကြည့်မိ၏။ ရဲရင့်နဲ့မိုးစက် ချစ်သူဖြစ်ခဲ့ဖူးတာကို ဆန်းသစ် သိနေ





တာကို။ ကျောက်စက်ပြောပြတာလား။ သိတာလည်း ကောင်းပါတယ်လေ။ မိုးစက်ကလည်း စကားမစပ်မိလို့သာ မပြောဖြစ်ခဲ့တာ ထမင်ဖုံးကွယ်ထားတာတော့မဟုတ်။

သူ့ပုံစံက သဝန်တိုတဲ့ပုံစံလည်း မပေါက်ပါဘူး။ မိုးစက် အေးအေးဆေးဆေးနှင့်ပဲ –

"အမှန်ပြောရရင် လာရကောင်းမှန်းတောင် မသိခဲ့တာလေ။ အဲဒီအချိန်တုန်းက မမိုးတို့ ဘဝအတွက် ရုန်းကန်နေရတာနဲ့ တွေ့ချင်ပြီဆို အပြေးအလွှားတွေ့ရတာ။ ချစ်စကားတွေ တဖွဲ့တနွဲ့ပြောနေဖို့တောင် အချိန်ကြာကြာမပေးနိုင်ဘူး ဆန်းသစ်ရဲ့"

"ဟုတ်လား"

"ချိန်းတွေ့ပြီဆို လိုရင်းပြောပြီး မြန်မြန်ပြော မြန်မြန်ပြန်ရတာလေ"

"ဒါဆို ကျွန်တော်က ကံကောင်းတာပေါ့"

နှုတ်ခမ်းက ဟန်မပျက် ပြုံးနေရပေမယ့် ရင်ထဲမှာတော့ ဆန်းသစ်အတွက် စိတ်မကောင်းပေ။ မမိုးရဲ့ဆုံးဖြတ်ချက်အတွက် မင်း မမိုးကိုနားလည်ပေးနိုင်ပါစေ ဆန်းသစ်ရယ်။ ရဲရင့်တို့သားအဖကို သံယောဇဉ်ရှိသလို ဆန်းသစ်ကိုလည်းချစ်တယ်။

ဒါပေမဲ့ ဘယ်သူ့ကိုမှ ရပူပိုင်ဆိုင်ခြင်းနဲ့ ရွေးချယ်လို့မရတဲ့ မမိုးရဲ့ဘဝက သစ်သီးကိုမြင်သာမြင်ပြီး စားခွင့်မရှိတဲ့ မျက်စိမုံးတစ်ခု

www.burmeseclassic.com



လိုပေါ့။ ဟိုတုန်းကလို နတ်ရေကန်ရှိရင်တော့ မင်းကို ကိုယ်နဲ့ သက်တူရွယ်တူ ဖြစ်စေသတည်းရယ်လို့ ဓိဋ္ဌာန်ပြီး နတ်ရေကန်ထဲ ပစ်ချလိုက်ရရဲ့။

"မမိုး"

"ဟင်"

"ကျွန်တော် မမိုးနဲ့ ဝေးရမှာ အရမ်းကြောက်တာပဲ သိလား"

"ဘယ်အရာမဆို ပုံသေတော့ မတွက်နဲ့ပေါ့ကွာ"

"ဘယ်လို မမိုး"

"ဩော် ... အိုနာသေရေး ဒုက္ခဘေးဆိုတာ ကမ္ဘာ့နိယာမတရားဖြစ်နေတော့ တစ်နေ့ မခွဲချင်လည်း ခွဲကြရတာပဲလေ"

"ဒါကတော့ ဒါပေါ့။ ကျွန်တော်က ရှင်ကွဲမကွဲချင်တာကို ပြောတာ။ ကျွန်တော် မမိုးနဲ့ လက်ထပ်ချင်ပြီ"

ဆန်းသစ်က သူ့မပခုံးလေးကို ဖက်လိုက်တော့ မိုးစက်အလိုက်သင့်ပဲ သူ့ပခုံးလေးကို မှီလိုက်မိသည်။ ဒါ ရသမြောက်တဲ့ နှုတ်ဆက်ခြင်းလို့ ခေါ်မလား။

"ဆန္ဒမစောပါနဲ့ ဆန်းသစ်ရယ်။ ခေါင်းအေးအေးထားပြီး လက်ထပ်ဖို့ကိစ္စကို စဉ်းစားကြတာပေါ့နော်"

"ကျွန်တော်ကတော့ မအေးချင်တော့ဘူး"

"အဲဒီလို ဖွတ်တာရှော်မနိုင်နဲ့လေကွာ"





"ကျွန်တော်က စိုးရိမ်နေရတဲ့လူလေ မမိုးရဲ့"

"မင်းက ဘာကိုစိုးရိမ်တာလဲ"

"မမိုး ကျွန်တော့်ကို ထားခဲ့မှာစိုးလို့ပေါ့"

"ဟင်"

မိုးစက်ကိုယ်လေး တောင့်ခနဲ ဖြစ်သွားဒေါ့။ ဆန်းသစ်စကားက ကိုယ့်အချက်ကို တည့်တည့်လာထိတာလေ။ ထားခဲ့ဖို့ဆုံးဖြတ်ချက်နဲ့ သူ့ကို နှုတ်ဆက်တွေ့ဆုံခြင်းအဖြစ် နောက်ဆုံးလာတွေ့တာကိုသာ ဆန်းသစ်သိရင်။ မသိစေရဘူး။ ဆန်းသစ် လုံးဝမသိစေရဘူး။

ခုလို အတူရှိနေကြတဲ့ကာလလေးမှာ သူ့အပြုံးတွေကို မဖျက်ဆီးရက်။ မင်းနှုတ်ခမ်းပေါ်မှာ အပြုံးပန်းတွေ လှိုင်လှိုင်ပွင့်ပြစ်မ်းပါဆန်းသစ်ရယ်။ နောင်တစ်ချိန်မှာ မင်းငိုရရင် မမိုးကိုအပြစ်မတင်ပါနဲ့။ မမိုး မင်းကိုထားခဲ့တယ်ဆိုတာ နုသစ်ပျိုမြစ်နေတဲ့ မင်းဘဝလေးကို ငါလို အသက်ကြီးပြီး ကျန်းမာရေးချို့တဲ့နေတဲ့ မိန်းတစ်ယောက်ရဲ့ လက်ထဲမှာ နစ်မွန်းသွားမှာစိုးလို့ပါ။

မင်းက ခုမှ ဘဝကို အဓိပ္ပာယ်ရှိရှိ စရမယ့် ရှက်နုလေးပါ ဆန်းသစ်။ မမိုးက အချိန်မရွေး ကြွေကျသွားနိုင်တဲ့ ရော်ရွက်ဝါပါ။ လူဆိုတာ အသက်ရှင်နေသရွေ့ အချစ်တွေ အသစ်တစ်ဖန် ပြန်လည်မွေးဖွားနိုင်တာမို့ မင်းအချစ်သစ်နဲ့တွေ့ပြီး လှပစိုပြေတဲ့ ဘဝလေးကို ပိုင်ဆိုင်နိုင်ပါစေ ဆန်းသစ်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



"မမိုး"

ဆန်းသစ် မမိုးမျက်နှာလေးကို ငုံ့ကြည့်လိုက်တော့ အမှတ်တမဲ့ မော့ကြည့်လာတဲ့ မျက်ဝန်းအစုံမှာ မျက်ရည်ဥတွေ ခိုတွဲလို့နေပါလား။

"မမိုး . . . မမိုး ငိုနေတယ်၊ ဘာဖြစ်လို့လဲဟင်"

"မငို . . . မငိုပါဘူး၊ ဘယ်မှာငိုလို့လဲ"

"ပြောင်ညာတာကြည့်၊ မငိုဘဲနဲ့ မျက်ရည်တွေက ဘာလို့ကျလာတာလဲ"

ဟုတ်လားဆိုပြီး မျက်ရည်တွေကို လက်ဖမိုးလေးနှင့် လျှင်မြန်စွာသုတ်လိုက်ကာ –

"မမိုး သတိမထားလိုက်မိဘူး၊ ဆန်းသစ်လို ငယ်ငယ်ချောချောနဲ့ ဖြူစင်ရိုးသားတဲ့ ကောင်လေးရဲ့ချစ်သူဖြစ်ခွင့်ရတာကို ဝမ်းသာလို့ကျတဲ့ ဝမ်းသာမျက်ရည်တွေပဲဖြစ်မှာပေါ့"

"သေချာရဲ့လား"

"သေချာပါတယ်"

"ဒါဆို"

"ဆန်းသစ်"

တားချိန်ပင်မရလိုက်ဘဲ မိုးစက်ပါးပြင်လေးမှာ နွေးခနဲဖြစ်သွားသည်။ နောက်ထပ်ကျလာမယ့် အနမ်းဆက်ဆက်ကိုလည်း





မတားတော့ပါဘူး။ နမ်းရုံအဆင့်က ကိုယ့်ဘဝကို နစ်မွန်းရတဲ့ဖြတ်သွားစေတာမှမဟုတ်တဲ့လေ။ အရက်သမား အရက်ဖြတ်ကာနီးမှာ သူကြိုက်ခဲ့တဲ့အရက်ကို ဝအောင်သောက်သလို၊ ဆေးလိပ်သောက်တဲ့လူတာလည်း ဆေးလိပ်ဖြတ်ကာနီးမှာ သူကြိုက်တဲ့ဆေးလိပ်ကို ဝအောင်သောက်တာပဲမဟုတ်လား။

မိုးစက်က သံယောဇဉ်ဖြတ်မယ့်သူ။ အချစ်နဲ့ သေခန်းဖြတ်ကာနီးမှာ ဝအောင်ချစ်သွားပါရစေတော့ ဆန်းသစ်ရယ်။ ပြီးရင်တော့ မင်းနဲ့ငါ ဝေးကြီးလေသတည်းပေါ့။

"မမိုးက အရမ်းလိမ္မာတာပဲ"

"မင်းကျေနပ်တယ် မဟုတ်လား"

"လက်မထပ်ရသေးခင်အထိတော့ ဘယ်ကျေနပ်မှာလဲ"

မျက်စောင်းထိုးလိုက်တော့ ဆန်းသစ်က ပခုံးတွန့်ပြ၍ ရယ်လေသည်။

"မင်းကို မမိုးပြောစရာရှိသေးတယ်"

"အမိန့်ဟူသမျှ နာခံလျက်ပါ"

"မနက်ဖြန် မမိုး ခရီးသွားစရာရှိတယ်။ သန်ဘက်ခါလောက်ကျ ဆန်းသစ် အိမ်ကိုသွားလိုက်ပါဦးနော်။ ကျောက်စက် မျှော်နေလိမ့်မယ်"

"ဟင် . . . မမိုးက ဘယ်ကိုသွားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ကျောက်စက် ပြောပြလိမ့်မယ် ဆန်းသစ်"

"မမိုး"

"မမိုး ပြန်တော့မယ်"

ပြန်တော့မယ်ဆိုပြီးပြေးထွက်သွားတာ ဆိုင်းမဆင့် ဗုံမဆင့်။ ဆန်းသစ် နားလည်ရခက်စွာနှင့်ပဲ မမိုးနောက်ကို လိုက်မသွားဖြစ်။ ရင်ကျန်ခဲ့ရတာကို ထာဝရခွဲခွာရလိမ့်မယ်လို့ မျှော်လင့်မထားလေသောကြောင့်သာ ဆန်းသစ် ရေခဲတုံးပိုက်ပြီး နေနိုင်ခဲ့ရှာတာပါလေ။



## အခန်း (၃၅)

ကားပေါ်တက်ကာနီးမှာ အားလုံးရဲ့မျက်နှာတွေကို နှုတ်ဆက်ကြည့်ကြည့်လိုက်တော့ မျက်ရည်တွေကိုယ်စီဝဲလို့နေပါလား။ ဖေဖေတို့ လင်မယားနဲ့ ကျောက်စက်၊ ဝေဇ အားလုံး သူမ ဆုံးဖြတ်ချက်ကို လက်မခံချင်ဘဲ လက်ခံခဲ့ကြရတာပါ။

ဤခွဲခွာခြင်းသည် သေရာသွားသလို ပြန်မဆုံနိုင်တဲ့ ခွဲခွာခြင်းမှ မဟုတ်တာ။ ဆုံခွင့် ကြုံခွင့်တွေရှိသေးတဲ့အတွက် အားလုံးပဲ မိုးစက်ကိုနားလည်ပေးလိုက်ကြတာလေ။

"သမီးကြီး ကျန်းမာရေးကို ဂရုစိုက်နော်"

"ဟုတ်ကဲ့ပါ ဖေဖေ"

"မမ ကျောက်စက်တို့ မမဆီကို မကြာမကြာလာခဲ့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"မမလည်း ပြန်လာတဲ့အခါ လာမှာပေါ့ ညီမလေးရယ်"

"သမီးကြီး ... အန်တီစန်းတို့ဆီကို မကြာမကြာ ဖုန်းဆက်ပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

တေဇက ဘာမှမမှာပေမယ့် မိုးစက်လက်ဖဝါးကို ကျစ်နေအောင် ဆုပ်ထားလေသည်။ ခေါင်းကိုငုံ့ထားလေတော့ –

"သား တေဇ"

"ဗျာ"

"မင်း ယောကျ်ားမဟုတ်ဘူးလား"

ဘာမှမပြောဘဲ ခေါင်းကငုံ့မြဲပါ။

"မော့စမ်း မင်းမျက်နှာ"

မျက်နှာကို ဆွဲမော့လိုက်တော့ မျက်ရည်တွေနဲ့လေ။ မိုးစက်ရင်ထဲမှာ ကျင်ခနဲဖြစ်သွား၏။ ဒါပေမဲ့ စိတ်ကိုတင်း၍ ပြုံးလိုက်ရင်း–

"ယောကျ်ားဖြစ်ပြီး မျက်ရည်ကလည်း လွယ်လိုက်တာ။ ကဲ ... မငိုနဲ့တော့ တိတ်"

တေဇမျက်ဝန်းက မျက်ရည်တွေကို သုတ်ပေးနေချိန်မှာပဲ ဖုန်းကဝင်လာသဖြင့် ကိုင်လိုက်တော့ –

"အန်တီမိုး"

"ဪ ... သားလူလူ ပြောလေ"





"အန်တီမိုးပြန်လာရင် သားဖို့ ကစားစရာတွေ၊ မုန့်တွေ အများကြီးဝယ်လာခဲ့နော်"

"အေးပါ သားရယ်၊ အန်တီမိုး ဝယ်လာခဲ့မှာပေါ့"

"အန်တီမိုးကို အရမ်းချစ်တယ်"

လူလူ့အသံလေးအဆုံးမှာ မိုးစက် မှုန်ကိုက်သွားမတတ် ခံစားလိုက်ရ၏။ သံယောဇဉ်တွေ ဖြတ်ချင်ပါတယ်ဆိုမှ ဘာလို့များ မိုးစက်ကို သံယောဇဉ်ကြိုးတွေ တိုးလို့ တုပ်နှောင်ချင်နေကြတာလဲ။ မိုးစက်ကို ဘယ်သူမှ မချစ်ကြပါနဲ့၊ ဘယ်သူမှ မချစ်ကြပါနဲ့။

"ဟော သမီးကြီး"

"ရှင်"

"ကားထွက်တော့မယ်"

ကားဆီကို သမင်လည်ပြန်လှည့်ကြည့်ပြီး စိတ်က မတည်ငြိမ်။ ဒီကားကြီး သယ်ဆောင်သွားရာနောက်မှာ မိုးစက်နဲ့ အားလုံး ဝေးကြရတော့မည်ပေါ့။

အို ... ဘာပဲဖြစ်ဖြစ် မိုးစက်သွားရမယ်။ မိုးစက်သွားမှ ဖြစ်မှာပါ။

ခြေလှမ်းတွေက မိသားစုဘက်ကို ပြန်ပြီးဦးတည်ရကောင်းနိုးနိုး။ ကားပေါ်ကိုတက်ရကောင်းနိုးနိုးနှင့် ဘယ်နေရာကိုမှမရွေးဖြစ်သေးပေ။ နောက်ဆုံး ဆုံးဖြတ်ချက်ကိုနိုင်မှ ချလိုက်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ"

"သမီးကြီး"

"သမီး သွားတော့မယ်၊ အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်"

"မမ"

"အန်တီလေး"

ခေါ်သံတွေကို ဖြတ်ကျော်နိုင်းပြီး မိုးစက် ကားပေါ်သို့တက်ခဲ့တော့သည်။ နေရစ်ခဲ့ကြပါတော့၊ လက်ပြနှုတ်ဆက်ခြင်းသည် ထာဝရ ခွဲခွာခြင်းမည်တာမို့ မိုးစက် လက်မပြတော့ဘဲ မျက်လုံးကိုမှိတ်ချလိုက်တော့သည်။ ကားထွက်သွားတော့မှ အင့်ခနဲ ရှိုက်သံပေးမိကာ သူတို့ ခေါ်ဆောင်ရာနောက်သို့။



## အခန်း (၃၆)

"ဘာ"

"ဘယ်လို"

ကျောက်စက်စကားကြောင့် ရဲရင့်နဲ့ဆေနီးသစ် အံ့ဩမှင်တက်သွားကြသည်။ ဘယ်လိုမှ ထင်မှတ်မထားတဲ့အရာမို့ နေပူထဲကလာတဲ့ လူကို ရင်ဝဆီးပြီးကန်ထုတ်သလို ခံစားရဟာက ဆနီးသစ်။ ရဲရင့်က မခံစားရဘူးလားဆိုတော့မဟုတ်။

ကိုယ်စီခံစားချက်တို့နှင့် ရင်ထဲမှာ နင့်နေကြရသည်လေ။ နှစ်ယောက်စလုံးက မျှော်လင့်ချက်တွေထားခဲ့ကြသည်ကိုး။ ချစ်လည်း ချစ်ခဲ့ပြီး ကွေကွင်းရသည့်နောက်ပိုင်း ပြန်တွေ့ရတော့ နောင်သံသာစ်ခါ ထပ်ပြီး ခုံရှုံးမခံနိုင်သည့်သူနှင့် ချစ်ခွေ့ဆဲဖြစ်ပြီး လက်ထပ်ဖို့တွေကာ

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ရင်ခုန်နေရတဲ့သူ။ မတူညီသော ခံစားချက်တို့နှင့်ပေမယ့် အခု ဆုံးရှုံးလိုက်ရတော့ အတူတူ။

"မိုးက ရာသက်ပန်သီလရှင်စီးတော့မယ် ဟုတ်လား ကျောက်စက်"

"ဟုတ်တယ် ကိုရဲရင့်"

"ကျွတ်"

"အဲဒါ ကျွန်တော့်ကို သူ ဘာလို့မပြောတာလဲ"

"နင့်ကိုပြောရင် နင်က တားမှာပေါ့"

"မမိုး မမိုး အရမ်းရက်စက်တယ်ဗျာ။ ကျွန်တော့်မှာတော့ သူ့စကားတွေကိုယုံပြီး မျှော်လင့်လိုက်ရတာ။ စိတ်ကူးနဲ့ရှုံးခဲ့သမျှ အခု တော့ တကယ် ရှုံးရတော့မယ်။ လုပ်ရက်တယ် မမိုးရာ"

အစကတည်းက မချစ်ခဲ့ကြရင် အကောင်းသားပေါ့။ ခုတော့ သူ့အသည်းကို ခမည်းလိုမဆွဲဘဲ ဓားနဲ့ခွဲသွားခဲ့တာ။

"သူ ဘာလို့ အဲဒီလိုလုပ်ရတာလဲ၊ ကျွန်တော် နားမလည် တော့ဘူးဗျာ"

"မမက ကိုရဲရင့်ကိုရော ဆန်းသစ်ကိုပါ မနစ်နာစေချင်လို့ ခုလို ဆုံးဖြတ်လိုက်တာပါ"

"ဘာဆိုင်လို့လဲ"

"ဟုတ်တယ် ... ဘာဆိုင်လို့လဲ"





"ဆိုင်တာပေါ့ရှင်၊ ကိုရဲရင့်ရော ဆန်းသစ်ရော နှစ်ယောက် စလုံးက မမလက်ထပ်မှီအထိ ရွေးချယ်လို့မရတဲ့လူတွေလေ"

"ဘာဖြစ်လို့လဲ"

မေးလိုက်တာက ဆန်းသစ်ဖြစ်၏။ ရဲရင့်ကတော့ ကိုယ်သည် ကလေးတစ်ယောက်အဖေ မှုဆိုးဖိုဆိုတဲ့ ပြစ်ချက်ကြောင့် ခေါင်းငုံ့ကျ သွားလေ၏။ သူ အတွေးကြီးသွားပြီလား။ မိုးစက်ကို ချစ်တာထက် ကိုယ့်ကိုယ်ကိုယ် ပိုချစ်မိတဲ့လူလို့ သုံးသပ်မိခြင်းနှင့်အတူ ယူကျုံးမရ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိတော့၏။

ပိုနေမြဲ ကျားနေမြဲ နေလိုက်ရအကောင်းသား။ အခုတော့ အမိုက်လို မိုးစက်ကို အဝေးလွင့်သွားအောင် တိုက်ထုတ်တဲ့လေဟာ ကိုယ်ဖြစ်နေခဲ့ပြီ။

"မမစိတ်က တစ်မျိုးလေ။ သူ့သိက္ခာနဲ့မာနကို အရမ်းတန်ဖိုး ထားတယ်။ ကိုရဲရင့်က တစ်ချိန်တုန်းက သူ့ကို ထားရစ်ခဲ့သူလေ။ ဖူးစာမဆုံလို့ လွဲခဲ့ကြပြီဆိုကတည်းက ဘယ်အရာမဆို ရှေ့ပဲတိုးမယ် နောက်ပြန်လှည့်မကြည့်ဘူးတဲ့"

"ဒါဆို ကျွန်တော့်ကျတော့ရော"

ကျောက်စက် စိတ်မသက်သာစွာ သက်ပြင်းချလိုက်ပြီး—

"ဆန်းသစ်က မမနဲ့ယှဉ်လိုက်ရင် အသက်အရမ်းငယ်တယ် လေ။ သူ ဆန်းသစ်ကို တကယ်ချစ်တွယ်ဆိုတာကိုတော့ ဆန်းသစ်



www.burmeseclassic.com

www.burmeseclassic.com



အကြွင်းမဲ့ယုံကြည်ပေးပါ”

“တကယ်ချစ်တယ်ဆိုပြီး အသက်ကွာတာတစ်ခုနဲ့ ဒီလို ကျွန်တော့်ကို ထားရစ်ခဲ့ရောလား”

“ခက်တယ် ဆန်းသစ်။ မမက ဘာမဆို လေးလေးနက်နက်နဲ့ အရမ်းတွေးတတ်တာ။ လက်ရှိ ပစ္စုပ္ပန်ထက် အနာဂတ်အတွက် ကြိုပြီး မျှော်ကြည့်တယ်။ သူ့အယူအဆကတော့ ယောကျ်ားလေး အသက်ငယ်ငယ်နဲ့ မိန်းကလေးအသက်ကြီးကြီး လက်ထပ်မိရင် ယောကျ်ားလေးတွေက ရာသက်ပန်မပေါင်းဘဲ ဖောက်ပြန်တတ်ကြတယ်တဲ့။ ပြီးတော့ ငယ်တဲ့သူကိုယူပြီး သူ့ဆိုးသမျှ လိုက်လျောပေးရင်း စိတ်ညစ်နေရမှာမျိုးကိုလည်း သူကြောက်တယ်”

“အဓိပ္ပာယ်မရှိတာဗျာ။ ယောကျ်ားတိုင်းကို ဒီလို ခြုံငုံပြီး ပြောလို့ရမလား။ ကျွန်တော် မမိုးကို မစွန့်လွှတ်နိုင်ဘူး။ အဆုံးရှုံးမခံနိုင်ဘူး။ ခုပဲ ကျွန်တော် သူ့နောက်ကို လိုက်သွားမယ်”

“ဆန်းသစ်”

“ဆန်းသစ်”

စိတ်မြန်လက်မြန် ဆန်းသစ်ထရပ်လိုက်တာနှင့် ရဲရင့်က လှမ်းဆွဲထားပြီး ကျောက်စက်ကလည်း ထရပ်ပြီးသားဖြစ်သွား၏။ သူကမှ ချစ်တတ်လို့ ခံစားရတဲ့သူလား။

ဆုံးရှုံးကြတာချင်းအတူတူ အေးချမ်းရာအစစ်မှာရှိနေတဲ့ မိုးကို





သူတို့ မနှောင့်ယှက်သင့်တော့ဘူးလေ။

“သူ အေးချမ်းတဲ့နေရာမှာ နေပါစေတော့ ညီလေးရာ။ တို့ သူ့ကို တကယ်ချစ်တယ်ဆိုရင် သူ့ဆန္ဒကို ဖြည့်ဆည်းပေးရမှာပေါ့။ မင်းလိုက်သွားလည်း သူက သူ့ဆုံးဖြတ်ချက်ကို ဘယ်တော့မှပြင်မှာ မဟုတ်ဘူး။ တော်ကြာ သူ့ကိုချစ်တာမဟုတ်ဘဲ ကိုယ့်ကိုယ်ကိုယ် ချစ်တဲ့အတ္တသမားအဖြစ် မိုးကမြင်သွားရင် မင်းအတွက် မကောင်းဘူးလေကွာ”

“ဟုတ်တယ် ဆန်းသစ်။ တို့လည်း သူ့ကိုချစ်ကြတဲ့သူတွေပဲလေ။ မမရဲ့ဆုံးဖြတ်ချက်ကို ဘယ်လက်ခံချင်ပါ့မလဲ။ ဒါပေမဲ့ သူ စိတ်ချမ်းသာဖို့အတွက် ရင်ကွဲခံပြီး နားလည်ပေးခဲ့ကြတာ။ သူရွေးချယ်တဲ့လမ်းက သူ့ဘဝအတွက် အေးချမ်းရာအစစ်ပဲလေ။ တို့ရဲ့ အပူတွေကို သူ့ဆီမကူးစက်ပါစေနဲ့တော့”

ဆန်းသစ် ရင်ဘတ်ထဲမှာ အောင့်တက်လာ၏။ ယောကျ်ား ဆိုပြီး တင်းထားပေမယ့် မျက်ရည်တွေက အမိန့်ကိုမနာခံ။ စာရေးဆရာမ တစ်ယောက်နဲ့ ချစ်သူဖြစ်ခဲ့ဖူးတယ်ဆိုပြီး ကျေနပ်လိုက်ရမှာလား။

ကိုယ့်အချစ်က ဒီလို ဂုဏ်ယူဝင့်ကြွားချင်ရုံသက်သက်နဲ့ ရည်ရွယ်ပြီးချစ်ခဲ့တာမဟုတ်ခဲ့လေတော့ –

မမိုး အရမ်းရက်စက်တယ်။ အရွယ်ငယ်တဲ့ကောင်လေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဆိုပြီး ကိုယ့်အချစ်ကို အထင်သေးခဲ့တာ။ တကယ်တော့ ဆန်းသစ် ကိုယ့်အချစ်ကို အသက်နဲ့လဲပြီး အာမခံရဲပါသည်။ ဘယ် အချိန်ကာလမျိုးပဲ ရောက်ရောက် ဆန်းသစ် မမိုးအပေါ် မဖောက် မပြန်နဲ့ ချစ်သွားမယ်ဆိုတာ။

"ကျွန်တော် . . . ကျွန်တော် မခံစားနိုင်ဘူးဗျာ"

"စိတ်ကိုထိန်းပါ ဆန်းသစ်ရာ။ တကယ်တော့ မင်းနဲ့ငါက ကံတူအကျိုးပေး ဘဝတူတွေပါ"

ကိုရဲရင့်ကိုကြည့်တော့လည်း မျက်ရည်တွေဝေ့နေသည်။ သူလည်း မမိုးကိုချစ်ခဲ့သူတစ်ယောက်ပေပဲ။ ဆန်းသစ် စိတ်ကို ဒုံးဒုံး ချပြီး ရဲရင့်လက်ကို ဖယ်ချကာ ထွက်လာခဲ့တော့၏။ ဘယ်သူ့ကိုမှ နှုတ်ဆက်ဖို့မလိုတော့ဘူးလေ။ လှမ်းနေတဲ့ခြေလှမ်းတွေက ခဲဆွဲထား သလိုလေးလံခြင်းများနှင့် တရွေ့ရွေ့။

မျက်ဝန်းထဲမှာတော့ မမိုးရဲ့ပုံရိပ်တွေက စလိုးမိုးရှင်းပြကွက် တွေလို။ မမိုးရဲ့အသံကိုလည်း ကြားယောင်နေမိ၏။

"အခု မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"မေးပြန်ပြီ ဒီအသက်"

"မမိုးက လိုအပ်လို့မေးနေတာပါ"

"တစ်မကြီး ချီတက်လာပြီး ရိုက်မေးတောင်မပြောဘူး"

"ခက်ပါလား"





"ခက်တာကို မမေးနဲ့လေ။ ကျွန်တော် စာမေးပွဲအကျမခံ နိုင်ဘူး"

"ဘာ"

"အချစ်စာမေးပွဲလေ"

"အခုက ပထမဆုံးဖြေတာလား"

"သေချာတာပေါ့"

ဩော် . . . မမိုးရယ်။ အခုတော့ ကျွန်တော် မူလတန်းမှာ ကတည်းက စာမေးပွဲကျခဲ့ပြီပေါ့။

"အချိန်မဆွဲနဲ့ မမိုးရာ။ တော်ကြာ ကျောက်စက်ပြန်ဝင်လာ တော့မယ်"

"ဘာကျောက်စက်လဲ။ ကျောက်စက်က မင်းထက်အသက် ကြီးမယ်ဆိုတာ ငါသိနေတယ်။ ဂါရဝတရားကိုမရှိဘူး"

"ကျွန်တော့်အသက်ကို သုံးဆယ်ကနေ တစ်ရက်မှမလျှော့ ဘူးလို့ပြောထားပြီးပြီလေ။ ကဲ . . . ဖြေတော့ မမိုးရာ၊ မဖြေရင် ကျွန်တော့် အဆိုးမဆိုနဲ့နော်"

"ဟာ . . . ဖြေမယ် ဖြေမယ်"

သူ မမိုးလက်တွေကို ချုပ်ထားပြီး နမ်းမယ်ဟန်လုပ်ပြမှ ပျာပျာသလဲ အော်တာလေ။

"တကတဲ ဆေးရုံမှာ လူနာကို အနုကြမ်းစီးနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုလုပ်မှ ကိုယ်လိုချင်တာ ရမှာလေ၊ ကဲ . . . ဖြေ"

"အင်း"

"အင်း . . . ဘာအင်းလဲ"

"တောင်သမန်အင်း"

"ကောင်းကောင်းဖြေနော်၊ နောက်ထပ် အနုကြမ်းစီးရရင်"

"မင်း ဒီလောက်တောင် မသိဘူးလား။ ချစ်တယ်လို့ပြောနေတာကို"

"တကယ်"

"အင်း"

"ဟား . . . ဒီနေ့ မင်္ဂလာအရှိဆုံးပဲ"

မမိုးရယ် . . . ကျွန်တော် မမိုးအပေါ် ဘယ်လောက်လေးလေးနက်နက်ချစ်ပြီး မြတ်နိုးခဲ့တယ်ဆိုတာ။ တည်မြဲသောသစ္စာတရားနဲ့ သက်သေပြသွားမှာပါ။

လောကမှာ အချစ်ကို မျှဝေခံစားခြင်းလို့ ယူဆပြီး ငှက်များလို တစ်ကိုင်းမှ တစ်ကိုင်းဆီ ခုန်ကူးပြီး သစ္စာမဲ့သူတွေရှိသလို အခွဲအလမ်းကြီးစွာနဲ့ တစ်ယောက်ဆိုတစ်ယောက် ဘယ်လောက်ဝေးဝေး ဘယ်လောက်ကြာကြာ ခိုင်မာသောသစ္စာမဏ္ဍိုင် စိုက်ထူသူတွေလည်း ရှိသည်ဆိုတာ။

**ပရိသတ်များကို ထာဝရချစ်ခင်လေးစားလျက်–**

**မိုးစက်ပွင့်**

# ၂၀၁၆ မတ်တွင်

ဖတ်နိုင်ပါပြီ...

မမသဒ္ဒါမောင်

**လရောင်ရွှန်းသည့် သင်းလက်ကြွယ်**

ကြယ်စင်မှုစေ

**အချစ်က ကမ္ဘာကြီးကို သွက်သွက်လည်စေ**

မယ်နိုင်

**ရေဝတီ... နဂျွတ်**

မိုးစက်ပွင့်

**အငြိုးခဲတဲ့ မိုးစက်ရာသီ**

အလင်းသစ်

**သစ္စာပန်းများ ပွင့်လေပြီ**

လှိုင်းကြာဖြူ

**ညတိမ်ပုံးသောအခါ တာဝရရှင်ချိုသံ**

လုံမ

**အချစ်ကြောင့်**

www.burmeseclassic.com